
တက္ကသိုလ်

# တင်မြိုင်

## နောက်ဆုံးတော့မိတာပဲ



www.burmeseclassic.com

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်

# နောက်ဆုံးတော့ပီတာပဲ





## (၁)

မန္တလေးမြို့ ရဲမှူးကြီး၏ရုံးခန်းသို့ သက္ကလတ်ပါး တိုက်ပုံအင်္ကျီ ယောချည်လုံချည်နှင့် လည်ကတုံးရှပ်လက်ရှည်ဝတ်ထားသော လူရွယ်တစ်ဦး ဝင်ရောက်လာသည်။ ရုံးခန်းအလုပ် စားပွဲတွင် ထိုင်နေသော ရဲမှူးကြီးကတော့ ရဲယူနီဖောင်းရာထူးအလိုက် ဝတ်ဆင်ထားသည်။

အရပ်ဝတ်နှင့် ရောက်လာသော လူရွယ်က အရပ်ဝတ်နှင့်ဖြစ်စေကာမူ ရာထူးငယ်သူက မိမိထက် ရာထူးကြီးသူအား အရိုအသေပြု ဆလုရိုက်ပုံစံဖြင့် အရိုအသေပေးသည်။

"ထိုင်ကွာ မှိုင်း ... မင်းလာလိမ့်မယ်လို့ ငါ မက်မျှော်နေပြီးသားပါ ..."

အရပ်ဝတ်နှင့်လူရွယ် ဝင်ထိုင်သည်။ ရဲမှူးကြီးလုပ်ငန်းစ အစသပ်သိမ်းနေသည်ကို စောင့်နေသည်။

www.burmeseclassic.com

"ကဲ … ပြော … လွတ်လွတ်လပ်လပ်ပြောနိုင်တယ် … ငါ့အခန်းက သံလုံးအခန်း … မင်းပြောချင်တာ ပြောလို့ရတယ် … "

"ကျွန်တော် အရပ်သားပြောပဲပြောပါရစေ အန်ကယ်မော်"

"ကြိုက်သလိုပြောခွင့်ပြုတယ် … "

"ကျွန်တော် မန္တလေးကိုလာတာ တာဝန်နဲ့တော့ တာဝန်နဲ့ပဲ … ဒါပေမဲ့ အသေးအဖွဲ့ပါ … "

"တာဝန်ဆိုတာ ကြီးတယ်သေးတယ် မသတ်မှတ်ဘူး … အခု မှိုင်းလာတဲ့တာဝန်ဟာ စိမ်းဝါနီအဖွဲ့တာဝန်နဲ့ မဟုတ်လား … "

"ဟုတ်ပါတယ် အန်ကယ်မော် … စိမ်းဝါနီအဖွဲ့အကြောင်း အန်ကယ်မော်တို့လို လူကြီးပိုင်းတွေအားလုံး သိပြီးသားဖြစ်မှာပါနော် … "

"အေး … စိမ်း၊ ဝါ၊ နီ ဖွဲ့စည်းလိုက်တဲ့ အဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်ကိုလည်းသိတယ် … စိမ်းဝါနီအဖွဲ့က အကူအညီတောင်းခံလာရင် … မဖြစ်မနေလုပ်ဆောင်ပေးဖို့လည်း အထက်ရုံးချုပ်က အမိန့်ပေးထားတယ်၊ ဒီတော့ မောင်မှိုင်းပြော … အန်ကယ်မော် ဘာကူညီရမလဲ … "

"စိမ်း၊ ဝါ၊ နီအဖွဲ့ကြီးက ဒုစရိုက်လုပ်ငန်းကြီးတွေ နောက်ကို ခြေရာခံလိုက်နေသလို ဒုစရိုက်ဂိုဏ်းကြီးတွေကလည်း စိမ်း၊ ဝါ၊ နီအဖွဲ့ရဲ့ လှုပ်ရှားမှုကို တန်ပြန်လေ့လာနေပါတယ်"

"ဒါပေါ့ကွာ … ကျားနဲ့ မုဆိုးပဲ … သူ့ကို ကိုယ်က လေ့လာ၊



သူက ကိုယ့်ကိုလေ့လာတာရှိမှာပေါ့ … ကဲ … ဆက်ပြောမှိုင်း … "

"ကျွန်တော်က … စိမ်းဝါနီအဖွဲ့ကြီးရဲ့ အတွင်းရေးမှူးတာဝန်ပေးအပ်ထားခြင်းခံရတော့ လျှို့ဝှက်သတင်းတွေ အရေးကြီးကိစ္စတွေကို ကျွန်တော်ကပဲ သိမ်းဆည်းပြီး … ဆောင်ရွက်ပေးရပါတယ် … အဲဒီ စိမ်းဝါနီရဲ့ အတွင်းရေးမှူးတာဝန်အပြင် ကျွန်တော် လုပ်လက်စရဲအုပ်တာဝန်တွေကိုလည်း ပူးတွဲထမ်းဆောင်ရပါတယ် … ဒါကြောင့် စိမ်းဝါနီအဖွဲ့ရဲ့ အရေးကြီးလုပ်ငန်းဖိုင်တွဲတွေ လျှို့ဝှက်လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ အိမ်ကိုယူဆောင်ပြီး ညဘက်ပိုင်းမှာ လုပ်ရတာတွေရှိပါတယ် အန်ကယ်မော် … "

"အဲဒါကို ငါ သဘောပေါက်ထားသားပဲ မှိုင်း … "

"အဲဒီ ကျွန်တော်ကိုင်တွယ်ထားတဲ့ လျှို့ဝှက်သတင်းတချို့ဟာ တစ်ဘက်ဆန့်ကျင်ဘက်ဂိုဏ်းဆီကို ပေါက်ကြားသွားတယ် အန်ကယ်မော် … "

"ဒါဆိုရင် မှိုင်းနဲ့ အတွင်းလူထဲကတစ်ဆင့် ပေါက်ကြားတာဖြစ်မယ် … "

"အဲဒီလိုပဲ စိမ်းဝါနီအဖွဲ့လူကြီးတွေကလည်း ထင်မြင်ယူဆကြပါတယ် အန်ကယ်မော် … "

"ဟ … မှိုင်းရဲ့အိမ်မှာ ဒေါ်ရည်မွန်ရဲ့ သူ့သမီးလေး လှဲ့လှဲ့ညိုရယ် … မှိုင်းရယ် … သုံးယောက်ပဲရှိကြတာ … ဒေါ်ရည်မွန်က မှိုင်းရဲ့အဒေါ်ရင်းခေါက်ခေါက် … သူ့သမီးလှဲ့လှဲ့ညိုက

www.burmeseclassic.com

မှိုင်းနဲ့ မောင်နှမတစ်ဝမ်းကွဲ သွေးသားအရင်းတွေပဲ ... မှိုင်းအပေါ် သစ္စာဖောက်မတဲ့လားကွာ ... ဒေါ်ရည်မွန်ဆိုရင် မှိုင်းအပေါ် သားအရင်းလိုချစ်ခင်တာပဲဟာ ...”

“ဟုတ်ပါတယ် အန်ကယ်မော် ... သတင်းပေါက်ကြားမှုမှာ အန်ကယ်မွန် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ...”

“ဒါဆို ကောင်မလေးလဲ့လဲ့ညိုရောကွာ ... ငါ အကဲခတ်မိသလောက်တော့ အဲဒီကောင်မလေး လဲ့လဲ့ညိုဟာ အသက်လည်းငယ်သေးတယ် ... အနေအထိုင်လည်းပုံစံမလာဘူး၊ သူ့အမေ ဒေါ်ရည်မွန်တောင် သမီးလဲ့လဲ့ညိုကို မနိုင်လို့လွှတ်ထားရတယ် မဟုတ်လား ... ဒီကောင်မလေး လဲ့လဲ့ညိုဆီက သတင်းပေါက်ကြားတာဆိုရင်ကော ...”

“အဲဒါလည်းမဖြစ်နိုင်ပါဘူး အန်ကယ်မော် ... လဲ့လဲ့ညိုဟာ သူ့အမေ ဒေါ်ဒေါ်မွန်နဲ့ စကားများရန်ဖြစ်ပြီး အိမ်ပေါ်က ဆင်းသွားတာ တစ်နှစ်လောက်ရှိသွားပြီ ... လုံးဝပြန်မလာဘူး၊ ကျွန်တော် စိမ်းဝါနီအဖွဲ့ဖွဲ့စည်းထားတာက ခြောက်လလောက်ပဲရှိသေးတယ် ... ကျွန်တော် စိမ်းဝါနီအဖွဲ့အတွင်းရေးမှူးမလုပ်မီ လေးငါးရှစ်လကတည်းက လဲ့လဲ့ညိုအိမ်က ဆင်းသွားတာမို့ သတင်းပေါက်ကြားတာ လဲ့လဲ့ညို မဖြစ်နိုင်ပြန်ပါဘူး ...”

“ဒါဆို ဘယ်သူ့ကြောင့်လို့ မှိုင်းထင်သလဲ ...”

“သခင်ဖြူရဲ့လက်ချက်လို့ ကျွန်တော် ထင်တယ် ...”

“သခင်ဖြူ ဟုတ်လား ... မှိုင်းမိသားစုမှာ သခင်ဖြူဆိုတာ



ရှိခဲ့တာမှ မဟုတ်တာ ... ကဲ ... ဆိုပါဦး ... အဲဒီသခင်ဖြူဆိုတာက မှိုင်းတို့မိသားစုနဲ့ ဘယ်လိုပတ်သက်သလဲ”

“သခင်ဖြူဆိုတာ ဒေါ်ဒေါ်မွန်ရဲ့ ကွယ်လွန်သွားတဲ့ ခင်ပွန်း၊ ခင်ပွန်းရဲ့တူမရင်းခေါက်ခေါက်လို့ ပြောတာပဲ ... လဲ့လဲ့ညိုနဲ့ ညီအစ်မဝမ်းကွဲ ... ကျွန်တော်နဲ့တော့ ဘာမှမတော်ဘူးတဲ့၊ ထားပါတော့ ... သွေးမျိုးတော်စပ်တာက ထားပါတော့ ... ဘာလဲ ... အဲဒီသခင်ဖြူက မှိုင်းတို့အိမ်ကို ရောက်နေလို့လား ...”

“သခင်ဖြူမိဘတွေဆုံးပါးသွားလို့ ရန်ကုန်ကိုရောက်လာ ... တယ် ... အားကိုးစရာဆိုလို့ ဒေါ်ဒေါ်မွန်ပဲရှိတယ်ဆိုတာနဲ့ ဒေါ်ဒေါ်မွန်က သူ့ယောက်ျားတူမပဲဆိုပြီး ... သခင်ဖြူကို လက်ခံလိုက်တယ်၊ ဒေါ်ဒေါ်မွန် စိတ်သဘောထားကောင်းတာကို အန်ကယ်မော်သိသားနဲ့ ... ကျွန်တော့်ကိုတောင် ကျွန်တော့်မိဘတွေဆုံးပြီးတဲ့နောက် သားအရင်းလိုပြုစုစောင့်ရှောက်ခဲ့တာကိုပဲ ကြည့်ပေါ့ ...”

“ကဲ ... အခု သတင်းပေါက်ကြားမှုကိစ္စမှာ ဒေါ်ရည်မွန်မဖြစ်နိုင်ဘူး ... လဲ့လဲ့ညိုမဖြစ်နိုင်ဘူးဆိုရင် အဲဒီသခင်ဖြူကို အိမ်မှာလက်မခံနဲ့ပေါ့ ... မောင်းထုတ်ပစ်လိုက်ပေါ့ ...”

“အဲဒါမှ ခက်နေတာက ဒေါ်ဒေါ်မွန်ပဲ အန်ကယ်မော် ... ဒေါ်ဒေါ်မွန်က အားကိုးရာမရှိတဲ့ သခင်ဖြူဆိုပြီး ကျွန်တော်နဲ့တောင် ပေးစားချင်နေတယ် ... မောင်းထုတ်ဖို့ဆိုတာ ဝေလာဝေး ... ဒါကြောင့်လည်း သခင်ဖြူက ကျွန်တော့်အိမ်

www.burmeseclassic.com

မှာနေရင်း ဘာမဆို လက်ရဲဇက်ရဲလုပ်တယ် ... အိမ်ထဲမှာ ဟိုဝင်ဒီထွက်နဲ့ အနေအထိုင်ရဲတင်းတယ် ... ဒေါ်ဒေါ်မွန်က ရှေ့ကပိတ်ခံနေလို့ ကျွန်တော့်မှာ သခင်ဖြူကို ပြောရဆိုရ ဟန့်တားရခက်နေတယ် ... နေရုံမကဘူး ... ကျွန်တော့်မှာ ချစ်သူရှိနေလို့ သခင်ဖြူကို ကျွန်တော် လက်မထပ်နိုင်ပါဘူးလို့ ဒေါ်ဒေါ်မွန်ရဲ့ဆန္ဒကို ကျွန်တော် ငြင်းရတယ် ... အဲဒီမှာတင် ဒေါ်ဒေါ်မွန်က ကျွန်တော့်ကို ပုလိပ်စစ်စစ်မေးတော့တာပဲ ... မင်းချစ်သူက ဘယ်သူလဲ ... ဘယ်မှာနေလဲ ... မင်းချစ်သူ ငါ့ကိုပြ ... ဒါမှငါယုံမယ်လို့ ပြောလာတယ် ... ကျွန်တော်က နားအေးရင်ပြီးရောဆိုပြီး ကျွန်တော့်ချစ်သူဟာ ရန်ကုန်ကမဟုတ်ဘူး ... မန္တလေးသူ၊ မန္တလေးမှာနေတာလို့ ဆင်ငှေ့ရန်ရှောင်ပြောလိုက်တယ် ... "

"ဒေါ်ဒေါ်မွန်က အဲဒီ ကျွန်တော့်ရဲ့ မန္တလေးကချစ်သူကို တွေ့ချင်လှချည်ရဲ့လို့ဖြစ်လာတယ် ... အဲဒီမှာ ကျွန်တော် ခေါင်းထဲအကြံတစ်ခုဝင်လာတယ် ... ကျွန်တော် မန္တလေးကိုလိုက်သွားပြီ ... အန်ကယ်မော်ဆီက အကူအညီတောင်းပြီး မန္တလေးသူတစ်ဦးကို ကျွန်တော့်ရဲ့ သတို့သမီးလောင်းပါလို့ ခေါ်သွားနိုင်ရင် သခင်ဖြူဟာ သူ့အလိုလို ကျွန်တော်တို့အိမ်က ပြေးဆင်းသွားမှာပဲလို့လေ ... အဲဒီလို သခင်ဖြူဆင်းပြေးသွားရင် ကျွန်တော်တို့အတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ်ရနိုင်တယ်ဆိုတဲ့အကြံပဲ ... "

"ဆိုပါဦး ... ဘယ်လို မှိုင်းမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်



ရနိုင်မလဲ ... "

"ပထမအချက်က သခင်ဖြူဟာ ကျွန်တော့်ဆီက လျှို့ဝှက်သတင်းတွေ ခိုးယူနေတာဟာ ကျွန်တော်တို့ **စိမ်းဝါနီအဖွဲ့ကြီး**ရဲ့ ဆန့်ကျင်ဘက်ဂိုဏ်းကြီးတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်လို့သာ ခိုးယူနေတာ ... ဒေါ်ဒေါ်မွန်ကလည်း သူ့ယောက်ျားရဲ့တူမဆိုပြီး အရေးပေးထားလို့ သခင်ဖြူ အခွင့်အရေးရနေတာ၊ ကျွန်တော့်မှာ မန္တလေးကချစ်သူ သတို့သမီးလောင်း အတူခေါ်သွားလိုက်တာနဲ့ သခင်ဖြူနဲ့ ကျွန်တော့်ကို လက်ထပ်ပေးဖို့ ဒေါ်ဒေါ်မွန်စီစဉ်ထားတာ အလိုလိုပျက်သွားပြီး ... ကျွန်တော့်အိမ်က ကျွန်တော့်အခန်းထဲ သခင်ဖြူဝင်ရဲမှာမဟုတ်တော့ဘူး ... ဒါဆို ကျွန်တော့်လျှို့ဝှက်သတင်းတွေသူ ခိုးလို့မရနိုင်တော့ဘူး ...

ဒုတိယအချက်က သတင်းခိုးလို့မရနိုင်တော့တဲ့ သခင်ဖြူဟာ ကျွန်တော့်အိမ်ကဆင်းသွားပြီး သူ့အဖွဲ့ဆီက သူပြန်သွားရာကို ကျွန်တော်တို့အဖွဲ့က ခြေရာခံလိုက်ရင် ဆန့်ကျင်ဘက် ဒုစရိုက်ဂိုဏ်းကြီးကို ခြေရာခံမိနိုင်မယ် အန်ကယ်မော် ... အဲဒါဆို တစ်ချက်ခုတ်နှစ်ချက်ပြတ်ပဲ ... "

"အေး ... မှိုင်းဆိုလိုတာ အန်ကယ်သဘောပေါက်တယ် ... ဒီတော့ အန်ကယ်က ဘာကူညီရမလဲ မှိုင်း ... "

"မန္တလေးသူ ကျွန်တော့်အတွက် ဟန်ဆောင်ချစ်သူသတို့သမီးလောင်း ရှာပေးဖို့ပါ အန်ကယ်မော်၊ ဒါဟာ ကျွန်တော့် စိမ်းဝါနီအဖွဲ့ကြီးရဲ့တာဝန်ကို ထမ်းဆောင်တာပါ ... "

www.burmeseclassic.com

ရဲမှူးကြီးသည် သဘောပေါက်ခေါင်းညိတ်ပါ၏။ ရဲမှူးကြီးဦးမော်မော်အနေနဲ့ စိမ်းဝါနီအဖွဲ့ကြီးက အကူအညီတောင်းလျှင် ပေးရမည်ဆိုသည့် အထက်ကအမိန့်ချထားသည်။ ယခု မှိုင်းသည် ရဲအုပ်ရာထူးသာရှိစေကာမူ စိမ်းဝါနီအဖွဲ့ကြီး၏ အတွင်းရေးမှူးတာဝန်အရ အကူအညီတောင်းခံခြင်းဖြစ်နေသည်။

"နေဦးကွ မှိုင်း ... မန္တလေးက ဟန်ဆောင်ချစ်သူ သတို့သမီးလောင်းတစ်ယောက် အန်ကယ်က ရှာပေးရမယ်ဆိုတော့ ဘယ်အမျိုးသမီးများရှိပါလိမ့် ... "

"ငါ မန္တလေးက ငါ့လက်အောက်က ဒုရဲအုပ်အမျိုးသမီးတစ်ယောက်ကို တာဝန်အရထည့်ပေးလိုက်ရင်ကောကွာ ... ငါ့လက်အောက်မှာ အမျိုးသမီးငယ်ဒုရဲအုပ်တွေရှိနေတယ်"

"အဲဒါ မကောင်းဘူး ထင်တယ် အန်ကယ်မော် ... သိပ်မြင့်လွန်းသွားမယ် ... ဒုရဲအုပ်ရဲမေတစ်ယောက်ဆိုရင် သူ့ရဲ့ဟန်ဆောင်သတို့သမီး ကျွန်တော့်ချစ်သူအဖြစ် ဟန်ဆောင်ပေးရတာဟာ စိမ်းဝါနီအဖွဲ့ကြီးက ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်ရာရောက်သွားမယ် ... အခုဟာက အဲဒီလိုမဟုတ်ဘူး ... ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာနဲ့ အကျိုးဝင်နေတယ် ... အဓိကလိုအပ်တာက သဇင်ဖြူ ကျွန်တော့်အိမ်ကထွက်ပြေးပြီး သူ့နောက်ကို ခြေရာခံလိုက်ပြီး သူတို့ရဲ့ဒုစရိုက်ဂိုဏ်းကြီးကို စုံစမ်းနိုင်ဖို့ပဲ အန်ကယ်မော် ... "

"ဒါဆိုရင်တော့ ... ရိုးရိုးအရပ်သူအမျိုးသမီးသာဖြစ်ရမယ်ဆိုတော့ ... ဩ ... နေဦး ... ငါ တစ်ခုစဉ်းစားမိပြီ ... ဝင်းပပဆိုတဲ့ အမျိုးသမီးတစ်ဦးကို ငါ စဉ်းစားလို့ရတယ် ... ဝင်းပပနဲ့ ငါ ပထမဆွေးနွေးကြည့်မယ် ... "



"ဝင်းပပ ဟုတ်လား ... သူက ဘယ်သူလဲ အန်ကယ်မော်"

"ဖြစ်မြောက်သွားရင် ဝင်းပပ ဘယ်သူဆိုတာ မှိုင်း သိလာမှာပေါ့ ... ဝင်းပပဟာ အန်ကယ်အကူအညီတောင်းရင် ပေးနိုင်မဲ့အမျိုးသမီးတစ်ယောက်လို့သာ မှိုင်း မှတ်ယူထားဦး၊ အေး ... ဒါပေမဲ့ ဝင်းပပကို မှိုင်း ပေါ့ပေါ့လေးတော့ မတွက်နဲ့ ... မန်းတက္ကသိုလ်က စီးပွားရေးမေဂျာနဲ့ ဘွဲ့ရပြီးသား၊ ကုန်တိုက်တစ်ခုမှာ လောလောဆယ် ငွေစာရင်းဌာနမှာ အလုပ်ဝင်လုပ်နေသူ ... သာမန်အချိန်မျိုးမှာ ဝင်းပပလို မိန်းကလေးကို ဒီလိုဟန်ဆောင်အတု သတို့သမီးချစ်သူလုပ်ပေးပါဆိုရင် ငွေဆယ်သိန်းပေးတောင် လုပ်မဲ့မိန်းကလေး မဟုတ်ဘူး ... အခုဟာက သူရောက်ရှိနေတဲ့အခြေအနေပေါ်မှာမူတည်ပြီး လုပ်ပေးလိမ့်လေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ အန်ကယ်က ပြောကြည့်ရမှာ ... "

"သူရောက်ရှိတဲ့အခြေအနေဆိုတာက ဘာအခြေအနေကို ဆိုလိုတာလဲ အန်ကယ် ... "

"ဒီလိုကွ ... ဝင်းပပဟာ ကျော်မောင်ဆိုတဲ့ ကောင်တစ်ယောက်နဲ့ တက္ကသိုလ်ကျောင်းသူကျောင်းသားဘဝမှာကတည်းက မေတ္တာရှိခဲ့ဖူးကြတယ် ... အဲဒီကျော်မောင်ရဲ့ မိဘတွေက ငွေကြေးရော ဂုဏ်ဒြပ်ရော အဆင့်မြင့်တယ်တဲ့ကွ ... ကျော်မောင်ကိုယ်တိုင် ကျောင်းတက်တာ ကိုယ်

www.burmeseclassic.com

ပိုင်အက်(စ်)အီးကားနဲ့ ကိုယ်တိုင်မောင်းကျောင်းတက်ခဲ့တာတဲ့ ... အေး ... သတင်းကြားအရဆိုရင် ကျော်မောင်က ရုပ်လည်းချော၊ တက္ကသိုလ်ကျောင်းသားလည်းဖြစ်၊ မိဘကလည်း ချမ်းသာဆိုတော့ မိန်းမပွေတယ် ... အပျော်အပါးလိုက်စားတယ်တဲ့၊ ဝင်းပပက တက္ကသိုလ်ဒုတိယနှစ်အတက်မှာပဲ ကျော်မောင်က ဘွဲ့ရကျောင်းပြီးသွားတယ် ... အဲဒီနောက် ကျော်မောင်က အလုပ်ဝင်လုပ်တယ်၊ အစိုးရအလုပ်တော့ မဟုတ်ဘူးတဲ့ ... နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ ရာထူးမြင့်မြင့်ရတယ်တဲ့ ... ”

“ဒါဆို ဝင်းပပ ကျွန်တော့်အလုပ်ကိုလုပ်ပေးဖို့ ကိုကျော်မောင်က သဘောတူပါ့မလား အန်ကယ် ... ”

“ဒါကြောင့် အန်ကယ်က အခု ဝင်းပပလက်ရှိရောက်နေတဲ့ အခြေအနေလို့ပြောတာပေါ့ကွ ... ဒီကောင် ကျော်မောင်က ဝင်းပပဖေဖေ ဦးမြင့်နိုင်ရှိစဉ်က မန္တလေးမှာ ဦးမြင့်နိုင်ဟာ ဩဇာတိက္ကမကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးလည်းဖြစ်တယ်၊ အများက ဦးမြင့်နိုင်ဟာ ချမ်းသာကြွယ်ဝတဲ့ ပုဂ္ဂိုလ်လို့လည်း ထင်ကြတယ် ... တကယ်တမ်း ဦးမြင့်နိုင်ကွယ်လွန်သွားတဲ့အခါမှာတော့ တစ်ဦးသောသမီး ဝင်းပပမှာ အမွေဆက်ခံစရာဆိုလို့ စိန်ပန်းရပ်က ခြံနဲ့ အိမ်တစ်လုံးရယ်၊ ငွေလေးငါးခြောက်သောင်းရယ် ... ဒါပဲကျန်ခဲ့တယ် ... ဝင်းပပရဲ့ ဖေဖေ ဦးမြင့်နိုင်က ရာထူးရာခံကြီးဘဝနဲ့တုန်းက သမာသမက်သိပ်ကျတဲ့လူ ... မဟုတ်တာမလုပ်ဘူး ... လာဘ်



မစားဘူး ... အန်ကယ်လိုလူစားလေ ... ဒါကြောင့်လည်း အန်ကယ်နဲ့ သိပ်ခင်မင်တဲ့ သူငယ်ချင်းဖြစ်လာတာပေါ့ ... ဦးမြင့်နိုင်ဆုံးသွားတော့ အန်ကယ်ကပဲ ကျန်ခဲ့တဲ့သမီး ဝင်းပပကို ဘွဲ့ရတဲ့အထိ ဆက်လက်ကျောင်းပန်ပြီး ကိုယ့်သမီးကိုယ့်တူမလေးလို စောင့်ရှောက်ခဲ့လာတာ ကနေ့အထိပဲ၊ အဲ ... ဘာမှမယ်မယ်ရရ အမွေမကျန်ခဲ့မှန်းသိသွားတဲ့ ကျော်မောင်ဟာ ဝင်းပပကို ခွာထုတ်ပစ်လိုက်တယ် ... ဝင်းပပက ဆင်းရဲတယ်ပေါ့ကွာ ... ”

“ဆိုးတဲ့လူပဲ ... ”

“အေး ... ဒါကို ဝင်းပပက သိပ်နာကြည်းတယ် ... နာကြည်းတာမှ တော်တော့်ကိုနာကြည်းသွားပုံရတယ် ... ဒါကြောင့် ဝင်းပပစိတ်ထဲမှာ ကျော်မောင်ကို နာကြည်းစိတ်နဲ့ ကလဲ့စားပြန်ချေချင်တဲ့စိတ်ရှိနေမလားဘဲ ... ကျော်မောင်ထက် အစစပိုပြီးသာတဲ့လူမျိုးနဲ့ ကျော်မောင်ရှေ့မှာ တွဲပြချင်တဲ့စိတ်မျိုးရှိနေလောက်တယ် ... အဲဒီလို ဝင်းပပစိတ်ထဲမှာ နာကြည်းစိတ် ကလဲ့စားချေချင်တဲ့စိတ်ရှိနေချိန်မျိုးမှာ အန်ကယ်အကူအညီတောင်းရင် ရမလားလို့စဉ်းစားတာပါ ... သူ့အဖေဦးမြင့်နိုင်နဲ့ကလည်း အန်ကယ်က သိပ်ခင်မင်တဲ့ သူငယ်ချင်း ... နောက်ပြီး ဦးမြင့်နိုင်ကွယ်လွန်သွားပြီးမှ အန်ကယ်က တောက်လျှောက်စောင့်ရှောက်လာခဲ့တာ ... မှိုင်းကိုယ်တိုင်ကလည်း တက္ကသိုလ်ကဘွဲ့ရပြီးသား လက်ရှိရဲအုပ်ရာထူးရှင်ဆိုတဲ့အချက်က ကျော်မောင်ထက် အရာရာ

www.burmeseclassic.com

မှာ ပိုပြီးသာနေတယ်လေ … ဒီခေတ်ထဲမှာ မှိုင်းတို့ အသက်အရွယ်နဲ့ ရဲအုပ်ရာထူးဆိုတာက နည်းတဲ့ရာထူးမှ မဟုတ်တာ … မှိုင်းရဲ့ရုပ်ရော၊ ဂုဏ်ရော ကျော်မောင်ထက် အစစသာနေတာပဲ … ဒီအချက်တွေကို အခြေပြုပြီး ဝင်းပပက လက်ခံလေမလားဘဲ မှိုင်း … ”

“အန်ကယ်ပဲ ကူညီပေးပါ အန်ကယ် … ”

“အေး … ကူညီဖို့ အန်ကယ် စိတ်အားထက်သန်ပါတယ်၊ ဝင်းပပဟာ အန်ကယ်ရဲ့ အခင်မင်ဆုံးသူငယ်ချင်းဖြစ်နေတော့ ဆက်ပြီး ဝင်းပပကို စောင့်ရှောက်ပေးရမဲ့တာဝန် အန်ကယ်မှာရှိနေတယ် … တကယ်လို့များပေါ့ကွာ … ဝင်းပပက အန်ကယ့်မျက်နှာကြောင့် ဝင်ရောက်ကူညီပေးရာက မှိုင်းကိုယ်တိုင်ကရော ဝင်းပပကိုယ်တိုင်ကရော အပြန်အလှန်မေတ္တာသက်ရောက်ပြီး ဝင်းပပဟာ မှိုင်းရဲ့အတုသတို့သမီးကနေ အစစ်သတို့သမီးဖြစ်သွားရင် မှိုင်းအတွက်ရော၊ ဝင်းပပအတွက်ပါ အန်ကယ် ကူညီပေးရကျိုးသိပ်နပ်သွားပြီပေါ့ကွာ … မှိုင်းက တကယ့်လူတော်လူကောင်းတစ်ယောက်ပဲ … ဌာနဆိုင်ရာ ဒိတ်ဒိတ်ကျဲလူကြီးပိုင်းတွေက နေရာပေးထားတဲ့လူပဲ … ဘာမဆို ကျော်မောင်လိုကောင်ထက် အစစ ရုပ်ရောအရည်အချင်းရော သာနေတဲ့လူပဲကွာ”

“ဟာ … အန်ကယ်ကလည်း … ခုချိန်ထိ ကျွန်တော့်မှာ ချစ်သူထားချင်စိတ်၊ လက်ထပ်ချင်စိတ် လုံးဝမရှိသေးပါဘူး၊ ကျွန်တော့်မှာသာ ချစ်သူရှိနေရင် အခုလို အန်ကယ့်ဆီလာပြီး အကူအညီတောင်းဖို့တောင် မလိုတော့ဘူး၊ ကျွန်တော့် ချစ်သူကို အိမ်ပေါ်ခေါ်တင်လိုက်တာနဲ့ သဇင်ဖြူ အလိုအလျောက် အိမ်ပေါ်ကဆင်းပြေးသွားပြီပေါ့ အန်ကယ် … အခုလောလောဆယ် ကျွန်တော့်စိတ်နဲ့ ဦးနှောက်ထဲမှာ အလုပ်တာဝန်တစ်ခုပဲရှိနေတာပါ … ”

“အေးပါ … အေးပါ … ဝင်းပပကို မှိုင်း ချစ်ရမယ်လို့လည်း အန်ကယ်က မဆိုလိုဘူး … မိုးမပြိုဘူး … ပြိုခဲ့သော်ဆိုတဲ့ သဘောသာပြောတာပါ … ”

“ကဲ … ဒါဆို ညနေငါးနာရီ အန်ကယ့်အိမ်ကို မှိုင်းလာခဲ့ … မှိုင်းကိုပါခေါ်ပြီး စိန်ပန်းရပ်ထဲက ဝင်းပပတို့အိမ်ကိုသွားကြမယ် … မင်းလည်း ဝင်းပပနဲ့ ပတ်သက်ပြီး နှုတ်ခမ်းနာမနေနဲ့ … မုန့်ဆီကြော်က ဘယ်မှာမှန်းလည်းမသိသေးတာပဲကွာ၊ ဟဲ … ဟဲ … ဟဲ … ”

✤



www.burmeseclassic.com

## (၂)

"အဲဒါ ဝင်းပပပဲ မှိုင်း ..."

"တွေ့ရတာဝမ်းသာပါတယ် မဝင်းပပ ..."

ဝင်းပပကို မှိုင်းမြင်တွေ့လိုက်သည်နှင့် အလွန်ကြည့်ရှုမကောင်းသော အမျိုးသမီးတစ်ဦးဟုသာ မြင်လိုက်တော့သည်။

ဆံပင်အားလုံးကို နောက်ပြန်ပိပိကြီးလှန်ထားသည်။ နောက်စေ့တွင် ရောက်လာသောဆံပင်အားလုံးကို ပလတ်စတစ်ဘီးကြီးဖြင့် လျှိုပတ်ထားသည်။ မျက်နှာတွင် သနပ်ခါးကွက်ကြားလိမ်းထားသည်။ သနပ်ခါးကိုပင် ညီညီညာညာလိမ်းထားသည် မဟုတ်။ သနပ်ခါးရောင်ကြောင့်လားတော့မသိ။ မျက်နှာမှာ ဖြူသလိုလို ဝင်းသလိုလိုရှိသည်။

အဝန်းအဝိုင်းကြီးမားလှသော ... နေကာမျက်မှန်အမည်းကြီး တပ်ဆင်ထားသောကြောင့် သူမ၏မျက်ဝန်းမျက်ဖန်ကို မမြင်ရပေ။ မျက်မှန်နက်ကြီး၏ထိပ်တွင် မလွဲမသွေ တွေ့မြင်ရသော မျက်ခုံးမှာ ထူထပ်နက်မှောင်ပြီး မျက်မှန်မည်းကြီးနှင့် ရောထွေးနေသည်။



အင်္ကျီကလည်း တက်ထရွန်အဖြူရောင်အထူစား ရင်ဖုံးလက်ရှည်အင်္ကျီဖြစ်သည်။ ကိုယ်ခန္ဓာနှင့် တိုင်းထွာချုပ်ထားသောအင်္ကျီမဟုတ်။ ဘူးသီးကို ဂုံအိတ်စွပ်ထားသည့်နှယ် စွပ်ထားသောအင်္ကျီဖြစ်သောကြောင့် ပွယောင်းယောင်းကြီး ခါးတွင်အင်္ကျီအနားစကျဆင်းနေသည်။ ထဘီဝတ်ထားသည်ကလည်း အထက်ဆင်အမည်းစသည် အပြားလိုက်ကြီးပေါ်ကာ ခါးပတ်လည်တွင် အမည်းစကြီးပတ်ထားသည့်နှယ်ရှိနေသည်။ ယဘီကလည်း တရုတ်ပွင့်ရိုက်အထူစားဝတ်ထားသည်။

အားလုံးခြုံ၍ပြောရလျှင် အလွန်ကြည့်၍မကောင်းသော အမျိုးသမီးတစ်ဦးဖြစ်နေပေသည်။

"ဒါက ရန်ကုန်ရဲစုံထောက်အဖွဲ့က ရဲအုပ်မှိုင်းတဲ့ ... ဝင်းပပအနေနဲ့ ကိုယ့်ထက်အသက်ကြီးသူမို့ 'ကိုမှိုင်း' လို့ခေါ်ချင်ခေါ်ပေါ့ ..."

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ် ကိုမှိုင်း ..."

ဝင်းပပကလည်း အန်ကယ်မော် မိတ်ဆက်ပေး၍သော ယဉ်ကျေးမှုအရ ပြန်ပြီးတုံ့ပြန်ရသော်လည်း သူစိမ်းယောကျ်ားလေးမို့ စိတ်မဝင်စားသောအသွင်ဆောင်နေသည်။

"ထိုင်ပါ ဦးလေးမော် ... ဝင်းပပဆီကို ဦးလေးမော် အလကားသက်သက်လာလေ့မရှိပါဘူး ... အရင်အခေါက်လာ

www.burmeseclassic.com

တုန်းက ဝင်းပပကို ငွေကြေးထောက်ပံ့သွားတာ ... ဝင်းပပမှာ လက်ကျန်အများကြီးကျန်ပါသေးတယ် ... ဝင်းပပ ကုန်တိုက်မှာဝင်အလုပ်လုပ်နေပြီမို့ အဆင်ပြေနေပါပြီ ဦးလေးမော် ... ဖေဖေရဲ့ဈာပနကိစ္စတုန်းကလည်း အစအဆုံးရက်လည်ပြီးတဲ့အထိ ဦးလေးမော် ကမကထဆောင်ရွက်ပေးခဲ့လို့ ဖေဖေ့ဈာပန စည်စည်ကားကားနဲ့ အလောင်းလှခဲ့ပြီးပါပြီ ... ဘာမဆို ဝင်းပပအပေါ်မှာ ဦးလေးမော်ရဲ့ကျေးဇူးကြီးလှပါတယ် ... ဝင်းပပရဲ့အခြေအနေဟန်ဟန်ပန်ပန်လေးဖြစ်လာတဲ့နေ့မှာ ဦးလေးမော်ကို ကျေးဇူးပြန်ဆပ်ဖို့ ဝင်းပပခေါင်းထဲမှာ အမြဲရှိနေပါတယ် ဦးလေးမော်"

"အဲဒါတွေဘေးချိတ်ထားလိုက်စမ်းပါ သမီးရယ် ... ညည်းအဖေနဲ့ ငါ ဘယ်လောက်ခင်မင်မှန်း ညည်းအသိသားနဲ့ ... ညည်းဖေဖေမရှိတဲ့နောက်မှာ ညည်း တာဝန်မှန်သမျှဦးလေးမော်ရဲ့တာဝန်ပေါ့ ... "

ဧည့်ခန်းထဲတွင် ကြိမ်ထိုးကျောမှီဆက်တီကုလားထိုင်တွေရှိသည်။ အသင့်အတင့်ဧည့်ခန်းတစ်ခုပါပေ။ အိမ်ကလည်း ခြံကျယ်ကြီးအလယ်တွင် တည်ဆောက်ထားသော တစ်ထပ်တိုက်အိမ်လေးဖြစ်ပါ၏။

ဧည့်ခန်းကုလားထိုင်များတွင် ထိုင်ကြသည်နှင့် အန်ကယ်မော်က လာရင်းကိစ္စကို မိနစ်လေးဆယ်ခန့်ကြာသည်အထိ အစအဆုံးပြောပြသည်။ သို့သော် စိမ်းဝါနီအဖွဲ့ကြီး ဖွဲ့စည်းထားကြောင်းကိုတော့ ထည့်မပြောပေ။



"အဲဒါပါပဲ ဝင်းပပ ... အဲဒါ ဝင်းပပ ဘယ်လိုသဘောရသလဲ"

"မိန်းမပျိုတစ်ယောက်အနေနဲ့ ဇနိီးလောင်းချစ်သူဟန်ဆောင်အတု လိုက်လုပ်ပေးရမှာ စွန့်စားရာများရောက်လွန်းနေမလားဘဲ ဦးလေးမော် ... နောက်ပြီး ရန်ကုန်လိုနေရာ လူစိမ်းတွေကြားမှာလေ ... "

"အဲဒါတွေ ဦးလေးမော်ထည့်တွက်တာပေါ့ကွယ် ... ဒီကိစ္စမှာ သမီးဘက်ကထည့်တွက်ရမှာ အဓိကအချက်နှစ်ချက်ရှိတယ် ... ပထမအချက်က မှိုင်းဟာ စိတ်ဓာတ်ညံ့ဖျင်းသူဆိုရင် သမီးဝင်းပပ ဘဝပျက်သွားနိုင်တယ်၊ ဒုတိယအချက်က ကိစ္စတွေပြီးမြောက်သွားလို့ သမီး မန္တလေးကို ပြန်လာတဲ့အခါ ဒီမိန်းကလေး ဒုတိယအကြိမ် လက်ထပ်ရေးကိစ္စပျက်သွားပြန်ပြီလို့ ပတ်ဝန်းကျင်ရဲ့ အကဲ့ရဲ့ခံရမယ် ... အဲဒီနှစ်ချက်မှာ ပထမအချက်အတွက် ဦးလေးမော် မှိုင်းကိုလုံးဝတာဝန်ယူတယ် ... သမီးဝင်းပပ မှဲ့တစ်ပေါက်မစွန်းစေရဘူး ... အာမခံရဲရဲကြီးခံတယ် ... အဲ ... ဒုတိယအချက်ကတော့ သမီးဝင်းပပရဲ့ သိက္ခာပိုင်းနဲ့ဆိုင်နေတယ် ... သမီးရဲ့သိက္ခာပိုင်း ဒုတိယအကြိမ်ထပ်ပြီး ထိခိုက်နိုင်တယ် ... အဲဒါကြောင့် ဦးလေးမော် ဇွတ်မတိုက်တွန်းဘူး ... သမီး ဝင်းပပကိုယ်တိုင် လက်ခံနိုင်ပါမှကူညီပါ ... မကူညီနိုင်ပါဘူးဆိုလည်း ဦးလေးမော်က သမီးကို လုံးဝအပြစ်မတင်ဘူး ... ကျိုးမြီးမတိုဘူး ... "

ဝင်းပပသည် ထပ်မံပြီး မှိုင်းကို အကဲခတ်ကြည့်မျိုး

www.burmeseclassic.com

ကြည့်ပြန်သည်။

အသားညို အရပ်ထောင်မောင်း ကိုယ်ထည်ကျစ်လျစ် ခန္ဓာကိုယ်အချိုးကျ ယောကျ်ားပီသလှသည်။ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်း၊ နှာတံစင်း၊ နားရွက်ကားနှင့် ထက်မြက်သောရုပ်ရှိသည်။ ယောကျ်ားပီသသော ကြည့်ကောင်းသည့် လူချောတစ်ယောက်ဟု ဆိုနိုင်သည်။

ကျော်မောင်လို မိန်းမချောခေါ်သည်မျိုးမဟုတ်။

ကောက်ကျစ်ခြင်း၊ ယုတ်မာခြင်း၊ ရက်စက်ခြင်းမျိုးတွေ မှိုင်း၏မျက်လုံးနှင့် မျက်နှာတွင် မတွေ့ရ။ ယောကျ်ားပီသသည့် နှစ်လိုဖွယ်ယောကျ်ားသားတစ်ဦးဖြစ်မည်ဟု ဝင်းပပ ကြည့်ပြီး ရင်ထဲမှာ မှတ်ချက်ပြုမိသည်။

ဝင်းပပသည် အဘက်ဘက်မှ စဉ်းစားလေ့လာအကဲခတ်ပြီး ဆုံးဖြတ်လိုက်သည်။

ရဲမှူးဦးမော်မော်က ဝင်းပပမျက်နှာကိုကြည့်ပြီး ... အကဲခတ်နေသည်။

ဝင်းပပ ပြုံးလိုက်ပါ၏။

"ကောင်းပါပြီ ဦးလေးမော် ... ဝင်းပပ ရိုးရိုးနဲ့ ဘွင်းဘွင်းပဲ ပြောပါ့မယ် ... ဒီကိစ္စမှာ အဓိက,ကတော့ ဦးလေးမော်ကို တန်ပြန်ကူညီတဲ့ဆန္ဒနဲ့ ဝင်းပပ လက်ခံပါတယ် ... အဲဒါ အဓိကပါ ... သာမညအချက်တွေကိုလည်း ပြောပါ့မယ် ... သာမည ပထမအချက်က ကိုကျော်မောင်ကို ရွဲ့ပြချင်တယ်၊ ရှင်နဲ့ လက်ခွဲပေမဲ့ ရှင့်ထက်သာတဲ့ ကိုမှိုင်းကို ရသေးတယ်လို့ ကိုမှိုင်းနဲ့ တွဲပြလိုက်ချင်တယ် ... "

ရဲမှူးဦးမော်မော်က မသိမသာ ဦးခေါင်းခါပြသည်။

"အဲဒါဆိုရင်တော့ သိပ်မနိုင်ဘူး ဝင်းပပ ... ကျော်မောင်က ဝင်းပပနဲ့ မှိုင်းတွဲတာ ... မှိုင်းကို ဝင်းပပ လက်ခံတာဟာ ကျော်မောင်စိတ်ထဲ မနာလိုစိတ် မခံချင်စိတ်ဖြစ်လာပြီး မှိုင်းကို အသုံးချလိုက်ရာရောက်သွားမယ် ... ဦးလေးမော်ကြားသိထားသလောက်ဆိုရင် ကျော်မောင်ဟာ တည်ငြိမ်တဲ့ကောင် မဟုတ်ဘူး ... သမီးဝင်းပပအနေနဲ့ ကျော်မောင်က ဖြတ်လို့သာ ပြတ်လိုက်ရတယ်၊ သမီးဝင်းပပက ကျော်မောင့်အပေါ် မပြတ်ဘူးဆိုရင်တော့ မကောင်းဘူးထင်တယ် ... "

"ဟာ ... အဲဒီလို လုံးဝဆို လုံးဝကြီးကို မဟုတ်ဘူး၊ ဦးလေးမော်၊ ဝင်းပပ၊ ကျော်မောင်ကို လုံးဝပြတ်တယ် ... သူက ဝင်းပပကို ခြေဖျားကိုင် ကန်တော့ပြီး မှားပါတယ်လို့ ဝန်ခံကန်တော့ပြီး မှားပါတယ်လို့ ဝန်ခံကန်တော့ရင်တောင် ကျော်မောင်လိုကောင်ကို ဒီဘဝမပြောနဲ့ နောင်ဖြစ်လေရာဘဝတိုင်းမှာတောင် ပြတ်တယ် ... လုံးဝအကပ်ပြန်မခံဘူး၊ အခု ဝင်းပပပြောလိုက်မိတာက နာကြည်းလွန်းလို့ ပြတ်လွန်းတာကို ပြောလိုက်တာပါ ... "

"ဒါဆိုရင်တော့ ဦးလေးမော်တို့ကိစ္စကို ဆက်ဆွေးနွေးကြတာပေါ့ ... "

"ဟုတ်ကဲ့ ... ဒါပေမဲ့ ဆက်မဆွေးနွေးခင် ဝင်းပပရဲ့ သာမည



www.burmeseclassic.com

ကျန်တဲ့အချက်လေးတွေ ပြောပြချင်သေးတယ် ဦးလေးမော် ... ”

“ပြောလေသမီး ... ”

“ဝင်းပပ မန္တလေးမှာနေရတာကို ငြီးငွေ့နေတယ် ... တစ်နေရာရာကို ခရီးထွက်ချင်စိတ်ရှိနေတဲ့ အခုအချိန်မှာ ဦးလေးမော်ရောက်လာတာပါ ... ဦးလေးမော်အလိုရှိနေတဲ့ကိစ္စကလည်း အသစ်အဆန်းအဖြစ်ဆန်းကိစ္စလေးဖြစ်နေတယ်၊ ဝင်းပပစိတ်ဝင်စားသွားတယ် ... ဒါကြောင့် ပတ်ဝန်းကျင်က ဘယ်လောက်ကဲ့ရဲ့ပါစေ၊ ဦးလေးမော်ကိစ္စ ဝင်ရောက်ပါဝင်ဖို့ ဆုံးဖြတ်တာပါ ... အဲ ... တတိယ သာမညအချက်ကတော့ ဝင်းပပက နောက်ဆို ဘယ်လိုပုဂ္ဂိုလ်နဲ့ ဆုံစည်းသည်ဖြစ်စေ၊ ချစ်သူမထားတော့ဘူး ... ဘယ်အမျိုးသားကိုမှ လက်မထပ်တော့ဘူးလို့ ဆုံးဖြတ်ထားတာမို့ နောက်ထပ် ဝင်းပပ ထပ်ပြီးနာမည်ပျက်ချင်သလောက်ပျက်ပါစေ ဂရုမစိုက်တော့လို့ပါပဲ၊ ဒီမှာ အခု ဝင်းပပနေထိုင်ပုံကိုပဲ ဦးလေးမော်ကြည့်ပေါ့ ... တစ်ယောက်တည်းမသင့်တော်လို့ ဟောဟိုစက်ချုပ်နေတဲ့ ဒေါ်ဖြူကို အဖော်ခေါ်ထားပြီး ဖြစ်သလိုနေထိုင်နေတာကိုလည်း ဦးလေးမော်အမြင်ပဲ ... ဒီတော့ ဦးလေးမော်ရဲ့ကိစ္စမှာ ဝင်းပပ စိတ်ရောကိုယ်ပါ ကူညီတော့မယ် ဦးလေးမော် ... ”

“ဒါဆို ပြီးပြီပေါ့ သမီး ... နောက်ထပ် ဆွေးနွေးစရာမရှိတော့ဘူး ... လုပ်စရာပဲရှိတော့တယ် ... ဦးလေးမော်ပြော



တဲ့အတိုင်းသာ သမီးလုပ်ပေတော့ ... ”

“လုပ်ပါ့မယ် ... ပြောပါဦးလေးမော် ... ”

“ကဲ ... ခရီးသွားဖို့ သမီးအသင့်ပြင်ထားပေတော့ ... လေယာဉ်လက်မှတ်ကအစ ခရီးထွက်မဲ့နေ့ ဦးလေးမော် စီစဉ်လိုက်တော့မယ် ... ခရီးထွက်မဲ့နေ့ကို တစ်ရက်တင်ကြိုအကြောင်းကြားမယ် ... ဒါပဲ ... ”

ဦးလေးမော်နှင့် မှိုင်း ဝင်းပပအိမ်မှ ပြန်ထွက်လာကြသည်။

“ဘယ်လိုလဲကွ မှိုင်း ... ”

“ဘာကိုဘယ်လိုလဲလို့ အန်ကယ်မော် မေးတာလဲ ... ”

“ဝင်းပပကို မင်း ဘယ်လိုမြင်လဲလို့မေးတာ ... ”

မှိုင်းက မပြောမီ ပခုံးတွန့်ပြသည်။

“ဝင်းပပကို ကျွန်တော် ဘယ်လိုမြင်သလဲဆိုတာ ကျွန်တော် မဖြေတတ်ဘူး ... ဒါပေမဲ့ ရန်ကုန်က ဒေါ်ဒေါ်မွန်ကတော့ ဝင်းပပကို မြင်ရင်တော့ ကျွန်တော့်ကို ဒေါ်ဒေါ်မွန့်စိတ်ထဲက ဟားလိမ့်မယ်လို့ ထင်တာပဲ ... ”

“ဘာလို့ ဒေါ်ရည်မွန်က ဟားမှာလဲကွ ... ”

“အော် ... သူ့တူကြီးမှိုင်းဟာ ပွဲထဲက လူပြက်ပြက်သလို ဖြစ်နေပြီလို့လေ ... ”

“ဆိုပါဦး ... ပွဲထဲက လူပြက်က ဘယ်လိုပြက်လုံးထုတ်လဲ ဆိုတာ ... ”

“ဟော ... တိမ်ကြားမင်းခေါင်ကွ ... ဟိမ်ကြားမင်းခေါင်လို့

www.burmeseclassic.com

လူပြက်တစ်ယောက်က ကြွေးကြော်တယ် ... ဒီတော့ ကျန်တဲ့လူပြက်က ... ဟ ... တိမ်ကြားမင်းခေါင်ဆိုတဲ့ သူရဲကောင်းဆိုတာ ကောင်းကင်အမြင့်တိမ်တိုက်တွေကြားက ထွက်လာမှာပဲလို့ထင်ပြီး တိမ်တိုက်တွေကို မော့ကြည့်နေတယ် ... အဲဒီလို တိမ်တိုက်တွေထဲက ထွက်လာမဲ့ တိမ်ကြားမင်းခေါင်ကို မျှော်မော့ကြည့်နေတုန်း တိမ်ကြားမင်းခေါင်က တကယ်ထွက်လာတော့ ... ကြမ်းပေါက်ကြားက ထွက်လာလို့ ပရိသတ်က ဝိုင်းဟားတာ ပတ်မထုတ်ပြီး ထိန်းရသလိုပေ့ါ ... အန်ကယ်မော်ရာ ... ”

ရဲမှူးကြီးဦးမော်မော် မှိုင်းပြောသည်ကို ရယ်မောမိပါ၏။

“အင်း ... မှိုင်းပြောလည်း ပြောစရာပဲ ... ဝင်းပပ ဘယ်လိုဖြစ်သွားပါလိမ့်ဆိုတာ အန်ကယ်ကိုယ်တိုင် အခု ဝင်းပပကို တွေ့လိုက်တာနဲ့ အရမ်းအံ့သြသွားတယ် ... ”

“ဘာလို့လဲ အန်ကယ်မော် ... ဝင်းပပက ဟိုအရင်က ဒီပုံစံမဟုတ်လို့လား ... ”

“ဘယ်ဟုတ်ပါ့မလဲ ... ဝင်းပပဟာ အရင်က မိန်းမချော မိန်းမလှလေးကွ ... အေး ... ဟိုတုန်းက ဝင်းပပဟာ ဝတ်စားဆင်ယင်မှုရယ်၊ ဖြီးလိမ်းချယ်သမှုရယ်မှာတော့ ရိုးတော့ ရိုးတယ် ... ခုခေတ်မိန်းကလေးတွေလိုတော့ မဂ္ဂလက်ဘူး၊ ဒါပေမဲ့ အခုပုံစံတော့မဟုတ်ဘူး ... အခုပုံစံက ပလတ်စတစ်ဘီးကြီး နောက်စေ့မှာပတ် ... သနပ်ခါးမညီမညာကွက်တိကွက်ကြားလိမ်း၊ မျက်မှန်အမည်းကြီးတပ် ... အင်္ကျီပွပွကြီးဝတ် ... ထဘီကလည်း အပေါစားကြီးပုံစံနဲ့၊ ကြည့်မကောင်းရှုမကောင်းပုံစံကြီးဖြစ်နေတယ် ... ဟိုတုန်းက ဝတ်စားဆင်ယင်မှုနဲ့ ဖြီးလိမ်းမှု ရိုးသားပေမဲ့ သူ့ရဲ့ပင်ကိုယ်အရှိနဲ့ ပင်ကိုယ်အလှဟာ ပေါ်လွင်နေတဲ့ မိန်းမချော မိန်းမလှလေးပါ ... အနီးကပ်ဆုံး မှိုင်းမျက်စိထဲ မြင်ယောင်ပြောရရင် ဝင်းပပရဲ့ဝတ်စားဆင်ယင်မှုနဲ့ ဖြီးလိမ်းချယ်သမှုဟာ ငါတို့အမြဲတွေ့မြင်နေရတဲ့ တီဗီထဲက သတင်းကြော်ငြာတဲ့ အမျိုးသမီးလေးတွေ ဝတ်စားမှု၊ ဖြီးလိမ်းမှုပုံစံမျိုးကွ ... မြင်ရသူမျက်စိထဲမှာ ဣန္ဒြေရရလေးနဲ့ ချောတဲ့လှတဲ့အလှမျိုး ဝင်းပပမှာရှိတယ်ကွ ... အခုတော့ ဘယ်လိုပုံစံကြီးချုံးထားသလဲ မသိပါဘူးကွာ ... တန်တော့ ... အန်ကယ်မော်၊ စိတ်အထင့်ပြောရရင် ... ဝင်းပပဟာ သူ့ရဲ့ဘဝမှာ အကာအကွယ်တစ်ခုအတွက် ဒီပုံစံမျိုးပြောင်းလဲထားသလားပဲ၊ ယောကျ်ားသားတွေက သူတို့မချဉ်းကပ်လေကောင်းလေဆိုတဲ့စိတ်မျိုးနဲ့ ဒီပုံစံချုံးထားတာလား မပြောတတ်ဘူး”

“နဂိုရှိရင်တော့ နဂိုင်းထွက်မှာပေ့ါ အန်ကယ်မော် ... အခု ဝင်းပပဟာ နဂိုင်းမှမထွက်တာ ... ”

“ဟဲ ... ဟဲ ... မှိုင်းက မိန်းကလေးတစ်ဦးရဲ့ နဂိုနဲ့ နဂိုင်းကို မကြည့်တတ်၊ မမြင်တတ်ဘူးထင်တယ် ... မှိုင်းမျက်စိထဲမှာ နေ့စဉ်တွေ့မြင်နေကျ ခုခေတ်အတင်းချယ်သ ... အတင်းမရှိတာမပြည့်တာကိုသာ အမြဲမြင်တွေ့နေတာကိုး၊



www.burmeseclassic.com

ကဲ … မှိုင်းကို အန်ကယ်တစ်ခုမေးမယ် … တကယ်လို့သာ မှိုင်းအိမ်မှာရောက်နေတဲ့ သဇင်ဖြူအပေါ်မှာ သံသယမဖြစ်ဘဲ ဒေါ်ရည်မွန်ကလည်း သဘောတူတာမို့ သဇင်ဖြူကို မှိုင်း လက်ထပ်ပါဆိုရင် လက်ထပ်တဲ့အထိ မှိုင်း လက်ခံမလား"

"အဲဒါလည်း မသေချာဘူး အန်ကယ်မော်၊ မိန်းကလေး တစ်ယောက် ရုပ်ချောရုပ်လှတာနဲ့ ချစ်ရမတဲ့လား၊ ကျွန်တော် အဖို့ နေ့စဉ်နေ့တိုင်း သဇင်ဖြူလို ချောတဲ့လှတဲ့ မိန်းကလေးမျိုးတွေ အမြဲမြင်တွေ့နေရသားပဲ … ဘယ်မိန်းကလေးတစ်ယောက်အပေါ်မှ ကျွန်တော် ရင်မခုန်ဘူး၊ သဇင်ဖြူကိုလည်း အနီးကပ်ပုံစံအမျိုးမျိုးနဲ့တွေ့ပေမဲ့ … တစ်စက်လေးမှ ကျွန်တော်ရင်မခုန်ဘူး … အဲ … ဒါပေမဲ့ တကယ်လို့သာ သဇင်ဖြူဟာ ကျွန်တော့်ရဲ့ လျှို့ဝှက်လုပ်ငန်းမှာ အနှောင့်အယှက်မဖြစ်စေဘူး … သံသယကင်းတယ်ဆိုရင်တော့ … ဒေါ်ဒေါ်မွန်ရဲ့အလိုအရ ကျွန်တော် သဇင်ဖြူကို လက်ထပ်ဖို့ ခေါင်းညိတ်မိလေမလားဆိုတာတော့ မသေချာဘူး၊ ဒါပေမဲ့ အန်ကယ်မော် … အခုလောလောဆယ် စုန်းစုန်းမြုပ်စိတ်ဝင်စားနေတာ ကျွန်တော်ဆောင်ရွက်နေရတဲ့ စိမ်းဝါနီလုပ်ငန်းနဲ့ ရဲအုပ်တာဝန်မှာပဲ အာရုံရှိသလောက်ရောက်နေတယ်၊ မိန်းကလေးတစ်ယောက်ကို ချစ်ဖို့တို့ လက်ထပ်ဖို့တို့ဆိုတာကို ကျွန်တော့်ဦးနှောက်ထဲမှာရော၊ ရင်ထဲနှလုံးထဲမှာရော လုံးဝလက်မခံသေးဘူး …"

"အေးလေ … ဘာပဲဖြစ်ဖြစ် အခုဆို လုပ်ငန်းသဘောအရ



ဝင်းပပဟာ မှိုင်းရဲ့ဟန်ဆောင်ချစ်သူ၊ ဟန်ဆောင်သတို့သမီးလောင်းပေါ့ကွာ … နောက်ပိုင်းကျမှ ဝင်းပပဟာ မှိုင်းရဲ့ တကယ့်ချစ်သူ၊ တကယ်လက်ထပ်မဲ့သတို့သမီးဖြစ်သွားရင် ကရဝိတ်ဟိုတယ်ဖြစ်ဖြစ်၊ အင်းယားလိတ်ဟိုတယ်ဖြစ်ဖြစ် အန်ကယ် လက်ဖွဲ့ပစ္စည်းနဲ့ ဆင်းလာရမလားပဲပေါ့ကွာ"

"ကျွန်တော်တို့ ကလေးအရွယ်က ကစားကြသလိုပါပဲ အန်ကယ်မော် … ကျွန်တော့်အဖို့တော့ ဘီး … ဘီး … ဘာဘီးလဲလို့မေးရင် … ရွှေဘီးလို့ပြန်ဖြေလည်း ကျွန်တော်က ရွှေစော်နံပြန်လိုက်ဦးပါပဲ … ဟဲ … ဟဲ … ဝင်းပပ … ဝင်းပပ သတို့သမီးအမယ်အိုပေါက်စစော်နံ … ပြန်လိုက်ဦးပဲဖြစ်မှာပါ အန်ကယ်မော်ရာ …"

"အေးပါကွာ … အေးပါ … အန်ကယ်မော်ကတော့ ဝိတ်အင်ဆီး … စောင့်ကြည့်သေးတာပဲလို့ပဲပြောရတော့မှာပေါ့ မှိုင်းရာ …"

www.burmeseclassic.com

## (၃)

ယနေ့လည်း အားလျှင်လာနေကျအတိုင်း ဝင်းပပ အိမ်သို့ ဥမ္မာ သူမ၏ကိုယ်ပိုင်ကားမောင်းပြီး ရောက်လာသည်။

ဝင်းပပနှင့် ဥမ္မာ သိပ်ချစ်သော သူငယ်ချင်းတွေဖြစ်သည်။ တက္ကသိုလ်တွင် အတူတူတက်ပြီး အတူတူတွဲရခဲ့သူများဖြစ်ပါ၏။

တက္ကသိုလ်ကျောင်းသူဘဝထဲက ဝင်းပပက ကျော်မောင်နှင့် မေတ္တာရှိခဲ့လို့ ဥမ္မာကလည်း ကိုချမ်းအေးနှင့် ချစ်သူတွေဖြစ်ခဲ့သည်။

ကျောင်းပြီးသောအခါ ဥမ္မာက ဆရာဝန်ဖြစ်သွားသော ဒေါက်တာချမ်းအေးနှင့် လက်ထပ်သည်။ ဝင်းပပမှာတော့ ငွေမက်သောကျော်မောင်က ဝင်းပပတွင် အမွေများများမကျန်ဘဲ ချမ်းသာသူမဟုတ်သောကြောင့် အဆက်အသွယ်ဖြတ်သွားသည်။



ဒါကိုပင် ဥမ္မာက ချစ်သူငယ်ချင်းဝင်းပပအတွက် ကျော်မောင်ကို အရမ်းအထင်သေး အရမ်းအမြင်ကတ်သွားသည်။ ပြီး မိမိ၏ချစ်စွာသော သူငယ်ချင်းအား ကျော်မောင်က စွန့်ခွာအဆက်အသွယ်ဖြတ်ကတည်းက ဝင်းပပမှာ ဟိုတုန်းကလို အလှအပ မပြုပြင်တော့ဘဲ အယ်ကြီးအိုပေါက်စပုံစံဖြစ်သွားသည်ကိုလည်း ဥမ္မာ ရင်ထုမနာဖြစ်နေသည်။

ဥမ္မာနှင့် ဒေါက်တာချမ်းအေး လက်ထပ်ပြီး (၈)လ အကြာတွင် ဒေါက်တာချမ်းအေးသည် ထပ်ဆင့်ဘွဲ့ယူခွင့်ရရှိသောကြောင့် အင်္ဂလန်သို့ (၄)နှစ်ကြာ နောက်ထပ်ဘွဲ့ယူရန် ထွက်ခွာသွားသည်။ ဥမ္မာအား ဒေါက်တာချမ်းအေးက သူ့မိဘအိမ်မှာပင် ဆက်နေစေသည်။ တစ်ဦးတည်းသောသား၏ ချစ်မြတ်နိုးဇနီးမို့ ဥမ္မာ၏ယောက္ခမတွေက ဥမ္မာအား ဖူးဖူးမှုတ်ထားသည်။

တကယ်တော့ ကျော်မောင်၏မိဘတွေသည်လည်း ချမ်းသာသူများဖြစ်သည်။ သို့စေကာမူ ဥမ္မာ၏ယောက္ခမက ပို၍ ချမ်းသာသည်။ မိုးကုတ်တွင် ကျောက်တွင်းလုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်းဖြင့် ချမ်းသာသူများဖြစ်သောကြောင့် ကျော်မောင်၏မိဘ မန္တလေးချမ်းသာသူစာရင်းဝင်လောက်ထက် ... ဥမ္မာ၏ ယောက္ခမတွေကမိုးကုတ်ချမ်းသာသူစာရင်းဝင်ထိပ်ပိုင်းကဖြစ်သည်။

ယခုအခြေအနေတွင် ဝင်းပပက ကံဆိုးသူဖြစ်နေပြီး သူငယ်ချင်းဥမ္မာက ကံကောင်းသူဖြစ်နေသည်။

"ကဲ ... မိပပလာ ... အပြင်သွားကြစို့ ..."

"ဘယ်သွားမှာလဲ မိဥမ္မာ ..."

www.burmeseclassic.com

"ဈေးချိုသွားပြီး စားကြသောက်ကြမယ် ... ပြီးရင် ဆိုင်တွေဝင်ငေးမယ် ... ဒါပဲပေါ့ ... "

ဥမ္မာကမောင်း၏ ဝင်းပပက ဘေးကထိုင်ပြီး မောင်းလာရင်း မီးပွိုင့်တွင် မီးနီ၍ ကားရပ်ရာ ယာဉ်ကျောအလယ်ပိုင်းမှ ကားတစ်စီးရပ်ရင်း ကားချင်းယှဉ်နေရာမှ အလယ်ကိုင်ပေါ်မှ အမျိုးသမီးက လှမ်းနှုတ်ဆက်သည်။

"ဟေး ... ဥမ္မာ ... "

"ဩော် ... ခင်မိမိ ... "

အပြန်အလှန်နှုတ်ဆက်နေစဉ်မှာပင် မီးစိမ်းသဖြင့် သူ့လမ်းသူမောင်း၊ ကိုယ့်လမ်းကိုယ်မောင်းထွက်သွားကြသည်။

"နင်က သိပ်အပေါင်းအသင်းများတယ်နော် ... ကားမောင်းရင်းတောင် ဟိုဘက်ကား ဒီဘက်ကားအသိတွေ့တယ်"

"အေး ... သူ့နာမည်က ခင်မိမိတဲ့ ... တက္ကသိုလ်မှာ နည်းပြဆရာမတစ်ယောက်လေ၊ အဲဒီခင်မိမိရဲ့ဖြစ်ရပ်က နင်တောင်အတုယူလောက်တယ် မိပပ ... "

"ငါက သူ့အတုဘာယူမှာလဲ မိဥမ္မာ ... "

"ပြောပြမယ် ... နင် သေသေချာချာနားထောင် မိပပ ... အဲဒီခင်မိမိဟာ ဒေါက်တာဇော်မင်းဆိုတဲ့လူနဲ့ ချစ်ကြိုက်ပြီး ရုံးတက်လက်မှတ်ထိုးပြီး ငါးရက်ပဲလင်မယားပေါင်းသင်းလိုက်ရတယ် ... ဒေါက်တာဇော်မင်းရဲ့မိခင်ကြီးက သူ့သားခင်မိမိနဲ့ လက်ထပ်လိုက်တာကို စိတ်ထိခိုက်ပြီး နှလုံးရောဂါနဲ့ အိပ်ရာမှာပစ်လဲတယ် ... အဲဒီတော့ ဒေါက်တာဇော်မင်းက မအေဆီပြန်သွားရတာပေါ့ ... ခင်မိမိကို ဆက်ပြီးပေါင်းသင်းရင် သူ့အမေ နှလုံးရောဂါနဲ့ သေမှာပဲဆိုပြီး ငါးရက်သာပေါင်းရသေးတဲ့ ခင်မိမိကို ကွာရှင်းခွင့်တောင်းတယ် ... အဲဒီခင်မိမိကို ကွာရှင်းခွင့်တောင်းတယ် ... အဲဒီမှာ ခင်မိမိအရမ်းစိတ်ထိခိုက်ပြီး အိပ်ဆေးတွေသောက် သေကြောင်းကြံစည်တယ် ... ဒါပေမဲ့ ဆေးရုံအရောက်မြန်လို့ မသေဘူး ... အဲဒီဆေးရုံမှာ ခင်မိမိကို ပြုစုပေးရတဲ့ သူနာပြုဆရာမလေးက ကရင်မလေး ... သူနာပြုကရင်ဆရာမလေးက ခင်မိမိကို သနားပြီး ခင်မိမိဘက်ကနေပြီးပြောတယ် ... နင့်နှယ်ဟယ် ... ယောကျ်ားက ကွာချင်တယ်ဆိုတာနဲ့ ကိုယ့်အသက်ကိုယ်ရန်ရှာရသလား ... နင့်ရုပ်လည်းချောတယ် ... တက္ကသိုလ်ကနည်းပြဆရာမလည်းဖြစ်နေတယ်၊ ဘယ်ယောကျ်ားကို ဂရုစိုက်ရမှာလဲ ... ငါသာဆိုရင် နင်ငါ့ကို ကွာချင်ရင် ငါလိုချင်သလောက်ငွေ ငါ့ကို နစ်နာကြေးပေးစမ်းလို့တောင်းပြီး ... သူ့ဆီကငွေတွေယူပြီး ပျော်ပျော်ကြီးနေပစ်လိုက်မယ်လို့ ပြောသတဲ့ ... သူနာပြုဆရာမလေးက ကရင်မလေးပီပီ သူ့စိတ်ထဲရှိသလို ရှိုးရှိုးဘွင်းဘွင်းကြီးပြောလိုက်တာကို ခင်မိမိ နားဝင်သွားတယ် ... ဆေးရုံကဆင်းတာနဲ့ သူ့ယောကျ်ား ဒေါက်တာဇော်မင်းကို ငါ့ကိုကွာချင်ရင် နစ်နာကြေးသိန်းတစ်ရာပေးရင် ကွာမယ်လို့ ပြောလိုက်တယ် ... ဒေါက်တာဇော်မင်းက ခင်မိမိတောင်းဆိုတဲ့အတိုင်း ငွေသိန်းတစ်ရာပေးပြီး ကွာလိုက်တယ် ... "



www.burmeseclassic.com

"ဒေါက်တာဇော်မင်းက နောက်မိန်းမယူလိုက်သေးလား ဥမ္မာ ..."

"ယူတယ် ... သူ့အမေသဘောတူတဲ့ တကယ့်သူဌေးသမီး တစ်ယောက်နဲ့ လက်ထပ်လိုက်တယ် ..."

"တော်တော်ရက်စက်တာပဲနော် ..."

"အံမယ် ... မပူနဲ့ ... မိပပ ... ခင်မိမိကလည်း ခေတာမှတ်လို့ နစ်နာကြေးရတဲ့ငွေနဲ့ ကိုယ်ပိုင်ကားဝယ်စီးပြီး လွန်ခဲ့တဲ့လကပဲ ဒေါက်တာသန့်ဇင်ဆိုတဲ့လူကို လက်ထပ်ယူပြလိုက်တယ် ... ဒေါက်တာသန့်ဇင်က ခင်မိမိအပျိုဘဝ ဒေါက်တာဇော်မင်းနဲ့ ချစ်ကြိုက်နေစဉ်ကတည်းက ခင်မိမိကို ကျိုက်ပြီး ချစ်နေသူတဲ့ ... ငါးရက်သာပေါင်းပြီး တစ်ခုလပ်ဖြစ်သွားတဲ့ ခင်မိမိကို နဂိုချစ်ရင်းစွဲအတိုင်း အမြတ်တနိုးနဲ့ လက်ထပ်ယူလိုက်တာ ... အေး ... ဒေါက်တာသန့်ဇင်မိဘတွေက ဒေါက်တာဇော်မင်းရဲ့မိဘတွေထက် ဆယ်ဆလောက်ပိုပြီး တောင် ချမ်းသာသေးသတဲ့ ..."

"ခင်မိမိ သိပ်ကံကောင်းတာပေါ့နော် မိဥမ္မာ ..."

"ကံကောင်းတာ မဟုတ်ဘူး မိပပရဲ့ ... အဆုံးအဖြတ်မှန်တာ ... ကရင်သူနာပြုဆရာမလေးပြောလိုက်တာကို နားဝင်သဘောပေါက်သွားပြီး နစ်နာကြေးသိန်းတစ်ရာလည်း အရယူလိုက်တယ် ... နောက်ထပ်အိမ်ထောင်သစ်ထူတော့လည်း ပထမဒေါက်တာဇော်မင်းထက်သာတဲ့လူကို ယူပြလိုက်တယ် ... ပြီး သူ့ဘဝကို ပျော်ပျော်ကြီးနေပြလိုက်



တယ် ... အဲဒါမှန်ကန်တဲ့ ဆုံးဖြတ်ချက်ပဲ မိပပ ... ဒီမှာ မိပပ ..."

"ပြောလေ ... ငါနားထောင်နေတာပဲဟာ ..."

"နင့်မှာ ပင်ကိုယ်ရုပ်ရှိတယ် ... အပျိုရည်အပျိုသွေး ရာနှုန်းပြည့်လည်းရှိနေတယ် ... နင်ပြန်ပြီး နင့်ဘဝကို အသစ်ပြောင်းလိုက်စမ်းပါ မိပပရယ် ... အခု နင်က အမယ်ကြီးအိုပေါက်စဂိုက်ဖမ်းနေလေ ကျော်မောင်က ကွယ်ရာမှာ ဟားလေဖြစ်နေမှာ ... မဖြီးနိုင် မလိမ်းနိုင်နဲ့ ဖြစ်နေတာ ... ကျော်မောင်ကတော့ ကားတဝီဝီနဲ့ ဘေးမှာ ကောင်မလေးတွေတစ်ယောက်ပြီးတစ်ယောက်နဲ့ တွဲခုတ်နေတာ ... ငါကိုယ်တိုင် ဖြတ်သွားဖြတ်လာ အမြဲတွေ့နေရတယ် ... အဲဒီလို ကျော်မောင်ကိုတွေ့လေ ... ငါ နင့်အတွက် မခံချင်လေပဲ ..."

ဝင်းပပသည် ဥမ္မာ၏စကားကို နားထောင်ရင်း မျက်နှာလေးတင်းမာလာသည်။ ထို့နောက် တစ်စုံတစ်ခုကို ယတိပြတ်ဆုံးဖြတ်လိုက်သည်။

ခင်မိမိသည် ကရင်သူနာပြုဆရာမလေးရင်ထဲရှိသည့်အတိုင်း ပြောလိုက်သည်ကို နားဝင်ပြီး သူမ၏ဘဝကို ပြောင်းလဲပစ်လိုက်သည်။

ယခု သူငယ်ချင်း ချစ်မိဥမ္မာပြောသမျှကိုလည်း ဝင်းပပ နားဝင်သွားပေပြီ။

"ကဲ ... မိဥမ္မာ ... ငါ့ကို အလှပြင်ဆိုင်လိုက်ပို့ပြီး နင့်စိတ်

www.burmeseclassic.com

ကြိုက်အလှပြင်ပေးတော့ဟယ် ... ခုချိန်ကစပြီး ငါ အမယ်ကြီးအိုပေါက်စ အရေခွံခွာချလိုက်တော့မယ် ... "

"ကောင်းလေစွ ... ကောင်းလေစွ ... မိပပ ... အခု နင့်ကို ငါ အလှပြင်နေကျဆိုင်ကို မောင်းပို့ပေးမယ် ... ငါကိုယ်တိုင်ကြီးကြပ်ပြီး နင့်ကို အလှပြင်ခိုင်းပေးမယ် ... နင် အမယ်ကြီးအိုအရေခွံကို အမှိုက်ပုံးထဲပစ်ချလိုက်ပေတော့ ... "

တစ်နာရီသာသာလေးအတွင်းမှာပင် အလှပြင်ဆိုင်တွင် ပြင်ဆင်ပြီးသွားသော ဝင်းပပမှာ နဂိုရှိပြီးသားရုပ်တွင် နဂိုင်းတွေကွန့်မြူးထွက်ပေါ်လာပေတော့သည်။

"ဟယ် ... မိပပရယ် ... နင် သိပ်ချောသိပ်လှသွားပါလား၊ တကယ်ဘုရားစူး ... နင် အလှကို ဘယ်သူယှဉ်နိုင်တော့မှာလဲ ... နင်ဝတ်ထားတဲ့ တက်ထရွန်ရင်ဖုံးအကျီလက်ရှည်နဲ့ ပွင့်ရိုက်ထဘီပဲ ပြောင်းရတော့မယ် ... နင် ဒီရက်အတွင်းရန်ကုန်သွားစရာရှိတယ်ဆိုတော့ အဝတ်သစ်ချုပ်ချိန်မရတော့ဘူး ... ငါ့မှာ လုံးဝမဝတ်ရသေးဘဲ ... ချုပ်ထားတဲ့နှစ်စုံအသစ်စက်စက်ရှိတယ် ... ငါ နင့်အိမ်ကို ပို့ခိုင်းပေးလိုက်မယ် ... အခု နင့်ရုပ်နဲ့ အလှနဲ့ ငါချုပ်ထားတဲ့ ဝတ်စုံသာဝတ်လိုက်ရင် ဖလားမှတကယ့်ဖလားပဲ ... ငါပို့ခိုင်းပေးလိုက်မယ် စိတ်ချ ... "

ပလတ်စတစ်ဘီးကြီးနှင့်ပတ်ထားသော ခြေသလုံးလယ်အထိရှည်သော ဆံပင်သည် ယခုမူ ခါးလောက်အထိသာ အရှည်ထားပြီးဖြတ်ကာ နောက်ပြန်ဆံပင်ဖားလျားပုံဖြစ်သွားသည်။



ဥမ္မာ၏အလိုကျဆိုလျှင် ဆံပင်ကို ဒိုင်ယာနာပုံအထိ ညှစ်ပစ်ချင်သည်။ ဝင်းပပ သူမ၏ဆံပင်ကို အဲဒီလောက်အထိတော့ မညှပ်ပါနဲ့ဟု မနည်းတောင်းပန်သောကြောင့် ခါးအထိသာ ညှပ်ခြင်းဖြစ်သည်။

"ကဲ ... မိပပ ... ညည်းလည်း ဖူးနေအောင်လှသွားပြီ ... ငါလည်း ဗိုက်တအားဆာပြီ ... ဈေးချိုထဲဝင်ပြီး မစားအသောက်ဟဲလိုက်ကြစို့ ... "

စားသောက်ဆိုင်တွင် စားသောက်ကြပြီးနောက်

"လာဟယ် ... ရောက်တုန်းရောက်ခိုက် ဈေးချိုထဲက ဆိုင်တွေမှာ ဝင်ငေးကြရအောင် ... "

ဟုဆိုကာ ဥမ္မာက ရွှေဆိုင်တန်းရှိ ရတနာဆိုင်များသို့ ဝင်ရောက်ခဲ့ကြသည်။

**"ရတနာဗိမာန်"**

ဟု ဆိုင်းဘုတ်တပ်ထားသော ဆိုင်မှ လက်ဝတ်ရတနာတွေကို ဝင်ကြည့်ကြသည်။

စိန်၊ မြ၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ မဟူရာစသည့် ကျောက်မျက်ရတနာများ စီစီရီရီလက်ဝတ်ရတနာတွေကို ဝင်ကြည့်ကြသည်။

ဝင်းပပသည် ကျောက်စိမ်းလက်ဝတ်ရတနာတွေကိုသာ အာရုံစိုက်ကြည့်ပေသည်။ ကျောက်စိမ်း၏အလှကို ဝင်းပပ မြတ်နိုးနှစ်သက်ပေသည်။ စိန်ကို ပတ္တမြားတို့ထက် ကျောက်စိမ်းကို ဝင်းပပ အမြဲနှစ်သက်ခဲ့သည်။

"ဟေး ... မိပပ ... အဲဒီမှန်ဗီရိုထဲက ကျောက်မျက်[illegible]

www.burmeseclassic.com

တွေထဲမှာ နင် ဘာအကြိုက်ဆုံးလဲဟင် ... ”

“ကျောက်စိမ်းပဲ မိဥမ္မာရေ ... ငါ ကျောင်းသူဘဝတည်းက ကျောက်စိမ်းကိုကြိုက်မှန်း နင်သိသားနဲ့ ... အခုဆို ပိုတောင် ကျောက်စိမ်းကို ကြိုက်သေးတယ် ... ငါ့ရင်ထဲမှာ အပြတ် စိမ်းပြီလေ မိဥမ္မာ ... ”

ဥမ္မာနှင့် ဝင်းပပတို့ အပြန်အလှန်ပြောနေသည်ကို နားစိုက်ထောင်နေသော လူနှစ်ဦးသည် ဝင်းပပနှင့် ဥမ္မာတို့၏ နောက်တွင် ရပ်နေကြသည်။

တစ်ယောက်မှာ ပိန်ပိန်ရှည်ရှည်နှင့် အသားညိုသော ယောကျ်ားတစ်ဦးဖြစ်ပြီး ကျန်တစ်ယောက်မှာ အသားဖြူဖြူနှင့် ဝဖိုင့်သောအမျိုးသမီးကြီးတစ်ဦးဖြစ်ကြသည်။

ထိုသူစိမ်းနှစ်ယောက် ... မိမိတို့နောက်တွင်ရပ်နေကြောင်း ဝင်းပပက သတိထားမိသည်။

“ကဲ ... ဥမ္မာ ... ငါတို့ ဝယ်နိုင်တာလည်း မဟုတ်ဘဲနဲ့ ... ဒီလောက်ကြည့်ပြီးပြီပဲ ... ပြန်ကြစို့တော့ ... ”

နှစ်ယောက်သား ရတနာဗိမာန်ဆိုင်မှ ထွက်လာခဲ့ရာတွင် ဝင်းပပသည် မိမိတို့နောက်တွင်ရပ်နေသော ဦးပိန်ရှည်နှင့် ဒေါ်ပုတို့ကို မသင်္ကာအကြည့်ဖြင့် ကြည့်လိုက်မိသေးသည်။

သူတို့နှစ်ဦးမှာ မည်သူမှန်းမသိသောကြောင့် မြင်တွေ့သည့် ရုပ်ဒြပ်အတိုင်း ပိန်ရှည်လူကြီးကို ဦးပိန်ရှည်ဟုလည်းကောင်း ... ဝဖိုင့်ပုတိုသောအမျိုးသမီးကြီးကို ဒေါ်ပုတိုဟုလည်းကောင်း ဝင်းပပရင်ထဲက ကင်ပွန်းတပ်ခေါ်ဝေါ်လိုက်ခြင်းဖြစ်ပါ၏။



ဦးပိန်ရှည်နှင့် ဒေါ်ပုတိုကလည်း ဝင်းပပကို ပြန်လည်စူးစိုက်ကြည့်လိုက်ပေသည်။

သူတို့နှစ်ဦး၏အကြည့်ခံရသော ဝင်းပပရင်ထဲတွင် ဘာကြောင့်မှန်းမသိ စိမ့်ခနဲအေးသွားရပေသည်။

www.burmeseclassic.com

## (၄)

အိမ်ထဲသို့မဝင်တော့ဘဲ အိမ်ရှေ့မှာပင် ကာရပ်ပေးပြီး ဝင်းပပ ဆင်းသည်နှင့် ဥမ္မာထက် မောင်းထွက်သွားသည်။

ဝင်းပပအိမ်ထဲဝင်လာသည်။ အိမ်တံခါးစေ့ထားသောကြောင့် တွန်းဖွင့်ဝင်ခဲ့သည်။

အိမ်ထဲတွင် ဒေါ်ဖြူကို မတွေ့ရပေ။ ဒေါ်ဖြူသည် စက်ချုပ်ပြီးသွားသော အဝတ်အထည်များကို ပိုင်ရှင်ချုပ်ထည်အပ်နှံသူအား လိုက်ပေးရန်ထွက်သွားသည်ဖြစ်သည်။

အိမ်တွင် ဝင်းပပနှင့် အတူနေသော်လည်း ဒေါ်ဖြူက သူ့ဟာသူစက်ချုပ်ပြီး ဝင်ငွေရှာသည်။ ဝင်းပပအတွက်အဖော်အဖြစ်နေပေးခြင်းသာဖြစ်သည်။

ဝင်းပပ သူ၏အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ စာရေးစားပွဲပေါ်တွင် အိပ်ဖွင့်စာတစ်စောင် တွေ့ရသဖြင့် ထုတ်ယူဖတ်



ကြည့်သည်။

ဝင်းပပ လုပ်ငန်းစပြီ။
ဦးလေးမော် ...
ဟု ရေးထားသောစာကို ဖတ်ရသည်။

လုပ်ငန်းစပြီဆိုလျှင် ရန်ကုန်သို့သွားရန် ရက်ပိုနီးကပ်လာပေပြီ။

ဝင်းပပ တက်ထရွန်အင်္ကျီလက်ရှည်ကို ချွတ်လိုက်သည်။ ယခင်ကဝတ်ခဲ့သောအင်္ကျီ ယူဝတ်သည်။ ယနေ့ခေတ်အရ အင်္ကျီ၏အဆင်အသွေးမှာ ရိုးသွားပြီဖြစ်စေကာမူ ခန္ဓာကိုယ်နှင့်တိုင်းပြီး စက်ချုပ်ဆိုင် အပ်ချုပ်ထားသောအင်္ကျီမို့ ကိုယ်ခန္ဓာနှင့် ဖစ်ဆိုက်ဖြစ်သွားပြီး ရင်မို့၊ ခါးကျဉ်း၊ ဗိုက်ရှပ်ပုံစံပေါ်လာသည်။ တရုတ်ပွင့်ရိုက်ထဘီကိုလည်း ယခင်က ချုပ်ထားသော ထဘီဖြင့် လဲဝတ်လိုက်သည်။

မှန်ထဲတွင် ရုပ်ရော ခန္ဓာကိုယ်ရော သိပ်ချောသိပ်လှ သိပ်အချိုးကျသော ဝင်းပပ ပြန်မြင်ရသည်။

အဘယ်သူသည် ဝင်းပပအား အမယ်ကြီးအိုပေါက်စဟု ဆိုအံ့တော့မည်နည်း။ မဆိုရုံမက မြင်သူတိုင်းသည် နှစ်ခါပြန်ကြည့်ရမည်။ သမင်လည်ပြန် ပြန်၍ကြည့်မည်အထိ ဝင်းပပ သိပ်ချောသိပ်လှ သိပ်ပြေပြစ် သိပ်အချိုးကျကျော့ရှင်းသွားသည်။

ယခု ပြန်မြင်သူသည် ဝင်းပပကို မှတ်မိမှ မှတ်မိပါလေစ။

လက်ဝတ်လက်စားကိုတော့ ဟိုစဉ်ကတည်းက ရှိ

www.burmeseclassic.com

ခဲ့ပြီး ချွတ်ထားသည့် စိန်နားကပ်၊ စိန်လက်စွပ်၊ ရွှေလက်ကောက်တို့ကို ဝင်းပပ ပြန်ဝတ်သည်။

"ဝင်းပပရေ ... ဝင်းပပ ... အိမ်ပြန်ရောက်နေပြီလား ... ဒေါ်ဖြူပြန်လာပြီ ... "

ဒေါ်ဖြူ အခန်းတံခါးဖွင့်ဝင်လာသည်။

"ဟဲ့ ... ဟဲ့ ... အလိုလေး ... ညည်းက ဘယ်သူလဲ ... ဘာကိစ္စ ဒီအခန်းထဲရောက်နေတာလဲ ... "

"ကျွန်မ ဝင်းပပပါပဲ ဒေါ်ဖြူ ... "

"ဘုရား ... ဗုဒ္ဓေါ ... "

ဒေါ်ဖြူ ဘုရားတ,သည်အထိ ဝင်းပပကို မြင်တွေ့အံ့ဩသွားသည်။ မျက်လုံးပြူး ပါးစပ်ဟကြီးဖြစ်သွားသည်။

"ဒေါ်ဖြူ ကျွန်မကို တကယ်မမှတ်မိတာလားဟင် ... "

"လုံးဝကြီးကိုမမှတ်မိတာ ... ဝင်းပပအသံကို သေချာမှတ်မိလို့သာ ဝင်းပပမှန်းသိတာ ... မှတ်မိတာ ... "

ဝင်းပပ သူမ၏ဘဝ ပြန်ပြောင်းအကွက်အတွက် သိပ်ကျေနပ်သွားသည်။ ပြီးမှ ဒေါ်ဖြူ၏လက်တွင် ပွေ့ပိုက်ထားသော ကတ်ဘူးအညိုကြီးကို သတိထားကြည့်မြင်လိုက်မိသည်။

"အဲဒါ ဘာဘူးကြီးလဲ ဒေါ်ဖြူ ... "

"ဟုတ်ပ့ါ ... ဝင်းပပ အရမ်းကြီးလှသွားတာတွေ့ရတော့ အံ့ဩသွားလို့ ဒီကတ်ဘူးကြီးအကြောင်းတောင် မပြောမိဘူး ... အခု ခြံထဲဝင်အလာမှာ လူတစ်ယောက် စက်ဘီးနဲ့ရပ်စောင့်နေတာတွေ့တယ် ... ဒေါ်ဖြူကိုတွေ့တော့ ဒီ



အိမ်ကလားတဲ့ ... ဒီအိမ်ကဆိုရင် ဒီကတ်ဘူးကြီးကို မဝင်းပပကိုပေးလိုက်ပါတဲ့ ... မဉမ္မာ ပေးခိုင်းလိုက်တာပါဆိုလို့ ... ဒေါ်ဖြူယူလာခဲ့တာ ရော့လေ ... ဉမ္မာကပေးခိုင်းလိုက်တာတဲ့ ... ဒေါ်ဖြူလည်း အပ်ထည်တွေပါလာတယ်... စက်ထိုင်လိုက်ဦးမယ် ... "

ဒေါ်ဖြူပြန်ထွက်သွားရန် တံခါးပေါက်ဆီရောက်မှ လှည့်ပြန်လှည့်ပြောပြန်သည်။

"ဝင်းပပရေ ... ဒေါ်ဖြူနဲ့ ကတ်ဘူးလာပို့တဲ့သူငယ် ကတ်ဘူးပေး စကားပြောနေတုန်းက လမ်းဟိုဘက်ခြမ်းမှာ လူတစ်ယောက်က ရပ်ကြည့်နေတာ ... ဒေါ်ဖြူ သတိထားမိတယ် ... အရပ်ရှည်ပြီး ပိန်တယ် ... အသားညိုတယ် ... ဒီလူ လှမ်းကြည့်နေပုံက တစ်မျိုးကြီးပဲ ... ဝင်းပပသိအောင် ဒေါ်ဖြူပြောပြတာ ... "

ဒေါ်ဖြူပြန်ထွက်သွားမှ အခန်းတံခါးကို စေ့ရုံပြန်ပိတ်ကာ ကတ်ဘူးကို ခုတင်ပေါ်တင်ပြီး ဖွင့်ရန်သေချာကြည့်လိုက်သည်။ ကတ်ဘူးကို ဖဲကြိုးဖြင့် လေးဘက်ပတ်ချည်နှောင်ထားသည့် ဖဲကြိုးကိုဖြေဖြုတ်လိုက်သည်။

ကတ်ဘူးအဖုံးသည် နဂိုကတော့ တိတ်အဖုံးနှစ်ခုကိုစေ့ပြီး ကော်ကပ်တိတ်အပြားကြီးနှင့် ပတ်ထားခဲ့သောဘူးဖြစ်သည်။ ယခုမူ ကော်ကပ်တိတ်အပြားကြီးဓားနှင့်ခွဲပြီး ဖွင့်ပြီးထားသောဘူးဖြစ်နေသည်။

ဂင်းပပ စဉ်းစားသည်မှာ ဉမ္မာထံသို့ ဤကတ်ဘူး

www.burmeseclassic.com

တိတ်ပြားပိတ်ဖြင့် တစ်ဦးဦးက လက်ဆောင်ပေးပို့သည်ကို ဉမ္မာကိုယ်တိုင် တိတ်ပြားကြီးကို ဓားနှင့်ခွဲပြီး အထဲမှ လက်ဆောင်ယူထားသော ဘူးလွတ်ဖြင့် ဝင်းပပကို ပေးလိုသောပစ္စည်း ထည့်ပေးလိုက်ခြင်းပေလား။

သို့မဟုတ်။

ဉမ္မာက ၎င်းကတ်ဘူးလွတ်တွင် ပစ္စည်းထည့်တိတ်ကော်ပြားကပ်ပေးလိုက်ခြင်းကို လမ်းမှာပင် တစ်ဦးတစ်ယောက်က ဓားဖြင့်ခွဲပြီး အထဲမှပစ္စည်းကို ကြည့်ခြင်းပေလား။ ဒီကိစ္စကို ဉမ္မာနှင့် ပြန်တွေ့မှ မေးကြည့်တော့မည်ဟု ဝင်းပပ စိတ်တွင်မှတ်သားထားလိုက်သည်။ ပွင့်ပြီးသားကတ်ဘူးစနှစ်ခုကို ဝင်းပပ ဖွင့်ပြီး အထဲမှပစ္စည်းကို ထုတ်ယူလိုက်သည်။

အင်္ကျီထဘီနှစ်စုံအသစ်စက်စက်ထွက်လာသည်။ ကောင်းကင်ပြာရောင်တစ်စုံနှင့် ကျောက်စိမ်းရောင်တစ်စုံတို့ဖြစ်သည်။ လောလောဆယ် ဝင်းပပတွင် ခေတ်နှင့်ညီသော ဝတ်စုံမရှိဆိုသည်ကို ယခု နှစ်စုံ ဉမ္မာကပို့ပေးလိုက်ခြင်းဖြစ်တော့သည်။

ဝင်းပပ ဝမ်းမြောက်စွာဖြင့် သူငယ်ချင်းဉမ္မာ၏ ဂရုစိုက်မှုကို အသိအမှတ်ပြုတာ ဒီတစ်ခါနဲ့ဆို သုံးခါတောင်ရှိသွားပြီ။

"စောစောက မမဝင်းအိမ်မှာမရှိဘူးလေ ... အဲတော် ... ဟောတော့၊ ဒါ ... မမဝင်းလားဟင် ..."

ခေါင်းရင်းခြံအိမ်မှ တူးတူး၏အော်ဟစ်ပြေးဝင်လာသံဖြစ်သည်။ ဝင်းပပအိမ်တွင် တယ်လီဖုန်းမရှိ။ အကြောင်းရှိ၍ဆက်လုပ်ပါက တူးတူးတို့အိမ်က ဖုန်းနံပါတ်ကိုဆက်ရန် ခင်မင်သော



မိတ်ဆွေများအား ၎င်းဖုန်းနံပါတ် ဝင်းပပပေးထားသည်များရှိခဲ့သည်။ တူးတူးမှာ ခေါင်းရင်းအိမ်မှ ကိုးတန်းကျောင်းသူလေးဖြစ်သည်။ ဝင်းပပကို သိပ်ခင်သောကောင်မလေးဖြစ်ပါ၏။

ဝင်းပပကို မြင်လိုက်သည်နှင့် တူးတူးလေးခမျာ အံ့သြခြင်းကြီးစွာဖြစ်သွားပြန်သည်ကို တွေ့ရပြန်သည်။ ဒါ မမဝင်းလားဟု မေးရသည်အထိ အံ့သြသွားသည်။ သို့သော် ငယ်ရွယ်သောမိန်းကလေးမို့ ဝင်းပပကို ချက်ချင်းမှတ်မိသွားသည်။

ဘာမပြော ညာမပြော တူးတူး ကောင်မလေးသည် ဝင်းပပကိုဖက်ကာ ပါးကို တရှုံ့ရှုံ့နမ်းလေတော့သည်။

"ကြည့် ... မမဝင်းက နက်ရောကန်ထဲပစ်ချလိုက်သလား၊ အောက်မေ့ရတယ် ... အရမ်း အရမ်းကြီးကို လှသွားတာပဲ"

"အဆင်အပြင်အချယ်အသကြောင့်ပါ တူးတူးလေးရာ ... ဂ ပြော ... မမဝင်းဆီ ဘယ်ကဖုန်းလာတာလဲ တူးတူး"

"ဘယ်ကလာမှန်းတော့ တူးတူးမသိဘူး ... မမဝင်းနဲ့ ပြောချင်တယ်လို့ပဲပြောတယ် ... ယောကျ်ားတစ်ယောက်ရဲ့ အသံပဲ ..."

ဦးလေးမော်ထံမှဖြစ်ရမည်ဟု ဝင်းပပတွက်ကာ တူးတူးနှင့်အတူ တူးတူးအိမ်သို့ လိုက်သွားပြီး ဝင်းပပ ဖုန်းပြောသည်။

"အမိန့်ရှိပါရှင် ... ဝင်းပပပြောနေပါတယ် ..."

"အမိန့်ရှိရရင်တော့ ကိုကိုမောင်ပါ ပပ ... ကိုကိုမောင် ပပ

www.burmeseclassic.com

ဝင်းပပသည် ခွပ်ခနဲ ဖုန်းကို ပြန်ချပစ်လိုက်သည်။ ကျော်မောင်ဆက်သောဖုန်းမှန်း သိသောကြောင့် ဖြစ်ပါ၏။ လှည့်ပြန်ထွက်အလာတွင် ဖုန်းမြည်သံထွက်လာပြန်သည်။ တူးတူး၏ မိဘလူကြီးတွေကို အားနာစရာဖြစ်သွားပြီ။ ကျော်မောင်သည် ထပ်ပြန်တလဲလဲ ဆက်နေပေတော့မည်မို့ ဝင်းပပ ဖုန်းပြန်ကောက်ယူလိုက်သည်။

"ဘာပြောစရာမှမရှိဘူး ... ကိုကျော်မောင် ... နောက်ထပ်ဘယ်တော့မှ ဖုန်းမဆက်ပါနဲ့ ... "

"ကိုကျော်မောင်တဲ့လား ... ပပက ကိုယ့်ကို ကိုကိုမောင်လို့ ခေါ်နေကျပါနော် ... "

"အဲဒါတွေ ကျွန်မခေါင်းထဲမှာရော ရင်ထဲမှာရော ဘာမှမရှိတော့ဘူး ... အားလုံးလွှင့်ပစ်လိုက်ပြီ ... အခု ကျွန်မ လူသစ်ဘဝသစ်ပဲ ... "

"ခုချိန်ထိ ကိုကိုမောင့်ကို စိတ်ဆိုးနေတုန်းပဲလား ပပရယ်"

"ဟင့်အင်း ... စိတ်မဆိုးပါဘူး ... စိတ်ဆိုးတယ်ဆိုတာ သံယောဇဉ်တစ်စလောက် သွားငြိသေးတယ် ... အခု ကျွန်မမှာ ရှင်နဲ့ပတ်သက်လို့ ဘာသံယောဇဉ်မှ မရှိတော့လို့ စိတ်ဆိုးစရာလည်း မရှိဘူး ... ဒါဆိုရှင်းပါတယ်နော် ... "

"မရက်စက်ပါနဲ့ ပပရယ် ... ကိုကိုမောင်ရဲ့အမှားတွေကို တောင်းပန်ပါတယ် ... တောင်းပန်ချင်လွန်းလို့ ဖုန်းခဏခဏဆက်တာပါ ပပရယ် ... ကိုကိုမောင်ကို ခွင့်လွှတ်ပါ"

"ဆောရီးပဲ ... ကျွန်မရင်ထဲမှာ ဘာဆိုဘာမှမရှိတော့ဘူး၊



ကဲ ... ဒါပဲ ... ကျွန်မ ဒီနေ့ နေ့လယ်စာစားဖို့ ... ကိုကိုမှိုင်းနဲ့ ချိန်းထားတယ် ... အချိန်မရှိတော့ဘူး ... ကိုကိုမှိုင်းလာတော့မယ် ... "

"မှိုင်း ... ဟုတ်လား ... ဒီကောင်က ပပရဲ့ချစ်သူဖြစ်နေပြီလား ... "

"အဲဒီထက် အဆင့်ပိုတော့တယ် ... မကြာခင် ကိုကိုမှိုင်းနဲ့ ကျွန်မ လက်ထပ်တော့မှာ ... ဒါပဲ ... "

ဝင်းပပက တယ်လီဖုန်းကိုခုံပေါ်တွင်ကွင်ကျမထားဘဲ ဘေးတွင်ချထားလိုက်သည်။ ဒါဆို ဘယ်လောက်ဆက်ဆက်ဖုန်းမြည်သံမထွက်နိုင်တော့ပေ။ ငါးမိနစ်လောက်အထိ ချထားပြီးမှ ဖုန်းကို နဂိုအတိုင်း ပြန်တင်လိုက်သည်နှင့် ဖုန်းမြည်သံ ထွက်လာပြန်သည်။

လူမှုရေးနားလည်သော ... တူးတူးတို့မိသားစုက အပြင်ထွက်ပေးထားသည်။

ဝင်းပပ အပြတ်ကောရန် ဖုန်းပြန်ကောက်ကိုင်သည်။

"ရှင် ဒီလောက်တောင် လူမှုရေးခေါင်းပါးရသလား ... ဒါကျွန်မကိုယ်ပိုင်ဖုန်းမဟုတ်ဘူးရှင့်၊ အိမ်ရှင်ကို ဘယ်လောက်အားနာစရာကောင်းသလဲ ... "

"ဟာ ... ကျုပ် ဒီဖုန်းကို ခဏခဏတော့ ခေါ်မိပါတယ် ... ဒါပေမဲ့ ခေါ်တိုင်း ဖုန်းက အင်ဂေ့(ဂျ်)ဖြစ်နေလို့ ... ကျုပ်ကိစ္စ သိပ်အရေးကြီးနေလို့ပါ ... အဲဒီအိမ်ခြေရင်းဘက်အိမ်က မဝင်းပပကို ကျေးဇူးပြုပြီးခေါ်ပေးလို့ရမလား ခင်ဗျာ"

www.burmeseclassic.com

"အယ် … ရှင်က ဘယ်သူလဲ … "

"မှိုင်းပါခင်ဗျာ … မှိုင်းလို့ပြောရင် မဝင်းပပသိပါတယ် ခင်ဗျ"

"ဩ … ကိုမှိုင်းလား … အခုပြောနေတာ ဝင်းပပပါပဲ ကိုမှိုင်း … "

"ဟင် … မဝင်းပပက အဲဒီအိမ်ရောက်နေလား … "

"ဟုတ်ပါတယ် … ကိစ္စကိုပြောပါ ကိုမှိုင်း … "

"တိုတိုနဲ့လိုရင်းပဲပေါ့ဗျာ … ရန်ကုန်ရုံးချုပ်က ကျုပ်ကို အမြန်ပြန်လာဆိုတဲ့အမိန့် ထွက်လာတယ် … နက်ဖြန် ညနေငါးနာရီမှာ အစည်းအဝေးရှိတယ်တဲ့ … အဲဒါ နက်ဖြန်မနက် လေယာဉ်နဲ့ ကျုပ်နဲ့ မဝင်းပပ အတူသွားကြမယ် … လေယာဉ်လက်မှတ်စီစဉ်ပြီးပြီ … မနက်ရှစ်နာရီ ချမ်းမြသာစည် လေဆိပ်ကို မဝင်းပပ အချိန်မီအရောက်လာခဲ့ပါ … ဒါပါပဲ မဝင်းပပ … "

မှိုင်းဘက်မှ ဖုန်းချသံကြားရသည်။

ဝင်းပပ နိုင်သွားသည်။ တကယ်တမ်း သူများမြို့ သူစိမ်းအိမ်တွင် မိမိတစ်ယောက်သွားနေရမည်ကို ဝန်လေးမိသည်။

မတတ်နိုင်တော့မည့် ကတိစကားလွန်သွားပြီးမှ ကတိမဖျက်ချင်တော့ပေ။

ရန်ကုန် သူတစ်ပါးအိမ်တွင် သွားနေရမည်မို့ လိုအပ်သောပစ္စည်းများဝယ်ရန် တူးတူးတို့အိမ်မှ ထွက်ခွာလာရာ ခြံပြင်ရောက်သည်နှင့် ဦးလေးမော်သည် သူစီးနေကျ မော်တော်ကားဖြင့် ဝင်းပပဘေးတွင် ထိုးရပ်လိုက်သည်နှင့် ကြုံရသည်။



"ဟဲ့ … ဟဲ့ … ငါ့တူမကြီးဝင်းပပကို ဦးလေးမော် မမှတ်မိအောင်တောင် ဖြစ်သွားတယ် … ကောင်းတယ် သမီး … သိပ်ကောင်းတယ်၊ ဘဝကို လူသစ်စိတ်သစ်နဲ့သာ လျှောက်လှမ်းပေတော့ … ငါ့သမီးဝင်းပပမှာ ရုပ်ရောအရည်အချင်းရောပြည့်စုံပြီးသားပဲဟာ … ဘာမှ လောကကြီးမှာ အားငယ်စရာမရှိဘူး … ဒေါင်းလို ကိုယ့်အမြီးကိုယ်ဝိုက်ပြီး ကိုယ့်အလှတွေပြလိုက်တာဟာ တကယ့်သဘာဝပါ … "

"ဒီနေ့ကစပြီး ဝင်းပပ ဘဝသစ်၊ လူသစ်ပါပဲ ဦးလေးမော်၊ လာလေ ဦးလေးမော် … ဝင်းပပတို့အိမ်ကို ဝင်ဦးလေ … ဝင်းပပဆီလာတာပဲမဟုတ်လား … "

"သမီးဆီလာတာတော့အမှန်ပဲ … ဒါပေမဲ့ မဝင်တော့ဘူး၊ ဦးလေးမော်မှာ တခြားအရေးကြီးတဲ့ကိစ္စရှိနေသေးလို့ … နက်ဖြန် သမီးရန်ကုန်ကိုသွားရတော့မယ်နော် … အဲဒါလာပြောရုံသက်သက်လာခဲ့တာ … "

"ဝင်းပပဆီကို အခုပဲ ကိုမှိုင်းက ဖုန်းဆက်ပြောပြပြီးပါပြီ ဦးလေးမော် … "

"ဟုတ်လား … ဒီကောင်မှိုင်း တယ်သွက်နေပါလား … သမီးဆီကို အန်ကယ်လာပြောမယ်လို့ပြောထားတာတောင် သူက ဖုန်းဆက်သေးတယ် … ဟဲ … ဟဲ … အင်းလေ … ဒီလိုပဲဖြစ်ရမှာပေါ့ … ဩော် … သမီး … အဲဒါကို သမီးယူထားလိုက် … အဲဒီစာအိတ်ထဲမှာ သမီးနက်ဖြန်သွားဖို့ လေယာဉ်လက်မှတ်ပါပြီးသား … နောက်ပြီး သမီးသုံးချင်တာ

www.burmeseclassic.com

လေးသုံးဖို့ရောပေါ့ကွယ် ... ဦးလေးမော် ငွေငါးထောင်ထည့်ပေးလိုက်တယ် ... ”

“ဟာ ... ငွေကိုတော့ မယူပါဘူး ဦးလေးမော် ... သမီးမှာ သုံးစွဲဖို့လောက်တော့ရှိနေပါတယ် ... အခုတောင် ခရီးသွားရင် လိုအပ်မဲ့အသုံးအဆောင်ပစ္စည်းလေးတွေ သွားဝယ်တော့မလို့ ... ”

“ကဲ ... ဒါဆို ဦးလေးမော်သွားမယ် ... ငါ့သမီးဝင်းပပ အရာရာအောင်မြင်ပါစေ ... ကျန်းမာစေ ... ချမ်းသာစေပေါ့ကွယ် ... ”

ဦးလေးမော်မော် ထွက်သွားသည်။ စာအိတ်ထဲမှ လေယာဉ်လက်မှတ်နှင့် ငွေငါးထောင်ကို ဝင်းပပ မလွှဲသာလက်ခံလိုက်ရပေတော့သည်။

ဝင်းပပ အိမ်ထဲဝင်ခဲ့သည်။ ရန်ကုန် သူများအိမ်တွင် မိမိအတွက် လိုအပ်မည့်ပစ္စည်းစာရင်း ချရေးတော့သည်။ အမျိုးသမီးနေ့စဉ်သုံးပစ္စည်းအသေးစိတ်မှာ အိမ်သာသုံးစက္ကူအထိ စာရင်းရေးချလိုက်သည်။

စာရင်းရေးပြီး နာရီကြည့်လိုက်ရာ နံနက်(၁၁)နာရီ ပင်ထိုးပေပြီ။ လက်ရှိဝတ်ဆင်ထားသည့်အတိုင်း အဝတ်အစားထပ် မလဲတော့ဘဲ ဈေးချိုဘက်ဆီသို့ ထွက်လာခဲ့သည်။

ဈေးချိုရောက်ပြီး ပစ္စည်းများဝယ်ယူသည့် ဆိုင်က တယ်လီဖုန်းဖြင့်ပင် ဦးမှာထံဖုန်းဆက်သည်။ အဝတ်သစ်(၂)စုံနှင့် ကျောက်စိမ်းလောကတ်ဆွဲကြိုးပေးပို့သည်ကို ကျေးဇူးတင်ကြောင်း



နှင့် နက်ဖြန်ရန်ကုန်သွားရသည်ကို နှုတ်ဆက်ရန်ဖြစ်ပါ၏။

သို့သော် ဦးမှာ၏အိမ်မှ အိမ်ဖော်မလေးက ဦးမှာ စစ်ကိုင်းဘက်ထွက်သွားကြောင်း ယနေ့ည စစ်ကိုင်းမှာပင် အိပ်မည်လားမသိကြောင်း ပြန်ကြားလိုက်သဖြင့် ဦးမှာနှင့် တွေ့ဆုံခွင့်မရတော့ပေ။ ဝယ်ယူခဲ့သောအထုပ်တွေ တစ်ပွေ့တစ်ပိုက်ကို ရင်ခွင်မှာပိုက်ပြီး ဈေးချိုထဲမှထွက်လာခဲ့သည်။

ဈေးချိုအပြင်ဘက်သို့ရောက်သည်နှင့် မိမိကို အဝေးမှလှမ်းပြီး စူးစိုက်ကြည့်နေသော ဒေါ်ပုတို့ကို ဝင်းပပ ရိပ်ခနဲ လှမ်းမြင်လိုက်ရပြန်သည်။ ဝင်းပပ သတိထားမိသည်မှာ မိမိဘာသာအမည်ပေးထားသော ဒေါ်ပုတို့စူးစိုက်ကြည့်နေသည်မှာ မိမိပေါ့ပင်း၊ ရင်ဘတ်တွင်ဆွဲထားသော ကျောက်စိမ်းလောကက်ဆွဲကြိုးကို စိုက်ကြည့်နေခြင်းပါလားဟု သတိထားလိုက်မိသည်။

တက္ကစီကား ဗြုန်းခနဲမရသဖြင့် ကားဂိတ်သို့လျှောက်လာခဲ့သည်။

“ဟ ... ဟ ... တိုက်မိပြီ ... ”

“အွန့် ... ”

ဝင်းပပကိုယ်တိုင် ဂရုမထားမိသည်လည်းပါသည်။ လူချင်းတိုက်မိသော လူကြီးက ငေးငေးမောကြောင့်လည်းပါသည်။ ထို့ကြောင့် နှစ်ဦးသား ရင်ဆိုင်တိုက်မိခြင်းဖြစ်သွားသည်။

“တောင်းပန်ပါတယ်ရှင့် ... ကျွန်မ ငေးနေမိလို့ မတော်တဆတိုက်မိသွားတာပါ ... ”

“ဟော ... မင်းခန္ဓာကိုယ်လေးနဲ့ ငါ့ကို ဝင်တိုက်မိတာ ...

www.burmeseclassic.com

ငါ့အဖို့ ပန်းလေးနဲ့ပေါက်သလောက်ပဲရှိတာပဲကွာ … ငါ ခန္ဓာကိုယ်ကြီး မင်းအစုမြင်ပြီမဟုတ်လား … မင်းကော ဘယ်နှာသွားသေးလဲ မိန်းကလေး … ငါတော့ ဘာမှမဖြစ်ဘူး"

အသက်လေးငါးဆယ်အရွယ်ခန့် အမျိုးသားကြီးတစ်ဦးဖြစ်နေပါ၏။ ခန္ဓာကိုယ်ထွားကြိုင်းသလောက် အရပ်မြင့်မားသည့် ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။

ထိုလူကြီးသည် သဘောကောင်းပြီး ပေါးလားဝါးလား ပျော်ရွှင်တတ်သူတစ်ယောက် ဖြစ်နေပုံရသည်။ မြင်ရုံနှင့် ကြည်ညိုလေးစားထိုက်သောပုဂ္ဂိုလ်ကြီးပါပေ။

"ငါကလည်း ငါပါပဲဟ … ထိုးမုန့်ကောင်းကောင်းနဲ့ လမုန့်ကောင်းကောင်း ဘယ်မှာဝယ်ရပါ့မလဲလို့ … ဆိုင်တွေကို ငေးကြည့်လာတာမို့ မင်းကိုတိုက်မိသွားတာ၊ ငါ့မို့ မန္တလေးတစ်ခေါက်လာပြီဆိုရင် အိမ်ကမိန်းမက ထိုးမုန့်ဝယ်ခဲ့ပါ … လမုန့်ဝယ်ခဲ့ပါနဲ့မှာပါလေရော … ဒီလောက်အချိုလွန်ကဲတဲ့ မုန့်မျိုးတွေ သူလည်းစားတာ မဟုတ်ဘူး … မိတ်ဆွေတွေကို အကြွားပိုလက်ဆောင်အဖြစ်ပေးပစ်တာ … နောက်ပြီး ဒီမုန့်နာမည်တွေက ဆိုးလိုက်တဲ့မုန့်နာမည်တွေ … ထိုးမုန့်တဲ့ … လမုန့်တဲ့ … "

ဝင်းပပက ထိုအမျိုးသားကြီးပြောသည်ကို ရယ်မောရင်း လွတ်ကျသွားသော အထုပ်တွေကို ပြန်ကောက်နေသည်။ ထိုလူကြီးကလည်း ကူညီကောက်ပေးရင်း သူ့စိတ်ထဲရှိသလို ပြောခြင်းဖြစ်ပါ၏။



ဆည်းဆာသည် အမှောင်ဘက်သို့ ပို၍အားပြုနေပေပြီ။ ဝင်းပပ ဆက်ပြီးလျှောက်လာသောလမ်းမှာ … အဆောက်အအုံများ ဆောက်လက်စတန်းလန်းရှိနေသောလမ်းဖြစ်သည်။ လူနေအိမ်ခြေ မည်မည်ရရမရှိသေး။

ဝင်းပပသည် ထိုလမ်းသို့ ဖြတ်လျှောက်ရသည်မှာ စိတ်မသိုးမသန့်ဖြစ်နေသည့်ကြားကပင် လူတစ်ယောက်၏ လက်တစ်ဖက်သည် ဝင်းပပ၏နောက်ကျောဘက်မှ ရစ်သိုင်းကာ ဝင်းပပ၏ပါးစပ်ကို သူ့လက်ဝါးကြီးဖြင့်ပိတ်ပြီး ကျန်လက်တစ်ဖက်က ဝင်းပပဆွဲထားသော ကျောက်စိမ်းလောကက်ကြီးကိုဖြုတ်ရန် ကြိုးစားသည်။

ဝင်းပပသည် ငယ်ရွယ်ပြီးကျန်းမာရေးကောင်းသူဖြစ်ပြီး အတင်းရုန်းကန်ရင်း ပိတ်ထားသောပါးစပ်မှ လက်ချောင်းများကို သွားနှင့်ကိုက်ရာ ပိတ်ထားသောပါးစပ်မှ လက်ဝါးလွတ်ထွက်သွားသည်နှင့် ဝင်းပပ အသံကုန်အော်ဟစ်ပြီး အကူအညီတောင်းတော့သည်။

ဝင်းပပ၏ အော်ဟစ်အကူအညီတောင်းသံကြောင့် အဆောက်အအုံဆောက်နေသော အလုပ်သမားတွေ ပြေးလာသော ခြေသံတွေ ထွက်ပေါ်လာသည်။

နောက်မှ ပါးစပ်ပိတ်ဆွဲကြိုးလုသမားသည် ဝင်းပပကို ဆောင့်တွန်းကာ နောက်ကြောင်းပြန်လှည့်ပြေးသည်။ အလုပ်သမားတွေက လိုက်ဟ … လိုက်ဟဟု အော်ပြီးလိုက်ကြသည်။

ထိုစဉ်မှာပင် ဆူဆူညံညံအော်ဟစ်သံတွေကြောင့်

www.burmeseclassic.com

ရဲသားတချို့ ရောက်လာသည်။

"သိပ်အပြေးသန်တဲ့ကောင် ... မမိလိုက်ဘူး ... ဘယ်ထွက်ပြေးသွားမှန်း မသိလိုက်ဘူး ... "

ဝင်းပပ၏ ကျောက်စိမ်းလောကတ်ဆွဲကြိုးမှာ ... ခလုတ်တပ်ကြိုးဖြစ်သောကြောင့် ကျွတ်ပြီးပါမသွားဘဲ ဝင်းပပလည်ပင်းမှာပင် တွဲလောင်းကျန်ခဲ့သဖြင့် ဝင်းပပ၏ပစ္စည်းကို အလစ်သမား ဘာမျှရမသွားပေ။

ရဲတွေက အမှုဖွင့်မည်လားဟုမေးရာ ဝင်းပပက ဘာပစ္စည်းမှပါမသွားသောကြောင့်ရော၊ နက်ဖြန်ရန်ကုန်သွားရမည်ရောကြောင့် အမှုမဖွင့်ပေ။ ရဲများက ဝင်းပပကို အငှားကားရအောင်ခေါ်ပေးသဖြင့် ဝင်းပပ အိမ်သို့ပင်ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်သဖြင့် နက်ဖြန်ရန်ကုန်သို့ သွားရေးအတွက် လိုအပ်သောပစ္စည်းများ၊ ခရီးဆောင်သေတ္တာတွင်ထည့်ပြီး ဒေါ်ဖြူကိုမှာကြားသင့်သည်များ ဝင်းပပက အသေးစိတ်မှာကြားပေတော့သည်။ အိပ်ရာမဝင်မီ အိမ်ပြတင်းပေါက်မှလှမ်းကြည့်ရာ...

"ဟင် ... ဒေါ်ပုတို့ အိမ်ရှေ့မှာရောက်နေပါလား ... "

ဒေါ်ပုတို့သည် အဘယ်ကြောင့် အိမ်ရှေ့လမ်း ဟိုဘက်ခြမ်းတွင် ရောက်နေပြန်သနည်း။

အိမ်တံခါးတွေ အပေါက်စေ့လုံအောင်ပိတ်ပြီး ဝင်းပပ အိပ်ရာဝင်လိုက်တော့သည်။



(၅)

ရဲမှူးကြီးဦးမော်မော်က ဒရိုင်ဘာဖြင့်ပင် ဝင်းပပကို သူ၏ကားဖြင့် ချမ်းမြသာစည်လေဆိပ်သို့ လိုက်ပို့စေရုံမက လေယာဉ်ပေါ်တက်ရောက်နိုင်ရေးအတွက် ပစ္စည်းများပေါင်ချိန်၊ အစစ်ဆေးခံသည်။ အလုပ်တွေအားလုံး လုပ်ပေးပြီးမှ ဒရိုက်ဘာကားမောင်းပြန်သွားသည်။

ဝင်းပပအတွက် လေဆိပ်တွင် မှိုင်းကို ရှာရပေတော့သည်။

ဦးလေးမော်နှင့်အတူ အိမ်လာဖူးသောမှိုင်းကို ဝင်းပပက မှတ်မိပါ၏။

မှိုင်းသည် လေဆိပ်ရှိထိုင်ခုံတစ်ခုတွင်ထိုင်ပြီး ... သတင်းစာဖတ်နေသည်ကို ဝင်းပပ တွေ့ရပေသည်။

"ကိုမှိုင်းရောက်နေတာ ကြာပြီလားဟင် ... "

www.burmeseclassic.com

ကိုမှိုင်းဟု မိမိအမည်ကို မေးသံကြားမှ မှိုင်းသည် မေးသူကို မော့ကြည့်လိုက်သည်။

မှိုင်းသည် အမျိုးသမီးကို အံ့ဩလွန်းသောအကြည့်ဖြင့် အကြာကြီးစိုက်ကြည့်နေမိသည်။ မိမိနာမည်ကို မေးလိုက်သောအသံမှာ ဝင်းပပ၏အသံဖြစ်မှန်း သေချာသော်လည်း ရုပ်ရည်မှာ မိမိတွေ့ခဲ့ဖူးသော ဝင်းပပ၏ရုပ် မဟုတ်ပါလေ။

မိုးပြာရောင်ဝမ်းဆက်ကိုဝတ်ဆင်ထားပြီး စိန်နားကပ်၊ စိန်လက်စွပ်၊ ရွှေလက်ကောက်၊ ကျောက်စိမ်းလောကတ်၊ ဆွဲကြိုးဝတ်ဆင်ထားပြီး လှချင်တိုင်း မြင်သူငေးအောင်လှနေသည့် အမျိုးသမီးဖြစ်နေသည်ကို တွေ့ရသောကြောင့် အံ့သြခြင်းကြီးစွာ ဖြစ်သွားရတော့သည်။

မှိုင်း အူကြောင်ကြောင်ဖြစ်နေပါ၏။

"တခြားသူတွေ မမှတ်မိဘူးဘဲထားပါတော့ ... ကိုမှိုင်းကတော့ မှတ်မိဖို့ကောင်းပါတယ်နော် ... ဘာလို့လဲဆိုတော့ ဝင်းပပဟာ ကိုမှိုင်းရဲ့ချစ်သူ ... လက်ထပ်တော့မဲ့ သတို့သမီးလောင်းအနေနဲ့ အခုလေယာဉ်နဲ့ ရန်ကုန်ကိုတောင် လိုက်ရတော့မှာ မဟုတ်လား ... လူရုပ်ကပြောင်းလဲသွားတယ်ထားဦး ... ဝင်းပပအသံကိုတော့ ကိုမှိုင်း မှတ်မိဖို့ကောင်းပါတယ် ... "

"ဟာ ... ဟာ ... မဝင်းပပ ... "

"ဟုတ်ပါသတဲ့ရှင် ... ဝင်းပပအစစ်ပါပဲ ... "

"ဗုဒ္ဓေါ ... ဗုဒ္ဓေါမှ အကြီးကြီး ... "



မှိုင်းသည် လည်ပင်းတွင် ဂေါ်လီလုံးဝင်သွားသလို မျက်လုံးပြူးမျက်ဆံပြူး အာဂလုတ်သံကြီးနှင့် ဗုဒ္ဓေါအကြီးကြီးဟု အာမေဋိတ်သံထွက်သွားတော့သည်။

"ဆောရီးပဲဗျာ ... ကျုပ် ဗြုန်းခနဲမမှတ်မိတာကို ခွင့်လွှတ်ပါဗျာ ... ဒါပေမဲ့ ဟိုတစ်ခါတွေ့ခဲ့ဖူးတဲ့ မဝင်းပပကို အခုခွင့်လွှတ်ပါလို့ တောင်းပန်စရာမလိုအောင် မဝင်းပပဟာ ကွာခြားပြောင်းလဲသွားတာကိုး ...

အမယ်ကြီးအိုပေါက်စဘဝက တကယ့်မိုးပေါက နတ်သမီးလေးလို ပြောင်းလွဲသွားလိုက်တာ ... ဒါကြောင့် အန်ကယ်မော်ကပြောတာ ... မင်းဟာ မိန်းကလေးတစ်ယောက်မှာ တကယ်ရှိတဲ့အလှကို ကြည့်မြင်တတ်တဲ့လူမဟုတ်ဘူးတဲ့လေ ... အန်ကယ်မော်ပြောတာ အခုတော့ သိပ်မှန်နေတာပေါ့ ... အခု ကျုပ် မဝင်းပပကို စောင့်နေတာပဲ ... လာဗျာ၊ တစ်ခုခုသွားပြီးစားသောက်ကြစို့ ... လေယာဉ်ပေါ်တက်ဖို့ အချိန်ကနည်းနည်းလိုသေးတယ် ... ဒါထက် လေယာဉ်နဲ့ လိုက်ဖို့ကိစ္စတွေကော လုပ်ပြီးပြီလား ... "

"ဦးလေးမော်က သူ့ဒရိုင်ဘာနဲ့ လိုက်ပို့စေပြီး အားလုံး လေယာဉ်ကိစ္စလုပ်ပေးစေတယ် ... အားလုံးပြီးသွားပြီ ... "

သန့်ပြန့်သောစားသောက်ခန်းတွင် မျက်နှာချင်းဆိုင် ထိုင်ကြသည်။ နှစ်ယောက်လုံး ဗိုက်မဆာသောကြောင့် ကော်ဖီတစ်ခွက်စီသာမှာယူပြီး လေယာဉ်အထွက်အခေါ်ကို စောင့်ကြတော့သည်။

www.burmeseclassic.com

"ကျုပ် မဝင်းပပကို 'အဝင်း' လို့ပဲခေါ်မယ်နော် ... ကိုကျော်မောင်ဆိုတဲ့ရူက 'ပပ'လို့ခေါ်ပြီးသားမို့ ... ကျုပ်က အဝင်းလို့ခေါ်မယ်လို့ပြောတာပါ ... "

မှာထားသောကော်ဖီရောက်လာသဖြင့် ဖြည်းဖြည်းချင်း အချိန်ဆွဲပြီး သောက်နေကြသည်။

"ပေါးလားမောင်တို့ဝါး ... လား ... လား ... ဟမိုင်းပါလား။ ကြည့်စမ်း ... ရန်ကုန်သားတွေ မန္တလေးမှာလာပြီး ကောင်းစားနေသကိုး ... "

ပေါးလားဝါးလားအသံသြကြီးဖြင့် ဟောင်ဖွာဖွာလာရောက်ပြီး မှိုင်းကို နှုတ်ဆက်သူကို မှိုင်းရော၊ ဝင်းပပရော မော့ကြည့်လိုက်ကြသည်။

"ဟင် ... ဦးကျွဲပေါက်ကြီးပါလား ... "

မှိုင်းက ပြန်၍ ထိုလူကြီးကို နှုတ်ဆက်သည်။

ဝင်းပပလည်း မြင်သည်နှင့် မှတ်မိပေသည်။ မနေ့ညနေက ဈေးချိုမှပြန်အထွက် လူချင်းတိုက်မိသောလူကြီးဖြစ်နေသည်။

"ဘာလဲ ... ဦးအောင်ကြီး ... မန္တလေးကို ဘုရားဖူးလာတာလား ... "

"မန္တလေးလာတိုင်း ငါ ဘုရားဖူးလာတာဆိုရင် မန္တလေးက ဘုရားတွေ ငါ့ကိုတော်တော်မျက်စိနောက်မှာကွ မှိုင်း ... ငါက လက်ဖက်ခြောက်၊ လက်ဖက်စို၊ သနပ်ဖက်၊ ကော်ဖီမှာကိစ္စတွေအတွက် တောင်ကြီးဘက်၊ ကျောက်မဲဘက်



တက်လိုက်၊ မန္တလေးမှာ ပြန်ပြီးစတည်းချလိုက်လုပ်နေတာ မှိုင်းသိသားနဲ့ ... "

"ရန်ကုန်က ငါ့ပွဲရုံမှာ ရှမ်းပြည်နယ်ထွက်ပစ္စည်းတွေ သိုလှောင်ရောင်းနေတာလေကွာ ... ရှမ်းပြည်နယ်က ငါ့စိုက်ခင်းနဲ့ ခြံတွေကို မန်နေဂျာတွေခန့်ပြီး လွှဲထားပေမဲ့ မကြာခဏ ကိုယ်တိုင်တက်လာပြီး စစ်ဆေးရတာလေ ... ကိုယ်ပိုင်ခြံနဲ့ ကိုယ်ပိုင်ပွဲရုံမှာတင်ပြီး ရောင်းဝယ်တော့ ကိုယ့်အတွက် ပိုကျန်တာပေါ့ကွာ ... ဒီတော့ မန္တလေးနဲ့ ရန်ကုန်ဟာ ငါ့အဖို့ အိမ်ဦးနဲ့ ကြမ်းပြင်ပေါ့ မှိုင်း ... "

ဦးအောင်ကြီးအား မှိုင်းက ကာယဗလထွားကြိုင်းလွန်းသောကြောင့် ... ကျွဲပေါက်ကြီးဟု ခေါ်သည်အထိ မှိုင်းနှင့် ဦးအောင်ကြီး ရင်းနှီးကြောင်း ဝင်းပပ သတိထားလိုက်သည်။

ဦးအောင်ကြီးသည် မှိုင်းအား ပြောဆိုပြီးနောက် ဝင်းပပကို ထပ်မံကြည့်ပြန်သည်။

"အဝင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒီလူအကြီးကြီးရဲ့ နာမည်က ဦးအောင်ကြီးတဲ့ ... ရန်ကုန်လိုမြို့မှာတောင် ဦးအောင်ကြီးက လူချမ်းသာစာရင်းဝင်သူလေ ... ဦးအောင်ကြီးနဲ့ ဆုံးသွားတဲ့ ဒေါ်ဒေါ်မွန်ရဲ့ခင်ပွန်း ဦးလွန်းမောင်ရဲ့ အခင်အမင်ဆုံးမိတ်ဆွေသူငယ်ချင်းတွေပေါ့၊ ဒီမှာ ဦးအောင်ကြီး ... သူက ဝင်းပပတဲ့ ... ကျွန်တော်နဲ့ မကြာခင်လက်ထပ်တော့မဲ့ သတို့သမီးလောင်းလေ ... "

"ဟဲ ... ဟဲ ... ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခြင်းပေါ့ ဟုတ်

www.burmeseclassic.com

လား ... ပပဝင်း ... [illegible]တွေ့မှပဲ နာမည်လည်းသိရတယ် ... မှိုင်းရဲ့ သ[illegible]မီးလောင်းခွန်းလည်း သိရတော့တယ် ... မှိုင်းနဲ့ လာ[illegible]ယပ်မယ်ဆိုတာကို ဦးလေး တကယ်ကွန့်ဂရက်ကျူလေးရှင်းပဲ ဝင်းပပ ... မှိုင်းက ယူတော်ရကောင်းတစ်ယောက်မို့ပဲ ဝင်းပပ ... "

"သြ ... ဦးအောင်ကြီးနဲ့ ဝင်းပပက သိပြီးသားတွေဖြစ်နေတာကိုး ... "

"ဟိုတုန်းက လုံးဝမသိကြပါဘူးကွာ ... မနေ့ညနေက ဈေးချိုမှာ ငါ့မိန်းမအတွက် ထိုးမုန့်နဲ့ လမုန့်ဝယ်ဖို့လိုက်ရှာရင်း မိန်းကလေးချောချောလှလှလေးနဲ့ ပင်တိုက်မိတယ် ... အဲဒီ ချောချောလှလှမိန်းကလေးက အခု မှိုင်းရဲ့သတို့သမီးလောင်း ဝင်းပပပဲလေကွာ ... "

"ဟုတ်ရဲ့လား ဦးအောင်ကြီးရာ ... မနေ့က ဈေးချိုနားမှာ ဦးအောင်ကြီးဝင်တိုက်မိတဲ့ အမျိုးသမီးက ပလတ်စတစ်ဘီးကြီးနောက်မှာ ဆံပင်တွေပတ်ထားပြီး ... နေကာမျက်မှန်အမည်းကြီးတပ်ထားတဲ့ အမျိုးသမီးမဟုတ်ဘူးလားဗျာ"

"ကြံကြံဖန်ဖန်မှိုင်းရာ၊ မနေ့က ငါနဲ့ တိုက်မိတဲ့ မိန်းကလေးအခု ချောချောလှလှ မင်းရဲ့သတို့သမီးလောင်း ဒီမိန်းကလေးပဲ ... အဲ ... မနေ့က သူက ခရမ်းရောင်အပေါ်တွေဝတ်ထားပြီး ဒီနေ့ မိုးပြာရောင်ဝတ်ထားတာပဲလွဲတယ် ... လည်ပင်းမှာ ဒီကျောက်စိမ်းဆွဲကြိုးလေးပဲ ဆွဲထားတာလည်း အတူတူပဲမှိုင်း ... မင်း ဟာကယ်ကံကောင်းတယ် မှိုင်း ...



ငါက မင်းလို ထုံအ,အတူဟာ [illegible]ယောက်ချောလှတဲ့ မိန်းကလေးမျိုး ဘယ်တော့မှ မရနိုင်ဘူးလို့တောင် ထင်ထားတာ ... "

တဟားဟားအသံကြီးဖြင့်ရယ်ပြီး ... မှိုင်းအား ကွန့်ဂရက်ကျူလေးရှင်း လက်ဆွဲနှုတ်ဆက်သည်။

"ဟုတ်တယ် ကိုကိုမှိုင်း ... မနေ့ကနေ့လယ်ပိုင်းကတည်းက ပလတ်စတစ်ဘီးကြီးရယ် ... မျက်မှန်မည်းကြီးရယ်ကို အမှိုက်ပုံးထဲထည့်ထားလိုက်ပြီး အနားပေးလိုက်ပြီ ... "

"ကဲ ... ကဲ ... မင်းတို့စုံတွဲ ပြောစရာရှိတာတွေ ဆက်ပြောကြ ... ကော်ဖီတွေတောင် အေးကုန်ပြီ ... ဒီအချိန်မျိုးမှာ မင်းတို့နှစ်ယောက်အတွက် ဓူဝံကြယ်မြေမှာခစေ၊ ကောင်းကင်မှာ နေလတွေကွယ်စေ ... ပြောမဆုံးပေါင် ကောသုံးတောင်ဖြစ်နေတာပဲကွာ ... ငါကလာပြီး ဆေးရိုးသယ်ကန့်လန့်ကြီးဖြစ်နေပြီ ... သွားပြီဟေ့ မှိုင်း ... ဟိုကောင်မလေး ဝင်းပပရော ငါ နှုတ်ဆက်တယ်ပေါ့ကွာ ... ဟား ... ဟား ဟား ... "

မကြာမီမှာပင် လေယာဉ်ပေါ်သို့တက်ရောက်ကြပါရန် ကြေညာသံထွက်ပေါ်လာသည်။

မှိုင်းနှင့် ဝင်းပပ ယှဉ်တွဲပြီး လေယာဉ်ဆီသို့ လာခဲ့ကြသည်။ လေယာဉ်ပေါ်တက်သည့်လှေကားသည် နှစ်ယောက်အတူ ယှဉ်တွဲတက်ရန် မလုံလောက်။

"အဝင်းရှေ့ကတက်နော် ... လှေကားကကျဉ်းပြီးမတ်[illegible]ယ်၊

www.burmeseclassic.com

အဝင်း ဒေါက်ဖိနပ်နဲ့ဆိုတော့ ခြေချော်ရင် ကိုယ်က နောက်ကနေ ထိန်းပေးလို့ရတာပေါ့ အဝင်း ... "

"ဟုတ်ကဲ့ ... ဒီနေရာမှာ ဘေးလူမရှိပါဘူး ... ခါတိုင်းပြောသလို မဝင်းပပဆိုတဲ့နာမည် ပြောလို့ရပါတယ် ကိုမှိုင်း"

"အာ ... အရေးထဲ ချွေးဆစ်နေပြန်ပြီ ... တက်မှာတက်ပါ မဝင်းပပရယ် ... "

ဝင်းပပ ပြုံးမိပါ၏။ ယောက်ျားဆိုသည်မှာ ရယ်စရာအကောင်းသား။ သူတို့၏မျက်လုံးအကြည့်ကို လေ့လာကြည့်ပါ။ စာတစ်အုပ်တွင် မာတိကာကို ကြည့်လိုက်ရုံနှင့် စာအုပ်အတွင်းရှိ စာသားများ ဘယ်သို့သောအကြောင်းအရာတွေ ရေးထားမှန်း ခန့်မှန်းနိုင်သလို သိရှိနိုင်သည်။

ယနေ့ ဝင်းပပ လှချင်တိုင်းလှနေသည်ကိုတွေ့ပြီးဒါ ဝင်းပပပါလားဟု အသိစိတ်ရှိသွားသည်နှင့် မှိုင်းသည် ဝင်းပပပေါ်တွင် အကြည့်တွေပြောင်းလာသည်။ ဆိုကြပါစို့။ မှိုင်း ပုတ်သင်ညိုသည် ရာသီဥတုပြောင်းလဲသည်နှင့် လိုက်လျောညီထွေစွာ ပုတ်သင်ညိုကြီးအရောင်ပြောင်းလာခြင်းပေပြီလားမသိ။

မှိုင်းနှင့် ဝင်းပပတို့ ယှဉ်တွဲထိုင်ခုံမှာ လေယာဉ်၏ဦးပိုင်းတွင်ရှိနေသည်။

နံ့သည်ပဲပြောပြော၊ အ,သည်ပဲပြောပြော ဝင်းပပအဖို့ ဤအကြိမ် လေယာဉ်စီးဖူးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပါ၏။ ဝင်းပပရင်ထဲတွင် ငယ်စဉ်ကလေးဘဝက ဖေဖေ မေမေတို့နှင့်အတူ မီးရထား၊ မော်တော်ကားစီးပြီး ခရီးသွားရာတွင် ရရှိသော



ပျော်ရွှင်မှုမျိုး ယခု ဝင်းပပရင်ထဲတွင် ခံစားနေရပါ၏။

ဝင်းပပ လေယာဉ်ဦးမော့ပြီး မိုးအမြင့်သို့တက်သည်နှင့် ရင်ထဲတွင် အေးမြသွားသည်ကို ခံစားရပြန်သည်။

ဝင်းပပသည် လေယာဉ်မိုးပေါ်တက်ပြီးသည်နှင့် တောသားမြို့ရောက်မျက်လုံးမျိုးဖြင့် လေယာဉ်တစ်စီးလုံး ရှေ့နောက်ဝဲယာကိုလိုက်ကြည့်ရာ ...

"အယ် ... ကြည့်စမ်း ကိုမှိုင်း ... "

"ဘာလဲ ... ဘာဖြစ်လဲ အဝင်း ... "

"ဝင်းပပတို့နောက်က သုံးခုံမြောက်ထိုင်ခုံကို ကိုမှိုင်း ကြည့်လိုက်လေ ... "

မှိုင်း ပြန်လှည့်ကြည့်သည်။

"ကျော်မောင်ပါလား အဝင်း ... "

"ဟုတ်တယ် ကိုမှိုင်း ... ဒီလူ ရန်ကုန်အထိ သဲကြီးမဲကြီးလိုက်ပြီး ဝင်းပပကို နှောင့်ယှက်မှာလား မသိဘူး ... "

"ခေါက်ထားလိုက်စမ်းပါ အဝင်း ... ရန်ကုန်ဟာ ကိုယ့်နယ်မြေပါ ... အဝင်းစိတ်ထဲမှာရော၊ ဦးနှောက်ထဲမှာရော ကျော်မောင်ဆိုတာ မရှိတော့ဘူး ... မှိုင်းဆိုတဲ့လူကိုသာ လက်ထပ်ရမှာဆိုတဲ့အစွဲသာ စွဲထားလိုက် ... "

"အင်းလေ ... လုပ်ငန်းနဲ့ တာဝန်သဘောအရ အဲဒီလိုပဲ စွဲထားရဦးမှာပေါ့ ကိုမှိုင်း ... "

ဟု ဝင်းပပက ပြန်ဖြေလိုက်သည်။

"တစ်ခုတော့စဉ်းစားစရာပဲ၊ ကိုယ်နဲ့ မဝင်းပပ ဒီလေယာဉ်

www.burmeseclassic.com

နဲ့ သွားမယ်မှန်း သူ ဘယ်လိုသိသွားလဲ ... နောက်ပြီး ဒီနေ့ ဒီလေယာဉ်ရဲ့လက်မှတ်ကို သူ ဘာလို့ရအောင်ဝယ်သလဲ၊ ဘယ်လိုနည်းနဲ့ ဒီလေယာဉ်လက်မှတ်ရသလဲ ... ကိုယ်နဲ့ မဝင်းပပကိုတောင် ဒီလေယာဉ်လက်မှတ်ရရှိဖို့ အန်ကယ်မော်ရဲ့အဆက်အသွယ်နဲ့မို့ရတာဆိုတာပဲ မဝင်းပပ ... "

"ဒါကတော့ သူက ဝင်းပပတို့ကို နောက်ယောင်ခံလိုက်နေသူပဲ ... ဒီနေ့ ဒီလေယာဉ်နဲ့ ဝင်းပပတို့ ရန်ကုန်သွားမယ်ဆိုတာ သူ သိသွားနိုင်တာပေါ့ ... နောက်ပြီး မန္တလေးမှာ သူက သိပ်အဆက်အသွယ်ကောင်းပြီး အပေါင်းအသင်းဆန့်သူပဲ ... ဒီနေ့လေယာဉ်လက်မှတ်ရရှိရေးအတွက် ငွေနဲ့ပေါက်ပြီး သူ့အဆက်အသွယ်နဲ့ ရအောင်ဝယ်ယူနိုင်တာဖြစ်မှာပေါ့"

"အင်း ... ကိုယ့်အဖို့ စဉ်းစားစရာနှစ်ချက်ဖြစ်လာပြီ မဝင်းပပ ... ကျော်မောင်လိုက်လာတာဟာ လွှတ်တဲ့ငါးကြီးပြီး ကိုယ်နဲ့ လက်ထပ်မယ်ဆိုတဲ့ မဝင်းပပကို မရမကပြန်ရရေး ကြိုးစားဖို့လိုက်လာတာလား ... "

"ဂေးဂေး ... ဒီတစ်သက်မပြောနဲ့ ... ဘယ်တမလွန်ဘဝမှာ ဖြစ်ဖြစ် ဝင်းပပကို သူ မရစေရဘူး ... မှတ်ထား ... တွေးပြီး သားတွေပဲဟာ ... "

"ဒါကတော့ အမိတို့ရဲ့ ကိုယ်ရေးကိုယ်တာပဲ ... ဒုတိယအချက် ကျုပ် စဉ်းစားမိတာက ကျော်မောင်ဟာ ဒုစရိုက်လုပ်ငန်းနဲ့ မကင်းတဲ့လူ၊ ဒါမှမဟုတ် သူကိုယ်တိုင် ဒုစရိုက်လုပ်ငန်းအဖွဲ့ဝင် ... ကျုပ်ကလည်း ရဲအဖွဲ့မှာ ဒုစရိုက်လုပ်



ငန်းနှိမ်နင်းရေးမှာ အရေးပါတဲ့ ရဲအရာရှိ ... ဒါကြောင့် ကျုပ်လှုပ်ရှားမှုတွေကို သူ့ဒုစရိုက်ဂိုဏ်းကြီးက လိုက်လေ့လာစေဆိုတဲ့ စေခိုင်းချက်ကြောင့် လိုက်လာတာလား ... အင်းလေ ... ဘယ်လိုအချက်နဲ့ပဲဖြစ်ဖြစ် ... ကျော်မောင် ကျုပ်တို့နောက်ကိုလိုက်လာတာဟာ ... ကောင်းသောနိမိတ် မဟုတ်တာတော့ သေချာတယ် ... "

ဘေးချင်းတိုက်ဆိုင်နေသော မှိုင်းကို ဝင်းပပ စွေစောင်းကြည့်လိုက်သည်။ ယင်းအခိုက်မှာပင် လေယာဉ်သည် အဲယားပေါ့ကက်မိပြီး အောက်သို့အရှိန်ဖြင့် နိမ့်ဆင်းသွားသည်။

လေယာဉ်မစီးဖူးသော ဝင်းပပမှာ အထိတ်တလန့်လေးဖြစ်သွားပြီး ဘေးမှ မှိုင်း၏လက်မောင်းကို ဆုပ်ကိုင်လိုက်မိသည်။

"မဝင်းပပ ... လေယာဉ်စီးရတာကို ကြောက်နေတာလား"

"တစ်ခါမှမစီးဘူးတာ ... "

"ဒီလိုမှန်းသိရင် ... အမြန်ရထား ပထမတန်းနဲ့ပြန်ရင် အကောင်းသား ... ညနေအစည်းအဝေးအမီ ပြန်ရလို့သာ"

"လေယာဉ်စီးတယ်ဆိုတာက အရေးတကြီးကိစ္စနဲ့ သွားလာဖို့ ငွေကြေးတတ်နိုင်သူတွေ စီးကြတာပဲ ကိုမှိုင်း ... လေယာဉ်ခက သိပ်ဈေးကြီးတယ် မဟုတ်လား ... ဝင်းပပကို သာမန်အဆင့်က လူကြေးဘာမန်ကိစ္စသာရှိသူတွေအဖို့တော့ သင်္ဘောတို့ မီးရထားတို့ မော်တော်ကားတို့ပဲ စီးပြီးသွားနိုင်တာပေါ့ ... "

www.burmeseclassic.com

မှိုင်းသည် ရိုးရိုးလေးနှင့် အမှန်အကန်ကို ပြောနေသည့် ဝင်းပပအား ကရုဏာသက်မိသည်။

"ကျုပ်လည်း မဝင်းပပလို သာမန်လူပါပဲဗျာ ... အခုဟာက အထက်ကပေးအပ်တဲ့တာဝန်နဲ့ သွားလာရတာမို့ ကုန်ကျငွေကို ဌာနကပေးတယ်လေ ... ဒါကြောင့် လေယာဉ်စီးရတာပေါ့ ..."

"ဒါဆို အခု ဝင်းပပအတွက်ကျတော့ရော ..."

"ကျုပ် တာဝန်အရ ခေါ်ဆောင်လာရသူမို့ မဝင်းပပအတွက်လည်း ဌာနကပဲ ... အကုန်ခံရတာပေါ့ ..."

"ဒါဆိုတော်သေးတာပေါ့ ..."

လေယာဉ်သည် သူပျံသန်းရမည့် လေယာဉ်ကြောသို့ ရောက်ပြီမို့ မှန်မှန်ပင်ဆက်မောင်းနေပေသည်။

ဒီလိုကျပြန်တော့လည်း ... လေယာဉ်စီးရသည်မှာ ပျင်းစရာကြီးပါလားဟု ဝင်းပပ ထင်မိပြန်သည်။ ကိုယ်အိမ်တွင် ကိုယ်တိုင်နေရသည်နှင့် ဘာပိုထူးပေသနည်း။ မီးရထားမော်တော်ကား သဘော်ကဲ့သို့ ဂျုံးဂျုံးဂျက်ဂျက်အသံတွေ မကြားရ၊ ဘေးဘက်ကြည့်ပါကလည်း တောတန်းတွေ ရွာတွေအိမ်တွေမတွေ့ရ။

ဝင်းပပသည် မှိုင်း၏လက်မောင်းကို ဆုပ်ကိုင်ထားရာမှ ပြန်ရုတ်သိမ်းလိုက်သည်။

မိမိအပေါ် မှိုင်း၏မျက်လုံးအကြည့်ပြောဆိုသည့်လေသံနှင့် ဟန်ပန်အမူအရာတွေ ပြောင်းလဲလာသည်ကိုလည်း ဝင်းပပ သတိထားမိသည်။



ရှေ့ဆက်ပြီး ... ဘာတွေဖြစ်ကြဦးမလဲတော့မသိ။

ကိုမှိုင်း၏ အလုပ်တာဝန်ကို လက်ခံသည့်အချိန်မှစပြီး ဝင်းပပတွင် ရင်ဖိုစရာ၊ ထိတ်လန့်စရာလေးတွေ ခဏခဏတွေ့နေရသည်။

"ကိုမှိုင်းရဲ့အလုပ်ကို ဝင်းပပ လက်ခံပြီးမှ ရင်ဖိုထိတ်လန့်စရာတွေ ခဏခဏတွေ့ရတယ် ကိုမှိုင်း ..."

ဟု အစချီပြီး မနေ့က ဈေးချိုကအပြန် သူမအား လူတစ်ယောက်က နောက်မှရစ်သိုင်း ပါးစပ်ပိတ်ပြီး ဆွဲကြိုးလုယူရန် ကြံစည်သည့်ကိစ္စ၊ ဒေါ်ပုတို့အမျိုးသမီးကို ဈေးချိုတွင် နှစ်ကြိမ်တွေ့ရပြီး မနေ့ညပိုင်းက လမ်းဟိုဘက်မျက်နှာချင်းဆိုင်တွင် ရပ်နေသော ဒေါ်ပုတို့ကို လမ်းမတော်မီးရောင်ဖြင့် တွေ့ရသည်များကို ပြောပြလိုက်လေသည်။

"အဲဒါတွေဟာ ကျွန်တော့်ရဲ့ တာဝန်ကို မဝင်းပပက ပူးတွဲဆောင်ရွက်ဖို့ သဘောတူတာမို့ အဲဒီလိုဖြစ်လာတာလို့ မဝင်းပပ ထင်သလား ..."

"ဟိုတုန်းက အဲဒီလိုတွေ တစ်ခုမှ မဖြစ်ခဲ့တာဘဲ ... ဝင်းပပက မန္တလေးသူပဲ ... ဖြစ်စရာရှိရင် ဟိုတုန်းကတည်းက ဖြစ်မှာပေါ့ ..."

"ဒါတော့ ကံသေကံမပြောဖို့ ခက်သားပဲ မဝင်းပပ ... မြို့ကြီးပြကြီးတွေတိုင်းမှာ ဒီလိုအလစ်သမားတွေ ဒီလိုအကြံအဖန်သမားတွေရှိတတ်တာပဲ ... ဟိုတုန်းက မဖြစ်ခဲ့ဘူးပေမဲ့ အခု အလစ်သမားအကြံအဖန်သမားနဲ့တွေ့တာတွေဟာ တွေ့တတ်တဲ့သဘာဝအတိုင်း တွေ့ကြုံတာဖြစ်နိုင်တာပေါ့၊

www.burmeseclassic.com

ဘာလို့လဲဆိုတော့ ကျွန်တော်နဲ့ မဝင်းပပတို့ရဲ့ အကြံအစည်ကို ဦးလေးမော်ကလွဲပြီး တခြားဘယ်သူမှသိတာမှ မဟုတ်တာမို့လား ... နောက်ပြီး ဟိုတုန်းကရက်တွေမှာ မဝင်းပပ သွားလာနေတာက အမယ်ကြီးအိုပေါက်စဒီဇိုင်းနဲ့ ... ဘာမှမတတ်မစားသွားလာနေတာဆိုတော့ ... ဘယ်အလစ်သမားက လုယက်ဖို့ရော တခြားအကြံအစည်ရော ဘယ်လုပ်ပါ့မလဲ ... မဝင်းပပရဲ့ အခုပုံစံက မကောင်းကြံစည်ချင်စရာတွေ ရှိလာတယ်လေ ... ”

“ဒါလည်းဟုတ်မလားဘဲ ... ”

ဟု ဝင်းပပက လက်ခံမိသည်။

မည်သို့ဖြစ်စေ မှိုင်းအဖို့ မိမိနှင့် ဝင်းပပကို ဆက်သွယ်မိပြီးမှ သူမတွင်ဖြစ်ပေါ်လာသော အန္တရာယ်တွေအတွက်ကို မှ ကာကွယ်ပေးရန် စိတ်ကူးစဉ်းစားရတော့သည်။

“ဒီလိုတော့ရှိတယ် မဝင်းပပ ... ကျုပ်နဲ့ အဖွဲ့ကို မကျေနပ်တဲ့ ဆန့်ကျင်ဘက်ဂိုဏ်းအဖွဲ့က ကျုပ်လှုပ်ရှားမှုတွေကို အကဲခတ်နေကြမှာတော့ သေချာတယ် ... ဒီတော့ ကျုပ်ပင်ပုံးပေါင်းတဲ့ မဝင်းပပကိုလည်း ကျုပ်ရဲ့ဘက်တော်သားအဖြစ်ယူဆပြီး ရန်ရှာနိုင်တယ် ... အဲဒါကို မဝင်းပပအနေနဲ့ အမြဲသတိထားဖို့တော့ လိုလိမ့်မယ် ... ဘာပဲကြုံရကြုံရ ကျုပ်ကိုပြောပြပါ ... ”

ဝင်းပပက ခေါင်းညိတ်ပြရင်း သူမ၏ရောက်ရှိနေသော အခြေအနေကို သုံးသပ်ကြည့်သည်။



တကယ်တော့ ဝင်းပပအဖို့ ကိုမှိုင်းလုပ်ဆောင်နေသော ဒုစရိုက်ကာကွယ်ရေးဖမ်းဆီးရေး၊ စုံစမ်းရေးလုပ်ငန်းတွေကို ဘာဆိုဘာမျှမသိ။ မိမိနှင့် ဘာမျှလည်းမဆိုင်။ မပတ်သက်။

မှိုင်း၏လုပ်ငန်းတွင် သဇင်ဖြူအား မသင်္ကာဖွယ်ရှိသည်ကို အကြောင်းပြုပြီး ဦးလေးမော်ကတစ်ဆင့် မိမိကလည်း ကိုကျော်မောင်ကို တန်ပြန်လိုစိတ် အရင်းခံပြီး ဤအလုပ်ကို ကူညီသည့်သဘောဖြင့် လက်ခံလိုက်ခြင်းသာဖြစ်သည်။

လက်ခံသည်နှင့် ရန်ကုန်ရှိ မှိုင်းအိမ်သို့ မိမိလိုက်ပါရတော့မည်။ မှိုင်း၏ မိခင်တစ်ပိုင်းဖြစ်ပြီး အဒေါ်အရင်းဖြစ်သည့် ဒေါ်မွန်က မိမိအား သူ့သားတူတော်မောင်မှိုင်း၏သတို့သမီးလောင်းအဖြစ် လက်မခံနိုင်ပါက မိမိအတွက် သူတစ်ပါးသူစိမ်းအိမ်ကွင်းအနေအထိုင်ခက်ခဲရပေဦးမည်။ ရှေ့ဆက်လျှောက်မည့်လမ်းအတွက် ဝင်းပပ ရင်လေးမိသည်။

မတတ်နိုင်တော့ပြီ။ မိမိအနေနှင့် မှိုင်းအတွက် အတတ်နိုင်ဆုံးလုပ်ဆောင်ပေးပါလျက် အဆင်မပြေတော့လည်း မန္တလေးမိမိအိမ်သို့ ပြန်လာရုံပဲဟုသာ မှတ်ယူလိုက်တော့သည်။

“ငြိမ်လှချည်လား မဝင်းပပ ... ဘာလဲ ကိုကျော်မောင် အကြောင်း တစ်ပတ်ကျော့ပြန်စဉ်းစားနေတာလား ... ”

မှိုင်းမေးပုံမှာ တစ်မျိုးကြီးဖြစ်ပါ၏။

ပထမချစ်သူ၏အကြောင်းကို တွေးနေသလားဟု ဒုတိယချစ်သူက သဝန်တိုပြီးမေးမြန်းသည့်ပုံ သက်ရောက်နေသလားမသိ။

www.burmeseclassic.com

မှိုင်းသည် မိမိ၏ဒုတိယချစ်သူမဟုတ်။ အဲ ... ဟန်ဆောင်ပြီး အကူအညီလုပ်ငန်းအရတော့ ချစ်သူသတို့သမီးလောင်းဖြစ်နေပါ၏။

"ဟုတ်တယ် ... ချစ်ခဲ့ဖူးတဲ့ ကိုကျော်မောင်ရဲ့အကြောင်း တွေးနေတာ ..."

ဟု ပြောလိုက်ပြီး ထိုစကားကြောင့် မှိုင်း မျက်နှာ ဘယ်လိုဖြစ်သွားသည်ကို ဝင်းပပ အကဲခတ်ကြည့်ချင်မိသည်။

သို့သော် တကယ်တမ်းမှ ဝင်းပပ စမ်းကြည့်အကဲခတ်စကားပြန်မပြောပေ။

"ဟုတ်တယ် ကိုမှိုင်း ... ဝင်းပပ ငြိမ်နေတာ စဉ်းစားနေတာတော့ အမှန်ပဲ ... ဒါပေမဲ့ ကိုကျော်မောင်အကြောင်းတော့ မဟုတ်ဘူး ... ကိုကျော်မောင်ဆိုတာ ဝင်းပပရင်ထဲမှာရော၊ ဦးခေါင်းထဲမှာရော ဗလာသက်သက်ကြီးပါ ... အခု ဝင်းပပ စဉ်းစားနေတာက ... ကိုမှိုင်းရဲ့ ရန်ကုန်အိမ်က ဒေါ်ဒေါ်မွန်နဲ့ သဇင်ဖြူဆိုတဲ့သူနှစ်ယောက်အကြောင်းစဉ်းစားနေတာ ..."

"ဘာကိုဘာလို့ ဒေါ်ဒေါ်မွန်တို့အကြောင်း မဝင်းပပ စဉ်းစားတာလဲဗျာ ..."

"ဝင်းပပကို မှိုင်းနဲ့ လိုက်လာပုံကို ဒေါ်ဒေါ်က အထင်သေးအမြင်သေးဖြစ်သွားရင် အဲဒီအိမ်မှာ ဝင်းပပ အနေအထိုင်တော်တော်ခက်မလားဆိုတာကို စဉ်းစားတာ ..."

"မဝင်းပပ အတွေးခေါင်နေတာပဲ ... တကယ်တော့ ဘာပဲ



ဖြစ်ဖြစ် မဝင်းပပဟာ တာဝန်တစ်ခုထမ်းဆောင်နေတာပဲဗျာ ..."

"ဒါတော့ ဒါပေါ့ ... ဒါပေမဲ့ ..."

"ဘာမှ ဒါပေမဲ့မနေနဲ့ မဝင်းပပ ... ကျွန်တော် အာမခံရဲရဲကြီးခံတယ် ... ဒေါ်ဒေါ်မွန်ဟာ မဝင်းပပ အတွေးခေါင်သလိုမဟုတ်စေရဘူး ... ကျွန်တော့်ကို ဒီညနေမှာ အရေးကြီးတဲ့အစည်းအဝေးရှိတယ် ... ချက်ချင်းပြန်လာမှဖြစ်မယ်လို့ ဖုန်းဆက်တာ ဒေါ်ဒေါ်မွန်ကပဲဆက်တာ၊ သက်ဆိုင်ရာလူကြီးတွေက ဒေါ်ဒေါ်မွန့်ကို ဖုန်းဆက်ခိုင်းတာ ... တစ်ခါတလေမှာ သက်ဆိုင်ရာလူကြီးတွေက တိုက်ရိုက်မဆက်ဘဲ စိတ်ချရတဲ့သူတစ်ဆင့် ဖုန်းဆက်ခိုင်းတာမျိုးတွေရှိတယ် ... အဲဒါကို ချင့်တွက်ရင် ဒေါ်ဒေါ်မွန်ဟာ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာပိုင်းနဲ့ ပတ်သက်လာရင် ဘာမှပြောလေ့မရှိဘူးဆိုတာ ဝင်းပပ ယုံလိုက်စမ်းပါ ... ဒေါ်ဒေါ်မွန်က ကျွန်တော့်ဆီပြန်ခေါ်တဲ့ဖုန်းဆက်ရင်းကတောင် လူလေးရဲ့သတို့သမီးလောင်း ဒေါ်ဒေါ်မွန်ရဲ့ချွေးမလောင်းကိုပါ တစ်ပါတည်းခေါ်လာခဲ့ ... သူမြင်တွေ့ချင်လှပြီလို့တောင် ရယ်ရယ်မောမောနဲ့ ပြောလိုက်သေးတယ် ..."

"အဲဒါ တကယ် ..."

"အိုး ... ကျွန်တော့်မှာ လိမ်ညာပြောတတ်တဲ့အကျင့်မရှိပါဘူး မဝင်းပပ၊ တကယ်ပဲ ဒေါ်ဒေါ်မွန်က သူ့ချွေးမလောင်းလေးကို မျှော်နေတာပါ ..."

www.burmeseclassic.com

ဝင်းပပ ပြုံးလိုက်သည်။

"ဝင်းပပ တစ်ခုမေးမယ် ... ဒေါ်ဒေါ်မွန်ဟာ ကိုမှိုင်းကို သဇင်ဖြူနဲ့ လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့ကြောင်းပြောတော့ ကိုမှိုင်းက ... ကျွန်တော့်မှာ ချစ်သူရှိတယ်လို့ ပြောစဉ်က ဒေါ်ဒေါ်မွန်ရဲ့မျက်နှာအမူအရာ ဘယ်လိုပြောင်းသွားလဲ"

"ဘယ်လိုမှ မပြောင်းဘူး ... နဂိုအတိုင်းပဲ ..."

"ဟုတ်နိုင်မလား ... သူ့သဘောတူတဲ့ သဇင်ဖြူကို ကိုမှိုင်းက ငြင်းပယ်တော့ ဒေါ်ဒေါ်မွန်မှာ မကျေနပ်တဲ့အမူအရာတော့ ဖြစ်လာမှာပေါ့ ..."

"ဘယ်လိုမှ ဒေါ်ဒေါ်မွန် ဖြစ်မသွားဘူး ... ဒေါ်ဒေါ်မွန်ရဲ့ တကယ့်စိတ်ရင်း အမှန်က ကိုယ်ဒီအရွယ်ရောက်လာတဲ့ အထိ အိမ်ထောင်မပြုသေးတာကို မနှစ်သက်ဘူး ... အဓိက ကိုယ့်ကို အိမ်ထောင်ပြုစေချင်တယ် ... ကိုယ်လက်ထပ်တဲ့ မိန်းကလေးဟာလည်း ကိုယ်နဲ့အတူ ဒေါ်ဒေါ်မွန် အိမ်မှာပဲ အတူရာသက်ပန်နေစေချင်တယ် ... ကိုယ့်ကို တခြားခေါ်သွားမှာ သိပ်စိုးရိမ်တာ အဓိကပဲ ... သဇင်ဖြူနဲ့ ဖြစ်မြောက်စေချင်တာကလည်း သဇင်ဖြူနဲ့သာဆိုရင် သူ့အိမ်မှာပဲ ကိုယ်ဆက်နေမှာဆိုတာကို အဓိကထားပြီး သဇင်ဖြူနဲ့ ဖြစ်မြောက်စေချင်တာ ... ဒေါ်ဒေါ်မွန်က ကိုယ့်ကို သူ့သားအရင်းလိုချစ်တာ ... ကိုယ်ဘယ်အမျိုးသမီးကိုယူယူ ... သူနဲ့ အတူနေရင်ပြီးရောဆိုတဲ့သဘောရှိတယ် ... အခု ဝင်းပပကို ဒေါ်ဒေါ်မွန်မြင်တွေ့ရင် ကိုယ့်ကိုကော ပစ်ချီးမွမ်းဦးမှာသိ



လား ..."

"ဘာလို့ကိုမှိုင်းကိုချီးမွမ်းမှာလဲ"

"ဒေါ်ဒေါ်မွန်က ကိုယ့်ကို မိန်းမကိစ္စနဲ့ပတ်သက်လာရင် ... တုံးအေ့လို့မြင်နေတာ ... ငါ့တူငါ့သားမှိုင်းဟာ သူ့အစွမ်းအစနဲ့ ဘယ်တော့မှ စွံမှာမဟုတ်ဘူးလို့ထင်နေတာ ... အခု စွံမှစွံတော့ မင်းကုသက ပပဝတီကိုတောင်မှ စွံလာပါလား လို့ ချီးမွမ်းမှာ အဝင်း ..."

ဝင်းပပ ဒုတိယအကြိမ်ပြုံးမိပြန်ပြီ။

ယခု ဒုတိယအကြိမ် ဝင်းပပပြုံးခြင်းတွင် အချက်နှစ်ရပ်ပါဝင်နေသည်။

ပထမအချက်မှာ ... သူ့ကိုယ်သူ ကျုပ်သို့မဟုတ် ကျွန်တော်ဟု နာမ်စားဖြင့် ပြောနေရာက 'ကိုယ်'ဆိုသောနာမ်စားကို ပြောင်းသုံးပြီး အမှတ်မထင် မဝင်းပပဟုခေါ်ရာက 'အဝင်း'ဟု လွှတ်ခနဲခေါ်ခြင်းကို ပြုံးမိခြင်း။

ဒုတိယမှာ မှိုင်းက သူမအား ပပဝတီနှင့် နှိုင်းပြောခြင်းဖြင့် သူမ၏အလှကို သိသိသာသာချီးမွမ်းသလိုဖြစ်သွားခြင်းတို့ ဖြစ်ပေသည်။

ဘာပဲဖြစ်ဖြစ် ရန်ကုန်အိမ်တွင် ဒေါ်ဒေါ်မွန်က ကျေနပ်သည်ဆိုပါက မိမိအတွက် အနေအထိုင်မခက်တော့ပြီဟုလည်း ဝင်းပပ တွေးလိုက်မိပြီး ကြည်နူးကျေနပ်မှုလေးတွေ တန်းစီသွားတော့သည်။

မှိုင်းသည် ... ပက်ထားသော သူ့လက်ပတ်နာရီကို

www.burmeseclassic.com

ကြည့်လိုက်သည်။

"ဒီမယ် အဝင်း … နောက်နာရီဝက်ဆိုရင် … ဒီလေယာဉ် ရန်ကုန်မင်္ဂလာဒုံလေယာဉ်ကွင်းကို ဆင်းတော့မယ် … "

"လေယာဉ်တိုင်း ရန်ကုန်ကိုဆင်းရင် မင်္ဂလာဒုံလေယာဉ် ကွင်းကို ဆင်းရတာပဲဟာ … ဟယ်လိုကော်ပတာဆိုရင် သာ ဆင်းချင်တဲ့နေရာကို ဆင်းလို့ရတာ … ဒါအဆန်းလား"

"မဟုတ်ဘူး အဝင်း … ကိုယ်ပြောချင်တာက ရန်ကုန်အိမ် ကို ရောက်တာနဲ့ ဒေါ်ဒေါ်မွန်နဲ့တွေ့မယ် … သဇင်ဖြူနဲ့ တွေ့မယ် … ဒေါ်ဒေါ်မွန်ရဲ့မိတ်ဆွေတွေ … ကိုယ့်မိတ်ဆွေ တွေနဲ့ တွေ့ကြတော့မယ်၊ သူတို့အားလုံးဟာ ကိုယ့်ချစ်သူ ကိုယ့်သတို့သမီးလောင်းအဝင်းကို စိတ်ဝင်စားကြမှာ သေ ချာတယ် … ဒီတော့ သူတို့မေးကြမြန်းကြမယ် … ကိုယ်နဲ့ အဝင်း မန္တလေးမှာ ဘယ်လိုတွေ့ကြပြီး ချစ်သူတွေဖြစ်သွား ကြတယ်ဆိုတာမျိုးတွေလေ … အဲဒီလိုမေးခွန်းတွေကို ကိုယ်တို့နှစ်ယောက်က ဖြေကြရမယ် မဟုတ်လား … "

"အဲဒါ ဘာဖြစ်လဲ … "

"သူတို့မေးတာတွေကို ကိုယ်က တစ်မျိုး … အဝင်းကတစ် မျိုးတွေ လျှောက်ပြောလို့ မကိုက်ညီရင် သံသယတွေဖြစ်ကြ မှာပေါ့ … နှစ်ယောက်ပြောတာဟာ တူညီနေမှဖြစ်မယ် မဟုတ်လား … "

"အဲဒါဟုတ်သားပဲ … ဒါဆို ကိုမှိုင်းပဲစဉ်းစားလေ … ကိုမှိုင်း ကြောခိုင်းတဲ့အတိုင်း ဝင်းပပက ပြောရုံပေါ့ … "



"အင်း … "

ဟုဆိုကာ မှိုင်းစဉ်းစားသည်။ လုပ်ကြံဇာတ်လမ်း စဉ်းစားရသည်မို့ နဖူးတွင် အစင်းလေးတွေထင်သွားအောင် တွန့်ပြီး စဉ်းစားရပေသည်။

သို့သော် မင်္ဂလာဒုံကွင်းသို့ လေယာဉ်ဆင်းသည် အထိ ဇာတ်လမ်းမရသေးပါပေ။

www.burmeseclassic.com

## (၆)

မင်္ဂလာဒုံလေဆိပ်တွင် တက္ကစီကားတွေ အဆင်သင့်ရှိနေသည်။ တက္ကစီကားတစ်စီး မှိုင်း ခေါ်ယူလိုက်ပါ၏။ မှိုင်းပစ္စည်းတွေရော၊ ဝင်းပပပစ္စည်းတွေရော စစ်ဆေးခံရွေးယူပြီးပြီမို့ တက္ကစီကားနောက်အဖုံးအိမ်ထဲထည့်ကာ နောက်ကူရှင်တွင် နှစ်ယောက်သားတွဲထိုင်လိုက်သည်။

"တာဝန်နဲ့လုပ်ငန်းအရ တွဲထိုင်တာပါနော် ... တလွဲမထင်လိုက်ပါနဲ့ ..."

ဝင်းပပက ဘာမျှပြန်မပြောပေ။

"ဘယ်ကိုမောင်းပို့ရမလဲခင်ဗျ ..."

"ပထမနမ်စင်းကိုပို့ပေးပါ ..."

မှိုင်းကပြောရင်း ဝင်းပပဘက်သို့လှည့်ကာ ...

"မနေ့က ဒေါ်ဒေါ်မွန် ဖုန်းဆက်တုန်းက ... ဒီနေ့နေ့ပိုင်း



ဒေါ်ဒေါ်မွန့်မှာ မသွားမဖြစ်တဲ့ကိစ္စတစ်ခု ပေါ်လာတယ်တဲ့၊ ဒါကြောင့် မနက်စာစားပြီးမှ အိမ်ကိုလာခဲ့ပါတဲ့ ... ကိုယ်နဲ့ အဝင်းကို သူ လာမကြိုနိုင်တာ ခွင့်လွှတ်ပါတဲ့ ... စျေးဝယ်ချိန်နဲ့ ချက်ပြုတ်ချိန်မရလို့တော့ပါတဲ့ ..."

"အင်းလေ ... အဲဒါဘာဖြစ်လဲ ကိုမှိုင်း ..."

"ကိုကိုမှိုင်းလို့ခေါ်လေ ..."

မှိုင်းက ရှေ့တွင် တက္ကစီမောင်းနေသူကို မေးဆတ်ပြရင်း ပြောလိုက်သည်။

"ဩော် ... အဝင်းစိတ်ထဲမှာ ဒေါ်ဒေါ်မွန်ကို အထင်လွဲမှာစိုးလို့ပါ ... တကယ်ဆို အဝင်းပါလိုက်လာမှန်းသိနေတဲ့ ဒေါ်မွန်ဟာ အိမ်မှာထမင်းပွဲအဆင်သင့်နဲ့ အဝင်းကို ကြိုသင့်တယ်လေ ... ဒေါ်ဒေါ်မွန် တာဝန်မကျေတာ အဝင်းစိတ်ထဲ အောင့်သက်သက်ဖြစ်မှာစိုးလို့ ..."

"အောင့်သက်သက်ဖြစ်ရမယ်လို့ အဝင်းစိတ်ထဲမှာ အတွေးတောင်မပေါ်မိပါလား ကိုမှိုင်း ..."

"ဒါဆိုရင်တော့ အဝင်းကို ကိုယ် အရမ်းကျေးဇူးတင်တယ် အဝင်း ... အဝင်းဟာ ဇွဲမယူတတ်ဘဲ ခွင့်လွှတ်တတ်တဲ့ မိန်းကလေးပါလားလို့ ... သဘောထားကြီးပါပေတယ်"

"ချီးမွမ်းလှချည်လား ကိုမှိုင်း ... ချမ်းမြသာစည်လေဆိပ်ကတည်းက ခုချိန်ထိ ကိုကိုမှိုင်း အဝင်းကို ချီးမွမ်းတာ မပြီးနိုင်သေးဘူးလား ..."

"လူအကြောင်းပေါင်းမှသိပေ့ါ အဝင်း ... အခု အဝင်းနဲ့ နီး

www.burmeseclassic.com

နီးကပ်ကပ်ပေါင်းလေ ... သိလာရလေမို့ပါ ... ”

နမ်စင်းဟိုတယ်သို့ရောက်လာသည်။ ခြံကြီးထဲသို့ ကားကွေ့ဝင်ခဲ့ပါ၏။ ကားဆရာက သင့်သောနေရာတွင် ကားရပ်ပေးသည်။

“လာ ... ကားဆရာ ... ထမင်းလိုက်စားပါလားဗျာ”

“ကျေးဇူးပါပဲ ဆရာလေး ... ကျွန်တော့်မှာ ထမင်းဘူးပါလာပါတယ် ... ငှားသူမရှိတုန်း ကျွန်တော် ထမင်းစားထားလို့ ဗိုက်ပြည့်နေပါပြီ ... ”

မှိုင်းသည် ဝင်းပပ လက်ဖျားကို ဆွဲကိုင်ကာ နမ်စင်းဟိုတယ်ပေါ်သို့ တက်ရောက်လာခဲ့သည်။

“သီးသန့်ခန်းမှာစားမလား အဝင်း ... ”

“အပြင်မှာပဲကောင်းမယ် ... ဒါမှ လူတွေကိုမြင်ရမှာ ... အန္တရာယ်ကို အကဲခတ်နိုင်မှာ ... ”

မှန်၏။

အပြင်ဘက်ဘေးအချွန်ကျသော စားပွဲတွင် နေရာယူပြီး ထိုင်ကြသည်။ ထိုစားပွဲမှ အခြားစားပွဲများသို့ အားလုံးလှမ်းမြင်တွေ့နိုင်သည်။

ရောက်လာသောစားပွဲထိုးအား မှိုင်းကပင်ဟင်းလျာများမှာလိုက်သည်။ မစားမီ အအေးသောက်ရင်း မျက်နှာချင်းဆိုင်ရှိနေကြသည်။

“ဟော ... ဟော ... ဟိုမှာ ကိုမှိုင်း ... ”

“ဘာလဲ အဝင်း ... ”



“ဘေးလူတွေမရှိပါဘူးနော် ... လူကို အဝင်း ... အဝင်းနဲ့ အရှိန်လွန်မနေနဲ့ ... ”

“ဟာ ... အရေးထဲ စျေးကိုင်လိုက်တာ ... ကဲ ... ဘာလဲ ပြော အဝင်း ... ”

“ဟောဟိုအရက်ရောင်းတဲ့ကောင်တာဘေးစားပွဲမှာ ထိုင်ပြီး စားပွဲထိုးနဲ့ စကားပြောနေတဲ့လူကို ကိုမှိုင်းကြည့်လိုက် ... တည့်တည့်ကြီး ... ဖြောင်မကြည့်နဲ့နော် ... မသိမသာကြည့်၊ အဲဒီလူကို ဝင်းပပက သူနဲ့လိုက်ဖက်တဲ့ ဦးပိန်ရှည်လို့နာမည်ပေးထားတယ် ... ”

“ဦးပိန်ရှည် ဟုတ်လား ... ”

“သူ့ပုံစံအင်္ဂါရပ်ကိုကြည့်ပြီး ကိုယ်ဘာသာပေးထားတဲ့နာမည်ပါ ... သူ့နာမည်မှန် ဘယ်သူမှန်းတော့ မသိဘူး ... ဒါပေမဲ့ အဲဒီလူဟာ ဝင်းပပနောက်ကို လိုက်နေတဲ့လူဆိုတာတော့ သေချာသွားပြီ ... ”

ဝင်းပပက ဦးပိန်ရှည်နှင့် ဒေါ်ပုတို့အကြောင်း ... မန္တလေးဈေးချိုရတနာဗိမာန်တွင်တွေ့ခဲ့ပုံ၊ တောင်ခြေစားသောက်ဆိုင်တွင် ဦးပိန်ရှည်ကိုထပ်တွေ့ရပြီး ညက မိမိအိမ်ရှေ့ဟိုဘက်ခြမ်း ဓာတ်မီးတိုင်အောက်တွင် ဒေါ်ပုတို့ကို ထပ်မံတွေ့ခဲ့ခြင်းများကို မှိုင်းအား ပြောပြလိုက်သည်။

မှိုင်းက ဘေးလူကြားလောက်အောင်လေသံမြှင့်ပြီး ဝင်းပပကိုပြောလိုက်သည်။

“ကိုယ်တော့ သိပ်ပင်ပန်းနေပြီ အဝင်း၊ ပင်ပန်းပြေနဲ့ စားလို့

www.burmeseclassic.com

ကောင်းအောင် နည်းနည်းသောက်ချင်တယ် … အဝင်း ဒီမှာ ခဏစောင့်နော် … "

ခပ်ကျယ်ကျယ်ပြောပြီး အရက်ကောင်တာဆီသို့ မှိုင်း လျှောက်သွားသည်။ ကိုပိန်ရှည်ဆိုသူအား အနီးကပ်မြင်လို သောကြောင့်ဖြစ်ပါ၏။

ကောင်တာတွင် မှိုင်း အရက်နှစ်ပက်ကို ဝယ်ယူ ဖန် ခွက်ထဲထည့်ယူပြီး စားပွဲသို့ပြန်လာပြီး ပြန်ထိုင်သည်။

"အမိက ကုန်တိုက်မှာအလုပ်မလုပ်ဘဲ ဘုရားစောင်းတန်းမှာ ဗေဒင်ဆရာလုပ်စားဖို့ကောင်းတယ် အဝင်း … "

"ဘာလို့လဲ … "

"အမည်ပေးကောင်းလို့ … အခု အဝင်းနာမည်ပေးလိုက်တဲ့ ဦးပိန်ရှည်ဆိုတဲ့နာမည်နဲ့ အဲဒီလူပုံစံဟာ လိုက်ဖက်လွန်းလို့လေ … "

ပြောရင်း မှိုင်းရယ်သည်။ ဝင်းပပလည်း ရယ်ပါလေ၏။

စားပွဲထိုးက မှာထားသောဟင်းလျာများ လာချပေးပြီးမှ နှစ်ယောက်သား စားရင်းဆက်ပြောသည်။

"အဲဒီဦးပိန်ရှည်ဟာ … မန္တလေးမှာ အဝင်းတွေ့ခဲ့တယ်ဆိုတာ သေချာရဲ့လား၊ ဒီလိုပုံစံမျိုးနဲ့ လူတွေက နေရာတကာမှာ တွေ့မြင်နိုင်တတ်တာပဲ … မန္တလေးမှာလည်း အဲဒီလိုပုံစံလူတွေအများကြီးတွေ့နိုင်တယ် … အသားညိုညို၊ ပိန်ပိန်အရပ်ရှည်ရှည်နဲ့ မြို့နယ်ပေါင်းစုံက ဘုရားဖူးလာတဲ့လူ



တွေ မန္တလေးမှာအများကြီး … "

"ဒါတော့ မသိဘူး … အဲဒီဦးပိန်ရှည်ကို မန္တလေးမှာ နှစ်ကြိမ်တောင်တွေ့ခဲ့တာပဲ … "

"မနေ့က မန္တလေးမှာတွေ့ခဲ့တဲ့ဦးပိန်ရှည်ဖြစ်ဖို့မှန်ရင် … အခု သူက ရန်ကုန်ကိုရောက်နေတယ်လေ အဝင်း … ဘယ်လိုလုပ် မနေ့က မန္တလေးကလူ … ဒီနေ့ရန်ကုန်ရောက်မှာတဲ့လဲ … "

"ကိုမှိုင်းနဲ့ ဝင်းပပလည်း မနေ့က မန္တလေးမှာလေ … အခု ရန်ကုန်ရောက်နေတယ် … အဲဒီဦးပိန်ရှည်လည်း ဝင်းပပတို့ စီးလာတဲ့လေယာဉ်နဲ့ ပါလာတာဖြစ်မှာပေ့ါ … "

"ပါလာရင် လေယာဉ်ပေါ်မှာ တွေ့မှာပေ့ါ အဝင်း … "

"ကိုမှိုင်း သေချာစဉ်းစားကြည့် … အဝင်းတို့ လေယာဉ်ခုံလက်မှတ်ရတဲ့နံပါတ်က လေယာဉ်ရဲ့ဦးပိုင်းမှာ လေယာဉ်ရဲ့အလယ်ပိုင်းနဲ့ နောက်ပိုင်းမှာ ထိုင်ခုံတွေအများကြီးရှိနေတယ် … ထိုင်ခုံတွေအားလုံးဟာ ကျောမှီအရှည်ကြီးတွေနဲ့ နောက်ကလူကို မမြင်နိုင်ဘူး … သေချာတစ်ဦးချင်းလိုက်ကြည့်မှ မြင်နိုင်မှာ၊ ဦးပိန်ရှည်လည်း ဒီလေယာဉ်ရဲ့အလယ်ခုံ နောက်ခုံမှာ လိုက်လာတာဖြစ်နိုင်တာပေ့ါ … "

"အင်း … ဒါလည်းဟုတ်တာပဲ … ဒါဆို ဦးပိန်ရှည်ဟာ ကိုယ်တို့နောက်ကို လိုက်နေတဲ့လူဖြစ်နိုင်တာပေ့ါ … သူဘာဖြစ်လို့ ကိုယ်တို့နောက်ကို လိုက်နေရသလဲဆိုတာ စဉ်းစားစရာပဲ အဝင်း … "

www.burmeseclassic.com

"အဝင်းတို့နောက်ကို သူ လိုက်ချင်စရာအကြောင်းတစ်ခုခု ရှိလို့ဖြစ်မှာပေါ့ ..."

မှိုင်း စဉ်းစားရပြန်သည်။ စဉ်းစားမှ ဆက်စပ်စရာ လေးတွေ ထင်မြင်ကြည့်ဖို့ရလာသည်။

"နေဦး ... အဝင်းနဲ့ သူငယ်ချင်းဥမ္မာကို ဈေးချို ရတနာ ဗိမာန်မှာ ပန္နည်းတွေကြည့်တုန်းက ဦးပိန်ရှည် အဝင်းတို့ နောက်မှာရှိနေတယ်လို့ အဝင်းပြောခဲ့တယ်နော် ..."

"အင်း ..."

"အဲဒီရတနာဗိမာန်ဆိုင်မှာ အဝင်းနဲ့ ဥမ္မာ ဘာတွေပြောမိ ကြလဲ ..."

"ရတနာအရောင်းဆိုင်ရောက်တော့ ရတနာတွေအကြောင်း ဥမ္မာနဲ့ ပေါက်ကရတွေပြောမိတာလောက်ပဲပေါ့ ..."

"အဲဒီပေါက်ကရပြောတာတွေကိုပဲ ကိုယ့်ကိုပြန်ပြောပြပါ လား အဝင်း ..."

"သူငယ်ချင်းချင်း သဘာဝပေါက်ကရတွေပါ၊ ရတနာဗိမာန် ဆိုင်ရဲ့မှန်ဗီရိုထဲမှာရှိတဲ့ စိန်ထည်၊ ပတ္တမြားထည်၊ နီလာ ထည်၊ မြထည်၊ ကျောက်စိမ်းထည်တွေကို ပြိုင်တူကြည့်ကြ ပြီး အဲဒီမှန်ဗီရိုထဲက ရတနာထည်တွေကို သူငယ်ချင်းနှစ် ယောက် ခွဲဝေယူမယ်ဆိုရင် ဥမ္မာတော့ စိန်ထည် ပတ္တမြား ထည်၊ မြထည်တွေကိုယူမှာပဲတဲ့ ... မိဝင်းကော ဘာတွေ ယူမလဲလို့ ဥမ္မာကမေးတယ် ...

ငါကတော့ ကျောက်စိမ်းထည်တွေကိုပဲယူမယ် ဥမ္မာ ...



ငါက စိမ်းဆိုမှ စိမ်းပဲလို့ပြောလိုက်ကယ် ... အဝင်းပြော လိုက်တဲ့အဓိပ္ပာယ်က ကျော်မောင့်အပေါ် စိမ်းဆိုမှစိမ်းဆို တဲ့ ရည်ရွယ်ချက်နဲ့ ကျောက်စိမ်းတွေကိုပဲယူမယ် ... စိမ်း ဆိုမှစိမ်းလို့ပြောလိုက်တဲ့သဘောပါ ..."

မှိုင်း တွေတွေငေးငေးဖြစ်သွားသည်။

စားလက်စဇွန်းနှင့် ခရင်းကို အသာပြန်ချထားပြီး ဝင်းပပပြောသောစကားကို လေးလေးနက်နက်စဉ်းစားသည်။

ဝင်းပပနှင့် ဥမ္မာ သူငယ်ချင်းပြောကြသောစကား တွေမှာ ကျောက်မျက်ရတနာတွေအကြောင်းဖြစ်သည်။

မိမိသည် ကျောက်မျက်ရတနာများကို ခိုးထုတ်နေ သည့်သူများကိုဖော်ထုတ်နေသူဖြစ်သည်။ မန္တလေးတွင် မိမိနှင့် ဝင်းပပ ဆက်သွယ်နေသည်ကို ဆန်နီကျင်ဘက်ဂိုဏ်းက သိနေသည်။

ရတနာဗိမာန်ဆိုင်တွင် ဝင်းပပနှင့် ဥမ္မာကို ကျောက် မျက်ရတနာတွေ ခွဲဝေယူမည့်ကိစ္စပြောသည်။ စကားထဲတွင် ဆန့် ကျင်ဘက်ဂိုဏ်းသမားတွေနှင့် သွားငြိသောစကားတစ်ခုခုပါသွား မည်ပေပဲလား။

"ကိုမှိုင်း ... အဓိပ္ပာယ်တစ်ခုခုကောက်လို့ရသလားဟင်"

"အင်း ... ကျောက်စိမ်းတွေကိုပဲယူမယ်လို့ အဝင်းပြော လိုက်တဲ့စကားဟာ ဆန့်ကျင်ဘက်ဂိုဏ်းမှာ အဓိပ္ပာယ်တစ်ခု ခု သက်ရောက်သွားလေသလားဆိုတာ စဉ်းစားကြည့်နေ တာလေ ... ဆက်စပ်သလိုလိုလည်းရှိနေလို့ ..."

"ဘယ်လိုအဆက်အစပ်လဲ ..."

www.burmeseclassic.com

"အဝင်းကို ဥမ္မာက အဝတ်သစ်နှစ်စုံပေးလိုက်တဲ့ ကတ်ဘူးထဲမှာ ကျောက်စိမ်းလောကတ်ဆွဲကြိုးလည်းပါလာတယ်နော် ..."

"အဲဒီလိုပါလာတယ်လို့ပဲ ကိုမှိုင်းကို အဝင်းပြောထားသားပဲ ..."

"အဲဒီကျောက်စိမ်းလောကတ်ဆွဲကြိုးကိုပဲ အလစ်သမားက အဝင်းဆီရယူဖို့ကြံစည်အားထုတ်ကြိုးစားခဲ့ပြန်တယ် မဟုတ်လား ..."

"အင်း ... ဟုတ်တယ်လေ ..."

"အဲဒီတော့ ရတနာဗိမာန်ဆိုင်မှာပြောခဲ့တဲ့စကားတွေကလည်း ကျောက်စိမ်း ... ဥမ္မာပေးပို့တာကလည်း ကျောက်စိမ်း ... အလစ်သမားလုယူဖို့ကြိုးစားတာလည်း ကျောက်စိမ်းဆွဲကြိုး ... အဲဒါတွေကို ကိုယ်ဆက်စပ်ကြည့်တယ် ... ဒါပေမဲ့ ဆက်စပ်လို့ဇာတ်လမ်းတစ်ခု ထွက်မလာဘူး ... ကပေါက်တိကပေါက်ချာပဲ ... ဒါပေမဲ့ ဖြစ်ပျက်ခဲ့သမျှအားလုံးထဲမှာ ကျောက်စိမ်းပါနေတယ် ... ဒါကြောင့် ကျောက်စိမ်းဟာ အဓိပ္ပာယ်တစ်ခုခုကိုဆောင်ပြီး ဆန့်ကျင်ဘက်ဂိုဏ်းနဲ့သွားငြိပြီး အဝင်းနောက်ကို ဦးပိန်ရှည်တို့ ဒေါ်ပုတို့လိုက်နေတာများလားလို့ စဉ်းစားကြည့်နေတာ ..."

"ဒါဆို အဝင်း ကိုမှိုင်းကို မပြောမိသေးတာ တစ်ခုကျန်နေသေးတယ် ..."

"ပြောပြလေ ..."



ဝင်းပပပြောလိုက်သည်မှာ အမှတ်မဲ့မို့ တော်တော်လေးအသံကျယ်သွားသည်။ သူမပြောလိုက်သည်ကို ဦးပိန်ရှည်ကြားများလေသလားဟု စိုးရိမ်ပြီး ဦးပိန်ရှည်ရှိရာသို့ စောင်းငဲ့ကြည့်သည်။

ဦးပိန်ရှည်သည် ဝင်းပပပြောလိုက်သည်ကို ကြားလိုက်ဟန်မတူ။

နားစွင့်နေပုံမရှိ။

ဝင်းပပက မှိုင်းကြားလောက်ရုံတိုးတိုးလေးဆက်ပြောသည်။

"အဲဒီကျောက်စိမ်းလောကတ်ဆွဲကြိုးဟာ မိဥမ္မာပေးလိုက်တဲ့ ကတ်ဘူးထဲမှာပါလာတာတော့မှန်တယ် ... ဒါပေမဲ့ အဝတ်အစားထည့်ပေးလိုက်တဲ့ကတ်ဘူးဟာ နဂိုတုန်းက လေးဘက်လေးတန် ကော်ကပ်တိတ်ပြားကြီးနဲ့ ကပ်ပိတ်ထားတဲ့ကတ်ဘူး ... အဝင်းဆီ ဒီကတ်ဘူးရောက်လာတော့ အဖုံးကော်ကပ်တိတ်ပြားကို ဘလိတ်ဓားမျိုးနဲ့ခွဲပြီး အဖုံးဖွင့်ကတ်ဘူးဖြစ်နေတယ်၊ အဲဒါကို အဝင်းကိုယ်တိုင်သံသယဖြစ်နေတယ် ကိုမှိုင်း ..."

"ပြောလေ ဘယ်လိုအဝင်းက သံသယဖြစ်တာလဲဆိုတာ"

"မိဥမ္မာက အပေါင်းအသင်းကောင်းတယ်၊ အပေါင်းအသင်းလည်းများတယ် ... မိဥမ္မာကို ခင်မင်ရာခင်မင်ကြောင်းမိတ်ဆွေတွေက ခဏခဏလက်ဆောင်ပေးကြတယ် ... နောက်ပြီး နိုင်ငံခြားရောက်နေတဲ့ ဥမ္မာရဲ့ယောက်ျားကလည်း ခဏခဏသူ့မိန်းမဆီ လက်ဆောင်ပစ္စည်းပို့ပေးတယ် ... အဲဒီ

www.burmeseclassic.com

တော့ ဒီကတ်ဘူးကို မိဥမ္မာက လက်ဆောင်ရထားပြီ … အထဲက ပစ္စည်းကို ကတ်ဘူးတိတ်ကို ဓားနဲ့ခွဲယူထားခဲ့တဲ့ ကတ်ဘူးဟောင်းထဲမှာပဲ … အဝင်းကိုပေးတဲ့ ဝတ်စုံအသစ်နှစ်စုံနဲ့ ကျောက်စိမ်းလော်ကတ်ဆွဲကြိုးထည့်ပေးရာမှာ … အလွယ်တွေဖွင့်ပြီးသား … ဒီကတ်ဘူးဟောင်းထဲထည့်ပြီး အဖုံးကိုပြန်ကော်ကပ်တိတ်နဲ့ မပိတ်တော့ဘဲ ဒီအတိုင်း အပွင့်အတိုင်းပေးလိုက်တာလား"

"အဲဒါလည်းဖြစ်နိုင်တာပဲ အဝင်း … "

"ဒါမှမဟုတ် မိဥမ္မာပို့ခိုင်းလိုက်တဲ့ လမ်းခုလတ်မှာပဲ တိတ်ကော်ပိတ်ထားတဲ့ကတ်ဘူးကို ဖွင့်ခွဲတာလားဆိုတာကို သံသယဖြစ်ကာ … "

"လမ်းခုလတ်က ကြားဖြတ်ပြီးဖွင့်တဲ့သူဆိုရင် … အထဲက ကျောက်စိမ်းလောကတ်ဆွဲကြိုးကို ယူထားလိုက်မှာပေါ့ အဝင်း … ဒီဆွဲကြိုးကို လိုချင်လို့ပဲ … အဝင်းကိုဈေးချိုက အပြန်မှာ လုယူဖို့ကြိုးစားခဲ့တာပဲ … "

"ဒါလည်းဟုတ်တာပဲ ကိုမှိုင်း … နောက်တစ်ခုစဉ်းစားစရာက ဒီကတ်ဘူးကပေးတဲ့အချိန်မှာ အဝင်းက အိမ်မှာမရှိဘူး။ စက်ဘီးနဲ့ လူတစ်ယောက်က ဥမ္မာပို့ခိုင်းတာလို့ပြောပြီး … လာပေးသွားတာကို အိမ်ကဒေါ်ဖြူက လက်ခံယူထားလိုက်တာ … အဝင်းအိမ်ပြန်မရောက်ခင် ဒေါ်ဖြူကပဲ အဖုံးပိတ်ကို ဓားနဲ့ခွဲပြီး အထဲကပစ္စည်းတွေကို ကြည့်သလားလို့လည်း စဉ်းစားမိတယ် … "



"ဟိုတုန်းက … အဝင်းမရှိတုန်း အဲဒီလိုပစ္စည်းလာပို့တာကို ဒေါ်ဖြူက လက်ခံယူထားလေ့ကော ရှိလား … "

"ဒေါ်ဖြူလက်ခံယူလေ့ရှိပါတယ် … ဒါပေမဲ့ … အဝင်းကို ဒေါ်ဖြူပြန်ပေးရာမှာ လက်ရာခြေရာမချို့ယွင်းပါဘူး … ပေးပို့သူနဲ့တွေ့လို့ ပြန်မေးကြည့်တိုင်း အမှန်အကန်ဖြစ်တယ်လို့သိရတယ် … ဒေါ်ဖြူမှာ ကြားဖြတ်ပြီး ကလိကစားလုပ်တဲ့ အကျင့်မရှိပါဘူး … "

"ဒါဆို အဝင်းက မဥမ္မာဆီကို ပေးပို့လိုက်တဲ့ပစ္စည်းတွေ အကြောင်းနဲ့ ကတ်ဘူးအပိတ်လား၊ အဖွင့်လားဆိုတာရော ဖုန်းဆက်မေးမကြည့်ဘူးလား … "

"အဝင်း ဈေးချိုသွားရင် ဆိုင်တစ်ဆိုင်က တယ်လီဖုန်းနဲ့ မိဥမ္မာဆီဆက်ပါသေးတယ် … မိဥမ္မာက အိမ်မှာမရှိဘူးလေ၊ ဒါကြောင့် မိဥမ္မာနဲ့ ဆက်သွယ်မှုမရလိုက်တော့ဘူး … "

"အင်း … စဉ်းစားစရာတွေပဲ … တဖြည်းဖြည်းတော့ သူ့ဟာသူပေါ်လာမှာပေါ့လေ … ကဲ … ကိုယ် ကောင်တာမှာ ငွေသွားရှင်းမယ် … ပြန်ကြစို့တော့ အဝင်း … "

"ဒီစားပွဲပေါ်က အရက်ခွက်ကို ရှင်းလိုက်ဦးလေ ကိုမှိုင်း … ကိုမှိုင်း ကောင်တာဘားမှာ အရက်သွားဝယ်တာကို ဦးပိန်ရှည် မြင်သွားတယ် … တစ်စက်မှမသောက်ဘဲ ဒီအတိုင်းထားခဲ့ရင် ဘယ်လိုတွက်မလဲ … သူ့ကို အကဲခတ်ချင်လို့ အရက်ကောင်တာမှာ ဝယ်တာမှန်းသိသွားမှာပေါ့ … "

"ဟုတ်သားပဲ … အဝင်းက သိပ်တော်တာပဲ … တော်ပြီး

www.burmeseclassic.com

ရင်းထပ်တော်ရင်းပဲ … ”

ဟု ချိုးမွမ်းခန်းထုတ်ကာ မှိုင်းသည် အရက်ဖန်ခွက်ကိုယူကာ ထွေးခံထဲသို့ သွန်ပစ်လိုက်တော့သည်။

“ကဲ … လာသွားစို့အဝင်း … ”



## (၇)

ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မှိုင်း၏တိုက်အိမ်လေးထဲသို့ ဝင်လာသည်နှင့် ဦးသြခ်ြစောင့်ကြီးက မှိုင်းနှင့် ဝင်းပပကို ဆီးကြိုသည်။

“ဟော … မှိုင်း ပြန်လာပြီ … ဒါ မှိုင်းနဲ့လက်ထပ်မဲ့ ရွှေမန်းသူလေးလား … တော်တော်ချောတာပဲကွ … မင်းသိပ်တော်ပါလား မှိုင်း … ”

ခြံစောင့်ကြီးက ဆီးကြိုပြီး မှိုင်းနှင့်ပြောဆိုပုံကိုကြည့်ပြီး မှိုင်းတို့သည် သူ့အိမ်မှလခစားများနှင့် အဆင့်မခွဲဘဲ မိသားစုလိုနေထိုင်ကြောင်း ဝင်းပပ သဘောကျမိသည်။ ဒေါ်ဒေါ်မွန်က ဦးသြအား မှိုင်းအကြောင်း တင်ကြိုပြောဟန်တူပေသည်။

ကားနောက်ပိုင်းအိမ်ထဲမှ ပစ္စည်းများကို ဦးသြကပင် ရှူယူသယ်ဆောင်ပေးသည်။

www.burmeseclassic.com

ဦးညြနှင့် ဝင်းပပကို မှိုင်းက မိတ်ဆက်ပေးသည်။ အိမ်ဧည့်ခန်းထဲအဝင်မှာပင် ဘုရားခန်းမှ ထွက်လာသော ဒေါ်ဒေါ်မွန်ကလည်း ဝင်းပပကို ပွေ့ဖက်နှုတ်ဆက်ကြိုဆိုသည်။

"ကားပွန်းသံလည်းကြားတယ် ... ကိုညြကြီး ဟောင်ဘူ ပြောသံလည်းကြားတယ် ... ဒါပေမဲ့ ဘုရားခန်းထဲရောက် နေပြီး ဗုဒ္ဓကိစ္စလေးတွေ တန်းလန်းနဲ့မို့ အပြင်ထွက်အောက် ဆင်းမကြိုနိုင်တာ ခွင့်လွှတ်ပါ သမီးလေးဝင်းပပရယ်"

"အဲဒါ ကိုယ်ပြောနေတဲ့ ဒေါ်ဒေါ်မွန်ပဲ အဝင်း ... အဝင်း တော့ ဒေါ်ဒေါ်မွန်က ကိုယ်ဖုန်းနဲ့ပြောထားလို့ အခုမှ မြင် ပေမဲ့ အဝင်းအကြောင်း ဒေါ်ဒေါ်မွန်က အားလုံးသိထားပြီ ပါပြီ အဝင်း ..."

"ဒေါ်ဒေါ်မွန့်အကြောင်း ကိုကိုမှိုင်းက အများကြီး ဝင်းပပ ကို ပြောထားလို့ တော်တော်သိထားပြီးပါပြီ ... မိခင်မ တော့တဲ့ ဝင်းပပမှာ မိခင်တစ်ယောက်ရလိုက်သလိုပါပဲ ဒေါ်ဒေါ်မွန် ..."

မှိုင်းကလည်း မိခင်နှင့် ခွဲခွာနေရာမှ ပြန်တွေ့ရသော ကလေးကြီးလို ဒေါ်ဒေါ်မွန်၏ခါးကို ဖက်ထားသည်။

ဝင်းပပကိုတစ်ဘက်၊ မှိုင်းကိုတစ်ဘက် ပွေ့ပိုက်ပြီး ဒေါ်ရည်မွန်က အိမ်ထဲသို့ ဝမ်းသာအားရခေါ်ဆောင်လာသည်။

"ကဲ ... ဒေါ်ဒေါ်မွန် မျက်မြင်ဖြစ်ပြီနော် ... အဝင်း ဘယ် လောက်ချောတယ် ... လှတယ်ဆိုတာ မန်းတက္ကသိုလ်က လည်း ဘွဲ့ရပြီးသား ... ကုန်တိုက်မှာအလုပ်လုပ်နေရာက



ခွင့်ယူပြီးလိုက်လာရတာ ... ရန်ကုန်သူတွေနဲ့ မကွာဘူးလား ဟင် ... ဒေါ်ဒေါ်မွန် အဝင်းဘယ်လောက်ချောတယ် လှ တယ်ဆိုတာ ..."

"ဒါတော့ ကိုယ်တင်ခုတင်ရှေ့နန်းပေါ့ မောင်မင်းကြီးသား ကိုမှိုင်းရာ ... ချီးမွမ်းတာတွေလွန်ကဲနေပြီ ... တစ်ပက် လောက်တော့လျှော့ပါဦး ..."

အိမ်ထဲဧည့်ခန်းရှိုးကေ့(စ်)ကိုကွယ်ရပ်နေသော ... သဇင်ဖြူထွက်လာပြီး အောက်ကလိအာအသံဖြင့်ပြောလိုက်သည် ကို ကြားလိုက်ရသည်။

"ဩ ... သဇင်ဖြူလည်းရောက်နေသလား ... ဖြန် ခနဲ မမြင် လိုက်လို့ မနှုတ်ဆက်တာ ခွင့်လွှတ်ပါ ..."

"ဖြူနိုးခန်အခုမြင်ပြုဆိုတော့ကော အခြေအနေက ဘာယူ လာတော့မှာလဲ ကိုမှိုင်းရယ် ... အခု ကိုမှိုင်းမှာ ရွှေမန်းမြို့ တော်ကြီးကတောင် တကူးတကပင့်ခေါ်လာတဲ့ သတို့သမီး လောင်း ကိုမှိုင်းချစ်သူပါလာပြီ မဟုတ်လား ..."

သဇင်ဖြူ၏စကားမှာ အစွန်းထွက်သောစကားဖြစ် နေပါ၏။ သူမနှင့် မှိုင်း မလွတ်ကင်းရှိနေပါလျက် ဝင်းပပပါလှိုလာ သောကြောင့် သူမက နောက်ဆုတ်အလျှော့ပေးရသောသဘော သက်ရောက်သွားပေသည်။

အကယ်၍သာ ဝင်းပပသည် မှိုင်းနှင့် ဟန်ဆောင် ချစ်သူသုပ်ငှဲးကိစ္စကြောင့် သတို့သမီးအတုမဟုတ်ဘဲ ချစ်သူအစစ် သာဖြစ်ပါက သဇင်ဖြူ၏အစွန်းမလွတ်စကားကြောင့် ချစ်သူနှင်း

www.burmeseclassic.com

အထင်မှားနိုင်စေလောက်သည်။ လက်ထပ်မှုပျက်ပြားသွားစေနိုင်လောက်သည်။

ယင်းအချက်ကို ပါးနပ်သောဒေါ်ဒေါ်မွန်က ချက်ချင်းကို ရိပ်မိပြီး ကြားဝင်ကာ အခြားစကားတွေပြောလိုက်သည်။

"အေးကွယ် ... ဒီနေ့ ဝင်းပပပါလာမယ်မှန်းသိလျက်နဲ့ ဒေါ်ဒေါ်မွန် မင်္ဂလာဒုံလေဆိပ်မှာ လာမကြိုနိုင်ခဲ့ဘူး ... အိမ်မှာလည်း အသင့်ထမင်းပွဲပြင်မထားနိုင်ဘူး ... ဒေါ်ဒေါ်မွန့်ကိုခွင့်လွှတ်ပါ ဝင်းပပ ... တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မနက်ပိုင်းမှာမှ ဒေါ်ဒေါ်မွန်ကိုယ်တိုင် မသွားရင်မဖြစ်တဲ့ကိစ္စပေါ်လာလို့ ဈေးသွားချိန်တောင်မရဘူး ... တော်တော်စောစောလေးကမှ သွားခဲ့တဲ့ကိစ္စကို အဟင်းလက်စသတ်ပြီး အိမ်ကို ဒုန်းစိုင်းပြန်လာရလို့ပါကွယ် ... ဒေါ်ဒေါ်မွန်ကိုခွင့်လွှတ်ပါ သမီး ..."

"အဲဒါကို ကိုကိုမှိုင်းက ဝင်းပပကို ပြောထားပြီးသားပါ ဒေါ်ဒေါ်မွန် ... ဝင်းပပကို တောင်းပန်နေစရာမှမလိုတာ"

"အံမာမင်း ... သမီးလေးပြောလိုက်တာ နားဝင်ချိုလိုက်တာကွယ် ... သမီးလေးက ရုပ်သိပ်ချောရုံမကဘူး၊ သဘောထားလေးကလည်း ဖြူစင်နေတာပဲ ... ဒေါ်ဒေါ်မွန်နားထဲမှာ သမီးလေးရဲ့စကားချိုဝင်သွားတာပဲ ..."

သဇင်ဖြူထံမှ ရယ်သံထွက်လာသည်။

"ဟဲ ... ဟဲ ... စာဆိုတောင်ရှိသေးတာပဲ ဒေါ်ဒေါ်မွန်ရဲ့ ရန်ကုန်အကြွား ... မော်လမြိုင်အစား ... မန္တလေးစကားဆို



တဲ့စကားလေ ... မန္တလေးသူပဲ ... ဒီလောက်တော့ နားဝင်ချိုအောင်ပြောတတ်မှာပေါ့ ..."

သဇင်ဖြူသည် ရှိုးကေ့(စ်)အကွယ်မှ ထင်ထင်လင်းလင်းထွက်လာပြီး ဝင်းပပရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

သဇင်ဖြူကို ဝင်းပပတစ်ကိုယ်လုံး ထင်ထင်ရှားရှားတွေ့မြင်လိုက်သည်နှင့် သဇင်ဖြူလိုမိန်းကလေးအား ကိုမှိုင်းသည် အဘယ်ကြောင့် ချစ်သူသတို့သမီးအဖြစ် အစစ်အမှန်မရွေးချယ်လေသနည်းဟု ကိုယ့်ရင်ထဲတွင် ပြန်မေးမိသည်။

သဇင်ဖြူသည် ချောမောလှပကျော့ရှင်းလှသူတစ်ဦးဖြစ်ကြောင်း ထင်ထင်ရှားရှားတွေ့မြင်ရသောကြောင့်ပါပေ။ သို့တစ်စေ သဇင်ဖြူ ဖြီးလိမ်းချယ်သဝတ်စားဆင်ယင်မှုမှာ မိန်းမသားတစ်ယောက်အနေနှင့် ရဲတင်းလွန်းကဲသည်ကိုလည်း တွေ့မြင်ရသည်။ နဂိုရှိရင်းစွဲ ပို့ပို့စို့စို့တွေပေါ်လွင်စေပြီး မြင်ရသည့်ယောကျ်ားသားရမ္မက်နိုးကြားစေသော ဝတ်စားမှုမျိုးဝတ်ဆင်ထားပေသည်။ ဖြီးလိမ်းချယ်သထားသည်ကလည်း အိမ်နေဖြီးလိမ်းပုံမျိုးမဟုတ်မူဘဲ ဖိတ်ပွဲတစ်ခုသို့သွားမည့် ဖြီးလိမ်းချယ်သမှုမျိုးဖြစ်နေသည်။

သဇင်ဖြူလမ်းလျှောက်လာပုံမှာလည်း အမျိုးသမီးများ အလှမယ်ရွေးပွဲတွင် လမ်းလျှောက်သလို လေ့ကျင့်ထားသော လမ်းလျှောက်ပုံမျိုးဖြစ်ပြီး ခြေလှမ်းလေတိုင်း ရှိသမျှပစ္စည်းတွေ တုန်ခါသွားစေသော လမ်းလျှောက်ပုံဖြစ်ပေသည်။

* ဝင်းပပနှင့် လက်တစ်ကမ်းအကွာလောက်တွင် ...

www.burmeseclassic.com

သဇင်ဖြူက ရယ်လိုက်သည်။

ပြီး ဝင်းပပနှင့် မျက်နှာချင်းဆိုင်ကာ ဝင်းပပမှ ထားသော မကျောက်စိမ်းလောကတ်ခွဲကြီးကို သဇင်ဖြူ ရှုစိုက်၍ ကြည့်ပေသည်။

"လှလိုက်တာ ဝင်းပပရဲ့ကျောက်စိမ်းလောကတ်လေးဟာ အရမ်းအရည်အသွေးကောင်းတာပဲ ... စကော့ ကိုမှိုင်းက ဝင်းပပကို ချစ်လက်ဆောင်ပေးထားတာထင်ပါရဲ့ ..."

"မဟုတ်ဘူး သဇင်ဖြူ ... ကျွန်တော့်မှာ အဝင်းကို ချစ်လက်ဆောင်ဝယ်ပေးချင်တဲ့ဆန္ဒရှိနေပေမဲ့ ဘယ်နေရာမှာ ဘာ ပစ္စည်းဝယ်ပေးရမှန်းတောင် မသိသေးဘူး ... ကျောက်မျက် တွေမှာ ဘယ်လိုအရည်အသွေးတွေရှိမှန်းတောင် ကျွန်တော် မသိဘူး ... ခုချိန်ထိ အဝင်းကို လက်ထပ်လက်စွပ်လေးတစ် ကွင်းတောင် ချစ်လက်ဆောင်မပေးရသေးပါဘူးဗျာ ..."

ပြောပြောဆိုဆို မှိုင်းက ဝင်းပပနှင့် သဇင်ဖြူတို့၏ မျက်နှာချင်းဆိုင်အလယ်ကြားတွင် ဝင်ရောက်ရပ်လိုက်သောကြောင့် သဇင်ဖြူက ဝင်းပပ၏ကျောက်စိမ်းလောကတ်ကို ကိုင်ကြည့်၍ လှမ်းထားသောလက်ကို ပြန်ရုတ်သိမ်းလိုက်ပေသည်။

"လာ ... အဝင်းရောက်ကတည်းက မတ်တတ်ရပ်နေတာ သွားထိုင်ရအောင်ပေါ့ ..."

မှိုင်းက ဝင်းပပ၏လက်ကိုဆွဲကာ ဆိုဖာတစ်လုံးတွင် ထိုင်စေလိုက်သည်။ မှိုင်းအပြုအမူမှာ ချစ်သူကို ယုယကြောင်းပေါ် လွင်စေပါ၏။



"နက်ဖြန်ဗိုလ်ချုပ်ဈေးသွားပြီး အဝင်းအတွက် လက်ထပ် လက်စွပ်တစ်ကွင်း ကိုယ်ဝယ်ပေးချင်တယ် ... အဝင်းက ဘယ်လိုဟာယူမလဲဟင် ..."

"ကျောက်စိမ်းပဲပေါ့ ... ကိုကိုမှိုင်း ... အဝင်းကျောက်စိမ်း ကြိုက်မှန်း ကိုကိုမှိုင်းသိသားနဲ့ ..."

သဇင်ဖြူက ခလှော့ပေ၏ ဝင်းပပဆိုင်းနေသော ဆို ဖာအောက်လျက်တွင် ဝင်ထိုင်ပြီး ဘာဘာညာညာမပြောဘဲ ဝင်း ပပဆွဲထားသော ကျောက်စိမ်းလောကတ်ကို ကိုင်တွယ်ကြည့်ရှု သည်။

ဤလူတန်းစား၏ ယဉ်ကျေးမှုအရ ဒီလိုမကိုင်တွယ် ပါနှင့်။ ဒီလိုမကြည့်ပါနှင့်ဟု ဟန့်တားရန်ခက်သောကြောင့် ဝင်းပပ မှိမ်၍ခံနေလိုက်သည်။

သဇင်ဖြူက ကျောက်စိမ်းလောကတ်ကို သေချာ ကြည့်ပြီးနောက် ဒေါ်ဒေါ်မွန်အား လှမ်းပြောလိုက်သည်။

"အန်တီမွန်ရေ ... ဒီဝင်းပပရဲ့ကျောက်စိမ်းလော့ကတ်ခွဲ ကြီးလေးကို သေချာကြည့်ပြီးမှ သဇင်ဖြူ သတိတစ်ခုရလာ တယ် ..."

"ဘာသတိရတာလဲ သဇင်ဖြူ ..."

"ဟိုတလောကသတင်းစာကြော်ငြာတစ်ခုပါလာတယ်လေ၊ ငါးမူးစေ့လောက်ရှိတဲ့ ကျောက်စိမ်းကို ရွှေကွပ်ဝိုင်းထားတဲ့ လော့ကတ်ပါတဲ့ရွှေဆွဲကြိုးပျောက်သွားတယ်တဲ့၊ အဲဒီပျောက်သွားတဲ့ ကျောက်စိမ်းလော့ကတ်ပါတဲ့ ဆွဲကြိုး

www.burmeseclassic.com

ကို တွေ့ရှိပြန်ပေးသူကို ဆုငွေငါးသောင်းဆိုလားပေးမယ်ဆို တဲ့ကြော်ငြာလေ ... "

မျက်နှာစုံညီရှေ့တွင် သဇင်ဖြူပြောချလိုက်သော စကားသည် မည်သို့အဓိပ္ပာယ်သက်ရောက်သွားမှန်း သဇင်ဖြူသိမှ သိပါလေစ။

ထိုဆွဲကြိုးကို ဝင်းပပကပင် ကောက်ရသလိုလို၊ ခိုး ယူလာသလိုလို၊ ဝင်းပပကိုပင် သူခိုးဟု စွပ်စွဲသလိုလို။

ဝင်းပပက သဇင်ဖြူ၏စကားကြောင့် တုန်လှုပ်ခြင်း မရှိပါပေ။

သို့သော် ... မှိုင်းက မျက်နှာထားတင်းသွားသည်။ သဇင်ဖြူအား မှိုင်းက တစ်ခုခုပြောမည်ပြုစဉ်မှာပင် ဒေါ်ရည်မွန်က အရင်ဦးစွာ ကြားဝင်ပြောလိုက်ပါ၏။

"ကျောက်စိမ်းဆိုတာ အမျိုးသမီးတော်တော်များများ နှစ် သက်ကြတာပဲ သဇင်ဖြူ ... ဒီလိုကျောက်စိမ်းနဲ့ လော ကတ်နဲ့ ဆွဲကြိုးတွေ မြန်မာပြည်အနှံ့ မရေမတွက်နိုင်အောင် ရှိနေမှာပေါ့ ... ရတနာဆိုင်တွေက လူကြိုက်များတာဆိုရင် ရယ်ဒီမိတ်လုပ်ရောင်းတဲ့ဆိုင်တွေ အများကြီးရှိတာပဲဟာ၊ အော် ... ဒါထက် အန်တီမွန်အစီအစဉ်တစ်ခုကြောင့် လွဲသွား တာ သဇင်ဖြူကိုပြောရဦးမယ် သဇင်ဖြူ ... "

"ဘယ်လိုအပြောင်းအလွဲလဲ အန်တီ ... "

"ဪ ... မှိုင်း မန္တလေးသွားနေတုန်းကတော့ အလုပ်ကိစ္စ နဲ့ သွားတာပဲ ... အန်တီမွန့်အိမ်မှာ လဲ့လဲ့ညိုနေသွားတဲ့အိပ်



ခန်းလည်း အားနေတာပဲ ... အဲဒီအခန်းမှာပဲ သဇင်ဖြူနေ စေပြီး ခေါ်ထားမလို့ပါ ... အခု အဲဒီအစီအစဉ် မဖြစ်တော့ ဘူးကွဲ့ ... ဘာလို့လဲဆိုတော့ မှိုင်းက သူနဲ့လက်ထပ်မဲ့သူ ချစ်သူဝင်းပပကိုပါခေါ်လာပြီလေ ... ဒီတော့ လက်မထပ် ခင်အတွင်း သတို့သမီးလောင်းဝင်းပပကို လဲ့လဲ့ညိုအိပ်ခန်း မှာပဲ ထားရမယ် ... သူတို့လက်မထပ်မီအတူနေလို့မဖြစ် သေးဘူးလေ ... မှိုင်းက သူ့နဂို သူ့အခန်းမှာပဲအိပ် ... ဝင်းပပ က လဲ့လဲ့ညိုအိပ်ခန်းမှာ အိပ်ရမယ် မဟုတ်လား ... "

"ဒါဆို သဇင်ဖြူက ဧည့်သည်လာ အိမ်သူပြေးဖြစ်သွားတာ ပေါ့ အန်တီမွန် ... ရပါတယ် ... သဇင်ဖြူအတွက် ကိစ္စမရှိ ပါဘူး ... ရန်ကုန်ကိုသဇင်ဖြူရောက်ကတည်းက ဒီအိမ်မှာ အမြဲလာနေတာမှလည်း မဟုတ်တာ ... မနက်လာ ညပြန် တာတွေများခဲ့တာပဲ ... ကိစ္စမရှိဘူးလေ ... ရပါတယ် ... သဇင်ဖြူကို သူနဲ့အတူလာနေဖို့ခေါ်သေးတယ် ... ဒါပေမဲ့ လဲ့လဲ့ညိုနေတဲ့နေရာက စုတ်ချာလွန်းလို့ လဲ့လဲ့ညိုနဲ့ သွား မနေတာပဲ အန်တီမွန် ... "

သဇင်ဖြူစကားထဲတွင် ... လဲ့လဲ့ညိုနေတဲ့နေရာက စုတ်ချာလွန်းလို့ဟုပါလာသည်နှင့် ဒေါ်ရည်မွန် ချက်ချင်းမျက်နှာ မကောင်းဖြစ်သွားရှာသည်။

သဇင်ဖြူပြောလိုက်သောစကားကို ကျယ်ကျယ်ပြန့်ပြန့် တွေးကြည့်ပါက ဒေါ်ရည်မွန်သည် သမီးရင်းခေါက်ခေါက် လဲ့လဲ့ ညိုကတော့ စုတ်ချာနိမ့်ကျသောနေရာတွင်နေစေပြီး၊ တူတော်သူ

www.burmeseclassic.com

မှိုင်း၏ချစ်သူဇနီးလောင်းကတော့ ဤခမ်းနားသောတိုက်အိမ် ခမ်းနားသော လှဲလှဲညိုအိပ်ခန်းတွင်နေစေသည်ဆိုသည့် အဓိပ္ပာယ်သက်ရောက်သွားစေလေသည်။

သို့သော် ဒေါ်ရည်မွန်သည် မျက်နှာတစ်ချက်ပျက်သွားစေကာမှ သမီးလှဲ့လှဲ့ညိုနှင့် ပတ်သက်ပြီး တစ်ခွန်းမျှစကားမဆိုဘဲ နှုတ်ပိတ်မြဲပိတ်နေသည်။

"ကိုင်း ... ဒါဆို သဇင်ဖြူပြန်တော့မယ် ... မှိုင်းနဲ့ ဝင်းပပကိုလည်း နှုတ်ဆက်ပါသတဲ့ရှင် ..."

သဇင်ဖြူသည် နှုတ်ဆက်ပြီး စောစောက ဆိုဖာနောက်မှီလွှားတင်ထားသော သူမ၏ယုန်မွေးရှည်အပေါ်ဝတ်အင်္ကျီကို ကောက်ယူကာ လက်မောင်းကွေးလက်ဖျံပေါ်တွင် တစ်ခေါက်ချိုးတင်ကာ ထွက်ခွာသွားတော့သည်။

သဇင်ဖြူယုန်မွေးရှည်အင်္ကျီမျိုးကို ဟောင်ကြီးဈေးထဲတွင် ဝင်းပပ မြင်ဖူးသည်။ သောင်းဂဏန်းအထိရောင်းသောအင်္ကျီမျိုးဖြစ်ပါ၏။

မှိုင်းပြောပုံအရဆိုလျှင် ... သဇင်ဖြူသည် မိဘတွေကွယ်လွန်ပြီး ချမ်းသာကြွယ်ဝစွာ ကျန်ခဲ့သူမဟုတ်။ သူမဘဝကို သူမဘာသာရပ်တည်ဖို့ ပင်ပန်းစွာရုန်းကန်နေရသူဟုဆိုသည်။ ထို့ကြောင့်ပင် မှိုင်းကိုပင် အရလက်ထပ်ချင်နေသူဖြစ်နေသည်။ ထိုသို့သော သဇင်ဖြူသည် ဤသို့သော သောင်းကျော်သည့် ယုန်မွေးရှည်အင်္ကျီမျိုးကို ဝယ်ယူဝတ်ဆင်သတဲ့လေ။ သူမ၏ယုန်မွေးရှည် အင်္ကျီမှာ တစ်ပတ်ရစ်လည်းမဟုတ်။ အသစ်စက်စက်ဝယ်ပတ်သည့်ပုံစံရှိ



နေသည်။

ဝင်းပပ စဉ်းစားကြည့်နေစဉ်မှာပင် တယ်လီဖုန်းမြည်သံထွက်လာသဖြင့် ဒေါ်ဒေါ်မွန်ပင် သွားကိုင်ပေသည်။

"ဟုတ်ကဲ့ ... အိမ်ကိုရောက်နေပါပြီ ..."

ခေါ်ပေးပါမည်ဟုပြောကာ မှိုင်းကို လှမ်းခေါ်လိုက်သည်။

"မင်းဆီကိုဆက်တာ မှိုင်း ... မင်းရဲ့အထက်လူကြီးဆီကတဲ့"

မှိုင်း သွားရောက်ပြီး ဖုန်းပြောသည်။

"ဟဲ့ ... သဇင်ဖြူ ... မသွားသေးဘူးလား ... အန်တီက သဇင်ဖြူသွားပြီလို့မှတ်တာ ..."

ဝင်းပပက တံခါးပေါက်ကို ကျောပေးထားသောကြောင့် သဇင်ဖြူမသွားသေးဘဲ တံခါးတွင်ရပ်နေသည်ကို မမြင်မိပေ။ ထို့ကြောင့် တံခါးပေါက်သို့ ပြန်လှည့်ကြည့်ရာ သဇင်ဖြူမသွားသေးဘဲ ရပ်နေသည်ကို တွေ့ရသည်။

သဇင်ဖြူ အာရုံစိုက်ကြည့်နေသည့်မှာ မှိုင်း ဖုန်းပြောနေးစွင့်စိုက်ကြည့်နေသည်ကို ဝင်းပပ သတိထားလိုက်မိသည်။

"ဩော် ... ဟုတ်ကဲ့ အန်တီမွန် ... သဇင် ဒီမှာ ဘာပစ္စည်းများ မေ့ကျန်ခဲ့သေးသလဲလို့ ရပ်စဉ်းစားနေတာပါ ... ကျန်နေရင် နောက်တစ်ခေါက်ပြန်လာယူရမှာစိုးလို့ အန်တီမွန်ရဲ့ ... သွားပြီ အန်တီမွန်ရေ ..."

ဟု ပြန်ပြောပြီးမှ တကယ်ပင်ထွက်သွားတော့သည်။

"လာ ... ဝင်းပပ ... ဒီအိမ်ရဲ့အခန်းတွေနဲ့ အိမ်အနေအထား

www.burmeseclassic.com

ကို ဒေါ်ဒေါ်မွန် လိုက်ပြပေးထားမယ် ... တစ်သက်လုံး ကိုယ်နေရမဲ့အိမ်ဆိုတော့ ဝင်းပပ ဘာမဆို အိမ်အကြောင်း သိထားသင့်တယ်လေ ... ”

“တစ်သက်လုံး ဟုတ်လား ... ”

“အင်းပေါ့ ... ဒေါ်ဒေါ်မွန်က မိုင်းကို တစ်သက်လုံးဒီအိမ်မှာပဲနေစေမှာမို့ လက်ထပ်ကြပြီလည်း ... ဝင်းပပတို့လဲ မယားဘူး ဒီအိမ်မှာပဲ တစ်သက်လုံးနေရမှာလေ ... ”

ဒေါ်ဒေါ်မွန်ခမျာ မိုင်းနှင့် သူမသည် ဟန်ဆောင်အတုချစ်သူမှန်း မသိရှာပါတကားဟုသာ စိတ်ထဲတွင် ညည်းညူလိုက်မိတော့သည်။

အိမ်ကိုပြရင်းဒေါ်ဒေါ်မွန်က ... မိုင်းနဲ့ လဲ့လဲ့ညို၏အကြောင်းတွေကို ပြောပြသည်။ မိုင်းကို ဒေါ်ဒေါ်မွန်က သမီးရင်း လဲ့လဲ့ညိုကိုချစ်သလောက် တူတော်မောင်ကိုချစ်သည်။ ထို့ကြောင့် တူတော်မောင်မိုင်းကို သားအဖြစ် သူမချမ်းသာသမျှအမွေတွေပေး အပ်ရန်အထိ ရည်ရွယ်သည်။ သို့သော် ထိုရည်ရွယ်ချက်ကို မိုင်းက လက်မခံ။ မိုင်းတွင် သူ့မိဘများထဲမှရထားသော အမွေတွေများစွာ ရှိသည်။ ဒေါ်ဒေါ်မွန်၏အမွေကို လက်ခံလိုက်ပါက မောင်နှမတစ် ဝမ်းကွဲ လဲ့လဲ့ညိုက သူ့အပေါ် အထင်လွဲကာ မောင်နှမချင်း ဒေ ကွဲသွားမည်။ အခုလောလောဆယ်တွင် လဲ့လဲ့ညိုသည် မိခင်စိတ် ပျက်အောင် မိုက်မဲသော်လည်း တစ်ချိန်ချိန်တွင် လဲ့လဲ့ညို သမီး အလိမ္မာလေးဖြစ်လာအောင် အစ်ကိုဖြစ်သူမိုင်းက သိမ်းသွင်းပြုပြ မည်ဟုပြောသည်။ လဲ့လဲ့ညိုသည် အကျင့်ပျက်မိန်းကလေး မဟုတ်



သူ့သိက္ခာကို သူ စောင့်ထိန်းနိုင်သောမိန်းကလေးဖြစ်သည်။ ယခု အိမ်မှဆင်းသွားသည်ကလည်း မိခင်က သူ့အား ချုပ်ချယ်လွန်းသည် ဟုယူဆပြီး လူငယ်ဘာဝ လွတ်လွတ်လပ်လပ် [illegible]ချင်သလိုနေရန် ဆင်းသွားခြင်းသာဖြစ်သည်။ စသဖြင့် ဒေါ်ဒေါ်မွန်က မှုကို မိသားစု ကိစ္စအားလုံးပြောပြရင်း အိမ်ကြီး၏အခန်းတိုင်း [illegible]ကိုင်းကို ပြပေးသည်။

စကားတွေပြောရင်း တစ်အိမ်လုံးအနှံ့ပြပြီးမှ နောက် ဧည့်ခန်းသို့ပြန်ထွက်လာကြသည်။

ဧည့်ခန်းတွင် မိုင်းကိုမတွေ့ရတော့ပေ။ သူ၏အိပ် ခန်းမှ ရေကျသံတွေကြားရသဖြင့် မိုင်း သူ့အခန်းတွင် ရေချိုးနေမှန်း သိရသည်။

ဝင်းပပနှင့် ဒေါ်ရည်မွန် ဧည့်ခန်းတွင်ပြန်ထိုင်ကြ သည်။ ဒေါ်ဒေါ်မွန်က သမီးလဲ့လဲ့ညိုအကြောင်းပင် ဆက်ပြောနေ သဖြင့် လဲ့လဲ့ညိုအကြောင်းကို ဝင်းပပ ပို၍ ပို၍ သိလာရသည်။

ပြောနေကြစဉ်မှာပင် မိုင်း ပြန်ထွက်လာသည်။ သူ့ ရာထူးအလိုက် ယူနီဖောင်းဝတ်ထားသည်ကို တွေ့ရသည်။

“ကျွန်တော် ညီနိုင်းအစည်းအဝေးသွားတက်လိုက်ဦးမယ် ... မိုးချုပ်မလားမသိဘူး ... အဝင်းကို ဒေါ်ဒေါ်မွန်ပဲ အဖော် ပြုပေးထားဖို့ပါ ... ”

ဒေါ်ဒေါ်မွန်က မိုင်း၏စကားကို လိုက်လျောမှုမရှိ သောမျက်နှာ ပေါ်လွင်လာသည်။

“ဒေါ်ဒေါ်မွန်သာ မင်းနေရာမှာဆိုရင် ဒီနေ့အစည်းအဝေး

www.burmeseclassic.com

ဘယ်လောက်အရေးကြီးကြီး မသွားဘူးဘဲ ... ဘယ်ဌာနမှာမဆို အရာရှိဖြစ်ဖြစ်၊ ဝန်ထမ်းပဲဖြစ်ဖြစ် သူ့အခွင့်အရေးနဲ့ သူရှိနေတာပဲ ... တကယ်ဆို အခုအချိန်မျိုးမှာ မင်းဌာနက ခွင့်ယူပြီး ဝင်းပပအနားမှာနေရင်နေ၊ ဒါမှမဟုတ် ဝင်းပပကို ရန်ကုန်မြို့နေရာအနှံ့ မင်း လိုက်ပို့ပေးသင့်တယ်”

“ဒါတော့ ဒါပေါ့ ဒေါ်ဒေါ်မွန် ... အခုဟာက သိပ်အရေးကြီးတဲ့ကိစ္စရှိလို့ မန္တလေးရောက်နေတဲ့ ကျွန်တော့်ကို ဌာန လူကြီးတွေက ဒေါ်ဒေါ်မွန်ကတစ်ဆင့် ကျွန်တော့်ကိုပြန်ခေါ်ခိုင်းတာ ... ဒေါ်ဒေါ်မွန်ကိုယ်တိုင်အသိပဲ ... ”

“မသကာ အလုပ်ဖြုတ်ပစ်ရုံပေါ့ မှိုင်း ... ခွင့်တောင်းတာ ခွင့်မပေးနိုင်လို့ အလုပ်ပြုတ်တော့ ဘာအရေးလဲ ... မင်းမှာ တခြားစီးပွားရေးလုပ်နိုင်တဲ့ ငွေကြေးအပြည့်အစုံရှိတယ်၊ ဒေါ်ဒေါ်မွန်မှာလည်း တော်တော်များများရှိတယ်၊ အလုပ်ပြုတ်တော့ကော ဘာအရေးလဲ မှိုင်း ... အခုတော့ အခုမှ ခေါ်လာတဲ့ချစ်သူဇနီးလောင်းကို အိမ်မှာထားခဲ့ပြီး မင်း အလုပ်သွားရတယ်လို့ကွာ ... ”

“အဲဒီအတွက် အဝင်းက ကျွန်တော့်ကို နားလည်ထားပြီးသားပါ ဒေါ်ဒေါ်မွန် ... ဟုတ်တယ်နော် အဝင်း ... ”

ဝင်းပပက ပြုံး၍ ခေါင်းညိတ်ပြသည်။

“ဟုတ်ပါတယ် ဒေါ်ဒေါ်မွန် ... အိမ်မှာ ကိုကိုမှိုင်းမရှိလည်း ဝင်းပပ ဒေါ်ဒေါ်မွန်နဲ့ နေရတာ ပျော်ပါတယ် ... ကျေနပ်လည်းကျေနပ်ပါတယ် ... ကိုကိုမှိုင်း သူ့အလုပ်သူသွားလုပ်



ပါစေ ဒေါ်ဒေါ်မွန် ... ”

“ကဲ ... ဒေါ်ဒေါ်မွန် ကြားတယ်နော် ... အဝင်းက အဲဒီလို မိန်းကလေးပါ ဒေါ်ဒေါ်မွန်ရဲ့ ... ”

ပြောပြောဆိုဆို မှိုင်းက ဒေါ်ရည်မွန်၏ပါးပြင်ဖောင်းဖောင်းကို ရွတ်ခနဲမွှေးလိုက်သည်။ ပြီးနောက် ပါးဖောင်းဖောင်းကို မနာအောင်ဆွဲလိမ်လိုက်သည်။

“အယ် ... ဒီခွေးကောင် ... အဒေါ်ရဲ့ပါးကိုနမ်းလိုက် ... ဆွဲလိမ်လိုက်နဲ့ ... ငယ်ငယ်ကအကျင့် ခုထိမပျောက်ဘူး၊ ကဲ ... အဒေါ်ကို နှစ်သိမ့်မနေနဲ့တော့ ... ဟောဒီ ငါ့သမီး ဝင်းပပလေးက သဘောတူနေမှတော့ မင်းအလုပ် မင်းသွားလုပ်တော့ ... ”

“တာ့တာ ... ”

ဟု လက်ဝါးဖြန့်နှုတ်ဆက်ပြီး မှိုင်း ထွက်သွားတော့သည်။

ဒေါ်ဒေါ်မွန်က ပြုံးရယ်ရင်း ပြောလိုက်သည်။

“မှိုင်းအကျင့်က ဒီအတိုင်းပဲ ဝင်းပပရဲ့ ... သူ စိတ်ထဲကြည်နူးတဲ့အခါ စကားရောဖွဲ့ရောနဲ့ အလစ်မှာ ပါးကို နမ်းလိုက် ဆွဲလိုက်နဲ့လုပ်ပြီး ထွက်ပြေးတတ်တယ် ... သူ့ညီမလဲ့လဲ့ ညိုဆိုရင် ခဏခဏအဲဒီလိုလုပ်လို့ နှုတ်ခမ်းစူ ... ရန်ဖြစ်ရတာ အမောပဲ ... ဝင်းပပကိုရော ... မှိုင်း ဒီလိုပဲ သူ ကြည်နူးတဲ့ အခါလုပ်တာပဲမဟုတ်လား ... ”

“ဟင့်အင်း ... ဝင်းပပကို ကိုမှိုင်း အဲဒီလိုတစ်ခါမှမလုပ်ဖူးပါ

www.burmeseclassic.com

ဘူး အန်တီမွန် ...”

“ဘာရယ် ... ဟုတ်နိုင်မလားကွယ် ... မှိုင်းအကျင့်ကိုက
ဒီအကျင့်ပဲဟာ ...”

ဝင်းပပ လွှတ်ခနဲပြောလိုက်မိခြင်းဖြစ်ပါ၏။ ဟာ
ဆောင်အတုဘာဝဝယ် မှိုင်းက ယင်းသို့ တစ်ခါမျှမပြုမူဘူးသဖြ
အမှန်အတိုင်း လွှတ်ခနဲပြောလိုက်မိခြင်းဖြစ်သွားသည်။

သို့သော် ဒေါ်ဒေါ်မွန်မျက်နှာတွင် အုံ့ညိုသွားသေ
အသွင် ရုတ်ခြည်းပေါ်လာသည်နှင့် ဝင်းပပက ထပ်ဆင့်ဖြည့်စွ
စကားပြောလိုက်ရသည်။

“ကိုကိုမှိုင်းက ဝင်းပပရဲ့ပါးကိုတော့ အဲဒီလိုမလိမ်ဘူး ...
ဒါပေမဲ့ ဝင်းပပရဲ့နှာတံနှာခေါင်းကိုတော့ သူစိတ်ထဲ ကြည
နူးပြီး မချင့်မရဲဖြစ်လာတဲ့အခါ ဆွဲလိမ်တတ်လွန်းလို့ ဝင်းပ
အမြဲသတိထားနေရတယ် ဒေါ်ဒေါ်မွန် ...”

ဒေါ်ရည်မွန် ရယ်လိုက်ပေသည်။ ကြည်ကြည်နူးနူး
နှင့် သဘောကျပြီးရယ်ခြင်းမျိုးဖြစ်ပါ၏။

“အင်းပေါ့လေ ... ဒီကောင်မှိုင်းက လူလည်ပဲ ... ဝင်းပ
ကျတော့ နေရာပြောင်းပြီးလိမ်ရမှာပေါ့ ... ဝင်းပပက သူ
သတို့သမီးလောင်းပဲဟာ ... ဒေါ်ဒေါ်မွန်နဲ့ လဲ့လဲ့ညိုက သူ
အဒေါ်နဲ့ ညီမလေးကိုး ...”

ပြောပြီး ဒေါ်ဒေါ်မွန် သဘောကျစွာ ဆက်၍ရ
စေသည်။

ဝင်းပပကိုယ်တိုင်လည်း သူဟာသူပြောသည့်စက



ကို သူဟာသူပင် သဘောကျပြီး ဒေါ်ဒေါ်မွန်နှင့်အတူ လိုက်၍ရယ်
မောမိတော့သည်။

အင်း ... အတုအယောင်ဘာဝဆိုသည်ကလည်း ...
တကယ်တမ်းကျတော့ မလွယ်လှပါတကား။

www.burmeseclassic.com

## (၈)

သုံးထပ်တိုက်အပေါ်ထပ်ဆုံးအခန်းကြီးထဲတွင် … အစည်းအဝေးကျင်းပသည်။ အပြင်မှလုံးဝမကြားနိုင်သော အသံလုံခန်းကြီးဖြစ်သည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်သုံးဦးသာပါရှိသည်။

အတွင်းရေးမှူးမှာ ရဲအုပ်မှိုင်းဟုသာသိရပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်သုံးဦးမှာ မည်သည့်ဌာနက မည်သို့အကြီးအကဲတွေဖြစ်မှန်းနှင့် နာမည်မှန်ကို မသိနိုင်ပေ။

ဥက္ကဋ္ဌကို ဦးဖြူ။

အဖွဲ့ဝင်များကို ဦးစိမ်း ဦးဝါ ဦးနီဟုသာ အမည်များပေးထားသည်။

အမည်မှန်နှင့် ရာထူးမှန်ကို လျှို့ဝှက်ထားသည်။



အတွင်းရေးမှူးရဲအုပ်မှိုင်းပင်လျှင် အမည်မှန်ရာထူးမှန်တွေကိုမသိ။

အစည်းအဝေးစသည်နှင့် အဖွဲ့ဝင်ဦးနီက သတင်းပေါက်ကြားမှု၌ မကျေနပ်ချက်များကို တင်ပြသည်။

ဦးနီတင်ပြနေစဉ်မှာပင် ဖုန်းမြည်သံပေါက်လာသောကြောင့် ဥက္ကဋ္ဌဦးဖြူက ကောက်ကိုင်နားထောင်သည်။

"အေး … ပြော … ငါပဲ … "

" …………………………… "

"မင်း သေသေချာချာကြည့်ထားတယ်နော် … "

" …………………………………………………… "

"အေး … ဆက်ကြည့်ထား … မျက်ခြည်မပြတ်စေနဲ့ … "

ဟု ပြောပြီး ဖုန်းချလိုက်သည်။ ပြီး ဥက္ကဋ္ဌဦးဖြူက အတွင်းရေးမှူးမှိုင်းကို လှမ်းပြောသည်။

"မှိုင်း … မင်းဒီကိုအလာမှာ မင်းနောက်က နောက်ယောင်ခံတဲ့လူပါလာတယ်တဲ့ … ပိန်ပိန်ရှည်ရှည်အသားညိုညိုတဲ့"

"ဦးပိန်ရှည် … "

ဟု မှိုင်းက ရေရွတ်လိုက်သည်။

"အဲဒီလူရဲ့အမည်မှန်ကိုမသိလို့ ကျွန်တော်ကိုယ်တိုင် သူ့ကိုကျွန်တော်ဟာ့ကျွန်တော် ဦးပိန်ရှည်လို့သတ်မှတ်ထားပါတယ်၊ သူ့အင်္ဂါရုပ်ကိုကြည့်ပြီး သတ်မှတ်တာပါ … ဒီနေ့မနက်လေးကလေးယာဉ်နဲ့ပြန်လာပြီး နမ်စင်ဟိုတယ်မှာ နံနက်စာဝင်စားတော့ အဲဒီဦးပိန်ရှည်ကို နမ်စင်စားသောက်ခန်းမှာ ကျွန်တော် သတိထားတွေ့ [illegible]က်ပါတယ် … ဒီဦးပိန်ရှည်

www.burmeseclassic.com

ဟာ ကျွန်တော် အခုအိမ်ကထွက်လာမှ နောက်ယောင်ခံလိုက်တာ မဟုတ်ဘူး ... မန္တလေးမှာတည်းက ကျွန်တော့်ကို နောက်ယောင်ခံလိုက်နေသူပါ ... ဘာလို့ ကျွန်တော့်ကို နောက်ယောင်ခံလိုက်မှန်းတော့ မသိသေးဘူး ... "

မိုင်းက မန္တလေးရတနာဗိမာန်ဆိုင်တွင် ဦးပိန်ရှည်ကို စတင်တွေ့ခဲ့ရပုံကို ဝင်းပပပြောပြထားသည့်အတိုင်း ယခုပြောပြလိုက်သည်။

ထို့နောက် မိုင်းကပင် ပြန်၍မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော်ကပဲ ဒီအဖွဲ့ကို ပြန်မေးပါရစေ ... အဲဒီဦးပိန်ရှည်ဟာ ဒီစိမ်းဝါနီအဖွဲ့ကြီးက ကျွန်တော် မန္တလေးမှာသွားလာလှုပ်ရှားတာတွေကိုသိအောင် ဦးပိန်ရှည်ကို ကောင်တာချက်ကင်သဘောနဲ့ ကျွန်တော့်နောက်ကို လိုက်ခိုင်းတာလားလို့"

"လုံးဝမထည့်ဘူး ... ကျွန်တော် ဥက္ကဋ္ဌအစ အဖွဲ့ဝင်အားလုံးဟာ မိုင်းအပေါ်မှာ ရာနှုန်းပြည့်ယုံကြည်မှုရှိတယ် ... ကောင်တာချက်ကင်ပြန်လိုက်စရာမလိုဘူး ... "

ဟု ဥက္ကဋ္ဌဦးဖြူက ပြောလိုက်သည်။

"ဒါဆို ကျွန်တော် ဆက်ပြီးမေးပါရစေ၊ ကျွန်တော် မန္တလေးကိုသွားတယ်ဆိုတဲ့အကြောင်းဟာ သဇင်ဖြူနဲ့ပတ်သက်နေတယ်လို့ဆိုတာ တစ်ဖွဲ့လုံးကို ကျွန်တော်က ပြောခဲ့ပြီးသားပါ ... လူကြီးမင်းတို့ကပဲ သဇင်ဖြူရဲ့အကြောင်း ဆက်ပြီးစုံစမ်းထားမယ်လို့ ပြောခဲ့ပါတယ် ... အဲဒါ သဇင်ဖြူရဲ့



အကြောင်း လူကြီးမင်းတို့ ဘယ်လောက်ထိသိပြီးသားပါလဲ ... "

"သိသင့်သလောက်သိထားပြီးပြီ ... ရထားတဲ့သတင်းကထူးလည်းထူးတယ် ... ဒါကြောင့် မိုင်းကို ချက်ချင်းရန်ကုန်ကိုပြန်ခေါ်တာ ... "

"ကဲ ... ဦးစိမ်း သဇင်ဖြူရဲ့အကြောင်း ရရှိထားတဲ့သတင်းတွေ မိုင်းကိုပြောပြလိုက်ပါ ... "

ဥက္ကဋ္ဌဦးဖြူက ဦးစိမ်းကို ပြောပြရန်တာဝန်ပေးသဖြင့် ဦးစိမ်းက ပြောပြသည်။

"မိုင်းရဲ့အဒေါ် ဒေါ်ရည်မွန်ရဲ့ခင်ပွန်း ဦးလွန်းမောင်မှာ ... ဦးထွန်းအောင်ဆိုတဲ့အစ်ကိုဆိုတာရှိတယ် ... အဲဒါ ဟုတ်လား မိုင်း ... "

"ဟုတ်ပါတယ် ... ဒေါ်ဒေါ်မွန်ရဲ့ယောကျ်ား ဦးလွန်းမောင်မှာ အစ်ကိုဦးထွန်းအောင်ဆိုတာရှိခဲ့ပါတယ် ... အခု ကွယ်လွန်သွားပါပြီ ... "

"အဲဒီကွယ်လွန်သွားတဲ့ ဦးထွန်းအောင်မှာ သဇင်ဖြူဆိုတဲ့သမီးတစ်ယောက်ရှိခဲ့တယ်ဆိုတာရော ... "

"ဟုတ်ကဲ့ ... သဇင်ဖြူဟာ ဦးထွန်းအောင်ရဲ့သမီးပါ ... "

"အေး ... ဦးထွန်းအောင်ရဲ့သမီးအစစ် သဇင်ဖြူဟာ ရှမ်းပြည်နယ်မြောက်ပိုင်း နမ်ဆန်မြို့က ခြံမြေသူဌေးသားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သူ့ခင်ပွန်းနဲ့အတူ နမ်စမ်ကိုလိုက်သွားတယ် ... ဟိုမှာ အဲဒီသူဌေးသားနဲ့ ပေါင်းသင်းနေ

www.burmeseclassic.com

တယ် ... ”

“ဒါဖြင့် ကျွန်တော့်အိမ်ကိုဝင်ထွက်နေတဲ့ သဇင်ဖြူကရော”

“အဲဒါ ... သဇင်ဖြူအတုပဲ မှိုင်း ... ”

“ဗျာ ... ”

“ဟုတ်တယ် ... အဲဒီအတိုင်းပဲ ... ”

“ဒေါ်ဒေါ်မွှန်ကိုယ်တိုင်က အခု ကျွန်တော့်အိမ်ကိုဝင်ထွက်နေတဲ့ သဇင်ဖြူဟာ သူ့ခင်ပွန်း ဦးလွန်းမောင်ရဲ့ တူမလို့ ယုံကြည်ထားသားပဲ ... ”

“တို့ဆီမှာ နမ်ဆန်ကသူဌေးသားနဲ့ ပေါင်းသင်းနေတဲ့ သဇင်ဖြူအစစ်ရဲ့ ဓာတ်ပုံရထားပြီ ... ရော့ ... မှိုင်းကိုယ်တိုင်ကြည့်ပါ ... အဲဒါ သဇင်ဖြူအစစ်ပဲ ... ”

မှိုင်း ယူကြည့်သည်။

လက်ဖက်ခြံထဲတွင်ရပ်နေသော အမျိုးသမီးတစ်ဦး၏ဓာတ်ပုံကို မြင်ရသည်။ ဓာတ်ပုံထဲမှ အမျိုးသမီး၏ကိုယ်လုံးကိုယ်ထည် အဆက်အပေါက်မှာ မိမိအိမ်သို့ လာနေသော သဇင်ဖြူနှင့် တူသည်။ ဓာတ်ပုံက ပို့စကတ်အရွယ်မို့ သေချာတွေ့မြင်ရပါ၏။

ဓာတ်ပုံထဲမှသဇင်ဖြူသည် သာမန်အင်္ကျီထဘီဝတ် ဆင်ထားသည်။ ယခုအိမ်ကိုလာနေသောသဇင်ဖြူကတော့ ခေတ်မီ အဖိုးတန်အဝတ်အစားဝတ်ဆင်သည်။ ဓာတ်ပုံထဲမှ သဇင်ဖြူ၏ မျက်ခုံးမျက်လုံး နှာတံနှုတ်ခမ်းစသည်တို့သည် အိမ်ကိုလာသော သဇင်ဖြူနှင့် ခပ်ဆင်ဆင်တူညီသည်။

သို့သော် သေချာကြည့်လျှင် ဓာတ်ပုံထဲမှ သဇင်ဖြူ



နှင့် ဒီကသဇင်ဖြူ၏ ကွာခြားချက်များကို တွေ့လာရပေသည်။

ဓာတ်ပုံထဲမှ သဇင်ဖြူက မေးရိုး[illegible] မျက်နှာလေးထောင့်ပုံစံရှိသည်။

ဒီကသဇင်ဖြူက မေးရိုးမကားဘဲ ညှက်[illegible] နှာရှိနေသည်။ မျက်နှာကျပုံတြိဂံပုံဆန်သည်။

မှိုင်းက ဓာတ်ပုံကို သေချာမှန်ဘီလူးနှင့်ကြည့်ပြီး ဓာတ်ပုံရော၊ မှန်ဘီလူးကိုရော ဦးစိမ်းလက်သို့ ပြန်ပေးလိုက်သည်။

“ဒါဆို ဒီကသဇင်ဖြူဆိုတာ အစစ်အမှန် ဘယ်သူလဲဆိုတာ စုံစမ်းရမှာပေါ့ ... ”

“စုံစမ်းချက်ရထားပြီးပြီ ... ဒီကသဇင်ဖြူဆိုတာ ‘မော်မော် ခိုင်’ တဲ့ ... ”

“မော်မော်ခိုင် ဟုတ်လား ... ”

“ဟုတ်တယ် ... မော်မော်ခိုင်ဟာ ဒီရန်ကုန်ကိုမလာခင်က သီပေါမှာနေခဲ့တယ် ... ”

“နေဦး ... ကျွန်တော့်ကို ဒေါ်ဒေါ်မွှန်က ပြောဖူးတယ် ... ဦးထွန်းအောင်ရဲ့သမီး သဇင်ဖြူအစစ်လည်း သီပေါမှာနေ တာပဲတဲ့ ... ”

“ဟုတ်တယ်လေ ... သဇင်ဖြူအစစ်ဟာ သီပေါမှာနေရင်း နမ်ဆန်က သူဌေးသားနဲ့ သီပေါမှာ တွေ့ဆုံချစ်ကြိုက်လက် ထပ်ကြတာ သတင်းပေးတဲ့အထဲမှာပါသားပဲ ... ဆက်ပြီး နားထောင်ပါ မှိုင်း၊ သဇင်ဖြူအတု မော်မော်ခိုင်အကြောင်း သတင်းရထားတာကို ဆက်ပြောပြမယ် ... ”

www.burmeseclassic.com

"ဟုတ်ကဲ့ … ကျွန်တော် နားထောင်နေပါတယ် …"

"မော်မော်ခိုင်ဟာ သီပေါမှာနေတုန်းက အခုလို ထည်ထ ဝါဝါပိုပိုစံမဟုတ်ဘူး … ရရစားစားအဆင့်ပဲရှိတယ် … အ ရန်ကုန်ကို မော်မော်ခိုင်ရောက်လာပြီး သခင်ဖြူနာမည်ခံ ငွေကြေးပေါများ သုံးနိုင်ဖြုန်းနိုင် ဝတ်နိုင်စားနိုင်ပြီးနေတ ကိုက ရန်ကုန်ထိပ်တန်းဟိုတယ်တွေမှာ တည်းခိုနေတာ"

"အင်း … ဒေါ်ဒေါ်မွန်ကိုယ်တိုင် မော်မော်ခိုင်ကို သခင်ဖြူ လို့ မှတ်ယူတာ အံ့သြစရာပဲ …"

"ကဲ … အန်ကယ်တို့ သခင်ဖြူရဲ့အကြောင်း ပြန်ပြီးဆန်းစစ် ကြည့်ရအောင် … သခင်ဖြူနဲ့ပတ်သက်ပြီး ထူးခြားချက်တွေ ရှိလာလို့ မှိုင်းကို ချက်ချင်းရန်ကုန်ကိုပြန်ခေါ်ခဲ့တာပဲ … မှိုင်းကို မေးမယ် … မှိုင်းက ဖြေပေါ့ …"

"ဟုတ်ကဲ့ မေးပါ အန်ကယ် …"

"သခင်ဖြူနဲ့ မှိုင်းဟာ အသက်အားဖြင့် ကွာကြရင် လေးငါး ခြောက်နှစ်ပေါ့ … သခင်ဖြူကို မှိုင်း မြင်တာနဲ့ မမှတ်မိဘူး လား …"

"မမှတ်မိဘူး … ကျွန်တော်က ဒေါ်ဒေါ်မွန်ရဲ့ တူအရင်း တော်တာ … သခင်ဖြူက ဒေါ်ဒေါ်မွန်ရဲ့ခင်ပွန်း ဦးလွန်း မောင်ဘက်ကတော်တာ … နောက်ပြီး ကျွန်တော့်မိဘတွေ ဆုံးသွားပြီးမှ ဒေါ်ဒေါ်မွန်က အတင်းကျွန်တော့်ကိုခေါ်မွေး လို့ ကျွန်တော် ဒေါ်ဒေါ်မွန်အိမ်ကိုရောက်လာရတာ … ဒီ တော့ ဦးလွန်းမောင်ဘက်က ဆွေစဉ်မျိုးဆက်ကိုကျွန်တော်



မသိဘူး … နီးလည်းမနီးစပ်ခဲ့ဘူး … ဒီကြားထဲ သခင်ဖြူရဲ့ မိဘ ဦးလွန်မောင်က သခင်ဖြူဆယ်နှစ်သမီးအရွယ်လောက် ကတည်းက သူလုပ်ငန်းအရ ရှမ်းပြည်နယ်ဘက်ကို ပြောင်း ရွှေ့သွားတာဆိုတော့ ကျွန်တော့်အနေနဲ့ သခင်ဖြူကိုပဲဖြစ် ဖြစ် သူ့မိဘတွေကိုပဲဖြစ်ဖြစ် မမှတ်မိဘူး …"

"ကဲ … ဒါဆို ခုနစကား ပြန်ကောက်ကြည့်ရအောင် … ဒေါ်ရည်မွန်ဟာ သူ့ခင်ပွန်း ဦးလွန်းမောင်ရဲ့တူမအရင်း … သခင်ဖြူကို ပြန်တွေ့တော့ မမှတ်မိဘူးလားဆိုတဲ့အချက်ပဲ"

"ဒေါ်ဒေါ်မွန် ဘယ်မှတ်မိမလဲ … ကွဲကွာသွားတဲ့ သခင်ဖြူ ရဲ့ဆယ်နှစ်သမီးအရွယ်က ရုပ်ဆိုကလေးအရွယ်ပဲ … ပိန် တယ် … ဝတယ် … ဖြူတယ် … ညိုတယ်ဆိုတဲ့ အကြမ်း ဖျင်းလောက်ကိုသာ မှတ်မိမှာပေါ့ … ငယ်ရုပ်နဲ့ အရွယ် ရောက်အပျိုရုပ်ဆိုတာက ကွာခြားသွားတာပဲ … နောက် ပြီး သခင်ဖြူဝတ်စားဆင်ယင်ချယ်သဖြီးလိမ်းမှုကလည်း သိပ်ခေတ်ဆန်နေတယ်လေ … နောက်တစ်ချက်က သခင် ဖြူကို ရှမ်းပြည်နယ်ပြောင်းရွှေ့သွားကတည်းက ဒေါ်ဒေါ်မွန် ရဲ့ခင်ပွန်း ဦးလွန်းမောင်ကသာ သူ့ညီအစ်ကို သခင်ဖြူအဖေ ဦးထွန်းအောင်နဲ့ ညီအစ်ကိုချင်း အဆက်အသွယ်ရှိချင်ရှိမယ်၊ ဒေါ်ဒေါ်ကတော့ … ကွဲသွားကတည်းက ဦးထွန်းအောင်နဲ့ သမီးသခင်ဖြူကို ဘယ်အဆက်အသွယ်ရှိမလဲ … နောက် တစ်ချက်ရှိသေးတာက ဒေါ်ဒေါ်မွန်ဟာ အသက်အရွယ် လေးထောက်လာပြီမို့ မှတ်ဉာဏ်အားချို့ယွင်းလာတာ

www.burmeseclassic.com

လည်းပါမှာပေ့ါ ... နောက်ပြီး ဒေါ်ဒေါ်မွန့်မှာ ခင်ပွန်းက သေသွားပြီ ... သမီးလဲ့လဲ့ညိုကလည်း ပြောမရဆိုမရနဲ့ အိမ်ပေါ်က လဲ့လဲ့ညိုဆင်းသွားတဲ့အထိ ဒေါ်ဒေါ်မွန့်မှာ သောက တွေပွေတာ ... သခင်ဖြူကိုတွေ့တာနဲ့ ဒါ သူ့ယောက်ျားရဲ့ တူမသခင်ဖြူလို့ ဂဃနဏကြီးဘယ်မှတ်မိမလဲ ... ဒီတော့ ဆယ်နှစ်သမီးအရွယ်က သခင်ဖြူဟာ ဖြူဖြူလေးဆိုရင် အခုတွေ့တဲ့ အပျိုရွယ်သခင်ဖြူဟာ ဖြူဖြူဝင်းဝင်းဆိုရင် ဒါ သခင်ဖြူပဲလို့ပဲမှတ်ယူမှာပေ့ါ ... "

"မှန်တယ် ... မှိုင်းတင်ပြတာ အမှန်တရားတွေပဲ ... အန်ကယ်လည်း မှိုင်းတွက်သလိုပဲ တွက်ထားပြီးသားပါ၊ နောက်ပြီး သခင်ဖြူက မှိုင်းတို့အားလုံးရဲ့ ဆွေစဉ်မျိုးဆက်နဲ့ ဓလေ့စရိုက်တွေကို သိပြီးသားဆိုတော့ ငယ်စဉ်ကအဖြစ်တွေကို ပြောပြလိုက်တာမို့ ဒေါ်ရည်မွန်က ဒါဟာ သူ့ခင်ပွန်းရဲ့တူမလို့ ယုံကြည်သွားရမှာပဲ ... "

"အဲဒီအတိုင်းပါပဲ အန်ကယ် ... "

"အဲဒီပွိုင့်ကို အမိဖမ်းရမယ် ... ဒီတော့ သူ့ကိုယ်သူ သခင်ဖြူပါလို့ ချဉ်းကပ်လာတဲ့ မော်မော်ခိုင်ဟာ ဦးထွန်းအောင် မိသားစုနဲ့ သခင်ဖြူအစစ်ရဲ့အကြောင်းတွေ၊ ဒေါ်ရည်မွန်ရဲ့ မိသားစုအကြောင်းတွေ၊ ဒေါ်ရည်မွန်ရဲ့ ဆွေစဉ်မျိုးဆက် အကြောင်းတွေကို မော်မော်ခိုင်က အားလုံးနိုက်နိုက်ချွတ်ချွတ်သိထားလို့သာ ပြောပြနိုင်တာပေ့ါ ... ဒီတော့ သခင်ဖြူရဲ့ဇာတိဇာစ်မြစ် ဆွေစဉ်မျိုးဆက်အကြောင်းတွေကို မော်



မော်ခိုင်က ဘယ်သူ့ဆီက သိခဲ့တာလဲဆိုတဲ့ မေးခွန်းဖြစ်လာတယ် မှိုင်း ... "

မှိုင်း စဉ်းစားသည်။ စဉ်းစားလို့ရသည်မှာ လဲ့လဲ့ညိုကိုမှဟု အဖြေထွက်လာသည်။ မော်မော်ခိုင် နောက်ဆုံးပြောသွားသော စကားထဲတွင် လဲ့လဲ့ညိုက မော်မော်ခိုင်ကို အတူနေရန်ပင် ခေါ်သည်ဟု ပြောသွားသည်။ ဒါမှမဟုတ် မော်မော်ခိုင်ကိုယ်တိုင် မြစ်ဆန်သို့လိုက်သွားပြီး ဦးထွန်းအောင်၏သမီးအစစ် သခင်ဖြူအား ပူးပေါင်းပြီး စုံစမ်းသိရှိခဲ့ခြင်းလည်းဖြစ်နိုင်သည်။

ထိုနှစ်ချက်တွင် တစ်ခုခုကြောင့် မော်မော်ခိုင်သိရှိနိုင်ကြောင်း မှိုင်းက တင်ပြလိုက်သည်။

"လဲ့လဲ့ညိုဆိုတာက ... ဒေါ်ဒေါ်မွန့်ရဲ့ သမီးအရင်းပါပဲ အန်ကယ် ... ဒေါ်ဒေါ်မွန့်ရဲ့ စည်းကမ်းတွေကို မလိုက်နာနိုင်လို့ သူ့သဘောနဲ့သူ အိမ်ပေါ်ကဆင်းသွားတဲ့ ကျွန်တော့်ညီမဝမ်းကွဲလေးပါ ... အဲဒီ လဲ့လဲ့ညိုနဲ့ မော်မော်ခိုင်ဟာ သိကျွမ်းခင်မင်ကြောင်းလည်း မော်မော်ခိုင်ကိုယ်တိုင်က အိမ်က ထွက်သွားခါနီး ပြောပြသွားပါတယ် ... လဲ့လဲ့ညိုဆီက ... ကျွန်တော်တို့ ဆွေစဉ်မျိုးဆက်အကြောင်းတွေ မော်မော်ခိုင် သိသွားတာဖြစ်ဖို့များပါတယ် ... "

"ဒါဆို မှိုင်းက ကိုယ့်ညီမလဲ့လဲ့ညိုကို မေးရုံပေ့ါ ... လဲ့လဲ့ညိုနေတဲ့နေရာကို မှိုင်း မသိဘူးလား ... "

"မသိပါဘူး ... လဲ့လဲ့ညိုဟာ နေရာအတည်တကျနေလေ့မရှိပါဘူး ... သူ့လက်ထဲမှာ ပိုက်ဆံပေါ်ရင် အကောင်းဆုံး

www.burmeseclassic.com

ဟိုတယ်တွေမှာ တည်းခို ... နောက်ပြီး ဘိုင်ကျတဲ့အခါ ဆင်းရဲသားရပ်ကွက်မျိုးမှာ အခန်းငှားနေချင်နေတတ်သူပါ၊ အပေါင်းအသင်းလည်းများတော့ သူ့သူငယ်ချင်းအိမ်တွေမှာလည်း သွားနေချင်နေတာမျိုးလည်းရှိပါတယ် ... ဒါပေမဲ့ ကျွန်တော် လဲ့လဲ့ညိုကို ရအောင်စုံစမ်းပါ့မယ် ... ”

“မှိုင်းကို ကျုပ်တို့အားလုံး ယုံကြည်အားကိုးပါတယ် ... ဒါကြောင့်လည်း ဒီအဖွဲ့ကြီးမှာ အတွင်းရေးမှူးတာဝန်ပေးအပ်ထားတာပဲဟာ ... ”

“အဲဒီအတွက် ကျွန်တော် ဂုဏ်ယူပါတယ် ... အခုတစ်ဆက်တည်း ကျွန်တော် မော်မော်ခိုင်နဲ့ပတ်သက်ပြီး လုပ်ငန်းသဘောအရ တင်ပြချင်တာတစ်ခုရှိပါတယ် ... ”

“တင်ပြပါ မှိုင်း ... ”

“မော်မော်ခိုင်ဟာ တော်တော်ကြီးကို ငွေဖောဖောသီသီသုံးနိုင်နေပါတယ် ... သူဝတ်တဲ့ယုန်မွေးအင်္ကျီဟာပဲ တစ်ထည်ကို နှစ်သောင်းသုံးသောင်းတန်ကြေးရှိပါတယ် ... ဒီတော့ မော်မော်ခိုင်ဟာ ဒီလောက်ပေါများတဲ့ငွေတွေ ဘယ်ကရသလဲ ... ဘယ်လိုပုံစံနဲ့ရသလဲ ... ဒါမှမဟုတ် သူဝတ်တဲ့ ယုန်မွေးအင်္ကျီဟာ မိတ်ဆွေဆီက လက်ဆောင်ရပါတယ်ဆိုရင်တောင် ဒီအင်္ကျီမျိုးဟာ နိုင်ငံခြားလက်ဆောင်မျိုးသာဖြစ်ရပါမယ် ... ကျွန်တော်တို့ စိမ်းဝါနီအဖွဲ့ရဲ့ အဓိကလုပ်ငန်းကလည်း နိုင်ငံခြားနဲ့ ဒုစရိုက်လုပ်နေသူတွေကို စုံစမ်းအရေးယူတဲ့အဖွဲ့မို့ မော်မော်ခိုင်ဟာ နိုင်ငံခြားဒုစရိုက်



ဂိုဏ်းကြီးတစ်ခုခုနဲ့ ရှိနေသလားလို့ ယုံမှားစရာရှိလာပါတယ် ... ”

“ဟုတ်တယ် ... မှိုင်းတင်ပြတဲ့အတိုင်း အလေးအနက်စုံစမ်းဖို့ ကျုပ်တို့စိမ်းဝါနီအဖွဲ့က ဆုံးဖြတ်တယ် ... ”

ထိုစုံစမ်းရေးကိစ္စကို ဥက္ကဋ္ဌမှအစ အဖွဲ့ဝင်အားလုံးုံးဖြစ်အတည်ပြုပြီးနောက် မှိုင်းမန္တလေးသွားသည့်ကိစ္စကို အသေးတ်တင်ပြရန် ဥက္ကဋ္ဌဦးဖြူက မေးမြန်းသည်။

မှိုင်းက ... မိမိအိမ်တွင် သဇင်ဖြူအတုမော်မော်ခိုင်ရောက်လာပြီးမှ လျှို့ဝှက်သတင်းတွေ ပေါက်ကြားကြောင်း၊ ဒေါ်ဒေါ်မွန်က သဇင်ဖြူနှင့် မိမိကို လက်ထပ်စေလိုကြောင်း၊ သဇင်ဖြူက တစ်အိမ်လုံး ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် ရခွင့်ရှိနေရာ မိမိလျှို့ဝှက်သတင်းတွေ ပေါက်ကြားသည်ဟု ယူဆကြောင်း။

“ဒါဆို သဇင်ဖြူအတု မော်မော်ခိုင်ကို မှိုင်းက အပြီးအပြတ်အိမ်ကိုမလာနဲ့လို့ ဘာလို့မောင်းထုတ်မပစ်သလဲကွာ ... ”

“အဲဒီလိုလုပ်လိုက်ရင် တစ်ချိတည်း သဇင်ဖြူနဲ့ ထွက်သွားမယ် ... သဇင်ဖြူဟာ နိုင်ငံခြားဒုစရိုက်ဂိုဏ်းနဲ့ အဆက်အသွယ်ရှိတယ်လို့ ကျွန်တော်က ထင်ထားတာမို့ အဲဒီဂိုဏ်းကို အမိဖမ်းနိုင်ရေးအတွက် သဇင်ဖြူကတစ်ဆင့် ခြေရာကောက်နိုင်တာမို့ အပြတ်မောင်းမထုတ်တာ ... ဒါကြောင့် ကျွန်တော့်မှာ ချစ်သူရှိတယ် ... အဲဒီချစ်သူက မန္တလေးမှာလို့ ဒေါ်ဒေါ်မွန့်ကိုပြောထားမိတယ်၊ ဒါကြောင့် ကျွန်တော် မန္တလေးကိုသွားပြီး ရဲမှူးကြီးအန်ကယ်မော်နဲ့ တိုင်ပင်ပြီး ...

www.burmeseclassic.com

ဝင်းပပကို ကျွန်တော့်ချစ်သူဇနီးလောင်းအဖြစ် ခေါ်လာတာ ... ဒီလိုချစ်သူဇနီးလောင်းအဖြစ်ခေါ်လာတဲ့အတွက်ကြောင့်လည်း မော်မော်ခိုင်ဆိုတဲ့ သဇင်ဖြူအတုဟာ အိမ်ထဲအဝင်အထွက် နောက်တွန့်သွားတယ် ... ချစ်သူဇနီးလောင်းရောက်လာပြီမို့ ကျွန်တော့်အိပ်ခန်းထဲ သူ မဝင်ရဲတော့ဘူး၊ အဲ ... ဝင်းပပကို ကျွန်တော်ခေါ်လာခဲ့တာ အဲဒီပုံစံမျိုးနဲ့ပါပဲ ... ”

“အဲဒီဝင်းပပအကြောင်းကို အသေးစိတ်အဖွဲ့ကိုတင်ပြပါမှိုင်း”

မှိုင်းက ဝင်းပပအကြောင်းကို ချစ်သူကိုနာကြည်းပြီး သူမ၏ဘဝကို ပလတ်စတစ်ဘီးကြီးနှင့် ဆံပင်နောက်ပတ်ပြီး ... အမယ်ကြီးအိုပုံစံမှအစ ယခုနောက်ဆုံးယမင်းရုပ်လေးဘဝနှင့် ရဲမှူးကြီးအန်ကယ်မော်၏ တာဝန်ပေးသည်ကို လက်ခံပြီး ချစ်သူသတို့သမီးလောင်းအဖြစ် လိုက်လာသည်ကအစ အားလုံးယခုအဆုံးအထိ အခြေအနေအဖြစ်မှန်တွေအားလုံး ပြောပြလိုက်လေတော့သည်။

“အေး ... မှိုင်းပြောပြသွားတာဟာ ရယ်စရာလည်းကောင်း၊ ကြည်နူးစရာလည်းကောင်းနဲ့ ရုပ်ရှင်ကောင်းတစ်ခုကြည့်ရသလို ငါတို့အားလုံးခံစားရပါတယ် ... ဒါပေမဲ့ မေးချင်စရာတစ်ခုရှိလာတယ် ... ဝင်းပပပြောတဲ့ ဦးပိန်ရှည်နဲ့ ဒေါ်ပုတိုဆိုတာတွေဟာ ဝင်းပပနဲ့ မှိုင်း ဆက်သွယ်ပြီးမှ နောက်ယောင်ခံလိုက်တာလား ... မဆက်သွယ်ခင်ကတည်းက နောက်ယောင်ခံလိုက်တာလား ... ”

“ကျွန်တော် အဲဒါကို အဘတ်မပြောနိုင်ပါဘူး ... ဘာလို့လဲ



ဆိုတော့ ... ဝင်းပပကို ကျွန်တော်နဲ့ ရဲမှူးအန်ကယ်မော်က ညနေစောင်းမှာ သွားတွေ့တယ် ... ရဲမှူးအန်ကယ်မော်က ဝင်းပပဆီက အကူအညီတောင်းခဲ့တယ် ... အန်ကယ်မော်ကို မငြင်းဆန်ချင်လို့ ဝင်းပပက ကူညီဖို့လက်ခံခဲ့တယ် ... အဲဒီညနေပိုင်းမှာ လက်ခံပြီး ... နောက်နေ့မနက်ပိုင်းမှာ ဝင်းပပဟာ သူ့သူငယ်ချင်းဥမ္မာနဲ့ ဈေးချိုကိုသွားရင် အဲဒီအချိန်ကစပြီး ဦးပိန်ရှည်နဲ့ ဒေါ်ပုတိုက အခုလည်း ဝင်းပပနဲ့ ကျွန်တော် ရန်ကုန်ပြန်အလာမှာ ဦးပိန်ရှည် ရန်ကုန်ကို နောက်ယောင်ခံလိုက်လာတယ် ... ”

“ကောင်းပြီလေ ... အခု အန်ကယ်တို့အဖွဲ့မှာ အတွင်းရေးမှူးဖြစ်တဲ့ မှိုင်းဟာ အရေးအပါဆုံးပါ ... ဒီတော့ မှိုင်းရဲ့တွေ့ရှိချက်၊ ယူဆချက်၊ ထင်မြင်ချက်နဲ့ လုပ်ဆောင်ချက်တွေကို ဆက်ပြီးပြောပြပါ ... ”

“ကျွန်တော့်ယူဆချက်ဆိုရင် ဦးပိန်ရှည်နဲ့ ဒေါ်ပုတိုဟာ ... ကျွန်တော့်တို့ကိုဆန့်ကျင်နေတဲ့ အဖွဲ့ကလူတွေဖြစ်နိုင်တယ်လို့ပဲ ... ဒါမှမဟုတ် ကျွန်တော်တို့မှာ ဆန့်ကျင်ဘက် များတွေက အများကြီးရှိနေတော့ ဦးပိန်ရှည်ကတစ်ဖွဲ့၊ ဒေါ်ပုတိုက နောက်တစ်ဖွဲ့၊ ဖြစ်ချင်လည်းဖြစ်မှာပဲ ... သူတို့မှာ အချင်းချင်း နားလည်တဲ့ စကားဝှက် ကုတ်ဝပ်(ဒ်)တွေရှိနေမယ် ... ဦးပိန်ရှည်နဲ့ ဒေါ်ပုတိုဟာ တစ်ဖွဲ့စီဖြစ်နေတယ်ဆိုရင်တောင် သူတို့ဆန့်ကျင်ဘက်အဖွဲ့အချင်းချင်း နားလည်စေတဲ့ လျှို့ဝှက်ကုတ်ဝပ်(ဒ်)စကားနဲ့ ဆက်သွယ်မှုရှိနိုင်

www.burmeseclassic.com

တယ် ... ”

“အေး ... ဒီအဖွဲ့မျိုးတွေမှာ သူတို့အချင်းချင်းနားလည်
သွယ်နိုင်တဲ့ ကုတ်ဝပ်(ဒ်)ရှိတတ်စမြဲပဲ ... ”

မှိုင်းက ဆက်၍တင်ပြသည်။

“မန္တလေးဈေးချိုထဲက ရတနာဗိမာန်ဆိုင်မှာ ဝင်းပပ
ငယ်ချင်းဥမ္မာတို့ အချင်းချင်းဟာသလုပ်ပြောတဲ့စကား
မှာ ‘ကျောက်စိမ်း’ဆိုတဲ့ စကားပြောမိတာဟာ ဆန်
ဘက်အဖွဲ့က သူတို့ရဲ့လျှို့ဝှက်ကုတ်ဝပ်(ဒ်)မှာ ကျောက်
ဆိုတာနဲ့ သွားတိုက်ဆိုင်မိလေသလားလို့ ... ကျွန်
တွေးဆထင်မြင်ကြည့်ပါတယ် ... ”

“အင်း ... စဉ်းစားစရာပဲ ... ဥမ္မာက ဝင်းပပကို ပေး
ဘူးထဲမှာ ကျောက်စိမ်းလောကတ်ဆွဲကြိုးပါလာတယ်
ဘူးကိုလည်း ဓားနဲ့ခွဲဖွင့်ထားတယ် ... ဝင်းပပဆွဲထ
ကျောက်စိမ်းလောကတ်ဆွဲကြိုးကိုလည်း လုယူဖို့ကြိုး
တယ်ဆိုတာတွေကို ဆက်စပ်ကြည့်ရင် ဆန့်ကျင်ဘက်
ရဲ့ လျှို့ဝှက်သင်္ကေတကုတ်ဝပ်(ဒ်)ဟာ ကျောက်စိမ်းဖြ
တယ် ... ”

“နောက်တစ်ခု ကျွန်တော် ပြောဆိုဖို့ကျန်ပါသေးတယ်
ရန်ကုန်အိမ်ကို ပြန်ရောက်တော့ သဇင်ဖြူအတု မော်
ခိုင်ဟာ ... ဝင်းပပဆွဲထားတဲ့ ကျောက်စိမ်းလောကတ်
ကျွန်တော်ဟန့်တားနေတဲ့ကြားက အတင်းယူကြည့်
ကြည့်ပြီးတဲ့နောက် ဒီကျောက်စိမ်းဆွဲကြိုးပျောက်



ကြောင်း သတင်းစာမှာ ကြော်ငြာပါကြောင်းတွေပါ ပြောပါတယ် ... ”

“ဒါဆို မော်မော်ခိုင်ဟာ ဆန့်ကျင်ဘက်ဂိုဏ်းဝင်ဖြစ်ရမယ်လို့ ထပ်ပြီးကောက်ချက်ချနိုင်တာပဲ၊ ဒီတော့ ဒီကိစ္စဟာ အမြန်ဆုံးစုံစမ်းစစ်ဆေးရမဲ့ကိစ္စဖြစ်လာပြီ ... ဒီတော့ ဒီကျောက်စိမ်းလောကတ်ဆွဲကြိုးကိစ္စကို အစကနေဆန်းစစ်ရင် ဝင်းပပကို ဥမ္မာကပေးလိုက်တဲ့ အဝတ်ထည့်ကတ်ဘူးထဲက တွေ့ရှိတဲ့ ဆွဲကြိုးမို့ ဒီဆွဲကြိုးကို ဥမ္မာထည့်ပေးလိုက်တာလားဆိုတာ ဟုတ်မဟုတ်သိဖို့လိုလာပြီ ... မန္တလေးက ဥမ္မာဆီဖုန်းဆက်မေးကြည့်ရင်ကောင်းမယ် ... မန္တလေးက ဥမ္မာရဲ့အိမ်ဖုန်းနံပါတ်ကို မှိုင်းသိသလား ... ”

“မသိဘူး ... ”

“ဒါဆို တယ်လီဖုန်းလမ်းညွှန်စာအုပ်မှာ ရှာကြည့်ကြမယ်”

“အဲဒီလိုရှာတာက ကြာပါသေးတယ် ... အိမ်မှာရှိနေတဲ့ ဝင်းပပဆီ ကျွန်တော် ဖုန်းဆက်ပြီး မန္တလေး ဥမ္မာရဲ့ဖုန်းနံပါတ်ကို မေးကြည့်ပေးပါ့မယ် ... ”

မှိုင်းဖုန်းဆက်မေးရာ ... ဝင်းပပထံမှ ဥမ္မာ၏ဖုန်းနံပါတ် ပြန်ကြားချက်ရသည်နှင့် မန္တလေးမှ ဥမ္မာထံသို့ မှိုင်း ထပ်မံဆက်လည်း စိမ်းဝါနီအဖွဲ့ကြီး၏ အရှိန်အဝါကြောင့် ချက်ချင်း ဥမ္မာထံ ဆက်လို့ရပေသည်။

ကံအားလျော်စွာ ဥမ္မာ အိမ်မှာရှိနေခိုက်မို့ ဥမ္မာနှင့် စကားပြောခွင့်ရပါလေသည်။

www.burmeseclassic.com

ပထမတော့ ... ဥမ္မာက မှိုင်းကို သူမ၏သူငယ်ချင်း ဝင်းပပကို ရန်ကုန်ကို ခိုးသွားသည်ဟု စွပ်စွဲပြီး အပြစ်တင်စကားတွေ၊ ရန်တွေ့စကားတွေ ရေပက်မဝင်ပြောသည်။

ထိုကိစ္စကို ဥမ္မာနားလည်ကျေနပ်အောင် မှိုင်းက တော်တော်ရှင်းပြရသေးသည်။

"ဒါဆို မိပပ အခုဘယ်မှာလဲ ကိုမှိုင်း ... "

"ကျွန်တော့်ရဲ့ ကမ္ဘာအေးလမ်းက အိမ်မှာပဲ ဝင်းပပ ကျန်းကျန်းမာမာရှိလျက်ပါဗျာ ... "

"ဒီမယ် ကိုမှိုင်း ... မိပပမှာ အန္တရာယ်တွေရှိနေလားဟင်ရှင် မိပပကို ရန်ကုန်ခေါ်သွားတဲ့နေ့ ညပိုင်းမှာပဲ မိပပအိမ်ကို ဖောက်ထွင်းခံရတယ်ရှင့် ... "

"ဗျာ ... ဝင်းပပအိမ်ကို ဖောက်ထွင်းခံရတယ် ဟုတ်လား"

"ဟုတ်တယ် ... ဖောက်ထွင်းသမားဟာ မိပပအိမ်ကို တစ်အိမ်လုံး ရစရာမရှိအောင် ဖောက်ထွင်းတာ ... မိပပရဲ့ အိပ်ရာ၊ ခေါင်းအုံးတွေကိုတောင် ဓားနဲ့ခွဲပြီး မွှေနှောက်ပြီး တစ်ခုခုရှာဖွေသွားတာ ... "

"ဝင်းပပစိန်ပန်းရပ်ကအိမ်မှာ ဒေါ်ဖြူရှိနေတယ် မဟုတ်လား မဥမ္မာ ... "

"အဲဒီညက ဒေါ်ဖြူ အိမ်မှာမရှိဘူး ... သူချုပ်တဲ့စက်ပျက်လို့ သွားပြင်တာ ... မပြီးမချင်းထိုင်စောင့်နေလို့ အိမ်ပြန်မရောက်တာတဲ့ ... အဲဒါလည်းအမှန်ပဲ ... ဒေါ်ဖြူစက်ပြင်တဲ့ဆရာအိမ်အထိ ကျွန်မလိုက်မေးပြီးပြီ ... မိပပအိမ်မှာ



ဘယ်သူမှမရှိတုန်း ဖောက်ထွင်းခံရတာ ... "

"ဘာပစ္စည်းတွေပါသွားသလဲဗျာ ... "

"ဖောက်ထွင်းသူခိုးက ခပ်ဆန်းဆန်းပဲ ... မိပပအိမ်မှာ တီဗီရော၊ ကက်ဆက်တို့ အဖိုးတန်ပစ္စည်းတွေ ဘာတစ်ခုမှ ယူမသွားဘူး ... ဘာပစ္စည်းမှပါမသွားဘူး ... သူခိုးက ဘာလိုချင်လို့ ခိုးမှန်းတောင်မသိတော့ဘူး ... "

"အဲဒါ ... မဥမ္မာ ရဲကိုမတိုင်ဘူးလား ... "

"ဘယ်နေမလဲ ... တိုင်ချက်ဖွင့်ထားတာပေါ့ရှင် ... ကဲ ... အဲဒါတွေထားပါတော့ ... အခု ရန်ကုန်မှာ မိပပ အန္တရာယ်ကင်းရဲ့လား ကိုမှိုင်း ... မိပပအတွက်ပဲ ကျွန်မစိုးရိမ်တယ်"

"ရန်ကုန်မှာ ဝင်းပပ မှည့်တစ်ပေါက်မစွန်း အန္တရာယ်ကင်းစွာရှိနေပါတယ် မဥမ္မာပေးလိုက်တဲ့ ဝတ်စုံသစ်ကိုပဲ ဝင်းပပ ဝတ်ပြီး ပျော်နေပါတယ် ... နောက်ပြီး မဥမ္မာအတူထည့်ပေးလိုက်တဲ့ ကျောက်စိမ်းလောကတ်ဆွဲကြိုးကိုလည်း ဝင်းပပ မချွတ်တမ်းဆွဲထားပါတယ် ... "

"ဘာရှင့် ... ဘာတွေလာပြောနေတာလဲ ... မိပပကို ကျွန်မဝတ်စုံသစ်နှစ်ခုကလွဲပြီး တခြားဘာမှမပေးဘူး ... မိပပကပေးတိုင်း ယူမဲ့သူမှမဟုတ်တာ ... "

ဤမှာပင် မှိုင်း သတင်းနှစ်ခုရလိုက်သည်။ ပထမသတင်းမှာ ကျောက်စိမ်းလောကတ်ဆွဲကြိုးသည် ဥမ္မာပေးခြင်းမဟုတ်။ ဒါဆို မည်သူကပေးခြင်းနည်း။

ဒုတိယသတင်းမှာ ဝင်းပပအိမ်ကို သူခိုးဖောက်

www.burmeseclassic.com

ကျွင်းသည်။ ဘာပစ္စည်းမှမယူပါဘဲလျက် အဘယ်ကြောင့် ဝင်းပ… …ဗိမ်ကို ဖောက်ထွင်းသနည်း။

"ကဲ … မဥမ္မာ … ဝင်းပပအတွက် ကျွန်တော် ဘာမ… မှည့်တစ်ပေါက်မစွန်းအောင် တာဝန်ယူပါတယ်ဆိုရ… ကျေနပ်ပါတော့ဗျာ … ဒါပဲနော် မဥမ္မာ … "

တယ်လီဖုန်းပြောပြီးသွားသည်။

"မန္တလေးကမဥမ္မာကိုယ်တိုင်က ကျောက်စိမ်းလောက… ဆွဲကြိုးကို သူထည့်မပေးလိုက်ဘူးလို့ ပြောထားတယ် … ဒါဆို ဆန့်ကျင်ဘက်ဂိုဏ်းဟာ ဝင်းပပကို လူမှားတာဖြစ်နို… တယ် … မဥမ္မာက ဝင်းပပကို အဝတ်အစားဘူးပေးလို… ရာမှာ ဆန့်ကျင်ဘက်ဂိုဏ်းက ကြားကဝင်ပြီး အဲဒီကတ်ဘူး… ထဲကို ဆွဲကြိုးသူ့ကိုပေးပို့ရမဲ့သူဟာ ဝင်းပပလို့ထင်ပြီး ထည့်… ပေးလိုက်တာလို့ တွက်ဆနိုင်ပါတယ် … ထည့်ပေးပြီးကာမ… သူတို့ပေးလိုက်တဲ့ ဝင်းပပဟာ လူမှားသွားပြီမှန်းသိရပြီး … ဝင်းပပဆီက ဒီဆွဲကြိုးကို မရရတဲ့နည်းနဲ့ ပြန်ယူဖို့ ကြိုးစား… တာဖြစ်မယ် … အဲဒီလို ဝင်းပပနောက်က လည်ပင်းကို… ရစ်သိုင်းပြီး ဆွဲကြိုးလုတဲ့သူဟာ … အလွန်သန်မာသူတစ်… ယောက်ဖြစ်တယ်တဲ့ … ဒါဆို ဦးပိန်ရှည်ဟာ အလွန်သန်မ… တဲ့သူမဟုတ်ဘူး … ဆန့်ကျင်ဘက်ဂိုဏ်းကို ကျွန်တော်က… ဆက်ပြီးကြိုးစားစုံစမ်းရမှာပဲ … အခု သိပ်သေချာနေတာ… ကတော့ ဒီကျောက်စိမ်းလောကတ်ဆွဲကြိုးဟာ ဆန့်ကျ… ဘက်ဂိုဏ်းတစ်ခုခုနဲ့ ပတ်သက်နေမှန်း ဒီအစည်းအဝေး…



အတည်ပြုဖို့ပဲ … "

အဖွဲ့ဝင်အားလုံး အတည်ပြုဖို့ သဘောတူကြပေသည်။ မှိုင်းက ထပ်ဆင့်ဖြည့်စွက်ပြောသည်။

"ဒီဆွဲကြိုးဟာ ဆန့်ကျင်ဘက်ဂိုဏ်းကြီးနဲ့ ပတ်သက်တယ်လို့ အတည်ပြုလိုက်တာနဲ့ ဒီကျောက်စိမ်းလောကတ်အပေါ်မှာ အငန်းမရစိတ်ဝင်တစားတဲ့ သခင်ဖြူအတု မော်မော်ခိုင်ကို ဆက်ပြီးစဉ်းစားရပါမယ် … မော်မော်ခိုင်ဟာ ဒုစရိုက်ဂိုဏ်းကြီးတစ်ခုခုနဲ့ ဆက်သွယ်မှုရှိသူဖြစ်ရပါမယ် … "

"ဒါဆိုဟုတ်ပြီ … ဒီတော့ ဒီကျောက်စိမ်းလောကတ်ဆွဲကြိုးကိုပဲ ကျုပ်တို့စိမ်းဝါနီအဖွဲ့ကြီးက ငါးစာအဖြစ် ပြန်အသုံးပြုသင့်တယ် … ဒီဆွဲကြိုးကို အန်ကယ်တို့အားလုံး မျက်နှာဆုံညီရှေ့မှောက်မှာပဲ စစ်ဆေးကြည့်ကြစို့ … ဒီတော့ အဲဒီကျောက်စိမ်းလောကတ်ဆွဲကြိုးကို မှိုင်းက ဝင်းပပဆီကရယူပြီး အန်ကယ်တို့အားလုံးရှေ့မှောက် အရောက်ယူပေးလို့ရမလား မှိုင်း … လက်ရှိအဲဒီဆွဲကြိုးပိုင်ဆိုင်သူဟာ ဝင်းပပဖြစ်နေတယ် … ဝင်းပပက လွယ်လွယ်နဲ့ ဒီဆွဲကြိုးကို ချွတ်ပေးပါ့မလား … ကျုပ်တို့အဖွဲ့သိက္ခာအရ သတင်းရယူတာမျိုး မဖြစ်စေချင်လို့ပါ … "

ဥက္ကဋ္ဌဦးဖြူ၏စကားကို အဖွဲ့ဝင်ဦးစိမ်းက ရယ်မောပြီး ပြန်ပြောလိုက်ပါ၏။

"အိုဗျာ … ဥက္ကဋ္ဌကြီးရယ် … ဝင်းပပဟာ မှိုင်းရဲ့ချစ်သူ … မှိုင်းရဲ့သတို့သမီးလောင်းပဲဟာ … တစ်ကိုယ်လုံးတောင်

www.burmeseclassic.com

မှိုင်းကိုပေးရတော့မှာ ... ဒီဆွဲကြိုးလောက်တော့ ... ဟဲ... ဟဲ ... ”

အားလုံးရယ်မောကြသည်။

သို့သော် ... ဦးနီက ဝင်ပြောပြန်ပါ၏။

“ဝင်းပပဟာ မှိုင်းရဲ့ချစ်သူသတို့သမီးလောင်းပါဆိုတာက လုပ်ငန်းသဘောအရ ချစ်သူဟန်ဆောင် သတို့သမီးလောင်း ဟန်ဆောင်အတုကြီးဖြစ်နေလို့ဗျို့၊ ဝင်းပပက မှိုင်းတောင်း ပေမဲ့ လွယ်လွယ်ပေးပါ့မလားလို့ စိုးရိမ်ရတာ ... ”

“ဝင်းပပဟာ မှိုင်းရဲ့ချစ်သူအတုလို့ ဦးနီကရော ပြောနိုင်မလား ... သူတို့က ရုပ်ချောလုလင်နဲ့ ရုပ်ချောလုံမလေးပဲဗျာ ... အခုဆို တကယ့်အစစ်အမှန် တကယ့်သတို့သမီးအစစ် ဖြစ်ချင်ဖြစ်နေကြမှာပေ့ါ ... မဟုတ်ဘူးလား မှိုင်း... တကယ်ဖြစ်လိုက်စမ်းပါ မှိုင်း ... ဝင်းပပဟာ မှိုင်းအဖို့ စိုင်ကော်လို့ ချူပေါ်အသင့်ရောက်လာတာလေးပါ။ ယောက်ျား တိုင်း ချစ်စေချင်တဲ့ မိန်းကလေးပါ ... အတုလုပ်မနေနဲ့... အစစ်သာဖြစ်အောင် ကြိုးစားလိုက်တော့ မှိုင်း ... အန်ကယ်တို့အဖွဲ့အားလုံးက သဘောတူတယ် ... ”

အားလုံးရယ်မောကြပြန်သည်။

မှိုင်းကိုယ်တိုင်လည်း ပြုံးဖြီးဖြီးကြီးနှင့် ပြန်အဖြေပေးလိုက်ပါ၏။

“အန်ကယ်တို့အားလုံး ဘာပြောပြော ဝင်းပပက သူ့ဆွဲကြိုးကို ရှေ့အင့် ... ကိုမှိုင်း ယူသွားပါလို့ ပေးလိုက်ပြီ ... ဒီဆွဲ



ကြိုး ဒီအဖွဲ့ရှေ့ကိုရောက်လာရင် ကျေနပ်တယ်မဟုတ်လား၊ ကဲ ... ”

“ကျေနပ်ပါ့ မောင်ရာ ... ကျေနပ်တာမှ သိပ်ကို အန်ကယ်တို့အားလုံးက ကျေနပ်ပါတယ်တဲ့ ... ဟား ... ဟား ... ဟား ... ”

www.burmeseclassic.com

## (၉)

အဝင်း

ညက ကိုကိုမှိုင်း အိမ်ပြန်နောက်ကျသွားတယ် ... ကိုကိုမှိုင်း အိမ်ပြန်ရောက်ချိန်မှာ အဝင်း အိပ်ပျော်နေပြီ ... အဝင်း ခရီးပန်းလို့အိပ်ပျော်မှန်း ကိုကိုမှိုင်း နားလည်ပါတယ် ... ကိုကိုမှိုင်း အိမ်ပြန်နောက်ကျတာကို ခွင့်လွှတ်ပါ ...

ကိုယ့်ချစ်သူဆက် အလုပ်ကိုပုံပြီး ဦးစားပေးလွန်းတယ်လို့ ကိုကိုမှိုင်းကို အဝင်း မငြိုငြင်လိုက်ပါနဲ့ ... အလုပ်က သိပ်အရေးကြီးနေလို့ အချိန်ကန့်သန့်ပြန်ချိန်သတ်မှတ်လို့မရပါ ...

အခုမနက်လည်း အရေးကြီးတဲ့ကိစ္စရှိနေလို့ အဝင်းမနိုးခင် ကိုကိုမှိုင်းထွက်သွားရပြန်ပါပြီ ... ဒီနေ့မွန်းလွဲ(၁)နာရီမှာ ကိုကိုမှိုင်း ဆက်ဆက်ပြန်လာခဲ့ပါ့မယ် ... ပြန်လာရင်အဝင်းနဲ့အတူတူ ဗိုလ်ချုပ်ဈေးကရွှေဆိုင်တွေကို သွားကြစို့လေ ...

အဝင်းအတွက် ကိုကိုမှိုင်း လက်စွပ်တစ်ကွင်းဝယ်ပေးချင်လို့ပါ ...



နောက်ပြီး နေ့လယ်စာဆိုင်ကောင်းကောင်းမှာ အတူတူစားကြမယ်လေ ... အိမ်မှာ အဝင်း အဝကြီးစားမထားပါနဲ့နော် ... ဒါမှ အဝင်းနေ့လယ်စာကို အားရပါးရစားနိုင်မှာ ...

အဝင်းရဲ့ထာဝရ

ကိုကိုမှိုင်း

နံနက်(၇)နာရီထိုးပြီးမှ ဝင်းပပ အိပ်ရာမှနိုးသည်။ မန္တလေးမှရန်ကုန်သို့ လေယာဉ်တစ်နာရီသာသာစီးလာရသည်မှာ ပင်ပန်းသည်မဟုတ်။

ညက ဝင်းပပ တောင်တွေးမြောက်တွေးနှင့် ညဉ့်နက်သည်အထိ အိပ်မပျော်ဘဲရှိခဲ့သည်။ ညဉ့်နက်မှ အိပ်ပျော်သွားသောကြောင့် နံနက်အိပ်ရာထနောက်ကျသွားသည်။

ဝင်းပပ အိပ်ရာမှနိုးသည်နှင့် ဒေါ်ဒေါ်မွန် စာအိတ်တွင်ထည့်ထားသော ဤစာကို လာပေးခြင်းဖြစ်သည်။ စာအိတ်မှာကော်ပိတ်ထားခြင်းမရှိသော အိတ်ဖွင့်စာဖြစ်သည်။ စာသက်သက်အတိုင်းမပေးဘဲ ဖာအိတ်ထဲထည့်ပေးခြင်းမှာ အပေးခံရသူအပေါ်တွင် လေးစားသည့်သဘောရှိနေပါ၏။

စာတွင် ကိုမှိုင်းရေးထားပုံမှာ တကယ့်ချစ်သူအစစ်အမှန်အချင်းချင်းရင်ထဲကပါရှိသော အချစ်နှင့်ရေးထားသည့်အသွင်သက်ရောက်နေသည်။

ဤစာကို ဒေါ်ဒေါ်မွန်မှတစ်ဆင့် အိပ်ဖွင့်ပေးစာဖြစ်နေသောကြောင့် ဒေါ်ဒေါ်မွန် စာကိုယူဖတ်ကြည့်ပါက ယုတ္တိရှိစေ

www.burmeseclassic.com

ရန် တကယ့်ချစ်သူထံရေးသောသဏ္ဍာန်ဖြင့် ရေးခြင်းဖြစ်ပေမည်။

ကိုမှိုင်းသည် မိမိအား အရေးကြီးသောစကားတစ်ခုခု ပြောချင်စရာရှိနေပုံရသည်။

လုပ်ငန်းဖြင့်ပတ်သက်သောစကားဖြစ်ခြိမ့်မည်။

ထို့ကြောင့် ယနေ့မွန်းလွဲ(၁)နာရီတွင် မိမိကို အပြင် ခေါ်ထုတ်ခြင်းဖြစ်ပေသည်။

ဝင်းပပက ကိုမှိုင်း၏စာကို ဖတ်ပြီးတွေးငေးနေစဉ် မှာပင် ဒေါ်ဒေါ်မွန်က အသံပြုပြောသံထွက်လာသည်။

“ဝင်းပပရေ ... ဒေါ်ဒေါ်မွန် ထမင်းစားခန်းကစောင့်နေမယ်၊ အားလုံး စားသောက်ဖို့ အဆင်သင့်ပဲ ... ဝင်းပပရေချိုးခန်း ဝင်ပြီးရင်လာခဲ့ပေတော့ ... ”

ဝင်းပပ ကိုယ်လက်သန့်စင်ပြီး ထမင်းစားခန်းသို့ ဝင်ခဲ့သည်။ ဒေါ်ဒေါ်မွန်က ဝင်းပပကို ထိုင်စောင့်နေပေသည်။

နံနက်စာကော်ဖီသောက် မုန့်စားရင်း ဒေါ်ဒေါ်မွန် က မှိုင်းအကြောင်းစ,ပြောသည်။

“ညက သန်းခေါင်ကျော်မှ မှိုင်းပြန်လာတယ်”

“ဒါဆို ... ဒေါ်ဒေါ်မွန်က တံခါးထဖွင့်ရတာပေ့ါနော် ... တကယ်ဆို ဝင်းပပက ကိုကိုမှိုင်းကိုစောင့်ပြီး တံခါးဖွင့်ပေးရမှာပါ ... ”

“ဘယ်ဟုတ်မလဲဝင်းပပ ... မှိုင်းက သူ့အလုပ်အပေါ်မှာ အချိန်ကန့်သတ်ချက်ရှိတာမှမဟုတ်တာ ... ဒေါ်ဒေါ်မွန် လည်း သူ့ကိုစောင့်တံခါးဖွင့်မပေးနိုင်ပါဘူး ... သူ့မှာ အိမ်



သော့ ခြံသော့ အပိုတစ်တွဲဆောင်ထားတာကပဲ ... သူဟာ သူ ပြန်ချင်တဲ့အချိန်ပြန် သူ့ဟာသူ သော့ဖွင့်ဝင်စနစ်ထား တာပဲ ... အေး ... ဒါပေမဲ့ သူ ညက သန်းခေါင်ကျော်မှ ပြန်လာတော့ ... ဒေါ်ဒေါ်မွန်တစ်ရေးနိုး[illegible]သွား တယ် ... ဒါကြောင့် ညက မှိုင်းကို ဒေါ်ဒေါ်မွန် တအားဆူ ကြိမ်းမောင်းလိုက်တယ် ... ဘယ့်နှယ်ကွယ် ... ကိုယ့်ဖနိုး လောင်းကို မန္တလေးက ဒီအိမ်အထိခေါ်လာပြီး ... သူက အချိန်မရှိမှပြန်လာ ... ဖနိုးလောင်းကို ပစ်စလက်ခတ် ထားရသလားလို့ဆူပစ်တာ ... ”

“သူ့ခမျာ တကယ်အလုပ်များနေလို့ဖြစ်မှာပါ ... ဒေါ်ဒေါ်မွန် သူ အချိန်အားရတဲ့အခါ ဝင်းပပကို ဂရုတစိုက်ရှိပါတယ်”

“အဲဒီလို ဝင်းပပက သူ့ကိုကာကွယ်ပေးမနေနဲ့၊ ယောကျ်ား ဆိုတာ မပြောရင် မပြောသလို နေတတ်ကြတာ ... စကားပုံ တောင်ရှိသေးတယ် လင်းနေခ ... ဆင်သေမှတဲ့ ... ဝင်းပပ လက်မထပ်ခင် သူ့ကိုအပိုင်ချုပ်ကိုင်ထားမှတဲ့ ... ဒါမှ လင်နေစ ဆင်သေမှစကားပုံနဲ့ကိုက်ညီမှာ ... ”

“ဝင်းပပက လင်မှမနေရသေးတာပဲ ဒေါ်ဒေါ်မွန်ရယ် ... ဆင်လေးလည်းမသေပါစေနဲ့ ... ”

ဒေါ်ဒေါ်မွန်က ဝင်းပပစကားကို ရယ်စရာလေး သဖွယ် ရယ်မောလိုက်သည်။

ဝင်းပပ တကယ့်ရင်ထဲက ဆိုလိုချင်သည်မှာ မှိုင်းနှင့် [illegible] တကယ့်ချစ်သူစစ်တွေမဟုတ်သောကြောင့် လင်နေစအထိဖြစ်

www.burmeseclassic.com

...သည်ကို ရည်ရွယ်ပြောခြင်းသာဖြစ်သည်။

သို့သော် ဝင်းပပ၏စကားသည် တကယ့်အစစ်အမှ
ကိုမသိသော ဒေါ်ဒေါ်မွန့်အတွက် ဟာသလေးဖြစ်သွားခြင်းပါပေ။

ဒေါ်ရည်မွန်က အိပ်ရာမှထလာသော ဝင်းပပ၏
မျက်နှာကိုကြည့်ကာ ...

"အင်း ... မိန်းကလေး တကယ်လှမလှ နံနက်အိပ်ရာထမှ
ကြည့်လို့ဆိုရိုးစကားရှိတယ် ... တကယ်ပဲ ဝင်းပပဟာ
အိပ်ရာထလာတဲ့မျက်နှာလေး သိပ်ချောသိပ်လှတာပဲ ..."

"ဟာ ... ဒေါ်ဒေါ်မွန်ကလည်း ဒီလောက်မျက်နှာချင်းဆို
ကြီးကြည့်ပြီး ဝင်းပပကို မြှောက်ပင့်ပြောနေတော့ ဝင်းပ
ဘယ်လို မျက်နှာထားရမှန်းတောင်မသိတော့ဘူး ..."

ပြောပြောဆိုဆို ဝင်းပပက ဒေါ်ရည်မွန်ကို ခင်မ
စိတ်ဖြင့် ဆက်ဟားလိုက်သည်။

"သမီးလဲ့လဲ့ညိုကိုလည်း ဒေါ်ဒေါ်မွန် အခုလိုပဲ အိပ်ရာ
မှာကြည့်တတ်ခဲ့ပါတယ် ... လဲ့လဲ့ညိုရဲ့မျက်နှာလေးဟ
အိပ်ရာထမှာ မဝင်းပတော့ဘူး ... ပြီး လဲ့လဲ့ညိုရဲ့မျက်လုံ
တွေဟာ ဘယ်တော့မဆို ရီဝေမှိုင်းနေတယ် ..."

"လဲ့လဲ့ညိုဟာ ဒေါ်ဒေါ်မွန်ရဲ့သမီးပဲ ... ဒေါ်ဒေါ်မွန်နဲ့တူရ
လှမှာပဲပေါ့ ..."

ဒေါ်ရည်မွန်က ပြတင်းပေါက်မှ အဝေးသို့ငေးကြည့်
လိုက်သည်။ ပြီးမှ ဖြည်းဖြည်းခြင်းပြောသည်။

"လဲ့လဲ့ညိုဟာ ပင်ကိုယ်အားဖြင့်တော့ လှပတဲ့ မိန်းကလေး



ပါပဲ ... အပျိုတော်ဝင်စကဆို သမီးလဲ့လဲ့ညို တော်တော်လှ
ပါတယ် ... ဒါပေမဲ့ ပြောစတမ်းဆိုရင် လဲ့လဲ့ညိုက ပွေတယ်
ငလ ... အအိပ်အစားမမှန်ဘူး ... ယောကျ်ားလေးတွေနဲ့
တွဲလွန်းတယ် ... ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းမှုမရှိလှဘူး၊
စိတ်အလိုကိုလိုက်လွန်းတယ် ... ဒီတော့လည်း သူ့အသား
အရေတွေဟာ ဖျော့တော့လာတော့တာပေါ့ ... အပျိုသွေး
အပျိုရည်တွေလျော့ပါးလာတယ်ဆိုပါတော့ ... အင်း
ချယ်သပြီး လိမ်းလိုက်ရင်တော့ ခုထက်ထိလှပါသေး
တယ် ... ဒါပေမဲ့ ဝင်းပပလိုအိပ်ရာထမှာလှတာမျိုးတော့ မရှိ
တော့ဘူးပေါ့ကွယ် ..."

ဝင်းပပ၏မျက်ဝန်းအိမ်ဝယ် အလိုလို မျက်ရည်များ
ဝဲလာသည်။

ဒေါ်ဒေါ်မွန်အားတွေ့ရသော အချိန်အနည်းငယ်
အတွင်းမှာပင် ဝင်းပပသဘောပေါက်နားလည်မိသည်။

ဒေါ်ဒေါ်မွန်သည် မေတ္တာငတ်နေသော အမျိုးသမီး
ကြီးပါပေ။ လင်သားကွယ်လွန်သွားသည်။ တစ်ဦးတည်းသောသမီး
လဲ့လဲ့ညိုအပေါ် ပုံ၍ချစ်သည်။

သမီးလဲ့လဲ့ညိုက မိခင်စကား နားမထောင်။ မိခင်
မှဆိုးမကို စုံကန်ထွက်သွားသည်။ ထို့ကြောင့် သမီးလဲ့လဲ့ညိုအပေါ်
တွင် ဒေါ်ဒေါ်မွန် အချစ်ကြီးသလောက် အမျက်ကြီးပုံရသည်။ ထို့
ကြောင့်လည်း လဲ့လဲ့ညိုကို လျစ်လျူရှုထားပုံရသည်။ တူတော်
မောင်မှိုင်းကို ပို၍ပို၍ ချစ်မေတ္တာထားလာသည်ထင်။

www.burmeseclassic.com

မှိုင်းနှင့်ပတ်သက်ပြီး ဝင်းပပကိုတွေ့ရှိသောအခါ ဝင်းပပသည် ဒေါ်ဒေါ်မွန်လိုချင်သော ဖြစ်စေချင်သောပုံစံတွေရှိနေသည်။ ဒေါ်ဒေါ်မွန် စိတ်ကြိုက်မိန်းကလေးပုံစံရှိနေသည်။ အရာရာတွင် ဝင်းပပကို သမီးလှဲ့လှဲ့ညိုနှင့်နှိုင်းယှဉ်ပြီး သမီးလှဲ့လှဲ့ညိုကို တမ်းတစိတ် ခံစားနေရပာန်တူပါလေ၏။

ဝင်းပပက ဒေါ်ဒေါ်မွန်ကို လူကြီးကို ရှိသေ မိခင်လို ယုယသည့်အခါ ဒေါ်ဒေါ်မွန်၏မျက်နှာတွင် ကျေနပ်ကြည်နူးပြီး သမီးလှဲ့လှဲ့ညိုထံမှ ဝင်းပပပုံစံမျိုးတွေ လိုချင်တမ်းတသည်မျိုးဖြစ်လေသည်။

ဒေါ်ဒေါ်မွန့်တွင် မေတ္တာငတ်သော ဝေဒနာခံစားနေရရှာသည်။

"ဒေါ်ဒေါ်မွန် ..."

"ပြော ... ဝင်းပပ"

"လှဲ့လှဲ့ညို ဘယ်မှာနေလဲဟင် ... သူ့လိပ်စာ ဒေါ်ဒေါ်မွန်သိသလား ..."

"သူနေတဲ့ နောက်ဆုံးလိပ်စာကို သဇင်ဖြူဆီကသိရတာတော့ သာကေတမှာလို့သိရတယ်... ရပ်ကွက်နာမည် လမ်းအမည် အိမ်နံပါတ်တွေတော့ အလွတ်မရပါဘူး သမီးရယ်... တယ်လီဖုန်းလမ်းညွှန်စာအုပ် နောက်ဖုံးဘက်မှာတော့ ရေးထားမိသလားပဲ ... ဘာလို့ ဝင်းပပက လှဲ့လှဲ့ညိုရဲ့လိပ်စာကို မေးတာလဲ ..."

"လှဲ့လှဲ့ညိုကို ဝင်းပပသွားတွေ့ပြီး သူ့အပေါ် ဒေါ်ဒေါ်မွန်



ထားရှိတဲ့ ကြီးမားတဲ့မေတ္တာကို လှဲ့လှဲ့ညိုသဘောပေါက်အောင် ပြောပြချင်လို့ ..."

ဒေါ်ဒေါ်မွန်ကခြောက်ကပ်ကပ်သံနှင့်ရယ်လိုက်သည်။

"ရနိုင်ရိုးလား ဝင်းပပရယ် ... လှဲ့လှဲ့ညိုက ဘုန်းကြီးတစ္ဆေပဲ ... သူကပြန်ပြီး ဝင်းပပကို ကမ၀ါစာရွတ်ပြလိုက်လိမ့်မယ် ... ကဲပါသမီးရယ် ... လှဲ့လှဲ့ညိုအကြောင်း မပြောကြပါစို့နဲ့တော့ ... ဒေါ်ဒေါ်မွန် သမီးဆိုးလေးအကြောင်း ခေါင်းထဲမှာမထားတော့ဘူး ... ကဲ ... ကဲ ... သမီး အလှအပလေးပြင်လိုက်ဦး ... ကော်ကြာ မှိုင်းပြန်လာချင်လာမှာ"

ပြောပြောဆိုဆို ဒေါ်ဒေါ်မွန် ထိုင်ရာမှထသွားသည်။

ဒေါ်ဒေါ်မွန်ထွက်သွားမှ ကိုမှိုင်းရေးခဲ့သောစာကို ဝင်းပပ ဒုတိယအကြိမ်ပြန်ဖတ်ကြည့်ပြန်သည်။ စာအဆုံးတွင် ...

"အဝင်းရဲ့ထာဝရကိုကိုမှိုင်းတဲ့ ..."

ဝင်းပပပြုံးလိုက်မိသည်။ စာရေးထားပုံမှာ အကယ်၍ ဒေါ်ဒေါ်မွန်ယူ၍ဖတ်ပါက ယုတ္တိရှိအောင် တကယ့်ချစ်သူ[illegible]မှ [illegible]၍ရေးထားခြင်းဖြစ်မည်။

ထာဝရဆိုသည်မှာ အစဉ်အမြဲ။

အစဉ်အမြဲဆိုသည်မှာ ရာသက်ပန်။

အဝင်းနဲ့ကိုမှိုင်း ဘယ်ကလာပြီး ထာဝရဖြတ်သေ[illegible]လဲကိုမှိုင်းရယ်။

www.burmeseclassic.com

## (၁၀)

နေ့လယ်စာကို မှိုင်းက ... ဝင်းပပအား ကရဝိတ် ဟိုတယ်တွင် ခေါ်သွားကျွေးသည်။

မှိုင်းမှာယူထားသော စားသောက်စရာများသည် ဖွယ်ဖွယ်ရာရာရှိလှပေသည်။

စားသောက်နေစဉ် မှိုင်းက လုပ်ငန်းနှင့်ပတ်သက်ပြီး စကားတစ်ခွန်းမျှမပြော၊ ဝင်းပပကလည်းလုပ်ငန်းနှင့်ပတ်သက်ပြီး စကားတစ်ခွန်းမျှမပြော၊ ဝင်းပပကလည်း လုပ်ငန်းနှင့်ပတ်သက်ပြီး စတင်ကာ နွားရှေ့ထွန်ကျူးဖြစ်မည်စိုး၍ တစ်ခွန်းမျှမဟ၊ တစ်ခွန်းမျှမမေး။

"စားနော် ... စား ... စားအဝင်း ... "

ဖျူဟာခြင်း၊ ယုယခြင်းတို့အပြည့်ဖြင့် ပါးစပ်မှ စား နော် စား စားအဝင်းဟု တတွတ်တွတ်ဆိုရုံမက မှိုင်းကိုယ်တိုင်



ဝင်းပပ ပန်းကန်ထဲသို့ မှာထားသမျှဟင်းလျာတွေ ဇွန်းခပ်ထည့်ပေးသည်။

ဒါတောင် အားမရသေး။

အဝင်းစားတာ အားမရလိုက်တာဟု ဆိုသေးသည်။

အံမယ်မင်း ကိုမှိုင်းပြုမူနေပုံက သဏ္ဍာန်လုပ် သရုပ်ပါလွန်းရုံမက ရုပ်ရှင်ထဲမှာသာဆိုပါက အကယ်ဒမီရွှေတွေဖြစ်လောက်ပါ၏။

နောက်ဆုံး ဝင်းပပကပင် မျိုသိပ်မထားနိုင်ဘဲ မေးမြန်းရတော့သည်။

"ကိုမှိုင်းပြောစရာတစ်ခုရှိလို့ ဝင်းပပကို အပြင်ခေါ်ထုတ်တာမဟုတ်လား ... "

"ကိုကိုမှိုင်းလို့ပြောပါလားအဝင်း ... "

"ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိတာပဲဟာ ... "

"မထင်နဲ့အဝင်း ... ကိုယ်တို့မမြင်ဘူးတဲ့ နောက်ယောင်ခံရှုံ့ဒိုးသမားတွေလိုက်ပါလာနိုင်တယ် ... "

"ဒါဆို ဘာတွေထူးခြားလို့ အဝင်းကိုခေါ်ထုတ်လာတာလဲ"

"စားစမ်းပါအဝင်း စားသောက်နေတုန်းအလုပ်အကြောင်းပြောရင် အဝင်းအစားပျက်ပါ့မယ် ... စားသောက်ပြီးမှ အေးအေးဆေးဆေးနေရာရွေးပြီး ကိုယ်ပြောပြပါ့မယ် ... "

ဒီတော့လည်း ဝင်းပပသည် အစားကိုသာဆက်စားရပေတော့သည်။ ကိုမှိုင်းရဲ့စေတနာတွေကြောင့်လား၊ ကရဝိတ်၏လက်ရာတွေကိုက ကောင်းလွန်းသလားတော့မသိ၊ ဝင်းပပက

www.burmeseclassic.com

ကော်တော်လေးစားနိုင်ပါ၏။

နောက်ပြီး မှိုင်း သူမအပေါ် ယုယဆက်ဆံပုံမှ လုပ်ငန်းသဘောအရပေလော့။ တကယ့်ရင်ထဲကစေတနာမေတ္တာ ကြောင့်လား ဝင်းပပ ဝေခွဲမရဖြစ်ရသည်။

သို့ထစေ ဝင်းပပရင်ထဲတွင် ကျေနပ်မှုများစွာနှင့် ကြည်နူးမှုများစွာ နှစ်မျိုးစလုံး ခံစားနေရပါ၏။

စားသောက်ပြီးစီးသွားသည်နှင့် မော်တော်ကားကို ရပ်ပြနေရာမှာပင် အစောင့်နှင့်ထားခဲ့ကာ မှိုင်းက ဝင်းပပကို ကမ်း စပ်သို့ခေါ်သွားသည်။ အရိပ်ကောင်းသော ခုံတန်းလျားလေးတစ်ခု ပေါ်တွင် ဝင်းပပကို ထိုင်စေပြီး မှိုင်းက တစ်တောင်အကွာခန့်တွင် ဝင်ထိုင်သည်။

"ဒီလိုနေရာမျိုးမှာ ဒီအချိန် ဒီလိုချစ်သူတွေ ဒီလိုလာထိုင် ပြီး စကားပြောတတ်ကြတယ်အဝင်း ..."

"ကိုမှိုင်းစကားထဲမှာ 'ဒီ'တွေများလှချည်လား ..."

"ဟုတ်တယ်အဝင်း ကိုကိုမှိုင်းနဲ့အဝင်း အခုဆက်ဆံနေတာ ဟာ ဒီလိုတွေမဟုတ်ဘဲ တခြားပုံစံတစ်မျိုးဖြစ်နေတယ် မဟုတ်လား ... တခြားချစ်သူတွေကျတော့ ကိုကိုမှိုင်းပြော ခဲ့တဲ့ ဒီလိုကဘယ်ချစ်သူတွေဖြစ်ပြီး ... ဒီနေရာမှာ ချစ် စကားတွေပြောကြတယ်လေ ... ကိုကိုမှိုင်းနဲ့အဝင်းကျ တော့ ဘေးလူအမြင်နဲ့ ဒီလိုတွေမြင်ကြပေမယ့် တကယ် တန်းမှာ ဟန်ဆောင်နေကြရတာကိုပြောတာပါ အဝင်း"

"ဝင်းပပက ရန်ကုန်လိုက်လာတာဟာ ဦးလေးမော်အပေါ်



ယုံကြည်ချက်နဲ့ လုပ်ငန်းကို ကူညီတဲ့သဘောပေါ့နော်"

"ဟုတ်ပါပြီ ... ကိုယ်ကလည်း အခုအလုပ်အကြောင်းပဲ ပြောမှာပါ ... ကဲ ... နားထောင် ... ပြောမယ် ..."

"ပြော ... နားထောင်မယ် ..."

ဝင်းပပက တမင်တန်ပြန်ပြီး ထေ့ငေါ့သလို ပြန် ပြောသည့်လေသံနှင့် မျက်နှာအမူအရာရော စကားလုံးများကြောင့် ရော မှိုင်း အားရပါးရ ရယ်လိုက်ပေသည်။

"မနေ့က ရုံးက ဖုန်းနဲ့ပဲ မန္တလေး မဥမ္မာဆီကို ကိုယ်ဖုန်း ဆက်တယ် ..."

"သြော် ... ဒါကြောင့် မနေ့က ကိုမှိုင်းအိမ်ကိုဖုန်းဆက်ပြီး ဥမ္မာဖုန်းနံပါတ်ကို မေးတာကိုး ... နေပါဦး ... မဥမ္မာဆီ ကိုမှိုင်းက ဘာလို့ဖုန်းဆက်တာလဲ ..."

"မန္တလေးတုန်းက မဥမ္မာက ဝင်းပပဆီ ပေးပို့လိုက်တဲ့ ဝတ်စုံ ကတ်ဘူးထဲမှာ ကျောက်စိမ်းလော့ကတ်ဆွဲကြိုးပါထည့်ပေး လိုက်သလားဆိုတာ မေးကြည့်တာပါ ..."

"အဲ ... ဟုတ်ပါရဲ့ ... အဲဒါကို ဝင်းပပကိုယ်တိုင်သိချင်နေ တာ ... အဲဒီဆွဲကြိုးကို မဥမ္မာထည့်ပေးလိုက်တာတဲ့လား ဟင် ..."

"မဥမ္မာက သူထည့်ပေးလိုက်တာမဟုတ်ဘူးတဲ့ ... နောက် ပြီး အဝင်းကို ကိုယ်ခေါ်သွားတာကို မဥမ္မာအရမ်းစိတ်ဆိုး နေတယ် ... ကိုယ့်ကို ကြိမ်းလိုက်မောင်းလိုက်တာ ... ဒီ တစ်ခါ ဝင်းပပ ထပ်ပြီး အသည်းကွဲရင် အသည်းခွဲတဲ့သူဟာ

www.burmeseclassic.com

သူ့ရန်သူပဲတဲ့ ... ”

“မိဥမ္မာက ဝင်းပပအတွက် စိုးရိမ်စိတ်ပြင်းထန်လို့ ကိုမှိုင်းကို ကြိမ်းမောင်းတာပါ ... ဝင်းပပက နောက်ထပ် ဘာလို့ အသည်းကွဲရမှာလဲ ... ”

“ဒါတော့မသိဘူးဗျာ ... မဥမ္မာကို ကိုယ်ကတိပေးလိုက်တယ် ... ဝင်းပပအတွက် ကိုယ်တာဝန်ယူပါတယ်လို့”

မှိုင်းသည် ဝင်းပပအား စကားချန်ပြီးပြောခြင်းသာဖြစ်သည်။ တကယ်တန်း မဥမ္မာကို မှိုင်းပြောခဲ့သည်မှာ ကျူပ်က ကျော်မောင်လိုလူစားမဟုတ်ဘူး ဒီလူနဲ့ကျူပ်ကို နှိုင်းယှဉ်ပြီးမပြောပါနဲ့ဟု ပြောခဲ့ခြင်းဖြစ်သည်။

မဥမ္မာကို မှိုင်းပြောခဲ့သည့်အတိုင်း ယခု ဝင်းပပကို ပြောပြလျှင် ဝင်းပပက မည်သို့ကောက်ချက်ချလေမည်နည်း။

ကျော်မောင်က တစ်ချိန်တုန်းက ဝင်းပပ၏ချစ်သူ။

ယခု မိမိက မိမိကိုယ်ကို ကျော်မောင်နှင့် နှိုင်းယှဉ်ပြောသည်ကိုက ဝင်းပပ၏ ဒုတိယချစ်သူသဘောသက်ရောက်သွားသည်။ ထိုသို့ပြောမိကြောင်း ဝင်းပပကို အမှန်အတိုင်းပြောလျှင် ဝင်းပပက မိမိကို စိတ်ဆိုးသွားမည်ကို စိုးရိမ်မိသည်။

“နို့ ... ဒါဖြင့် မင်းကိုယ်တိုင်ကရော ဝင်းပပကို မင်းရင်ထဲက မချစ်လို့လား ... ”

ဟု ကိုယ့်ဟာကိုယ်ပြန်မေးမိသည်။

မှိုင်းရင်ထဲက အဖြေမှန်ကိုမတွေ့ရ။

မိမိရင်ထဲနှလုံးထဲက ဝင်းပပကို ချစ်မိနေပြီဆိုဦး



တော့ တာဝန်ချိန်မှာ ချစ်စကားတွေ နှလုံးသားစကားတွေ မပြောသင့်ဟု ယူဆမိသည်။

လုပ်ငန်းတာဝန်က တစ်ကဏ္ဍ။

ရင်ထဲကနှလုံးသားချစ်ခြင်းမေတ္တာက တစ်ကဏ္ဍဟု မှိုင်းစိတ်ထဲ ခွဲခြားသတ်မှတ်ထားသည်။

သို့ထက်မှာမူ ဝင်းပပနှင့် မိမိတွေ့ဆုံသည်မှာ အချိန်အားဖြင့် တိုတောင်းနေလွန်းသေးသည်။ ယခုနေ ရာသက်ပန်ကိစ္စ ဖွင့်ပြောလိုက်လျှင် မိမိ၏နှလုံးသားမေတ္တာသည် အပေါစားဆန်လွန်းသည်ဟု ဝင်းပပကောက်ချက်ချမည်ကို မှိုင်း အရမ်းစိုးရိမ်သည်။

“ဘာငိုင်နေတာလဲ ကိုမှိုင်း ... ဝင်းပပ ဖြုန်းခနဲ ကိုမှိုင်းနဲ့ ရန်ကုန်ကိုလိုက်ခဲ့တာ မိဥမ္မာ သိပ်အံ့ဩမနေဘူးလား”

“အံ့ဩပါတယ် ... မေးလည်းမေးပါတယ် ... ကိုယ်က အလုပ်ကိစ္စကြောင့် ရန်ကုန်ကိုလိုက်လာတာလို့ လုံးထွေးဖြေလိုက်တယ် ... အဲ ... မဥမ္မာက အံ့ဩတာထက် ဝင်းပပ အတွက် တော်တော်ဒေါပွနေတယ် ... ”

“မိဥမ္မာက ဘာလို့ဒေါပွတာလဲ ကိုမှိုင်း ... ”

“ဝင်းပပရဲ့စိန်ပန်းရပ်က တိုက်အိမ်ကို သူခိုးဖောက်ထွင်းသွားတာကို ဒေါပွတာ ... ”

“ဘာ ... ဝင်းပပ မန္တလေးအိမ်ကို သူခိုးဖောက်ထွင်းတယ် ဟုတ်လား ... ”

သူမအိမ်ကို သူခိုး ဖောက်ထွင်းခံရသည်ဆိုသည့် စကားကြားသည်နှင့် ဝင်းပပ ပျာသွားသည်။ မည်သူမဆို မိမိအိမ်ကို

www.burmeseclassic.com

ဖိုးဖောက်ထွင်းခံရသည်ဆိုပါက ပျာပျာသလဲဖြစ်လေမည်သာ။

"ဒါပေမဲ့ ... ဝင်းပပအိမ်က အဖိုးတန်ပစ္စည်း ဘာတစ်ခုကိုမှ သူခိုးကယူမသွားပါဘူးတဲ့ ... အားလုံး သူ့နေရာအတိုင်းပဲရှိနေတယ်တဲ့ ... "

"ဘာပစ္စည်းမှမယူဘဲ သူခိုးက ဘာလို့ ဖောက်ထွင်းရတာလဲ ... "

"ကိုမှိုင်းနဲ့တကွ အထက်လူကြီးအဖွဲ့ကြီးတစ်ခုလုံး ယူဆတာကတော့ သူခိုးဟာ ဝင်းပပရဲ့ ကျောက်စိမ်းလော့ကတ်ကို လိုချင်လို့လို့ ယူဆကြတာပဲ ... နောက်ပြီး ဝင်းပပနောက်ကိုလိုက်နေတဲ့ ... ဦးပိန်ရှည်နဲ့ဒေါ်ပုတို့ဟာလည်း ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကြောင့် လိုက်နေတယ်လို့လည်း ယူဆကြတယ် ... ဝင်းပပ မန္တလေးအိမ်ကို ဖောက်ထွင်းမှုဟာ ကျောက်စိမ်းလော့ကတ်ဆွဲကြိုးနဲ့ပတ်သက်နေလိမ့်မယ် ... "

"ဦးပိန်ရှည်နဲ့ဒေါ်ပုတို့ဟာ ရန်ကုန်ထိ ဝင်းပပနောက်ကို လိုက်လာကြတာမဟုတ်လား ... မန္တလေးအိမ်ဖောက်ထွင်းမှုမှာ သူတို့နဲ့ပတ်သက်နိုင်မလားကိုမှိုင်း ... "

"ဦးပိန်ရှည်ပဲ ရန်ကုန်ကိုလိုက်လာတာ ဝင်းပပ ... ဒေါ်ပုတို့က မန္တလေးမှာကျန်ခဲ့တယ်တဲ့ ... ဦးပိန်ရှည်နှင့်ဒေါ်ပုတို့ဟာ တစ်ဖွဲ့တည်းသားချင်းဖြစ်နေရင် ဦးပိန်ရှည်က ရန်ကုန်လိုက်လာ ... ဒေါ်ပုတိုက မန္တလေးအိမ်ကိုဖောက်ထွင်းပြီး လူခွဲလုပ်တာဖြစ်နိုင်တာပဲ ... "



ဝင်းပပသည် ယခုတိုင်ဆွဲ[illegible] ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကို ငုံ့ကြည့်ပါ၏။

"ဘာလို့များ ဒီကျောက်စိမ်းလော့ကတ်ဆွဲကြိုးကို သူတို့လိုချင်နေပါလိမ့်နော် ... "

"အဲဒီအဖြေကို ကိုမှိုင်းတို့တစ်ဖွဲ့လုံးက ရှာကြံစုံစမ်းနေကြတယ် ဝင်းပပ ... ကိုမှိုင်းရဲ့အဖွဲ့ဝင်လူကြီးတွေအားလုံးက ဒီဆွဲကြိုးကို သူတို့အားလုံးရှေ့မှာ ဆန်းစစ်ကြည့်ချင်နေကြတယ် ... ဒီဆွဲကြိုးကို ဆန်းစစ်လိုက်ရင် ... အဖြေတစ်ခု ထွက်လာလိမ့်မယ်လို့လည်း မျှော်လင့်နေကြတယ် ... "

"ဒါဆို ကိုမှိုင်း ဆွဲကြိုးကိုယူသွားလေ ... အဖွဲ့ကိုပြလိုက်ပေါ့"

ဝင်းပပက ပြောပြောဆိုဆို ဆွဲကြိုးကိုဖြုတ်ရန် [illegible]ယ်လိုက်သည်။

"နေဦး ... အခုမယူသေးဘူးဝင်းပပ ... အခု ကိုယ်တို့ ပတ်ဝန်းကျင်မှာ ဆန့်ကျင်ဘက်ဂိုဏ်းက ရှိုဒိုးသမားတွေရှိနေနိုင်တယ် ... သူတို့အမြင်မှာ ကိုမှိုင်းနဲ့ဝင်းပပ ဒီမှာလာထိုင်ပြီး ချစ်တင်းနှီးနှောနေတာလို့ပဲမြင်စေချင်တယ် ... "

ဝင်းပပသည် ဖြူပြာလဲ့သောမျက်[illegible] [illegible]ကို [illegible]ကြည့်သည်။ တစ်စထက်တစ်စ ကိုမှိုင်း၏[illegible] [illegible]ရာတို့သည် ဟန်ဆောင်သည်[illegible] [illegible]ရင်ထဲကရှိသည့်[illegible]တိုင်း ပွင့်ထွက်လာသည်[illegible] ယင်မြင်မိသောကြောင့်ဖြစ်ပါ၏။

"သြော် ... အဝင်း ... "

"ပြော ... ကိုမှိုင်း ... "

www.burmeseclassic.com

"အဝင်း မန္တလေးကုန်တိုက်မှာ အလုပ်ဝင်လုပ်တာ ကိုယ့်ဟာကိုယ် လျှောက်လွှာတင်လို့ ခန့်လိုက်တာလား ... တစ်ယောက်ယောက်က သွင်းပေးတာလား ..."

"အဲဒီတုန်းက ဝင်းပပဟာ စိတ်ပျက်ပြီး ဘာလုပ်လို့လုပ်ရမှန်းမသိတဲ့အချိန်ပဲ ... အဲဒီအချိန်မှာ ကိုဘသော်က ဝင်းပပစိတ်ပြေလက်ပျောက်လည်းဖြစ် ဝင်ငွေလည်းရစေဆိုပြီး အလုပ်သွင်းပေးတာ ... အဲဒီအလုပ် ကုမ္ပဏီပိုင်ရှင်နဲ့ ကိုဘသော်က ခင်မင်ရင်းနှီးတယ်လေ ..."

"ကိုဘသော် ... ဟုတ်လား ... ဒီနာမည် ကိုမှိုင်းကြားဖူးသလိုပဲ ..."

"ဟုတ်ချင်ဟုတ်မှာပေါ့ ... ကိုဘသော်က ဝင်းပပကို အလုပ်သွင်းပေးပြီး မကြာခင် ရန်ကုန်ကိုဆင်းသွားတယ်၊ ရန်ကုန်မှာအလုပ် လုပ်မလို့တဲ့ ... ဒီတော့ ရန်ကုန်မှာ ကိုမှိုင်းကလင်ပဲ ... ကိုမှိုင်းအနေနဲ့ ... ကိုဘသော်နဲ့ တစ်ခုခုကြောင့် ဆုံမိချင်ဆုံမိမှာပေါ့ ..."

"အဲဒီကိုဘသော်နဲ့ ဝင်းပပက နဂိုထဲက ခင်မင်ကြသူပေါ့လား ..."

"မဟုတ်ဘူး ... ကိုဘသော်က သီရိရဲ့ချစ်သူ၊ သီရိဆိုတာက ဝင်းပပနဲ့ဥမ္မာလိုပဲ ခင်မင်တဲ့သူငယ်ချင်း ... သီရိမျက်နှာကြောင့် ဝင်းပပကို ကိုဘသော်က အလုပ်သွင်းပေးခဲ့တာ။ ဒါပေမဲ့ အခုတော့ သီရိနဲ့ကိုဘသော် ဘာလို့လဲတော့မသိဘူး။ လမ်းခွဲလိုက်ကြပြီလို့ကြားတာပဲ ..."



"သီရိကလည်း မန္တလေးကပဲလား"

"ဟုတ်တယ် ... ဒါပေမဲ့ ဥမ္မာနဲ့ခင်သလောက်တော့ မခင်ဘူး ... အထိုက်အလျောက် ဝင်းပပနဲ့ သီရိခင်မင်ရုံပဲ"

မှိုင်းလက်ပတ်နာရီကြည့်လိုက်သည်။

"သွားကြစို့အဝင်း ... မွန်းလွဲသုံးနာရီတောင်ထိုးတော့မယ်၊ ဗိုလ်ချုပ်ဈေးသွားပြီး အဝင်းအတွက် လက်ဆွဲလက်ဆောင်ကို မှိုင်းဝယ်ပေးချင်နေတယ် ... ရွှေဆိုင်တွေက လေးနာရီလောက်ဆိုရင်ပိတ်တာ သွားကြစို့ ..."

နှစ်ဦးသား မော်တော်ကားဆီသို့ပြန်လာကြသည်။ ယှဉ်တွဲလျှောက်လာရင်း ဝင်းပပက ပြုံးလိုက်မိသည်။

"ဘာလို့ ပြုံးတာလဲအဝင်း ..."

"ဩော် ... ကိုယ်ဟာကိုယ်ပြုံးတာလည်း ကိုမှိုင်းကမြင်တာပဲလား ... တကယ်ဆိုဘေးတိုက်ယှဉ်လျှောက်နေတာ"

"ဟုတ်တယ် ဘေးတိုက်ယှဉ်လျှောက်နေတာမို့ ကိုမှိုင်းမျက်လုံးတွေက ရှေ့တည့်တည့်ကြည့်နေရင်တော့ အဝင်းပြုံးတာကို ဘယ်မြင်မလဲ ... ဒါပေမဲ့ ... ကိုမှိုင်းက အဝင်းမျက်နှာကိုပဲ စွေစောင်းကြည့်နေတာမို့ အဝင်းပြုံးတာကို မြင်တာပေါ့ ..."

"ဟုတ်မှာပေါ့လေ ... ရဲအရာရှိ မျက်စိဆိုတာ အမြဲတမ်းမသက်သာတဲ့မျက်စိနဲ့ ကြည့်လေ့ရှိကာပဲဟာ ..."

"အဝင်းကို ကိုမှိုင်းကြည့်တာ ရဲမျက်စိနဲ့ကြည့်တာမှမဟုတ်တာ ... အရုပ်လှလှလေးကိုကြည့်ပြီးရင် ... ထပ်ကြည့်တဲ့

www.burmeseclassic.com

ကလေးရဲ့အကြည့်မျိုးနဲ့ကြည့်တာ ... "

ကိုမှိုင်း၏စကားတို့သည် အလုပ်တာဝန်အရ ယုတ္တိရှိအောင် ပြုမူနေသည်ထက် နယ်လွန်လာပြီမှန်း ဝင်းပပသေချာ သတိထားလိုက်မိသည်။

ဝင်းပပကိုယ်တိုင်မှာလည်း တဲကလေးမခိုင့်တခိုင် ဆင်တိုးလို့ ယိုင်ဆိုသလိုဖြစ်ချင်နေမိပြီလားမပြောတတ်။

မှိုင်းက ယုတ္တိဟန်ဆောင်ပြီ အစွန်းငြိသောစကား ပြောလေတိုင်း ဝင်းပပမှာလည်း ရင်ကလေးဖိုလိုက်ခုန်သွားသည် ချည်းဖြစ်ရပါ၏။ ဒေါ်ဒေါ်မွန်မှတစ်ဆင့်ကို မှိုင်းပေးခဲ့သောစာကို လည်း ဝင်းပပနှစ်ကြိမ်ဖတ်ခဲ့ရာ နှစ်ကြိမ်စလုံး ရင်ခုန်ခဲ့သည်။

"ပြုံးတယ်ဆိုတာ ရယ်မောခြင်းရဲ့အခြေခံပေါ့ ကိုမှိုင်း ... ဝင်းပပအဖြစ်က တွေးကြည့်ရင် ရယ်ချင်စရာကြီးမဟုတ်လား ... ပထမရည်းစားပျက်တယ် ... အခုတစ်ခါ ဒုတိယအကြိမ် အတုအယောင်လက်စွပ်ဝတ်ရဦးမယ် ... မဝတ်ချင်ပါဘူးလို့ငြင်းပယ်ရင်လည်း အခုလက်ရှိလုပ်ဆောင်နေတဲ့ ကိစ္စမှာ အံမဝင်ခွင်မကျဖြစ်မယ် ... နောက်တစ်လလောက်ကြာတဲ့အခါ ဝင်းပပတစ်ယောက် ဒုတိယအကြိမ် ရည်းစားပျက်ပြီး မန္တလေးပြန်ပြေးလာတယ်ပေါ့လို့ တကယ့်အစစ်အမှန်ကို မသိတဲ့ ဝင်းပပရဲ့ပတ်ဝန်းကျင်က ပြောကြဦးမယ်၊ အဲဒါဟာ ရယ်စရာကြီးပေါ့ကိုမှိုင်း ... ဒါကိုတွေးမိလို့ပြုံးတာပါ ... "

"အဲဒါ ရယ်စရာမှမကောင်းတာ ... အဲဒီလိုဖြစ်မသွားဘဲ



နောက်တစ်မျိုးဖြစ်သွားရင် ... အဲဒီနောက်တစ်မျိုးကမှ တကယ့်ရင်ထဲအသည်းထဲက ကြည်နူးစရာ ရယ်စရာ ပျော်ရွှင်စရာဖြစ်သွားမယ်ဆိုရင်ကောဗျာ ... "

မှိုင်း၏စကားသည် ပဟေဠိဆန်နေပါ၏။ နောက်တစ်မျိုးဖြစ်သွားလျှင်ဆိုသည့်စကားမှာ အဓိပ္ပာယ်ကျယ်ပြန့်လှပါ၏။

အဲဒီလိုဖြစ်နေခြင်းမှာ အတုဟန်ဆောင်ခြင်းဖြစ်နေသည်မို့ နောက်တစ်မျိုးဖြစ်မည်ဆိုခြင်းမှာ အတုဟန်ဆောင်ခြင်း မဟုတ်တော့ဘဲ တကယ့်အစစ်အမှန်ဖြစ်သွားခြင်းကို မှိုင်းရည်ရွယ် ပြောခြင်းပေလား။

မှိုင်း ဘာကိုဆိုလိုသနည်းဟု ပြန်မေးချင်မိသည်။ သို့သော် ပြန်မေးလိုက်လျှင် ကိုယ့်အမေးကြောင့် သူက တကယ့် အစစ်အမှန်ချစ်သူတွေဖြစ်စေလို၍ ရေလာမြောင်းပေးပြောသည်ဟု ထင်မည်စိုးသောကြောင့် မမေးဘဲနေလိုက်သည်။ သူ့ဘက်မှမဖော်ထုတ် ဘဲ နှလုံးသားဆန္ဒပွင့်ထွက်လာလေမှ ဖွင့်လိုက ဖွင့်စေတော့ဟု သဘောထားလိုက်သည်။

မော်တော်ကားပေါ်တက်ရောက်ပြီး မောင်းသွား လာပြီဆိုတော့လည်း ယာဉ်ကြောက ရှုပ်ထွေးသဖြင့် သတိထား မောင်းနေရသောကြောင့် စကားမပြောဖြစ်ပါပေတော့။

ဗိုလ်ချုပ်ဈေးတွင်ကား နေရာယူပြီးနောက် နှစ် ယောက်သား ရွှေဆိုင်များရှိရာသို့လာခဲ့ကြသည်။

ဝင်းပပက ကျောက်စိမ်းကိုနှစ်သက်သည်။ ပြီး ပခု

www.burmeseclassic.com

ဖြစ်နေမယောက်စွမှာလည်း ကျောက်စိမ်းနှင့် တစ်မျိုးတစ်မည်ပေါက် ပေါက်နေသည်။ ယခု သူတို့နောက်သို့ ရှဲဒိုးသမားပါလာချင်လာမည် မည်းဖြစ်သည်။

"အဝင်းကို ကျောက်စိမ်းလက်စွပ်ဝယ်ပေးမယ်နော် ... အဝင်းက ကျောက်စိမ်းကိုမှကြိုက်တာမဟုတ်လား ..."

ဝင်းပပက ခေါင်းညိတ်ပြသည်။

ကျောက်စိမ်းလက်ဝတ်ရတနာများကိုသာ သီးသန့် ရောင်းသောဆိုင်သို့ ဝင်ခဲ့ကြသည်။

ပန်းတွေ ကနုတ်တွေမပါဘဲ ပဲစေ့ခြမ်းခန့်အရည် အသွေးကောင်းသော ရွှေကွင်းထားသည့်လက်စွပ်ကို ရွေးချယ်လိုက်သည်။

ရောင်းသူဆိုင်ရှင်သည် အသက်လေးဆယ်ခန့်ရှိပြီး အာဝဇ္ဇန်းကောင်းသူဖြစ်သည်။ ဝင်းပပလို သိပ်ချောသိပ်လှသည့် မိန်းကလေးရှေ့တွင် သူ၏အရည်အချင်းကို ပြချင်ပုံရသည်။

"ဒီက ညီမလေးနဲ့ဆိုရင် ကျောက်စိမ်းဟာအလိုက်ဖက်ဆုံးပေါ့ကွယ် ... ကျောက်စိမ်းဆိုတာက အသွေးအရောင် အလွန်မျက်စိအေးစေပြီး စိမ်းဖန့်ဖန့်လေးမဟုတ်လား ... ညီမလေးရဲ့လက်ဖမိုးလေးတွေက အကြောစိမ်းလေးတွေ ယှက်သမ်းနေတာနဲ့ ကျောက်စိမ်းလက်စွပ်လေးဟာ သိပ်ကို လိုက်ဖက်တင့်တယ်လှပါတယ် ... နောက်ပြီး ညီမလေးရဲ့လည်တိုင်က အကြောစိမ်းလေးတွေလည်တိုင်အောက် ရင်ညွန့်က အကြောစိမ်းလေးတွေယှက်သမ်းနေတာ ညီမ



လေးဝတ်ထားတဲ့ကျောက်စိမ်းလော့ကတ်လေးနဲ့ အရမ်းလိုက်ဖက်တယ် ..."

ရောင်းသူဆိုင်ရှင်သည် ပြောရင်း ဝင်းပပ၏ကျောက်စိမ်းလော့ကတ်သီးလေးကို စူးစူးစိုက်ကြည့်နေလေသည်။

မှိုင်းစိတ်ထဲတွင် ရောင်းသူဆိုင်ရှင်က ဝင်းပပ၏ရင်ညွန့်အားစိုက်ကြည့်သည်ကို မခံချင်စိတ်ပေါက်လာသဖြင့် ကောက်ခါငင်ကာမေးလိုက်သည်။

"ဘယ်လိုလဲဗျ ... ခင်ဗျားမျက်စိက ကြည့်လှချည်လား"

"အား ... အထင်မလွဲပါနဲ့မိတ်ဆွေ ... ကျုပ်က ဒီဈေးထဲမှာ ရတနာနဲ့ပတ်သက်ပြီး ကျောက်စိမ်းဘုရင်လို့တော့ အမည်ပေးခံထားရသူပါ ... ကျုပ်အကြည့်ရိုင်းသွားရင် ခွင့်လွှတ်ပါ။ ကျုပ် စူးစိုက်ကြည့်မိတာက ညီမလေးဆွဲထားတဲ့ ကျောက်စိမ်းလော့ကတ်ကိုကြည့်မိတာပါ ..."

မှိုင်း ချက်ချင်းစိတ်ထားပြောင်းပြီး ပြန်မေးလိုက်သည်။

"ဒီကျောက်စိမ်းလော့ကတ်ကို ဘာလို့ ခင်ဗျားစိုက်ကြည့်တာလဲဗျာ ..."

"အဲဒီကျောက်စိမ်းလော့ကတ်ရဲ့အရည်အသွေးကို စိတ်ဝင်စားမိတာပါ ... ညီမလေးရဲ့ကျောက်စိမ်းလော့ကတ်လက်ရာဟာ ... ခုခေတ်လက်ရာမဟုတ်ဘူး ... ရှေးခေတ်က လက်ရာဖြစ်ရမယ် ... ဒါကြောင့် စိတ်ဝင်တစားကြည့်မိတာပါ ..."

www.burmeseclassic.com

"ဒါဆို ခင်ဗျားက ကျောက်စိမ်းဘုရင်ပဲ ... အဲဒီကျောက်စိမ်း လော့ကတ်ကို တစ်ဆိတ်လောက်စစ်ဆေးအကဲခတ်ပေး လားဗျာ ... ကဲ ... အဝင်း ... လော့ကတ်ကို ပြလိုက် လား ..."

"ရတယ်လေ ကိုကိုမှိုင်း ..."

ပြောပြောဆိုဆို ဝင်းပပက ခေါင်းငုံ့ပြီး ဆွဲကြိုးကို ချိတ်ခလုတ်ဖြုတ်သည်။

ချိတ်သည် ဖြုတ်မရဖြစ်နေပါ၏။

"အဝင်းဖြုတ်လို့မရဘူး ... ကိုကိုမှိုင်းပဲဖြုတ်ပေးလေ"

မှိုင်းက ဝင်းပပကျောပေးပြီး ပေးထားရာသို့နောက် မှဝင်ရပ်ကာ ချိတ်ခလုတ်ကိုဖြုတ်သည်။

ဝင်းပပ၏ကျောပြင်လေးတစ်ခုလုံး မှိုင်းရင်ခွင်တွင် ကပ်လျက်သားရှိသွားသည်။

ဝင်းပပ ရင်ခုန်သည်မှာ အရမ်းကိုခုန်သွားတော့ သည်။

မှိုင်းမှာလည်း ဝင်းပပကဲ့သို့ပင် ရင်တွေခုန်ရုံမက လက်များပင်တုန်သောကြောင့် ဆွဲကြိုးချိတ်ခလုတ်ကိုဖြုတ်၍မ ပြန်ပေ။

"ကဲ ... ရွှေဆိုတာ မာကျောတဲ့ပစ္စည်းပဲ ... လွယ်လွယ်နဲ့ ဘယ်ဖြုတ်လို့ရနိုင်မလဲ ... ဒီမှာရော့ ညီတော်မောင် ဟော ဇာဂနာနဲ့ ညှပ်ဆွဲဖြုတ် ..."

ရောင်းသူထံမှ ဇာဂနာယူပြီးဖြုတ်လေမှ ဆွဲကြိုးချိတ်



ဖြုတ်သွားသည်။ ကျောက်စိမ်းလော့ကတ်ကို ဆွဲကြိုးနှင့်အတူ ဆိုင် ရှင်ကျောက်စိမ်းဘုရင်လက်သို့ပေးကာ စစ်ဆေးစေသည်။ ထိုဆိုင် ရှင်ပုဂ္ဂိုလ်က မှန်ဘီလူးလေးဖြင့် သေချာစစ်ဆေးကြည့်သည်။

"အား ... ကျွတ် ... ကျွတ် ... နှမြောစရာ"

ကျောက်စိမ်းဘုရင်က သေချာစစ်ဆေးကြည့်ရှုပြီး ကျွတ်ကျွတ်စုတ်ထိုးကာ နှမြောစရာဟု ညည်းသံထွက်လာသည်။

"ဘာလို့လဲ မိတ်ဆွေ ..."

"ကျောက်စိမ်းရဲ့အရည်အသွေးကတော့ ပထမတန်းအဆင့် ဝင်တယ် ... အကောင်းပကတိသာဆိုရင် ဒီကျောက်စိမ်း လော့ကတ်ဟာ သိန်းဂဏန်း ဟိုဘက်တော်တော်များများ အောင်တန်ဖိုးရှိနိုင်တယ် ... ဒါပေမဲ့ ... ကျောက်စိမ်းရိုး အလယ်တည့်တည့် အက်ကြောင်းရှိနေတယ် ... သိပ်အရည် အသွေးကောင်းတဲ့ကျောက်မျိုးဟာ ... အက်တဲ့သဘောရှိ တယ် ... ဒီကျောက်စိမ်းလော့ကတ်ဟာလည်း မာကျောတဲ့ အရာတစ်ခုခုနဲ့ ခပ်ပြင်းပြင်းလေးတိုက်မိပုံပဲ ... ဒါကြောင့် အက်ကွဲသွားတာ ..."

"ကိစ္စမရှိပါဘူးဗျာ ... ကျွန်တော်တို့က ပြန်ရောင်းဖို့မှ စိတ် ကူးမရှိတာ ... သိချင်လို့ ကြုံကြိုက်တုန်း စစ်ဆေးပေးစေချင် တဲ့သဘောပါ ... ဒါက မိဘဘိုးဘွားလက်ထက်က ဆင်း သက်လာတဲ့အမွေပစ္စည်းဖြစ်နေတယ်လေ ..."

မှိုင်းက ဆွဲကြိုးကို ပြန်ယူလိုက်သည်။

"ဒြော် ... အဝင်း ... ဆွဲကြိုးကို အိမ်ရောက်မှပဲ အေးအေး

www.burmeseclassic.com

ဆေးဆေး ပြန်ဆွဲတော့နော် ... အဖြတ်ရခက်သလို အဝ
ရလည်းပြန်ကျက်မှာစိုးလို့ပါ ..."

"ရတယ် ... ကိုကိုမှိုင်းပဲယူထားလိုက်လေ ..."

ဆိုင်ရှင်ထံမှ ဝယ်ယူသောလက်စွပ်ဖိုးကို မှိုင်းက ငွေ
အကြေခြေပြီး ဝင်းပပ၏လက်ဝဲလက်ဖဝါးကိုဆွဲကာ လက်သူကြွယ်
တွင် ကျောက်စိမ်းလက်စွပ်လေးဝတ်ပေးလိုက်သည်။

ဆိုင်ရှင် ကျောက်စိမ်းဘုရင်က ... ဆုမွန်ကောင်း
တတွတ်တွတ်တောင်းပေးတော့သည်။

"အင်း ... ချမ်းသာကြပါစေ ... ကျန်းမာကြပါစေ အသက်ရှည်
ကျော်ရှည်ပြီး ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်း
သင်းရပါစေ ... စီးပွားတိုးတက်ပါစေ ... ရာထူးတိုးတက်ပါ
စေ ... အန္တရာယ်ရှင်း ဘေးကင်း ..."

လက်စွပ်ဝတ်ထားပြီးသော ဝင်းပပသည် ဆိုင်ရှင်
ကျောက်စိမ်းဘုရင်၏ ဆုတောင်းမဆုံးမီမှာပင် ချာခနဲလှည့်ကာ
မော်တော်ကားရပ်ထားရာသို့ လျှောက်လာခဲ့သည်။

ဘကြီးသား ကိုယ်တော်ချောမှိုင်းသည် ဝင်းပပ
နောက်သို့ မလိုက်လာသေးဘဲ ဆိုင်ရှေ့မှာပင်ရပ်ကာ ဆိုင်ရှင်ပေး
သောဆုတွေကို ပြီးဆုံးအောင်နားထောင်ကျန်ခဲ့ပြီး ပေးတဲ့ဆုနဲ့
တကယ့်ကိုပြည့်ရပါလို၏ဟု ပြန်ပြောနေသေးသည်။

ဟွန်း ... မုန်းစရာ ကိုကိုမှိုင်းကြီးပါပေ။



(၁၁)

အဖွဲ့ဝင်လူကြီးတွေနှင့် မှိုင်းအခြေအတင်လေးပြော
ကြရသည်။

စိတ်ချယုံကြည်ရသော ပန်းထိမ်ဆရာတစ်ဦးကိုအဖွဲ့
ခေါ်ယူကာ ဝင်းပပထံမှရယူလာသော ကျောက်စိမ်းလော့ကတ်
ကို ပန်းထိမ်ဆရာအား လက်ရာမပျက်ဖြတ်စေသည်။

ဗိုလ်ချုပ်ဈေးထဲမှ ကျောက်စိမ်းဘုရင်ဆိုသည့် ဆိုင်
ရှင်ပြောသည်မှာ မမှားပေ။ ဖြတ်လိုက်သည်နှင့် ကျောက်စိမ်းလော့
ကတ်မှာ အလယ်အက်ကြောင်းအတိုင်း နှစ်ခြမ်းကွဲသွားသည်။

နှစ်ခြမ်းကွဲကျောက်စိမ်းထဲမှ (၁×၁½)စင်တီမီတာ
ရှိသော ဖလင်ပြားသေးသေးလေးထွက်ရှိလာသည်။

ဥက္ကဋ္ဌဦးဖြူက အဆပေါင်းများစွာပါဝါကြီးသော
မှန်ဘီလူးဖြင့် ဖလင်လေးကိုစစ်ဆေးကြည့်သည်။ ပြီး အဖွဲ့ဝင်ဦးစိမ်း

www.burmeseclassic.com

[illegible]ဦး၊ ဦးနီနှင့် မှိုင်းကိုလည်း မှန်ဘီလူးဖြင့် ဖလင်ပြားလေးကိုကြည့်စေသည်။ ဖလင်လေးထဲတွင် စိမ်းနီဝါအဖွဲ့၏ လျှို့ဝှက်ချက် သတင်းများကိုဏ်းယူပါရှိနေသည်ကိုတွေ့ရပေတော့သည်။ မိမိတို့အဖွဲ့မှ လျှို့ဝှက်ချက်ပေါက်ကြားကြောင်း သေချာသွားသည်။

ဦးနီက စတင်ပြောလာသည်။

"ပြောစရာရှိရင်တော့ ပြောရမှာပဲ ... အခု ကျုပ်ပြောမှာ ပုဂ္ဂိုလ်ရေးမပါဘူး ... ဓမ္မဓိဋ္ဌာန်ပြောရခြင်းသာဖြစ်တယ်"

ဥက္ကဋ္ဌဦးဖြူက ပြောခွင့်ထပ်ပြုသည်မို့ ဦးနီက ဆက်ပြောသည်။

"ကျုပ်တို့အဖွဲ့ကြီးရဲ့ လျှို့ဝှက်ချက်တွေအားလုံးကိုကိုင်ထားသူဟာ အတွင်းရေးမှူးမှိုင်းပဲ ... "

"ရှင်းရှင်းပဲပြောပါအန်ကယ် ... ဒီလျှို့ဝှက်သတင်း ဆန့်ကျင်ဘက်ဂိုဏ်းဆီကို ပေါက်ကြားသွားတာ ကျွန်တော့်တာဝန်လို့ အန်ကယ်ဦးနီစွဲချက်တင်တာလား ... "

"စွဲချက်အထိမရောက်သေးဘူး၊ ကျုပ်တင်ပြချက်ကို ဒီအဖွဲ့က လက်ခံပါတယ်ဆိုမှ စွဲချက်တင်ပြရာရောက်နိုင်မယ်"

ဆက်ပြောပါဦးနီဟု ဥက္ကဋ္ဌဦးဖြူက ထပ်ပြောသည်။

"ပုဂ္ဂိုလ်ရေးအရတော့ ကျုပ်ကိုယ်တိုင် မှိုင်းကိုယုံကြည်ပြီးသားပါ ... ဒါပေမဲ့ မှိုင်းဟာ ဒီစိမ်းဝါနီအဖွဲ့ရဲ့လုပ်ငန်းတာဝန်သာမက သူ့ရဲ့အုပ်တာဝန်တွေကိုပါ ပူးတွဲဆောင်ရွက်ရသူမို့ အလုပ်များပါတယ် ... ဒီတော့ သူ့အိမ်ကိုယူပြီး ကျုပ်တို့အဖွဲ့လျှို့ဝှက်ချက်တွေထားရှိရာမှာ မှိုင်းရဲ့အိမ်သားတစ်



ယောက်ယောက်က ဒီ ကျုပ်တို့ရဲ့လျှို့ဝှက်သတင်းကို တိတ်တဆိတ်ယူပြီး ဆန့်ကျင်ဘက်ဂိုဏ်းကို ဖလင်ပြားနဲ့ ဓာတ်ပုံရိုက် ပေးပို့တာဖြစ်မှာပါ ... "

"ကျွန်တော် အဖွဲ့ဝင်ဦးနီရဲ့စကားကို လုံးဝကန့်ကွက်ပါတယ် ဥက္ကဋ္ဌကြီး ... ကျွန်တော့်အိမ်မှာ အိမ်သားဆိုလို့ ကျွန်တော်နဲ့ဒေါ်ဒေါ်မွန် တူပရီးနှစ်ယောက်သာရှိပါတယ် ... အခု အဖွဲ့ဝင် ဦးနီရဲ့တင်ပြချက်ဟာ ဒေါ်ဒေါ်မွန်က လျှို့ဝှက်သတင်းတွေကို ဓာတ်ပုံရိုက်ပြီး ဆန့်ကျင်ဘက်ဂိုဏ်းကိုပေးသလိုလိုပြောတာကို ကျွန်တော် လုံးဝကန့်ကွက်ပါတယ်။ ကျွန်တော့်အဒေါ် ... ဒေါ်ဒေါ်မွန်ရဲ့ကိုယ်ကျင့်တရားကို ကျွန်တော် လုံးဝယုံကြည်တယ် ... ဒေါ်ဒေါ်မွန်ရဲ့ ဂိုဏ်းသမာဓိကိုလည်း လုံးဝယုံကြည်တယ် ... ဒေါ်ဒေါ်မွန်က လျှာပေါ်မြက်ပေါက်သွားပါစေ မကောင်းမှုကို လုပ်မယ့်သူ လုံးဝမဟုတ်ဘူး ... ကျွန်တော်ဟာ ... ရာနှုန်းပြည့်[illegible] ယောက်လို့သိတာကလွဲပြီး ကျွန်တော် ဘာကြားလိုက်ရ[illegible] နေမှန်း ဒေါ်ဒေါ်မွန် လုံးဝ မသိပါဘူး ... [illegible] လျှို့ဝှက်သတင်းကိုရိုက်တဲ့ကင်မရာဟာ ... [illegible]ပြီး အလွန်ပညာသားပါကဲ့ ကင်မရာအမျိုး[illegible]မယ်၊ ဒေါ်ဒေါ်မွန်ဟာ ဒီလောက်ခေတ်မီတဲ့ ကင်မရာမျိုးကို သူကိုယ်တိုင်ရိုက်တတ်ဖို့ဝေးလို့ မြင်တောင်မမြင်ဖူးမှာမဟုတ်ပါဘူး ... ဒါကြောင့် ဒေါ်ဒေါ်မွန်ကိုတင်ပြတာ ကျွန်တော် လုံးဝကြီးကို လက်မခံဘူး ... ကန့်ကွက်တယ် ... ဒီလျှို့ဝှက်

www.burmeseclassic.com

သတင်းပေါက်ကြားမှုမှာ အပြစ်ရှိတယ်ဆိုရင် ကျွန်တော်ပဲ ဒီအပြစ်ကိုခံယူပါမယ် ... "

ဥက္ကဋ္ဌဦးဖြူသည် အလေးအနက်စဉ်းစားပြီးမှ ...

"အင်း ... မိုင်းပြောတာ ကျုပ်လက်ခံတယ် ... ဒေါ်ရည်မွန်အကြောင်းကိုရော မိုင်းတို့မိသားစုတွေအကြောင်းကိုရော ကျုပ်စုံစမ်းထားပြီးသားပါ ... မိုင်းတို့အိမ်မှာ အရင်းအချာမိသားစုသုံးယောက်ပဲရှိတယ် ... ဒေါ်ရည်မွန်ရယ် ... သူ့သမီး လဲ့လဲ့ညိုရယ် ... ဟူအရင်း မိုင်းရယ် သုံးယောက်ပဲရှိတယ် ... အခုကိစ္စမှာ လဲ့လဲ့ညိုကိုထည့်တွက်လို့မရဘူး ... လဲ့လဲ့ညိုဟာ သူ့မိခင် ဒေါ်ရည်မွန်နဲ့ မသင့်မြတ်လို့ အိမ်ပေါ်က ဆင်းသွားတာ ... တစ်နှစ်ကျော်သွားပြီ ... ကျုပ်တို့စိမ်းဝါနီအဖွဲ့ ဖွဲ့စည်းတာက ခြောက်လပဲရှိသေးတော့ ကျုပ်တို့အဖွဲ့ကြီး မရှိမီကတည်းက လဲ့လဲ့ညိုက ဒီအိမ်မှာမရှိတော့တဲ့အတွက် လဲ့လဲ့ညိုမဖြစ်နိုင်ဘူး ... ဒေါ်ရည်မွန်ဟာလည်း မိုင်းပြောတဲ့အတိုင်း အကျင့်သိက္ခာပြည့်စုံသူမှန်း ကျုပ်ကိုယ်တိုင်သိတယ် ... ဒီတော့ ကျုပ်ကပဲ မိုင်းကိုတိုက်ရိုက်မေးမယ် ... ဒီကိစ္စပေါက်ကြားမှုဟာ သဇင်ဖြူအတု မော်မော်နိုင်ဖြစ်နေမလားမိုင်း ... "

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်လို့ ကျွန်တော်ဖြေပါတယ် ဥက္ကဋ္ဌကြီး ... သဇင်ဖြူဟာ ဒေါ်ဒေါ်မွန်ကို ချဉ်းကပ်ပြီး ပြုရုပ်အားဖြင့် ကျွန်တော့်ကို လက်ထပ်ချင်လို့ဆိုတဲ့ ရုပ်ပြထားပြီး ဒေါ်ဒေါ်မွန်ကိုချဉ်းကပ်တယ် ... အယုံသွင်းတယ် ... အဲဒီနောက် ကျွန်တော့်အိမ်မှာ ဘုရားစင်ကနေ မီးဖိုချောင်အထိ ဝင်ထွက်တဲ့အခွင့်အရေးရရှိတယ် ... ဒါကြောင့်လည်း ... ဒေါ်ဒေါ်မွန်ကို ကျွန်တော့်မှာ ချစ်သူမန္တလေးမှာရှိတယ်၊ သဇင်ဖြူကိုလက်မထပ်နိုင်ဘူးလို့ပြောင်းတယ် ... ဒေါ်ဒေါ်မွန်က မင်းမှာ ချစ်သူရှိတယ်ဆိုရင် ငါ့ကိုပြန်ဆိုလာရင် ကျွန်တော် မန္တလေးကိုသွားပြီး ရဲမှူးအန်ကယ်ဦးမော်မော်ဆီမှာ အကူအညီတောင်းတယ် ... ကျွန်တော့်ရဲ့အဖြစ်အပျက်တွေ အန်ကယ်မော့်ကိုပြောပြတယ် ... ရဲမှူးအန်ကယ်ကိုယ်တိုင်လည်း ရဲအဖွဲ့အကြီးအကဲဖြစ်နေတော့ ... ဒီစိမ်းဝါနီအဖွဲ့ကြီး ဖွဲ့စည်းပြီးလိုအပ်ရင် ကူညီပါဆိုတဲ့ စာရထားလို့ အန်ကယ်မော်က ဝင်းပပကိုရွေးချယ်ပြီး အတုအယောင်ချစ်သူ အတုအယောင်သတို့သမီးအဖြစ် လိုက်ပါစေတာပဲ ... ဝင်းပပကိုယ်တိုင်ကလည်း အဲဒီအချိန်မှာ သူ့ကိုယ်ရေးကိုယ်တာကြောင့် စိတ်တွေမကောင်းဖြစ်ချိန်မှာ ... အန်ကယ်မော်တောင်းတဲ့အကူအညီကို သူမကိုယ်တိုင် အနားမှာပဲကြီး လက်ခံခဲ့တာပဲ ... ဒါတွေအားလုံး ဥက္ကဋ္ဌကြီးကအစ အဖွဲ့ဝင်အားလုံးသိပြီးသားတွေပါ ... "

ဥက္ကဋ္ဌကြီးဦးဖြူကပင် မတ်တတ်ရပ်ပြီး တစ်ဖွဲ့လုံးအား အလေးအနက်ထပ်မံပြောဆိုလိုက်သည်။

အခု မိုင်း မန္တလေးသွားတဲ့ကိစ္စ ရဲမှူးဦးမော်မော်က ကူညီလိုက်တဲ့ကိစ္စတွေအားလုံး ကျုပ်တို့အဖွဲ့ကလည်း သိထားပြီးသားမို့ မိုင်းပြောတာအားလုံး ကျုပ်တို့လက်ခံတယ်။ ဒီကိစ္စကို ဖြစ်



www.burmeseclassic.com

ပြီးသွားတဲ့ကိစ္စတစ်ရပ်လို့ပဲ ဆုံးဖြတ်တယ်။

"အခုဆက်ပြီး စဉ်းစားရမှာက ဒီလျှို့ဝှက်ချက်ဖလင်ပြား ကြောင့် ဆန့်ကျင်ဘက်ဂိုဏ်းတွေမှာ ဘယ်လောက်အရေး ပါသွားသလဲ ... ပြန်ပြီးဆန်းစစ်ရမယ် ... ကျုပ်ကပဲ ဥက္ကဋ္ဌ အနေနဲ့ ဆန်းစစ်ပြမယ် ... "

"အခုလက်ရှိအခြေအနေဟာ အခု မှိုင်းနဲ့လိုက်ပါလာတဲ့ ဝင်းပပဆိုတဲ့အမျိုးသမီးဆီက ကျုပ်တို့ရဲ့လျှို့ဝှက်ချက်တွေ ပါဝင်တဲ့ ဖလင်ပြားလေးပြန်ရခဲ့တယ် ... ဒီတော့ ဝင်းပပ လက်ထဲ ဒီဖလင်ပြား ဘယ်လိုရောက်တယ်ဆိုတာကို ကျုပ် ပြန်ဆန်းစစ်ပြမယ် ... "

"ဝင်းပပဟာ ... သူ့သူငယ်ချင်း ဥမ္မာဆိုတဲ့ အမျိုးသမီးနဲ့ မန္တလေး ရတနာဗိမာန်ဆိုင်မှာ ကျောက်စိမ်းနှစ်သက် ကြောင်း ဟာသသဘောပြောကြရင်း ဝင်းပပပြောလိုက်တဲ့ စကားထဲမှာ ... ဆန့်ကျင်ဘက်ဂိုဏ်းသားတွေအချင်းချင်း ဆက်သွယ်ရေးလျှို့ဝှက် သင်္ကေတစကားတစ်ခွန်းပါသွားပုံ ရတယ်၊ ဒါဟာ တကယ်တော့ မတော်တဆတိုက်ဆိုင်မှုလို့ပဲ ယူဆရတယ် ... အဲဒီမတော်တဆတိုက်ဆိုင်မှုစကားဟာ ဆန့်ကျင်ဘက်ဂိုဏ်း လျှို့ဝှက်သင်္ကေတတစ်ခုနဲ့ ထပ်ပြီး တိုက်ဆိုင်ပြီ ... ဒီလျှို့ဝှက်ဖလင်ပြားကို ဝင်းပပကတစ်ဆင့် ထပ်ဆင့်ဂိုဏ်းချုပ်ဆီပို့ပေးရမယ်ဆိုတဲ့သဘော သက် ရောက်သွားတာမို့ ကျောက်စိမ်းလော့ကတ်ဆွဲကြိုး ဝင်းပပ ဆီရောက်လာတယ် ... ဝင်းပပဆီရောက်ပြီးမှ လျှို့ဝှက်



ဂိုဏ်းဟာ သူတို့ပေးပို့ချက်မှာ လူမှားပြီးပေးပို့မိပြီဆိုတာ သိရပြီ ... ဝင်းပပဆီက ကျောက်စိမ်းလော့ကတ် ဆွဲကြိုးပြန် လည်ရရှိရေးအတွက် အကြမ်းနည်းဖက်ပြီး လုပ်ယူတဲ့အထိ ဖြစ်လာတာလို့ ယူဆနိုင်တယ် ... ကဲ ... ကျုပ်ရဲ့ဆန်းစစ် ချက်နဲ့ပတ်သက်ပြီး မှိုင်းကရော ဘယ်လိုသဘောရှိသလဲ ... ပြန်ပြောပြပါ ... "

"ကျွန်တော်ကိုယ်တိုင် အခုဥက္ကဋ္ဌကြီး ဆန်းစစ်သလို ရင်ထဲ က ဆန်းစစ်ထားတာမို့ အထူးပြန်ပြောစရာမရှိပါဘူး ... ဥက္ကဋ္ဌကြီးခင်ဗျား ... "

"ဒါထက် ကျုပ်ရဲ့နောက်ဆက်တွဲ ဆန်းစစ်ချက်ကို ဆက် ပြောပြမယ် ... "

"ဒီကျောက်စိမ်းလော့ကတ်ဟာ သူတို့ဆန့်ကျင်ဘက်ဂိုဏ်း သားအချင်းချင်းက တစ်ဆင့်ပြီးတစ်ဆင့် သူတို့ရဲ့ဂိုဏ်းချုပ် အကြီးအကဲဆီပို့တဲ့သဏ္ဌာန်ပဲ ... ဒီလိုတစ်ဆင့်ပြီးတစ်ဆင့် ပို့ရာမှာ သူတို့ချင်းသာသိတဲ့ လျှို့ဝှက်သင်္ကေတစကားနဲ့ ပို့ရမယ် ... အဲဒီအချိန်မှာ ဝင်းပပပြောလိုက်တဲ့စကားဟာ သူတို့သင်္ကေတ လျှို့ဝှက်စကားနဲ့သွားတိုက်ဆိုင်ကိုက်ညီမှု ရှိနေလို့ ဝင်းပပဟာ သူတို့ဂိုဏ်းသားပဲလို့ယူဆပြီး ဝင်းပပဆီ ပို့လိုက်တယ် ... စဉ်းစားကြည့်ရင် ... ကျုပ်တို့မှာ ဘာမှ မဆုံးရှုံးတဲ့အပြင် ရွှေဆွဲကြိုးနဲ့ ကျောက်စိမ်းဝိုင်းတောင် အမြတ်ရလိုက်သေးတယ် ... ကျောက်စိမ်းဝိုင်းထဲမှာ ဖလင် ပြားရှိနေတဲ့အတွက် သူတို့အကြီးအကဲ ဂိုဏ်းချုပ်လက်ထဲ

www.burmeseclassic.com

ယည်းမရောက်သေးလို့ ဖလင်ပြားထဲက လျှို့ဝှက်ချက်တွေ လည်း သူ့ဂိုဏ်းအနေနဲ့ ဘာမှမသိသေးလို့ ဘာမှမလှုပ်ရှားနိုင်သေးဘူး ... အဲ ... ဒါပေမဲ့ ဒီကျောက်စိမ်းလော့ကတ် ဆွဲကြိုးဟာ ဝင်းပပဆီကယူလာတဲ့ဆွဲကြိုးမို့ ဝင်းပပကိုပဲ ဒီဆွဲကြိုးပြန်ပေးရမယ် ... ဖလင်ပြားကိုတော့ ကျုပ်တို့အဖွဲ့က ပြန်သိမ်းရမယ် ... အဲဒါ အဖွဲ့ဝင်တွေ ဘယ်လိုသဘော ရသလဲ ... "

"ဥက္ကဋ္ဌကြီးရဲ့ အယူအဆအတိုင်းပဲ သဘောရပါတယ်၊ ဒါကြောင့် ဥက္ကဋ္ဌကြီးပြောပြချက်ကိုသဘောတူပါတယ်"

နောက်ဆုံးဆွဲကြိုးကို နဂိုမူလအတိုင်း ပန်းထိမ်ဆရာက ပြန်ပြုလုပ်စေပြီး ဝင်းပပပင် ၎င်းဆွဲကြိုးကို ဆက်ဆွဲထားရန် အတည်ပြုချက် မှတ်တမ်းတင်ရန် စီစဉ်သည်နှင့် မှိုင်းက ထ၍ ကန့်ကွက်တော့သည်။

"ကျွန်တော် ... ကန့်ကွက်ပါတယ် ... ဒီဆွဲကြိုးကို နဂိုအတိုင်း ဝင်းပပဆက်ပြီးဆွဲထားစေဖို့ကို ကျွန်တော် ကန့်ကွက်တာပါ ... ဒီဆွဲကြိုးကျောက်စိမ်းလော့ကတ်ထဲက ဖလင်ပြားကို ကျွန်တော်တို့အဖွဲ့က ထုတ်ယူထားလိုက်တာကို တစ်ဘက် ဆန့်ကျင်ဘက်ဂိုဏ်းက ဘယ်လိုမှမသိနိုင်တာမို့ ဒီဖလင်ပြားကိစ္စကြောင့်ပဲ ဒီဆွဲကြိုးဆက်ဆွဲထားတဲ့ ဝင်းပပမှာ အသက် အန္တရာယ်အထိရှိနိုင်ပါတယ် ... ဝင်းပပဟာ ကျွန်တော်တို့ အဖွဲ့ဝင်တစ်ဦးမဟုတ်ပါဘူး ... မန္တလေးက ရဲမှူးအန်ကယ် နဲ့ ပုဂ္ဂိုလ်ရေးခင်မင်မှုကြောင့် ကျွန်တော်နဲ့ အန်ကယ်မော်



က ထည့်ပေးလိုက်နိုင်တာပါ ... ကျွန်တော်တို့ စိမ်းဝါနီအဖွဲ့နဲ့ဆိုရင် ဝင်းပပဟာ သူစိမ်းတစ်ဦးသက်သက်ပါ၊ ဒါကြောင့် ဝင်းပပအသက်အန္တရာယ်ရှိနိုင်တဲ့ ဒီဆွဲကြိုးကို ဝင်းပပဆက်ပြီး ဆွဲမထားသင့်ပါဘူး ... "

အဖွဲ့ကြီးတစ်ခုလုံး မှိုင်းစကားကြောင့် ငြိမ်သွားသည်။

အတန်ကြာမှ ဥက္ကဋ္ဌကြီး ဦးဖြူက မှိုင်းကိုပြန်လည်ပြောကြားမိန့်မြွက်စကားဆိုသည်။

"ကျုပ်အဖွဲ့ဥက္ကဋ္ဌအနေနဲ့ ရှင်းရှင်းပဲပြောမယ် ... ဝင်းပပဟာ ဒီကျောက်စိမ်းလော့ကတ်ကို ဆက်မဆွဲထားရင် တစ်ဘက် ဆန့်ကျင်ဘက်ဂိုဏ်းကလည်း ဖလင်ပြားခြေရာပျောက်သွားပြီလို့ယူဆပြီး သူတို့လည်းနောက်ဆုတ်ပျောက်ကွယ် ကိုယ်ရောင်ဖျောက်သွားကြမှာပဲ ... ဒါဆိုရင် ကျုပ်တို့က ဒီဂိုဏ်းကြီးကို ဖမ်းမိဖို့ လမ်းစပျောက်သွားမယ် မှိုင်း ... "

"ဒါဆို ဒီဂိုဏ်းကြီးကိုမိနိုင်ဖို့ကိစ္စအတွက် ဝင်းပပကို နဂိုအတိုင်း ဆွဲကြိုးဆွဲထားစေပြီး တည်ကြက် တည်ချိုးအဖြစ် အသုံးပြုတဲ့သဘောသက်ရောက်နေတာပေါ့ဥက္ကဋ္ဌကြီး"

"အဲဒီအတိုင်းပါပဲ ... ကျားကိုဖမ်းမိဖို့ ဆိတ်ကစ်ကောင်ကို တောထဲသစ်ပင်မှာ ကြိုးချည်ပြထားတဲ့သဘောပဲ ... "

"ဝင်းပပအတွက် တကယ့်အသက်အန္တရာယ်မို့ အဖွဲ့ဝင် မဟုတ်တဲ့ ဝင်းပပကို ဒီလိုအသုံးမချသင့်ပါဘူး ဥက္ကဋ္ဌကြီး"

"အဲဒီအတွက် ကျုပ်တို့အဖွဲ့ကြီးက ဝင်းပပရဲ့ အသက်

www.burmeseclassic.com

အန္တရာယ်အတွက် လုံးဝတာဝန်ယူပေးပါ့မယ်ဆိုရင်ကော ဆိုကြပါစို့မိုင်း ... တည်ကြက် ... တည်ချိုး ... တည်ဆိတ်နဲ့ထောင်ထားပြီး မုဆိုးအဖွဲ့ကဝိုင်းပြီး လင့်စင်ထိုးစောင့်မယ် ... ကျားအလာမှာ အမိဖမ်းမယ်ဆိုရင်ကော ... "

"ဝင်းပပမှာ ဘယ်လိုအန္တရာယ်မှ မဖြစ်စေရဘူးလို့ ဥက္ကဋ္ဌကြီး တာဝန်ယူမလားခင်ဗျာ ... "

"ယူတယ်မိုင်း ... အခု မိုင်းရှေ့မှာပဲ ကျုပ်တာဝန်ယူပြမယ်"

ပြောပြောဆိုဆို ဥက္ကဋ္ဌကြီးဦးဖြူသည် တယ်လီဖုန်းကိုကောက်ကိုင်ပြီး နယ်မြေအသီးသီးမှ လုံခြုံရေးအဖွဲ့များသို့ တယ်လီဖုန်းဆက်တော့သည်။

"လုံခြုံရေးအဖွဲ့တွေအားလုံးကို ကျုပ်အမိန့်ပေးတယ် ... ကမ္ဘာ့အေးဘုရားလမ်းခြံအမှတ်( ... )က ဝင်းပပဆိုတဲ့ အမျိုးသမီးကို အခုအချိန်ကစပြီး ဘယ်လိုအန္တရာယ်တစ်ခုမျိုးမှ မဖြစ်အောင် စောင့်ရှောက်ပေးရမယ် ... ဒါအမိန့်ပဲ၊ အဲဒီအမျိုးသမီးဟာ အသက်အစိတ်လောက်ရှိပြီး သိပ်ချောသိပ်လှတဲ့အမျိုးသမီးလို့သာ အကြမ်းအားဖြင့် မှတ်ယူပါ၊ အခု နက်ဖြန်သဘက်အတွင်း အဲဒီဝင်းပပအမျိုးသမီးရဲ့ ဓာတ်ပုံကို လုံခြုံရေးအဖွဲ့တိုင်းဆီကို ပို့ပေးမယ် ... အထူးတာဝန်အဖြစ်နဲ့ နည်းပရိယာယ်တွေနဲ့ ဝင်းပပကို အန္တရာယ်မရှိအောင် ကာကွယ်ပေးရမယ် ... ဝင်းပပတစ်ခုခုအန္တရာယ်ဖြစ်သွားရင် အဲဒီနယ်မြေတာဝန်ကျလုံခြုံရေးအဖွဲ့ကို ကြိုးလေးထိရောက်တဲ့အပြစ်ပေးမယ် ... "



"ကဲ ... ဒါဆို မိုင်းကျေနပ်ပြီလား ... [illegible]မှမဖြစ်စေရဘူး ... ကျုပ်အဘက်ဘက်က တ[illegible] ... "

ဥက္ကဋ္ဌကြီးကိုယ်တိုင် ဤမျှ[illegible]

[illegible]င်းမှာ ခေါင်းညိတ်ရမလိုလို ခေါင်းခါရမလို[illegible]

[illegible]ည်။

"ကျွန်တော်ကတော့ ဒီအဖွဲ့လုပ်ငန်းမှာ [illegible] တဲ့သူမို့ အခုဥက္ကဋ္ဌကြီး အစီအစဉ်တွေကို [illegible] ဒါပေမဲ့ ဒီကိစ္စမှာ ကျွန်တော် ကျေနပ်ဖို့ထက် [illegible] ဝင်းပပက ကျေနပ်ဖို့ အဓိကအရေးအကြီးဆုံးပါ၊ ကျွန်[illegible] ဆန္ဒအရပြောရရင် ဒီကိစ္စမှာ ဒီလိုစီစဉ်ထားတယ် ... ဝင်း[illegible] ကျေနပ်စွာလုပ်မလားလို့ ဖွင့်ပြောပြီး သူကျေနပ်ရင်[illegible] ကျေနပ်ရင် မနက်ဖြန်လေး သူ့အိမ်ကိုအရောက်ပြန်ပို့ပေး[illegible] ဥက္ကဋ္ဌကြီး ... "

"ဒါလည်းမှန်တယ် ... ဒီတော့ မိုင်းက ဝင်းပ[illegible] ကိစ္စအားလုံးကိုဖွင့်ပြောပြပါ ... ဝင်းပပက [illegible] ရဲဘူးဆိုရင် မနက်ဖြန်လေးအရောက် ကျုပ်က[illegible] မယ် ... မိုင်းက ဝင်းပပကိုပဲ မေး[illegible] ... "

ခွဲကြီးကို နှုတ်ဆက်လအတိုင်း [illegible]

[illegible]လုပ်ပေးပြီး ထိုကျောက်စိမ်းလော့ကက်[illegible]

[illegible]ပေးလိုက်တော့သည်။

"အင်း ပွဲကတော့ ပွဲကြီးပွဲကောင်း[illegible] ... [illegible]ပအနေနဲ့ မိုင်းအပေါ်မှာ သံယောဇဉ်ရှိလို့ မိုင်း[illegible] ကျောက်

www.burmeseclassic.com

စိမ်းလော့ကတ်ဆွဲကြိုးကို ပြန်ဆွဲမယ်ဆိုရင် ဝင်းပပနောက် ကို ဆန့်ကျင်ဘက်ဂိုဏ်းကလူတွေကလည်း ဆွဲကြိုးပြန်ရလို့ နဲ့ လိုက်ကြမယ် … ဥက္ကဋ္ဌကြီးအမိန့်နဲ့ နယ်မြေအသီးသီး လုံခြုံရေးအဖွဲ့တွေကလည်း ဝင်းပပရဲ့အန္တရာယ်ကိုကာကွယ် ဖို့ ဝင်းပပနောက်ကလိုက်ကြမယ် … ဦးပိန်ရှည်နဲ့ဒေါ်ပုတို့ ကလည်း လိုက်ကြမယ် … အဲ … ကျုပ်တို့ရဲ့ဇာတ်ကို မင်း သားမှိုင်းကလည်း သူချစ်သူ ပပဝတီမင်းသမီးလေးနောက် ကို တကောက်ကောက်လိုက်ရမယ် … ဒါပေမဲ့ ဝင်းပပခမျာ မှာတော့ သူ့နောက်ကို ချစ်သူမှိုင်းတစ်ကောက်ကောက် လိုက်ပေးတာကိုပဲ သိပ်ကျေနပ်နေပြီး တခြားဘယ်သူမှ လိုက်မှန်းတောင် သိမှာမဟုတ်တော့ဘူး … မှိုင်းတစ် ယောက် သူနဲ့အတူ အမြဲရှိနေတာကိုပဲ ကျေနပ်နေမှာပါ … မဟုတ်ဘူးလားမှိုင်း … ”

“တော်ပြီ … ”

ဟု မှိုင်းက ကျေနပ်သောမျက်နှာကြီးနှင့် ပြန်ပြော လိုက်ပေတော့သည်။



(၁၂)

ဟိုနေ့ကပင် ကိုမှိုင်းက ကျောက်စိမ်းရွှေလက်စွပ် တစ်ကွင်းဝယ်ပေးသည်။ တန်ဖိုးမသေးလှ သောင်းကျော်ပေးဝယ်ခဲ့ သည်။

မိမိကို အပိုင်ဝယ်ပေးသည်ဖြစ်သော်လည်း ယခုလို ဟန်ဆောင်နေစဉ်ကာလ ဝတ်ဆင်ထားပြီး မိမိမန္တလေးပြန်သည့်အခါ ပြန်ပေးထားခဲ့ရန် ဝင်းပပဆုံးဖြတ်ထားပြီးသားဖြစ်သည်။

ယနေ့လည်း ဒေါ်ဒေါ်မွန်က ဝင်းပပနှင့်အတူ ဈေးသို့ ချုပ်ရေးသွားမည်ဟုပြောသည်။ ဝင်းပပအတွက် အောက်ခံအဝတ် အထည်များဝယ်ယူချုပ်လုပ်ပေးရန်ဟုဆိုသည်။

“ဝင်းပပအတွက်မလိုတော့ပါဘူး ဒေါ်ဒေါ်မွန် … ဟိုနေ့က ပဲ ကျောက်စိမ်းလက်စွပ်ရွှေသုံးမူးသားလောက်နဲ့ ဝယ်ပေး ထားတာကပဲ သောင်းဂဏန်းတွေအများကြီးဖြစ်နေပါပြီ …

www.burmeseclassic.com

ဝင်းပပ လက်ဝတ်လက်စားအသစ်တွေနဲ့ အဝတ်အထည် အသစ်တွေ မလိုတော့ပါဘူး ...”

“ငြင်းလို့မရဘူးလေသမီး ... မှိုင်းက ဒေါ်ဒေါ်မွန့်ကို သေချာ မှာထားခဲ့တာ ... နောက်ပြီး ဝင်းပပမှာရှိတာတွေက ဟိုတုန်းကအဝတ်အထည်ကွေမို့ ဒိတ်အောက်နေပြီ ... ခေတ်မီဝတ်စုံဆိုလို့ ဝင်းပပမှာ နှစ်စုံပဲရှိတာမဟုတ်လား”

ဝင်းပပငြင်း၍မရပေ။ သူမ၏စိတ်ထဲတွင်ဤရန်ကုန်တွင် မှိုင်းအား ကူညီသင့်သည်များကူညီပြီးဆုံးလျှင် မန္တလေးသို့ မိမိ ပြန်ရသည်ဆိုသည့်စိတ်သာ ထားရှိနေသည်။

နောက်ဆုံး ဒေါ်ဒေါ်မွန်နှင့် မှိုင်း ဖွတ်ဝယ်ပေးထားသော ပစ္စည်းအားလုံး မိမိမန္တလေးပြန်သည့်အခါ ထားခဲ့မည်ဟု စိတ်တွင် ဆုံးဖြတ်ပြီး ဝယ်ပေးသမျှ လက်ခံရတော့သည်။

အိမ်တွင် ကိုမှိုင်းလည်းမရှိ၊ အလုပ်သွားနေသည်။ ဒေါ်ဒေါ်မွန်နှင့်အတူ အငှားကားဖြင့်ထွက်လာခဲ့ကြသည်။

အိမ်တွင် ခြံစောင့်ကြီး ဦးသြဘာသာလျှင် သစ်ပင် ပန်းပင်တွေ ရေလောင်းရင်း ကျန်ခဲ့သည်။

ဗိုလ်ချုပ်ဈေးတွင် ... ဒေါ်ဒေါ်မွန်က ဝင်းပပအား ဘာယူမည်နည်းဟုမေးသည်။

ဝင်းပပက ဘာလိုချင်သည်ဟုမပြောတတ် ... ။ ဒေါ်ဒေါ်မွန်က မမေးတော့ဘဲ ဝင်းပပနှင့်လိုက်ဖက်မည်ထင်သမျှ ဝယ်ယူတော့သည်။ ဒေါ်ဒေါ်မွန်ဝယ်နေစဉ် ဝင်းပပက ဈေးအတွင်း ဟိုငေးဒီငေးလိုက်ကြည့်ရာမှ ထောင့်ကွယ်တစ်နေရာတွင် ရပ်နေ



သော ဦးပိန်ရှည်ကို ဝင်းပပတွေ့မြင်လိုက်သည်။

သို့သော် ဦးပိန်ရှည် မိမိအား[illegible]ဟောင်ခံလိုက် နေခြင်းအတွက် ဝင်းပပ ဘယ်လိုမျှ ထူးဆန်းစိတ်[illegible]မဖြစ်ပါ လေတော့။

တစ်ခုတော့ ဝင်းပပစဉ်းစားမိသည်။ ဦးပိန်ရှည် သည် မိမိဆွဲသော ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကြောင့် မိမိ နောက်သို့လိုက်နေသည်ဆိုပါက ယခု မိမိတွင် ကျောက်စိမ်းဆွဲကြိုး ဆွဲထားခြင်းမရှိပါလေတော့။ ဟိုတလောရက်ပိုင်း[illegible] ကိုမှိုင်း ကိုယ်တိုင်ဖြုတ်ပေးသော ဆွဲကြိုးမှာ ယနေ့ထိ ကိုမှိုင်းက မိမိအား ပြန်မပေးသေးသဖြင့် ဆွဲထားခြင်းမရှိ။

မိမိတွင် ကျောက်စိမ်းလော့ကတ်ဆွဲထားခြင်းမရှိပါ ဘဲလျက် ဦးပိန်ရှည်က မိမိနောက်သို့ အဘယ်ကြောင့်လိုက်နေရပြန် ပေသနည်း။

ဝယ်ခြမ်းပြီးသော အထည်စများကို ဒေါ်ဒေါ်မွန်က ဝင်းပပကို စက်ချုပ်တန်းသို့ခေါ်သွားပြန်ပြီး အင်္ကျီချုပ်ပေးရန် ဝင်းပပကို အတိုင်းအထွာနှင့်တိုင်းပြီး ချုပ်ဖို့အပ်ခဲ့သည်။

အင်္ကျီအပ်သည်ကို ရက်မြန်မြန်[illegible] ချုပ် ပေးသော်လည်း ဒေါက်တွေ[illegible]နှင့်ချုပ်[illegible]မှ စောင့် ယူသွားပါဟုဆိုသဖြင့် စောင့်ယူရသည်။ နှစ်နာရီ[illegible]မျှစောင့်ယူရပြီး နောက် တက္ကစီကားဖြင့်ပင် အိမ်သို့ပြန်လာခဲ့ကြသည်။

ခြံတံခါးကို ဦးသြဘာက [illegible]ဖွင့်ပေးရင်း ဝင်းပပ ကို ပြောသည်။

www.burmeseclassic.com

"ဝင်းပပရဲ့ဒေညှ်သည်တစ်ယောက်ရောက်နေတယ် ... ကျုပ်က ဝင်းပပမရှိဘူး ဈေးသွားတယ်လို့ပြောတော့ ဝင်းပပပြန်လာတဲ့အထိ စောင့်မယ်ဆိုပြီး ခြံထဲကနံ့တန်းလျားမှာ ထိုင်စောင့်နေလေရဲ့ ... ဝင်းပပရဲ့ဧည့်သည်ပါဆိုလို့ ခြံထဲကနံ့တန်းလျားမှာ ထိုင်ခွင့်ပေးလိုက်တာ ... အိမ်ကြီးရဲ့တံခါးကိုတော့ လုံးဝဖွင့်မပေးဘူး ... ခြံထဲမှာပေးထိုင်တာကော သူကတစ်ယောက်တည်းဖြစ်တာရော ... ကျုပ်ထက်ဗလသေးတဲ့ကောင်မို့ရော ဝင်ထိုင်ခွင့်ပေးတာ ... ဝင်းပပဧည့်သည်ကို ကျုပ်က မောင်းထုတ်ပြန်လည်း ကျုပ်ကို အပြစ်တင်မှာစိုးလို့"

"ထားပါတော့ သူ့နာမည် ဘယ်သူတဲ့လဲရှင် ... "

"ကျော်မောင်တဲ့ ... "

ဝင်းပပက မျက်မှောင်ကြုတ်သွားသော်လည်း နံ့တန်းလျားပေါ်ထိုင်စောင့်နေသည့် ကျော်မောင်နှင့် ခြံထဲဝင်သည်နှင့် ပက်ပင်းတိုးတော့သည်။

ကျော်မောင်က ထိုင်ရာမှ ဝင်းပပဆီသို့ ထလာသည်။

"ရှင် ဘာကိစ္စ ကျွန်မဆီလာတာလဲ ... "

"ကိစ္စရှိမှလာရတော့မှာလားပပရယ် ... "

ဒေါ်ရည်မွန်က ဝင်းပပဧည့်သည်ဖြစ်ရုံမက လက်ထဲတွင် အထုပ်တွေ ပွေ့ပိုက်လျက်သားမို့ အိမ်ထဲသို့ ဦးသြဘာကို တံခါးဖွင့်ခိုင်းပြီး တန်းဝင်သွားသည်။



"ရှင် ... ဒီကိုလာတာ ကျွန်မမှာရော ဒီအိမ်ကလူတွေမှာရော အနှောင့်အယှက်ဖြစ်တယ် ... ရှင် ခုချက်ချင်းပြန်ထွက်သွားပါ ... ကျွန်မ ဒီအိမ်က ကိုကိုမှိုင်းနဲ့ မကြာခင်လက်ထပ်တော့မှာ ... "

"လက်ထပ်တော့မှာဆိုတာ ... လက်ထပ်ပြီးသေးတာမှ မဟုတ်တာပဲ ပပရယ် ... လူ့ဗျူအပျိုဘဝမှာ ကိုယ်ပိုင်လုပ်ပိုင်ခွင့်တွေရှိနေဆဲပဲဟာ ... ကိုယ့်ကို အိမ်ထဲကိုတောင် မဖိတ်ခေါ်တော့ဘူးလားပပ ... "

"လုံးဝပဲ ... ရှင် ဒီကပဲ လှည့်ပြန်တော့ ... ဒါပဲကျွန်မပြောတတ်တယ် ... "

"ပြတ်လှချည်လားပပ ... ကိုကိုမောင်ရဲ့အမှားအတွက် ပပကို တောင်းပန်ချင်လို့ လာခဲ့တာပါ ... ရန်သူတောင် လက်နက်ချရင် ကျေအေးရပါတယ်ပပ ... ကိုကိုမောင် ပပကို ချစ်မြဲချစ်လျက်ပါ ... ကိုကိုမောင် ဘယ်မိန်းကလေးနဲ့မှလည်း လက်မထပ်ရသေးပါဘူး ... ကိုကိုမောင့်အမှားကို ခွင့်လွှတ်ပေးပါလားပပရယ် ... ဟိုအရင်က ချစ်ခဲ့ကြတဲ့အတိုင်း ... "

"ထပ်ပြောမနေနဲ့ ... ဒီမှာကြည့် ကိုကျော်မောင် ... ဟောဒီမှာ ကျွန်မဝတ်ထားတာ လက်ထပ်လက်စွပ်ပဲ ... ကျွန်မ ကျောက်စိမ်းကြိုက်လို့ ကိုကိုမှိုင်းက ကျောက်စိမ်း လက်ထပ်လက်စွပ်ဝယ်ပေးလို့ ဝတ်တောင်ဝတ်ထားပြီ ... ရှင်သွားပါတော့ ... "

www.burmeseclassic.com

"ကိုကိုမောင်တွေ့သွားပဲ လေယာဉ်ပျံပေါ်မှာတုန်းက ပပ ကျောက်စိမ်းလော့ကတ်ဆွဲကြိုးဆွဲထားတာ ကို မောင်သတိထားမြင်မိသေးတယ် ... အဲဒီကျောက်စိမ်း ကတ်ဆွဲကြိုးကိုရော အခု ပပ ဘာလို့ဆွဲမထားသလဲ ဘာ သိမ်းထားလိုက်သလဲ ... "

ဝင်းပပသည် ကျော်မောင်အား သေချာအကဲ အကြည့်ဖြင့်ကြည့်လိုက်သည်။ ကျော်မောင် ယခု မိမိထံသို့ ရောက် ရှာတိုးလာခြင်းမှာ ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကြောင့်မ လားဟု ဖျတ်ခနဲ တွေးလိုက်မိသည်။

သေချာကြည့်လိုက်မှပင် ကျော်မောင်၏လက် လက်သူကြွယ်တွင် ထုထည်ကြီးမားသော ရွှေလက်စွပ်ကြီး ဝတ် ထားသည်ကို ဝင်းပပမြင်မိပြန်သည်။

မန္တလေးဈေးချိုကအထွက် မိမိကို နောက်မှ ဂ ပင်းကို လက်တစ်ဖက်ဖြင့် ပွေ့ညှစ်စဉ်က ထိုလူ၏လက်တွင် လက်စွပ်ကြီးဝတ်ထားသည်ကိုပါ ဝင်းပပပြန်လည်သတိရလိုက် သည်။

ယခု ကျော်မောင်မှာလည်း ရွှေလက်စွပ်ကြီးဝတ် ထားသည်။ ထို့ပြင် ယခုလာသည်မှာ ချစ်သူဟောင်းကို စိတ် မပြတ်နိုင်သောကြောင့် ရှာတ်လာခဲ့ပါသည်ဟုပြောစေကာမူ ကျော် မောင် အဓိကစိတ်ဝင်စားစွာ ပြောနေသည်မှာ ကျောက်စိမ်းလော့ ကတ်ဆွဲကြိုးအကြောင်းသာ အဓိကပြောနေသည်ကိုလည်း ပြန် တွေးမိသည်။



ကျော်မောင်သည် မသက်မသာဖြစ်လာသည်။

"ကဲ ... ကိုကျော်မောင် ရှင်ပြန်တော့ ... ရှင့်ဘာသာ အေးအေးဆေးဆေးပြန်မလား ဒါမှမဟုတ် ကြံ့စောင့်ဦးသြ ဘာကို ကျွန်မခေါ်ပြီး ရှင့်ကို ခြံပြင်ကိုဆွဲထုတ်ခိုင်းရမလား"

ကျော်မောင် ရှက်ပေပြီး ရပ်နေသေးသည်။

"ဒီမှာ ဦးသြဘာ ... ဒီကိုခဏလာပါဦး ... "

ဟု ဝင်းပပက အိမ်ထဲမှ ပြန်ထွက်လာသော ဦးသြ ဘာကို လှမ်းခေါ်လိုက်သည်။

"မင်းနေနှင့်ဦးပေါ့ ဝင်းပပရယ် ... ငါအကြောင်းကောင်း ကောင်းသိစေရမယ် ... "

ဟု အောက်လိအာခြိမ်းခြောက်ကြုံးမောင်းပြီး ... ဦးသြဘာ အနီးရောက်မလာမီမှာပင် ကျော်မောင် ခြံဂိတ်ပေါက်မှသုတ် သုတ်ပျာပျာထွက်ခွာသွားပေတော့သည်။

ဦးသြဘာကို ခြံတံခါးသော့ခတ်ပိတ်စေပြီး နောက် ထပ် ကျော်မောင်လာလျှင် ခြံထဲ အဝင်မခံဖို့မှာကြားပြီး အိမ်ကြီးဆီ သို့ ဝင်းပပဝင်လာခဲ့သည်။

မိမိအိပ်ခန်းသော့ကိုဖွင့်ကာ အိပ်ခန်းတံခါးဖွင့်ဝင် လိုက်သည်။

"ဘုရားရေ ... "

ဝင်းပပ ပါးစပ်မှ ဘုရားတမိတော့သည်။

မိမိအိပ်ခန်းတစ်ခုလုံး မုန်တိုင်းဝင်မွှေသွားသည် လား ထင်ရပါ၏။ ဖြောင်းဆန်နေသည်။ မွေ့ရာ၊ ခေါင်းအုံး၊ စောင်

www.burmeseclassic.com

စားပည့်များ အားလုံးကြမ်းပြင်တွင် ပြန့်ကျဲနေသည်။ အဝတ်ဗီရိုပွင့် (??) အဝတ်အစားတွေ ဖရိုဖရဲကျဲနေသည်။ မှန်တင်ခုံအံဆွဲတွေ စားပွဲအံဆွဲတွေ ဗီရိုအံဆွဲတွေအားလုံး ပွင့်ဟနေသည်။

မိမိတို့မရှိခိုက် တစ်စုံတစ်ယောက်သည် မိမိအခန်းကို မွှေနှောက်ပြီး တစ်ခုခုရှာဖွေသွားသည်မှာ ထင်ရှားနေသည်။

"ဒေါ်ဒေါ်မွန်ရေလာဦး ... ဒီမှာ လာကြည့်ပါဦး ..."

ဒေါ်ဒေါ်မွန်ပြေးဝင်လာသည်။

ဒေါ်ဒေါ်မွန်လည်း မြင်ကွင်းကိုတွေ့လိုက်သည်နှင့် အံ့အားကြီးသင့်သွားသည်။

"သူခိုးဝင်မွှေသွားတာဖြစ်ရမယ် ... ဒေါ်ဒေါ်မွန် ဒီအိပ်ခန်းထဲမှာ ဝင်းပပရဲ့အဖိုးတန်ပစ္စည်းဘာတစ်ခုမှ ကြီးကြီးကျယ်ကျယ်မရှိဘူး ... ဒါ လွဲလွဲညိုရဲ့အိပ်ခန်းဆိုတော့ ဒေါ်ဒေါ်မွန် စစ်ဆေးကြည့်ပါဦး ... လွဲလွဲညိုရဲ့အဖိုးတန်ပစ္စည်း ဘာတွေပါသွားသလဲဆိုတာ ..."

ဒေါ်ဒေါ်မွန်က အားလုံးကို သေချာစစ်ဆေးကြည့်ပေးသည်။

"သမီးလွဲလွဲညိုရဲ့ပစ္စည်းလည်းဘာမှပါမသွားဘူး ... လွဲလွဲညိုက အိမ်ပေါ်ကဆင်းသွားကတည်းက သူ့လက်ဝတ်လက်စားတွေအားလုံးကို ယူသွားတာ ... ဝင်းပပပစ္စည်းတွေသာ စစ်ကြည့် ..."

"ဝင်းပပပစ္စည်းတွေ ... ဘာမှပါမသွားဘူးဒေါ်ဒေါ်မွန် ... ဦးလေးမော်က ဝင်းပပသုံးစွဲဖို့ပေးလိုက်တဲ့ စာအိတ်ညိုနဲ့



ထည့်ထားတဲ့ငွေတွေတောင် ယူမသွားဘူး ... ဒီအတိုင်းရှိနေတယ် ..."

"ဒါဆို ရဲစခန်းကို ဒေါ်ဒေါ်မွန်ဖုန်းဆက်လိုက်မယ် ..."

ဝင်းပပစဉ်းစားပြီး ဟန့်တားလိုက်သည်။

သူခိုးသည် ရိုးရိုးသူခိုးမဖြစ်နိုင်။

ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကိုသာ လာခိုးသောသူခိုးဖြစ်ရမည်ကို ဝင်းပပတွေးမိသည်။

"နေဦးဒေါ်ဒေါ်မွန် ... ရဲစခန်းကိုမဆက်နဲ့ဦး ... ကိုကိုမှိုင်းပြန်လာမှ အကျိုးအကြောင်းပြောပြပြီး ကိုကိုမှိုင်း ဘာလုပ်မလဲဆိုတာ စောင့်ကြည့်သင့်တယ်ဒေါ်ဒေါ်မွန် ..."

www.burmeseclassic.com

## (၁၃)

ယနေ့ကျမှပင် မှိုင်းသည် အိမ်သို့ စောစောပြန်လာသည်။ မှိုင်းပြန်လာစဉ် ဝင်းပပသည် သူမအိပ်ခန်းထဲမှာပင် ရှိနေသေးသည်။

တံခါးဝတွင် ကိုမှိုင်းနှင့်ဒေါ်မွန် စကားပြောသံကို ဝင်းပပကြားနေရပါ၏။

မှိုင်းအား ဒေါ်ဒေါ်မွန်စကားတွေ အများကြီးပြောလေမည်သာ။

ဗိုလ်ချုပ်ဈေးသွားပြီး ဝင်းပပအတွက် အဝတ်အစားတွေဝယ်ယူလာကြောင်း ... ဤအိမ်သို့ကျော်မောင်ရောက်လာကြောင်းနှင့် သူတို့ ဗိုလ်ချုပ်ဈေးသွားစဉ် အိမ်တံခါးကိုသော့တွန့်ဖွင့်ပြီး သူခိုးဝင်မွှေသွားကြောင်း သူခိုးက ဘာပစ္စည်းမျှယူမသွားကြောင်း စသည်များကို ဒေါ်ဒေါ်မွန်၏အမြင်၊ ဝေဖန်ချက်များဖြည့်



ချက်ပြောနေခြင်းကို ဝင်းပပကြားနေရသည်။

သို့သော် ဒေါ်ဒေါ်မွန်သည် ကျောက်စိမ်းလော့ကတ်ဆွဲကြိုးအကြောင်းကို ဘာမျှမသိသောကြောင့် [illegible]ကြောင်းကိုတော့ လုံးဝထည့်မပြောပေ။

ဒေါ်ဒေါ်မွန် ကြိုက်သလို ကိုမှိုင်းကို [illegible]မြင်ချက်ဝေဖန်ချက်တွေနှင့် ပြောချင်သလို ပြောပါစေ။

မိမိနှင့် ကိုမှိုင်းက အစစ်အမှန်မဟုတ်သည့် အတုအယောင်ချစ်သူတွေသာဖြစ်သည်မို့ ဝင်းပပစိတ်ထဲတွင် ဘာစိုးရိမ်စိတ်မျှမရှိ။

ဝင်းပပ မှန်တင်ခုံရှေ့တွင် ဝင်ရပ်လိုက်သည်။ ကစ်နှလုံး ခရီးသွားထားသဖြင့် ပင်ပန်းပြီး ဖရိုဖရဲဖြစ်နေသော မိမိအလှကို ထိုက်သင့်သလောက် ပြန်လည်၍ မှန်ကြည့်ပြီး ပြုပြင်လိုက်သည်။

ထိုစဉ်မှာပင် မှိုင်းအိပ်ခန်းထဲသို့ဝင်လာသည်။

"ကိုယ် အဝင်းနဲ့စကားပြောချင်တယ် ... [illegible] ပြောချင်တာ ... အပြင်မှာဆိုရင် ဒေါ်ဒေါ်မွန်လာပြီး နားထောင်မှာစိုးလို့ ..."

တကယ်တော့ အိပ်ခန်းထဲတွင် [illegible]နေသင့်ပေ။

သို့သော် ဒေါ်ဒေါ်မွန်၏အမြင်နှင့် [illegible] မိမိနှင့်ကိုမှိုင်းသည် လက်ထပ်မည့်ချစ်သူတွေဟု [illegible]သည်မို့ ဒေါ်ဒေါ်မွန် မကြားစေချင်သောစကားများ [illegible] အိပ်ခန်းထဲတွင် ပြောသင့်သည်ဟု ယူဆလိုက်သည်။

www.burmeseclassic.com

"ရတယ်လေ ... ဒီမှာပဲပြောပေါ့ ... အိပ်ခန်းတံခါးကိုတော့ ဖွင့်မြဲအတိုင်း ဖွင့်ထားပါ ... ပြန်မပိတ်နဲ့ပေါ့ ..."

မှိုင်းက စာရေးစားပွဲကုလားထိုင်တွင် ထိုင်သည်။ ဝင်းပပက မှန်တင်ခုံရှေ့ ခွေးခြေလေးမှာပင်ထိုင်သည်။ လူချင်းကော့ နီးကပ်နေပါ၏။

"အဝင်း အခန်းကို သူခိုးဝင်တယ်ဆို ..."

"ကိုမှိုင်းကို ဒေါ်ဒေါ်မွန်အားလုံးပြောပြီးသားမဟုတ်လား။ သူခိုးတော့ ဝင်မွှေသွားတယ် ... ဒါပေမဲ့ ဘာအဖိုးတန် ပစ္စည်းမှ ပါမသွားဘူး ... ယူမသွားဘူး ... ဒေါ်ဒေါ်မွန်က သူခိုးကိစ္စ ရဲကိုတိုင်ချင်တယ် ... ဝင်းပပက ဒီသူခိုးဟာ ဦးပိ ရည်လိုလူ ကျောက်စိမ်းလော့ကတ်နဲ့ပတ်သက်သူ သူခိုးလို့ ထင်လို့ ကိုမှိုင်းပြန်လာတဲ့အထိ စောင့်ပါဦးလို့ဒေါ်ဒေါ်မွန်ကို ပြောထားတယ် ..."

"အဲဒါတွေဟုတ်ပါတယ် ... ဒါပေမဲ့ ကိုယ်စဉ်းစားတာက သူခိုးဟာ ဒီအိမ်ကိုဖောက်ထွင်းဝင်တာမဟုတ်ဘူး ... သော့ တူနဲ့ဖွင့်ဝင်တာ ... အဲဒီသော့တူကို သူခိုးဘယ်ကရသလဲဆို တာ စဉ်းစားတာ ..."

"အိမ်မှာ ဦးဩဘာကျန်ခဲ့တာပဲ ... သူခိုးဝင်တာကို ဦးဩ ဘာက မသိဘူးတဲ့လား ..."

"ဦးဩဘာရဲ့အကျင့်က ညပိုင်းတစ်ညလုံး မအိပ်ဘဲ ခြံနဲ့အိမ် ကို စောင့်ပေးတာမို့ နေ့ခင်းဘက်ဆိုရင် တရေးတမောအိပ် လေ့ရှိတယ်အဝင်း ... ဦးဩဘာနေ့ခင်းဘက်အိပ်ပျော်နေ



တုန်း သူခိုးဝင်တာဖြစ်မှာပေါ့ ... နောက်ပြီး သူခိုးကလည်း ရိုးရိုးသူခိုးမဟုတ်ဘဲ ကျောက်စိမ်းလော့ကက်ကိုသာ ယူချင်တဲ့ သူခိုးမှန်းသေချာတယ် ..."

"အင်းလေ ... ဦးဩဘာရဲ့အကြောင်းကိုတော့ ကိုမှိုင်းနဲ့ ဒေါ်ဒေါ်မွန်အသိဆုံးပဲ ... ဝင်းပပက ဒီကိုရောက်တာကြာ သေးတာမှမဟုတ်တာ ..."

"ကျော်မောင်ရောက်လာသေးတယ်ဆို ... အံ့ဩဖို့ကောင်း တာက ကျော်မောင်ရောက်လာတဲ့နေ့မှာပဲ အဝင်းရဲ့အခန်း သူခိုးဝင်တာနဲ့ တိုက်ဆိုင်နေတာ အံ့ဩစရာပဲ ..."

ပြောရင်း မှိုင်းက ဝင်းပပမျက်နှာကိုစိုက်ကြည့် အကဲခတ်နေလေသည်။

ဝင်းပပရင်ထဲတွင် ကျင်ခနဲနေအောင် တစ်ချက် ခံစားလိုက်ရပါ၏။

မှိုင်းပြောပုံက တစ်မျိုးကြီးပါလားဟုလည်း တွက် လိုက်သည်။

ဝင်းပပက ရဲတင်းစွာပင် မှိုင်းမျက်နှာကို စူးစူးစိုက် စိုက်ပြန်ကြည့်လိုက်သည်။ ပြီး မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။ ပြီး နောက် သူမ၏စလင်းဘက်ပိုက်ဆံအိတ်ထဲမှ ပပကိုပေးအပ်ထား သော လှဲ့လှဲ့ညို၏အိပ်ခန်းသော့တွဲကို ထုတ်ယူလိုက်သည်။

"ဒီသော့တွဲဟာ ဒေါ်ဒေါ်မွန်က ဝင်းပပကိုပေးထားတဲ့ လှဲ့ လှဲ့ညိုရဲ့အိပ်ခန်းသော့နဲ့ တခြားသော့တွေပါတဲ့သော့တွဲပဲ၊ ဒီသော့တွဲကို အခု ဝင်းပပ ကိုမှိုင်းကိုပြန်ပေးအပ်တယ် ...

www.burmeseclassic.com

ဝင်းပပအတွက် ဒီသော့တွဲမလိုအပ်တော့ဘူး ... ရော့ ... ပြန်ယူပါကိုမှိုင်း ..."

"အဲဒါ ဘာသဘောလဲအဝင်း ..."

ဝင်းပပက ဝတ်ထားသော ကျောက်စိမ်းလက်စွပ်ကိုပါချွတ်လိုက်သည်။

"ရဲမှူးဦးလေးမော်က ကူညီပါဆိုလို့ ဝင်းပပလက်ခံပြီး ကူညီခဲ့တဲ့အလုပ်ကို ခုချိန်ကစပြီး ဝင်းပပမလုပ်တော့ဘူးဆိုတဲ့ သဘောပဲ ... ဒါကြောင့် အားလုံး ပြန်အပ်တာ ... ဒီမှာလည်း ရော့ ကျောက်စိမ်းလက်စွပ် ကိုမှိုင်းကိုပြန်ပေးပါတယ် ... ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကတော့ ကိုမှိုင်းလက်ကို ပေးထားပြီးသားပဲ ... ဝင်းပပအခုပဲ မီရာကားနဲ့ဖြစ်ဖြစ် မီရာရထားနဲ့ဖြစ်ဖြစ် မန္တလေးပြန်မယ် ..."

"ဟာ ... ဟာ ... အဝင်းမန္တလေးမပြန်ရပါဘူး ... ကူညီလက်စနဲ့ ဆက်ပြီးကူညီပါလို့ ကိုယ်တောင်းပန်ပါတယ်"

မှိုင်းသည် ထခုန်မတတ် ပျာပျာသလဲကြီးဖြစ်သွားကာ လက်ဝါးကာပြီး တားမြစ်စကား ကမန်းကတန်းပြောတော့သည်။

"ဘာထူးမှာလဲကိုမှိုင်း ... ဦးလေးမော်က ဝင်းပပဟာ သူသိပ်ခင်မင်တဲ့သူငယ်ချင်းရဲ့သမီး ... အစစအရာရာမှာ ယုံကြည်စိတ်ချရသူဆိုပြီး ကိုမှိုင်းရဲ့လုပ်ငန်းမှာ ကူညီပေးပါဆိုလို့ ဝင်းပပ ဦးလေးမော်မျက်နှာတစ်ခုတည်းနဲ့ လိုက်လာကူညီခဲ့တာ ... အခု ဝင်းပပမှာ ဆွမ်းခံရင်း ငှက်သင့် ...



ညောင်ရေလောင်းရင်း ပက်ထမ်းတွေ့ရပြီလေ ... ဒီတော့ ဒီနေ့ဒီအချိန်ကပဲ ရပ်တန်းကရပ်ပြီး ဝင်းပပ မန္တလေးပြန်ရုံပေါ့ ..."

"ဟာဗျာ ... အဝင်း ဘာတွေရည်ညွှန်းလုပ်နေတာလဲဗျာ"

"ဝင်းပပ ဘာတွေလုပ်တယ်ဆိုတာ ကိုမှိုင်းအမြင်နဲ့ပေါ့လေ ... အခု ကိုမှိုင်းနဲ့ ဒေါ်ဒေါ်မွန်ထင်တာက ဝင်းပပကပဲ ချစ်သူဟောင်း ကျော်မောင်ကို သော့ဟူပေးပြီး အိမ်ထဲဝင်မွှေစေတယ်လို့ ထင်မြင်ယူဆကြတယ်မဟုတ်လား ... အင်းပေါ့လေ ... ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ကျော်မောင်ကလည်း ဒီအိမ်ရောက်လာတာကိုး ... ဒီလိုအထင်အမြင်မျိုးခံရပြီးမှတော့ ဒီအိမ်မှာ ဝင်းပပဆက်နေဖို့ရယ် အတုအယောင်ဟန်ဆောင်ချစ်သူဘဝ ဆက်လုပ်ဖို့ရယ် ဘယ်လိုအပ်တော့မှာလဲ ... ဝင်းပပ မန္တလေးအိမ်ကိုပြန်မယ် ... ဒါပဲပေါ့ကိုမှိုင်း"

"အို ... မပြန်ရဘူး ... လုံးဝမပြန်ရဘူး အဝင်း ..."

မှိုင်းသည် ထိုင်ရာမှထရပ်လိုက်သည်။

ဝင်းပပ၏ သော့တွဲ လက်စွပ်ကိုင်ထားပြီး ဆန့်ကန်းထားသောလက်ကို ဘေးသို့ဖယ်ထုတ်လိုက်ပြီး ဝင်းပပနှင့်နီးကပ် မျက်နှာချင်းဆိုင်လိုက်သည်။

ပြီးဝင်းပပ၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ကိုယ် အဝင်းကို လုံးဝသံသယမဖြစ်ဘူး ... ကိုယ်က ကျော်မောင်ကိုသာ သံသယဖြစ်တာ ... ကျော်မောင်ရဲ့အပြုအမူတွေက သံသယဖြစ်စရာတွေမဟုတ်လား ... နားဒိပ်ခန်း

www.burmeseclassic.com

သော့တူတွဲဟာ လဲ့လဲ့ညိုလည်းကိုင်ခဲ့ဖူးတယ် ... သဇင်ဖြူလည်း ဒေါ်ဒေါ်မွန့်အလစ်မှာ သော့တူလုပ်ယူထားနိုင်တယ်။ လဲ့လဲ့ညိုဆီကဖြစ်ဖြစ် ... သဇင်ဖြူဆီကဖြစ်ဖြစ် ကျော်မောင် လူလည်ကသော့တူရအောင် ဖန်တီးထားနိုင်တယ်။ ကိုယ့်စိတ်ထဲမှာ ဒီကျော်မောင်ဟာ ကိုယ်တို့အဖွဲ့ရဲ့ ဆန့်ကျင်ဘက်ဂိုဏ်းကြီးက အဖွဲ့ဝင်တစ်ဦးဖြစ်နေပြီး သူ့အထက်လူကြီးတွေခိုင်းစေအမိန့်ပေးချက်အရ ကျောက်စိမ်းလော့ကတ်ပြန်ရရေးအတွက် အဝင်းကိုဖွတ်လာချဉ်းကပ်တာပဲ ... ဒီနည်းဟာ အဝင်းကသာ သူ့ကိုပြန်လက်ခံရင် သူ့ကို့အတွက် အလွယ်ကူဆုံးနည်းဖြစ်နေတယ်လေ ... ကိုယ့်ရင်ထဲမှာ အစိုးရိမ်ဆုံးက အဝင်းအနေနဲ့ ကျော်မောင်ကို ချစ်သူဟောင်းဖြစ်နေလို့ ပြန်ယိုင်သွားမှာကိုသာ အစိုးရိမ်ဆုံးပဲ ... ဒီလို အစိုးရိမ်ဆုံးရင်ထဲကဖြစ်လာတာဟာ ကိုယ့်လုပ်ငန်းနဲ့ ဘာမှ မပတ်သက်ဘူး ...”

“ဝေးတယ် ... ဝေးတာမှ ဒီတစ်သက်မဟုတ်ဘူး ... နောက်ဆယ်သက် ... တစ်ရာသက်မကဝေးတယ် ... ကျော်မောင်ကို ဘဝဆက်တိုင်း ဘယ်တော့မှ ပြန်လက်မခံဘူး ... ဒါ့ပြင် ဒီအခန်းသော့တွဲ ကျော်မောင်ကို ဝင်းပပပေးတာမဟုတ်ဘူးဆိုတာ ကိုမှိုင်း သံသယကင်းသလား ...”

“သိပ်ကင်းတယ် ... ဘာသံသယမှမရှိဘူး ... နောက်ပြီး အခုလောလောဆယ် ကျောက်စိမ်းလော့ကတ်ဆွဲကြိုးဟာ အဝင်းလက်ထဲမှာရှိနေတာလည်းမဟုတ်ဘူး ... အဝင်း



ကိုယ်တိုင် ကိုယ့်ကိုကြည်ကြည်ဖြူဖြူချွတ်ပေးထားတာ ... အဝင်းအပေါ် ဘာသံသယမှမရှိအောင် သံသယကင်းတယ် အဝင်း ...”

“ဒါဆိုပြီးရော ... ဝင်းပပ ပခုံးကို ဆုပ်ကိုင်ထားတာ ကိုမှိုင်း လွှတ်ပေးပါ ...”

ဟု ဝင်းပပက ပခုံးပေါ်မှ မှိုင်း၏လက်နှစ်ဖက်ကို ဖယ်ချသည်။

သို့သော် မှိုင်းက ဆုပ်ကိုင်ထားခြင်းကို ဖယ်မပေးမက ပို၍ပင် မြဲမြဲစွာတိုး၍ဆုပ်ကိုင်လိုက်သေးသည်။

“လွှတ်ပါကိုမှိုင်း ...”

“မလွှတ်ဘူးအဝင်း ... ကိုယ့်ရင်ထဲရှိနေတာ ဖြစ်နေတာပြောချင်နေတာ ... ဒါပေမဲ့ အခုနေဖွင့်ပြောလိုက်ရင် တွေ့ဆုံကြတဲ့အချိန်ကာလက တိုလွန်းနေလို့ အဝင်းစိတ်ထဲမှာ ကိုယ့်မေတ္တာကို အပေါစားမေတ္တာထင်သွားမှာကြောက်ပြီး မျိုသိပ်ထားရတာ ... အမှန်တော့ ချမ်းမြသာစည်လေဆိပ်မှာ အဝင်းရုပ်ပြန်ပြောလိုက်တာတွေ့ကတည်းက ကိုယ့်စိတ်ထဲ ရင်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွားခဲ့တယ် ... တစ်သက်လုံး အိပ်မောကျနေတဲ့ ကိုယ့်နှလုံးသားထဲက ချစ်မေတ္တာဟာ အဲဒီအချိန်ကစပြီး လူးလွန့်ခေါင်းထောင်လာတယ် ... နိုးကြားလာတယ်အဝင်း ...”

ဝင်းပပသည် ပွင့်နေသောတံခါးပေါက်ဆီသို့ လှမ်းကြည့်သည်။ ဒေါ်ဒေါ်မွန်ကို မတွေ့ရတော့ပေ။

www.burmeseclassic.com

"ဒီမယ်ကိုမှိုင်း ... အခုဝင်းပပရဲ့ပခုံးကိုဆုပ်ကိုင်ပြီး ကိုမှိုင်း ပြောနေတာ ကိုင်ထားတာဟာ ဒေါ်ဒေါ်မွန်လှမ်းကြည့်နေ တယ်ထင်လို့ ဟန်ဆောင်နေတာမဟုတ်လား ... အခု ဒေါ် ဒေါ်မွန်မရှိတော့ဘူး ... လွှတ်ပါ ... "

"အို မဟုတ်ဘူး ... အခု ကိုယ်လုပ်နေတာပြောနေတာတွေ ဟာ ဟန်ဆောင်နေတာ လုံးဝမဟုတ်ဘူး ... လုပ်ငန်း တာဝန်ဆောင်ရွက်နေတာလည်းမဟုတ်ဘူး ... ကိုယ့်ရင်ထဲ နှလုံးသားထဲက စိမ့်ယိုထွက်လာတဲ့အတိုင်း ကိုင်တာပြော တာပါအဝင်း ... ဒီမယ်အဝင်း ... ကိုယ်တို့ဟန်ဆောင်အတု လုပ်နေတာတွေကို ခုချိန်ကစပြီး လွှင့်ပစ်ပြီး တကယ့်အဖြစ် မှန်ဖြစ်လိုက်ကြပါစို့အဝင်း ... "

"ဒါဆို အဝင်းကို ကိုမှိုင်းက တကယ်အစစ်အမှန်မေတ္တာ စကားပြောနေပြီပေါ့ဟုတ်စ ... "

"တကယ့်ကို အစစ်အမှန်ပါအဝင်း ... "

"ဒါဆို ... ကန်တော့ဆွမ်းပါပဲကိုမှိုင်း ... ကိုမှိုင်းရဲ့ ဖွင့်ဟချက် မေတ္တာကို ဝင်းပပ ငြင်းဆိုပါတယ် ... "

ဝင်းပပက တကယ်ပင် မှိုင်းဆုပ်ကိုင်ထားသော ပခုံးပေါ်မှလက်နှစ်ဖက်ကို အင်အားလေးနှင့်ပုတ်ထုတ်လိုက်သည်။ ပြီး နီးကပ်စွာရှိနေသော မှိုင်း၏ရင်ဘတ်ကို နောက်သို့တွန်းပစ်လိုက် သည်။

မှိုင်းသည် ကြီးစွာသော အံ့သြအကြည့်ဖြင့် ဝင်းပပ ကို မျက်လုံးပြူးကာကြည့်နေမိသည်။ မှိုင်းထင်ထားသည်မှာ သူ



တကယ်ဖွင့်ပြောလိုက်လျှင် ဝင်းပပက လက်ခံမည်သာဟု ထင်ထား မိသည်။ ဝင်းပပ တစ်ခါတစ်ရံ မိမိအပေါ် ပြန်လည်ဆက်ဆံပြုမူပုံ လေးများတွင် သူမ၏ရင်တွင်းမေတ္တာတုံ့ပြန်သက်ဝင်မှုလေးတွေပါ ရှိသည်ဟုလည်း မြင်ထားမိသည်။

ယခုမူ မဟုတ်တော့ပြီ။

ဝင်းပပက အတိအလင်းပင် မိမိဖွင့်ဟမေတ္တာကို ကန်တော့ဆွမ်းလုပ်လိုက်ပေပြီကို အံ့သြသွားမိသည်။

"ကိုယ့်ရင်ထဲ နှလုံးထဲက အချစ်စစ်မေတ္တာမှန်ကို အဝင်း မငြင်းသင့်ပါဘူး ... "

"ငြင်းရမှာပဲ ကိုမှိုင်း ... "

"ကျော်မောင်ကို နောင်ဘဝတစ်ရာအထိ ... အဝင်းပြတ်ပြီ ဆို... "

"အဲဒါ ဟုတ်တယ်လေ ... "

"ဒါဆို ကိုယ့်ကိုဘာလို့ငြင်းတာလဲအဝင်း ... "

"မယုံလို့ ... ခဲမှန်ခံထားဖူးတဲ့ စာသူငယ်မို့ ... "

"ဒါဆိုရင်တော့ အဝင်းဟာ ကိုယ့်သိက္ခာနဲ့ ကိုယ့်နှလုံးသား မေတ္တာကို စော်ကားတာပဲ ... "

"ကိုကျော်မောင်ကို ဝင်းပပ လက်မခံခင်က အများကြီး အဘက်ဘက်က စဉ်းစားပြီးမှ ခဲရာခဲဆစ် လက်ခံခဲ့တာပါ၊ ဒါလောက်အချိန်တွေယူစဉ်းစားပြီးမှ လက်ခံခဲ့တာတောင် ယောကျ်ားသားဘက်ကဖျက်တယ်ဆိုပြီး ဖျက်လိုက်တော့ မိနစ်ပိုင်းအတွင်းပျက်သွားခဲ့ရတယ် ... ကိုကျော်မောင်နဲ့

www.burmeseclassic.com

ပျက်လွယ်ခဲ့ပေမဲ့ ဖြစ်လွယ်ခဲ့တာတော့မဟုတ်ဘူး ... ဝင်းပပ အချိန်တွေအများကြီးယူစဉ်းစားပြီးမှဖြစ်ခဲ့တာ ... "

"ဘာလဲ အခုတိုတောင်းလှတဲ့ကာလအတွင်း ကိုယ်ဖွင့်ဟတဲ့မေတ္တာ ပျက်လွယ်သွားဦးမဲ့မေတ္တာလို့ အဝင်းယူဆတယ်လို့ဆိုလိုတာလားဟင် ... "

"ဆိုလိုတာမဟုတ်ဘူး ... တိတိလင်းလင်းတည့်တည့်မတ်မတ်ကြီးကိုပြောတာ ... "

"ဒါဆိုရင်တော့ ကိုယ်ဖွင့်ဟလိုက်တဲ့ မေတ္တာကို ကိုယ်ပြန်မရုပ်သိမ်းဘူး ... ကိုယ့်စိတ်ထဲ မထိန်းနိုင်တော့တာရယ် ... ကျော်မောင်ပြန်ချဉ်းကပ်တယ်ဆိုတာရယ်ကြောင့် လှစ်ခနဲဖွင့်ဟလိုက်မိတာ ကိုယ့်အမှားပဲ ... ဒါပေမဲ့ ကိုယ့်ရင်ထဲနှလုံးထဲက အဝင်းကို စိမ့်ယိုချစ်တဲ့အချစ်မျိုးနဲ့ ချစ်တဲ့အချစ်ကတော့ အစစ်အမှန်အချစ်ပဲ ... ကဲ ... ဝင်းစဉ်းစားပါ ... ကြိုက်သလောက်အချိန်ယူပြီး အဘက်ဘက်ကစဉ်းစားပါ။ အခု ကိုယ်တို့ဆောင်ရွက်နေတဲ့ချစ်သူအကုလုပ်ငန်းပြီးဆုံးသွားတဲ့နေ့အထိ အဝင်းစဉ်းစားလို့မရသေး ... အဖြေမထွက်သေးရင် အဝင်းမန္တလေးပြန်ရောက်တဲ့အထိလည်း စဉ်းစားပါ ... ကိုယ်ကတော့ အဝင်းကို ရင်ထဲက ချစ်နေတာ တစ်သမတ်တည်းပဲ ... အဝင်းမန္တလေးပြန်သွားလည်း မန္တလေးကို ကိုယ်မျှော်လင့်ချက်နဲ့လိုက်လာမှာပဲ ... ကဲ ... အဝင်းကြိုက်သလောက် အချိန်ယူစဉ်းစားပေတော့ ... ကိုယ်ကတော့ ထပ်ပြီးပြောဦးမယ် ... အဝင်းကို ကိုယ်သိပ်ချစ်တယ်၊



ဘယ်မိန်းကလေးတစ်ယောက်ကိုမှ [illegible] အချစ်မျိုးနဲ့ ချစ်နေတယ်ဆိုတာပဲ ... "

ဒီလောက်အထိမှိုင်းပြောလာတော့ [illegible] ဝင်းပပ ဘာပြန်ပြောရမည်မှန်းမသိတော့။ ဘာပြန်ပြောရမှန်း [illegible] ကြောင့်လည်း ဘာမျှထပ်မပြောတော့ဘဲ ဆိတ်ဆိတ်[illegible]သည်။

သို့သော် ဝင်းပပဦးခေါင်းမှ ဦးနှောက်နှင့် ရင်ထဲက [illegible]လုံးသားတွေကတော့ သူတို့အချင်းချင်း ဆက်သွယ်ပြောကျက်[illegible]ားရှိနေပေသည်။

မှိုင်းဖွင့်ဟလိုက်သော မေတ္တာစကားတွေမှာ [illegible] [illegible]င့်တစ်ခု ဆက်စပ်မှုရှိနေသည်။ စကားအသွားအလာတွေ မှန်[illegible] [illegible]နေသည်။ မှိုင်းပြောလိုက်သောအသံသည် အပေါ်ယံကြော[illegible] [illegible]ဟုတ်မှန်း သိသာသည်။

မှိုင်း၏သိက္ခာနှင့် သမာဓိအပိုင်းမှာလည်း [illegible] [illegible]ရာမရှိ။ အကျင့်သိက္ခာလည်းကောင်းသူဖြစ်သည်။ နှလုံးသား[illegible] [illegible]တ်သက်ခဲ့ဖူးသော အမျိုးသမီးတစ်ဦးမျှမရှိခဲ့ဖူးကြောင်းလည်း [illegible] ကြည်လောက်သော အထောက်အထားတွေရှိနေသည်။

ဒါတွေက ဝင်းပပ၏ရင်ထဲမှ နှလုံးသား[illegible] [illegible]ဦးနှောက်သို့ လှမ်းပြောပြချက်များဖြစ်သည်။

ဝင်းပပ၏ဦးခေါင်းထဲမှ ဦးနှောက်ကလည်း နှလုံး[illegible]ားကို ပြန်ဖြေကြားသည်။

"မင်းရဲ့နှလုံးသားဆိုင်ရာက ဘာပြောပြော ငါဦးနှောက်က

ပြောစရာတစ်ခွန်းပဲရှိတယ် ... မင်း နှလုံးသားဆိုင်
ချစ်တာတွေ မချစ်တာတွေ ငါ ဘာမှမတွက်ဘူး ...
ဦးနှောက်ကတွက်တာကျတော့ ချစ်ချင်ချစ် ... မချစ်
မှိုင်းဟာ ... မိန်းကလေးဘက်က အလွန်လက်ထပ်သ
ယောကျ်ားတစ်ယောက်ဆိုတာပဲ ... မှိုင်းဟာ ယော
ပီသတဲ့ရုပ်ရှိတယ် ... စိတ်ဓာတ်မြင့်မြတ်ကောင်းမွန်
ယောကျ်ားတွေမှာရှိအပ်တဲ့ ကိုယ်ကျင့်တရား သိက္ခာ
မိရှိတယ် ... မိန်းမသားတစ်ယောက်အနေနဲ့ လက်ထ
ရွေးချယ်သင့်တဲ့ယောကျ်ား ... ငါ့ဦးနှောက်အနေနဲ့ ဒါ
တယ် ... "

ဒါပဲ ဟူသတည်း။

"ငိုင်လှချည်လားအဝင်း ... ကိုယ်ပြောတာတွေ အဝ
စိတ်အနှောင့်အယှက်ဖြစ်သွားသလားဟင် ... "

"မဖြစ်ပါဘူး ... "

"ဒါဖြင့် ကိုယ်ပြောတာတွေ မယုံလို့လား ... "

"ယုံတယ်လည်းမဟုတ်ဘူး ... မယုံဘူးလည်းမဟုတ်
အခုလောလောဆယ် ဝင်းပပစဉ်းစားနေတာက
မောင့်ကိစ္စပါ ... "

"ဘာရယ်အဝင်း ... လောလောဆယ် ... ကျော်မော
စဉ်းစားနေတယ်ဟုတ်လား ... "

"အမလေး မျက်နှာထားကြီးတင်းသွားလိုက်တာ ...
မောင့်ကိစ္စစဉ်းစားနေတယ်ဆိုလို့ တခြားအတွေးမ



ကျွန်မစဉ်းစားနေတာက ... ကျော်မောင့်လက်ဝဲလက်သူ
ကြွယ်မှာ ထုံထည်ကြီးမားတဲ့ လက်စွပ်ကြီးဝတ်ထားတာကို
စဉ်းစားနေတာ ... "

"ကျော်မောင် လက်စွပ်ဝတ်တာ စဉ်းစားစရာလားအဝင်း၊
တချို့ကြွားချင်တဲ့ယောကျ်ားတွေဟာ ရွှေလက်စွပ်ကြီးတွေ
ဝတ်တတ်ကြတာပဲဟာ ... "

ဝင်းပပသည် ကျော်မောင့်အကြောင်းပြောသည်နှင့် ဝန်တိုအူတိုမျက်နှာမျိုးဖြစ်နေသော မှိုင်းကိုကြည့်ကာ ကျေနပ်စွာ ပြုံးမိပါ၏။

"ဝင်းပပပြောချင်တာက ဝင်းပပမန္တလေးဈေးချိုကအပြန်
နောက်ကနေပြီး အဝင်းလည်ပင်းကိုညှစ်တဲ့လူရဲ့လက်မှာ
လည်း ဒီလိုရွှေလက်စွပ်ကြီးဝတ်ထားတာ သတိထားမိလို့၊
အခု ကျော်မောင်ကလည်း ရွှေလက်စွပ်ကြီးဝတ်ထားတယ်၊
အဝင်းကိုလည်ပင်းညှစ် ကျောက်စိမ်းလော့ကတ်ဆွဲကြိုး
ဖြုတ်ဖို့ ကြိုးစားသူဟာ ကျော်မောင်များဖြစ်နေမလားဆို
တာ စဉ်းစားတာ ... "

မှိုင်းမျက်နှာ ချက်ချင်းပျော့ပျောင်းသွားသည်ကို ဝင်းပပတွေ့ရသည်။

"ဟုတ်တယ် အဝင်း ... ကျော်မောင်ဟာ ဆန့်ကျင်ဘက်
ဂိုဏ်းကြီးက အသင်းသားတစ်ဦးဖြစ်နိုင်စရာတွေ ဆက်စပ်မှု
တွေ့လာရတာတွေ ရှိလာတယ် ... ပထမတော့ ကိုယ် စိတ်
ထင်တာက ချစ်သူဟောင်းဖြစ်ခဲ့ဖူးတဲ့အဝင်းကို ချဉ်းကပ်ပြီး

www.burmeseclassic.com

ကိုယ်တို့ဆီက သတင်းတွေနှိုက်ယူဖို့ အဝင်းကို ပြန်ချဉ်းကပ်တာလားလို့ ကိုယ်ထင်မိတယ် ... အခုကျတော့ ကျောက်စိမ်းဆွဲကြိုး လိုချင်လို့ ချဉ်းကပ်တာမှန်း သိသာလာတယ်၊ ကျော်မောင်ဟာ ကိုယ်တို့ရဲ့ဆန့်ကျင်ဘက်ဂိုဏ်းကြီးနဲ့ပတ်သက်သူပဲဖြစ်ရမယ် ... ”

“ဒါဆို ... အဖြေပေါ်ပြီ ... ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကိုလည်း ကိုမှိုင်းလက်ထဲအပ်ပြီးပြီ ... ဝင်းပပကူညီနိုင်သလောက်လည်း ကူညီပြီးပြီ ... ရဲမှူးဦးလေးမော်ပေးအပ်တဲ့တာဝန်ကို ဝင်းပပဆောင်ရွက်ပြီးပြီ ... ဝင်းပပမန္တလေးပြန်တော့မယ် ... ”

“ဟာ ... မပြန်ပါနဲ့အဝင်း ... ”

“ပြန်ရမယ်ကိုမှိုင်း ... ဒီအခြေအနေနဲ့ ဒီအချိန်ဟာ ဝင်းပပမန္တလေးကိုအပြန်သင့်ဆုံးပဲ ... နေမြင့်လေ အရှုံးရင့်လေအခြေအနေနဲ့အချိန်မျိုး မဖြစ်ခင်ပေါ့ ... ”

“လုံးဝမပြန်ပါနဲ့အဝင်း ကိုယ် တအားကြီးတောင်းပန်ပါတယ် ... အဝင်းမန္တလေးကိုမပြန်သင့်တဲ့ အဓိကအချက်ကြီးနှစ်ချက်လည်းရှိနေလို့ပါ ... ”

“ဘာအဓိကအချက်ကြီးနှစ်ချက်လဲ ... ”

“ပထမအဓိကအချက်က ကိုယ်အဝင်းကို အရမ်းချစ်မိသွားပြီ ... ဒီကိစ္စတွေပြီးတာနဲ့ အဝင်းကို ကိုကိုမှိုင်းချက်ချင်းလက်ထပ်ပါရစေ ... အဲဒါ ပထမအဓိကအချက်ပဲအဝင်း”

“အဲဒီ ပထမအဓိကအချက်အရဆိုရင်တော့ ဝင်းပပ မန္တလေး



ကိုပြန်မှာပဲ ... ဘာလို့လဲဆိုတော့ ဝင်းပပအနေနဲ့ ဘယ်လိုယောကျ်ားကိုပဲဖြစ်ဖြစ် အယုံအကြည်မရှိတော့တာရယ် ... ဘယ်ယောကျ်ားကိုဖြစ်ဖြစ် လက်မထပ်တော့တာရယ် ... နောက်ပြီး အခုမန္တလေးပြန်ပြီး အလုပ်ပြန်ဝင်ရင် ရဲမှူးဦးလေးမော်ရဲ့ မေတ္တာရပ်ခံမှုကြောင့် ဝင်းပပ ကုမ္ပဏီက ဝင်းပပကိုခွင့်ပေးထားတဲ့အတွက် အလုပ်ပြန်ဝင်လို့ရသေးတာရယ် ... နောက်ဆုံးအချက်က ဦးလေးမော်ကို မလွန်ဆန်ချင်လို့ ကိုမှိုင်းကို ဝင်ကူညီခဲ့တာ ... ပြီးဆုံးပြီမို့ရယ် ... အဲဒီအချက်တွေကြောင့် အခု ကိုမှိုင်းရဲ့ပထမအဓိကအချက်ကို ဝင်းပပငြင်းဆန်ပြီး မန္တလေးကိုပြန်မယ် ... ”

“မပြန်ပါနဲ့ အဝင်း ... ”

“ပြန်မယ်ကိုမှိုင်း ... ”

“ကဲ ... ဒါဆို ဒုတိယအဓိကအချက်ကို ကိုယ်ဖွင့်ပြောပြမယ်၊ တကယ်ဆိုတော့ အဲဒီဒုတိယအဓိကအချက်ဟာ ကိုမှိုင်းတို့အဖွဲ့ရဲ့ ထိပ်တန်းလျှို့ဝှက်ချက်ပဲ ... ဘယ်သူ့ကိုမှ ဖွင့်မပြောရမဲ့ကိစ္စပါ ... ဒါပေမဲ့ ကိုယ့်ရင်ထဲက အရမ်းချစ်နေတဲ့အဝင်းကိုတော့ ကိုယ်ယုံကြည်ပြီး ဖွင့်ပြောပါ့မယ် ... အဲဒီ ဒုတိယအဓိကအချက်ကို ဖွင့်ပြောပြပြီးမှ အဝင်း မန္တလေးကိုပြန်မယ်ဆိုရင်တော့ ... မန္တလေးကို အဝင်းပြန်တဲ့နေ့ဟာ ကိုကိုမှိုင်းလက်ရှိရာထူးအလုပ်က ထွက်စာတင်တဲ့နေ့ဖြစ်သွားမှာပဲအဝင်း ... ”

“အဲဒီ ဒုတိယအဓိကအချက်ကိုပဲ ကိုမှိုင်းက ပြောပြဦးလေ၊

www.burmeseclassic.com

ဝင်းပပနားထောင်ပြီးမှ ဆုံးဖြတ်မှာပေါ့ ... "

မှိုင်းသည် ဒုတိယ အဓိကအချက်ကို မပြောမီ အိတ်ထဲမှ ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကို ထုတ်ယူကာ ဝင်း လက်သို့ပြန်ပေးသည်။

ဝင်းပပက ပြန်မယူသေးဘဲ ဆွဲကြိုးကိုငေးကြ သာ ငေးကြည့်နေသည်။

မှိုင်းက လျှို့ဝှက်ချက်တွေကို ဝင်းပပအား ပြေ ပေတော့သည်။

"ဒီကျောက်စိမ်းလော့ကတ်ကို ကိုကိုမှိုင်းတို့အဖွဲ့ဥက္က ကြီးမှူးပြီး အဖွဲ့ဝင်တွေအားလုံးရှေ့မှာပဲ ကျွမ်းကျင်တဲ့ ပ ထိမ်ဆရာနဲ့ ခွဲကြည့်ပြီးပြီအဝင်း ... ကျောက်စိမ်းလော့က ထဲမှာ အလွန်သေးငယ်တဲ့ ဖလင်ပြားနက်ဂတစ်လေးတစ် ထွက်လာတယ် ... အဲဒီဖလင်ပြားကို ကိုယ်တို့အဖွဲ့ မှန်ဘီလူးနဲ့ကြည့်တော့ ကိုယ်တို့အဖွဲ့ရဲ့ အရေးသိပ်ကြီး လျှို့ဝှက်ချက်တွေပါရှိနေတာကိုတွေ့ရတယ် ... "

မှိုင်းသည် ဖလင်ပြားလေးအကြောင်းကို ဝင်း အား အသေးစိတ် အစအဆုံးပြောပြလိုက်သည်။

ဝင်းပပသည် အလွန်စိတ်ဝင်စားစွာဖြင့် မှိုင်းပြေ သမျှ နားထောင်ပါ၏။

မှိုင်းဆက်၍ ပြောပြသည်မှာ ဤဖလင်ပြားတွင် ဝင်သော လျှို့ဝှက်သတင်းများကို ဆန့်ကျင်ဘက်ဂိုဏ်းမှ ဂိုဏ်း ထံသို့ တစ်ဆင့်ပြီးတစ်ဆင့်ပေးပို့ရမည်။ ဤဖလင်ပြားတွင်ပါရှိ



ဝှက်သတင်းများကို မှိုင်းတို့၏ စိမ်းဝါနီအဖွဲ့နှင့် တစ်ဘက် ဆန့် င်ဘက်ဂိုဏ်းချုပ်တို့သာလျှင် လိုအပ်သောပြစက်ပစ္စည်းတွင် ည့်ပြီး ဖတ်ရှုမှသာ လျှို့ဝှက်ချက်များကို ဖတ်ရှုနိုင်ဖွယ်ရှိသည်။ စုတိုင် ဖလင်ပြားမှာ ဂိုဏ်းချုပ်လက်သို့မရောက်ရှိသေးသော ကြောင့် ဤဖလင်ပြားတွင်ပါရှိသော လျှို့ဝှက်သတင်းများသည် ဆန့် င်ဘက်ဂိုဏ်းများတွင် မပေါက်ကြားသေးပေ။ ထိုသို့ဖလင်ပြားကို င်ကဲပေးရာတွင် အမှတ်မထင် ဝင်းပပနှင့် ဉမ္မာတို့ သူငယ်ချင်းနှစ် ယောက် ရတနာဗိမာန်ဆိုင်တွင် ပေါက်ကရစကားတွေပြောသည့် ထဲတွင် ဝင်းပပပြောသောစကားတွင် ဆန့်ကျင်ဘက်ဂိုဏ်းမှ ပ်ဆင့်ဖလင်ပြားပေးပို့ရာတွင် သူတို့ချင်းသတ်မှတ်ထားသော ျှို့ဝှက်သင်္ကေတစကားတစ်ခွန်း ပါရှိသွားသည်။ ထိုလျှို့ဝှက် ကေတစကားအရ ဝင်းပပအား ဂိုဏ်းချုပ်ထံ ဖလင်ပြားပေးပို့ရ ည့်သူဟု သူတို့မှတ်ယူကာ ဝင်းပပလက်သို့ ဤလျှို့ဝှက်ဖလင်ပြား ောက်အောင် ကျောက်စိမ်းလော့ကတ်ဆွဲကြိုးတွင် ထည့်ပေးခြင်း စ်ကြောင်း။

ယင်းသို့ ဝင်းပပလက်သို့ ကျောက်စိမ်းလော့ကတ် ကြိုးရောက်ရှိသွားပြီးမှ ဝင်းပပသည် သူတို့ဂိုဏ်းသားမဟုတ်မှန်း သွားပြီး ဝင်းပပထံမှ ကျောက်စိမ်းလော့ကတ်ဆွဲကြိုး ပြန်လည် ဖို့ကြံစည်ကြခြင်း၊ လုယူကြခြင်းဖြစ်ကြောင်းတွေ အားလုံးအသေး တ် မှိုင်းကပြောပြလိုက်သည်။

"ဒီတော့ ကိုကိုမှိုင်းတို့ရဲ့ စိမ်းဝါနီအဖွဲ့ရဲ့ ဆွေးနွေးဆုံးဖြတ် ချက်ဟာ ... ဒီကျောက်စိမ်းလော့ကတ်ကို သူ့နဂိုအတိုင်း

www.burmeseclassic.com

အဝင်း ဆက်ဆွဲထားစေ … အဝင်း ဆက်ဆွဲထားသောကြောင့် အဝင်းနောက်ကို ဆန့်ကျင်ဘက်ဂိုဏ်းကလူတွေ ပြန်ရယူဖို့ လှုပ်ရှားသည်ကို ချေရာခံပြီး ဆန့်ကျင်ဘက်ဂိုဏ်းကြီးတွေကို အမိဖမ်းဖို့ဖျက်ဖို့ ဆုံးဖြတ်တယ်အဝင်း … ”

“ဒါဆို ဝင်းပပဟာ ကိုမှိုင်းတို့ရဲ့ ငါးမျှားချိတ်တစ်အစာ … ကျားကိုထောင်ဖမ်းတဲ့ ဆိတ်တစ်ကောင်အဖြစ် ဆက်ပြီး ကျောက်စိမ်းလော့ကတ်ဆွဲကြိုးဆွဲပြထားရမယ်ပေါ့ ဟုတ်လား … ”

“စိမ်းဝါနီအဖွဲ့ကတော့ အဲဒီလိုဆန္ဒရှိနေတယ်အဝင်း … ဒါပေမဲ့ … အဝင်းကိုယ်တိုင်သဘောတူမှလုပ်ရမယ် … ဒီအကြောင်း အားလုံးအသေးစိတ် အဝင်းကိုဖွင့်ပြောရမယ်၊ အဝင်းက လက်ခံကူညီမှ ဆက်လုပ်မယ်လို့ အတည်ပြုချက်ရှိပါတယ် … အဲဒါကို မှိုင်းတင်ပြတဲ့ ဒုတိယအမိကအချက်ပါပဲအဝင်း … ”

ဝင်းပပသည် သိပ်ပင်မစဉ်းစားတော့ဘဲ ပြုံးချိုသောမျက်နှာလေးနှင့် မှိုင်းရှေ့တွင် ဦးခေါင်းလေးငုံ့ပေးလိုက်သည်။

“ဒါဆို … ကိုကိုမှိုင်းပဲ ဆွဲကြိုးပြန်ဆွဲပေးတော့လေ … ဒီဆွဲကြိုးဖြုတ်ယူတုန်းက ကိုကိုမှိုင်းဖြုတ်ယူတာပဲ … အခု ကိုကိုမှိုင်းပဲ ပြန်ဆွဲပေးပေါ့ … ”

ဝင်းပပကိုယ်တိုင် ဦးခေါင်းလေးကို မှိုင်းရင်ဘတ်တွင် တိုးပေးပြီး ဆွဲကြိုးကို ဆွဲခိုင်းလေတော့သည်။

ဤသည်ပင်လျှင် ဝင်းပပကလည်း မှိုင်းကို တုံ့ပြန်



ချစ်ပါသည်ဆိုသည့်အဖြေ အလိုလိုကို ပေါ်ထွက်သွားခြင်းဖြစ်ပါလေတော့သည်။

ဆွဲကြိုးဆွဲပေးခြင်းပြီးမြောက်သွားသည်။

ချစ်သူနှစ်ဦးစလုံး၏မျက်နှာကိုယ်စီတွင်လည်း အပြုံးတွေ ယှက်သမ်းနေကြသည်။

ကြည်နူးမှု၊ ကျေနပ်မှု၊ ရင်ခုန်မှု ဖိန်းရှိန်းမှုလေးတွေလည်း ရင်ထဲကိုယ်စီ ခံစားကြရသည်။

“ကဲ … အဝင်း … အဝတ်အစားလဲပေတော့ … ကိုယ်လည်း အဝတ်အစားလဲမယ် … အပြင်ထွက်ပြီး ညစာစားကြမယ်၊ ဒါကြောင့် ကိုကိုမှိုင်း အစောကြီးပြန်လာတာ … ”

အဝတ်လဲရန် ဝင်းပပ သူ့အခန်းထဲပြန်ဝင်သွားသလို မှိုင်းလည်း အဝတ်လဲရန် သူ့အိပ်ခန်းသို့ ပြန်ဝင်လာသည်။

ယနေ့အဝတ်လဲရာတွင် မှိုင်း ခါတိုင်းနှင့်မတူဖြစ်သွားသည်။ ခါတိုင်းဆိုလျှင် အင်္ကျီဆိုလည်း ဗီရိုထဲရှိ အင်္ကျီကာဝ်အပေါ်ဆုံးရှိအင်္ကျီကိုကောက်ဝတ်သည်။ ပုဆိုး သို့မဟုတ် ဘောင်းဘီဆိုလည်း အပေါ်ဆုံးရှိ ပုဆိုး သို့မဟုတ် ဘောင်းဘီကို မကောက်ဝတ်သည်။

ယခုတော့ အင်္ကျီနှင့်ဘောင်းဘီ အမ မှုအမရောင်ခြင်း လိုက်ဖက်သည်ကိုရွေးချယ်သည်။ ပထမ ပါးနုနုမရောင်စပို့ရှပ်ကို ဝတ်ဆင်ပြီး ချောကလက်ရင့်ရောင် ဘောင်းဘီနုနုကိုဝတ်သည်။ လိုက်ဖက်စေ၏။

ပြီး ခါတိုင်းလို ဆံပင်ကို ဘီးဖြင့်မဖီးဘဲ လက်ဝါးနှစ်

www.burmeseclassic.com

ဖက်သပ်လိုက်ခြင်းဖြင့် ပြီးသွားသည်။ ယခုမူ မှန်ရှေ့တွင်ရပ်ပြီး ဆံပင်ကို ဘရိုင်ကရင်လိမ်းသည်။ ခွဲကြောင်းထားပြီး ဖီးသည်။

ဘာပြောပြော မှိုင်း ပို၍ကြည့်ကောင်းသွားသည်။ အချစ်ဆိုသည်မှာ လူ့စိတ်ကို တစ်မျိုးတစ်ဖုံဖြစ်စေသည်သာ။

အဝတ်အစားလဲပြီး မှိုင်း အပြင်ဧည့်ခန်းသို့ ထွက်လာသည်။

"အားပါးပါး ငါ့တူကြီးမှိုင်း ... ဒီတစ်ခါဝတ်စားထားတာ အရမ်းကြည့်ကောင်းပါလား ... "

"ဟာဗျာ ... ဒေါ်ဒေါ်မွန်ကလည်း ကျွန်တော်လည်း လူသားတစ်ယောက်ပဲဟာ ... စိတ်လိုတဲ့အခါ စိတ်လိုသလို ဝတ်တာပေါ့ဗျာ ... "

ဒေါ်ဒေါ်မွန်က သဘောပေါက်ပေသည်။ သူ့တူတော်မောင် ရှက်မည်စိုး၍ ထပ်မပြောတော့ဘဲ ပို၍ကြည့်ကောင်းနေသော တူတော်မောင် မှိုင်းကိုသာ ပြုံးပြုံးကြီးကြည့်နေပါ၏။

ဝင်းပပလည်း အဝတ်လဲပြီးထွက်လာပြီမို့ ... နှစ်ယောက်သားယှဉ်တွဲထွက်လာကြသည်။

"ကဲ ... ဘယ်မှာသွားစားမလဲအဝင်း ... "

"အဝင်းက နောက်လိုက်ပါနော် ... ကိုမှိုင်းခေါ်ရာလိုက်မှာပဲဟာ ... "

"အရင်တစ်ခါ ... ကရဝိတ်ဟိုတယ်မှာစားဖူးပြီ ... အခု အင်းလျားလိတ်သွားကြမယ် ကောင်းဘူးလားအဝင်း"

"သိဘူးလေ ... အဝင်းက ရန်ကုန်မှာမှ မကျွမ်းကျင်တာ



ရန်ကုန်သားကြီး ကိုကိုမှိုင်းက ကရဝိတ်ဆို အဝင်းက ဝိတ်လိုက်မှာပဲ ... ကိုကိုမှိုင်းက အင်းလျားလိတ်ဆို လိုက်လိတ်မှာပဲ ... ဒါပဲပေါ့နော် ... "

မှိုင်းသည် ဖိုးခနဲဇက်ခနဲ ဝင်းပပဘက်သို့ စွေကြည့်သည်။

ဖွင်းပပက ... ရွှတ်တွတ်တွတ် နောက်တောက်တေ ဘက်မျက်နှာပေးလေးနှင့် အသံပေးလေးနှင့်ပြောသည်ကို မြင်ရသဖြင့် မှိုင်းရင်ထဲတွင် မချင့်မရဲလေးဖြစ်ရပါ၏။

မော်တော်ကားမောင်းနေရင်းမဟုတ်ဘဲ ... တခြားတစ်နေရာမှာသာဆိုက မှိုင်း၏မချင့်မရဲစိတ်လေးက ဝင်းပပကိုယ်လုံးလေးကို အတင်းပွေ့ဖက်ဖျစ်ညှစ်မိလေမည်လားမပြောတတ်။

ယခုတော့ မလှုပ်သာမယှက်သာ မော်တော်ကားကိုသာ ဂရုစိုက်မောင်းနေရတော့သည်။

"ဟော ... ဟော ... ကိုမှိုင်း နောက်ကလိုက်လာကြပြန်ပြီ ... ဒီတစ်ခါတော့ ဂျစ်ကားနဲ့ လူနှစ်ယောက် ... "

မှိုင်းက နောက်ကြည့်မှန်မှကြည့်လိုက်သည်။

"ဩော် ... အဲဒါက ကိုယ်တို့ဆီက လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့လူနှစ်ယောက်ပါ ... အဝင်းသွားရာနောက်ကို လုံခြုံရေးနောက်ကလိုက်ပြီး စောင့်ရှောက်ပေးရမယ်လို့ အဖွဲ့ဥက္ကဋ္ဌကြီးက အမိန့်ချထားတယ်လေ ... "

"အဝင်းအဖို့တော့ လူစိမ်းတွေချည်းပဲဖြစ်နေတော့ သူ့လူကိုယ့်လူ မခွဲခြားတတ်တော့ဘူးကိုမှိုင်းရာ ... "

www.burmeseclassic.com

ဝင်းပပသည် မှိုင်းကို တစ်ခါတစ်ရံ ကိုမှိုင်းဟုခေါ်ပြီး၊ သူမစိတ်ထဲတွင် လိုလိုလားလားရှိသည့်အခါ ကိုကိုမှိုင်းဟု ခေါ်ပေသည်။ ဟန်ဆောင်အတုအယောင်ခေါ်ခြင်းမျိုး မဟုတ်တော့ဘဲ ရင်ထဲဖြစ်ပေါ်လာသည့်အတိုင်း ခေါ်ခြင်းဖြစ်ပါ၏။

"သြော် ... ချစ်မိပြီကိုး ..."

အင်းလျားလိတ်ဟိုတယ်ထဲရောက်ပြီး စားပွဲလွတ်တစ်လုံးတွင် နေရာယူလိုက်ကြသည်။

"ကိုမှိုင်း ခဏလေးနော် ..."

ဝင်းပပသည် ပြောပြီး အမျိုးသမီးရေအိမ်ဆီသို့ ထသွားသည်။ အမျိုးသားမလိုက်အပ်သောနေရာမို့ မှိုင်း ထိုင်ပြီးကျန်ခဲ့သည်။

ရေအိမ်တွင် ဝင်းပပကိစ္စပြီးသည်နှင့် နံရံကပ်မှန်တွင် သူမကိုယ်ကို သူမပြန်ကြည့်ပါ၏။ ချစ်သောကိုကိုမှိုင်းရှေ့တွင် သူမသည် အမြဲလှလှကျက်သားရှိနေစေချင်သောကြောင့်ဖြစ်ပါ၏။

"အဲ ..."

ဝင်းပပမှန်ကိုကြည့်နေစဉ် မှန်ထဲ၌ သူမ၏နောက်၌ အမျိုးသမီးကြီးတစ်ဦးကရပ်ပြီး မိမိကိုကြည့်နေသည်ကိုမြင်မိသောကြောင့် "အဲ"ဟု အသံထွက်သွားသည်။ ပြီး နောက်မှကြည့်နေသော အမျိုးသမီး၏အကြည့်မှာ ဝင်းပပရင်ဘတ်ပေါ်တွင် ထင်းခနဲပေါ်နေသော ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကို စိုက်ကြည့်နေမှန်း သိသာနေပေသည်။

ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကို ကိုမှိုင်းတို့အဖွဲ့



က ပိုင်ရှင်ဝင်းပပအားပြန်ပေးစေဟု အတည်ပြုပြီးနောက် ကိုမှိုင်းက အိမ်ရောက်သည်နှင့် ဝင်းပပကို ပြန်ဆွဲပေးထားခြင်းဖြစ်လေသည်။

ရေအိမ်ထဲတွင် ဝင်းပပကဲ့သို့ပင် အန္တရာယ် လွယ်မထားနိုင်သော အမျိုးသမီးတွေ လေးငါးယောက်အဝင်အထွက်တွေ ရှိနေကြပေသည်။

အကယ်၍သာ လူအဝင်အထွက်ရှင်းပြီး ဝင်းပပတစ်ယောက်တည်းဆိုပါက ထိုအမျိုးသမီးကြီးသည် ဝင်းပပ၏ကျောက်စိမ်းလော့ကတ်ဆွဲကြိုးကို ဖြုတ်လုယူလေမည်လား မပြောတတ်။

ဝင်းပပ ချက်ချင်း ရေအိမ်မှပြန်ထွက်လာခဲ့သည်။ စားပွဲတွင်ထိုင်မိသည်နှင့် ရေအိမ်ထဲတွင် တွေ့ခဲ့သော အမျိုးသမီးကြီးအကြောင်း မှိုင်းကို တိုးတိုးလေးပြန်ပြောပြသည်။

"အင်း ... ခက်တော့ခက်သားအဝင်း ... လူကြီးတွေက အဝင်းအတွက် နယ်မြေတိုင်း နေရာတိုင်းမှာ လုံခြုံရေးချပေးထားတော့ အဲဒီအမျိုးသမီးကြီးဟာ အဝင်းအတွက် လုံခြုံရေးသမားလား ဆန့်ကျင်ဘက်သားလားဆိုတာ ကိုယ်မသိနိုင်ဘူး ... ကိစ္စမရှိဘူးအဝင်း ... ကိုယ် ရုံးပြန်ရောက်ရင် အဲဒီအမျိုးသမီးကြီးဟာ အဖွဲ့ကတာဝန်ပေးထားတဲ့လူလားဆိုတာ မေးကြည့်မယ် ... ကဲ ... အခုတော့ မှာထားသမျှလည်း ရောက်လာပြီ ... ပျော်ပျော်ပါးပါးအဝစားကြစို့ အဝင်း"

နှစ်ယောက်သား အစားကို အာရုံပြန်ပြုပြီး စားသောက်ကြတော့သည်။

"ဝေးဟေးဟေး ... မှိုင်းပါလား ... ဒီတစ်ခါတော့ ရန်ကုန်

www.burmeseclassic.com

သားက မန္တလေးသူနဲ့တွဲပြီး ရန်ကုန်မှာလာကောင်းစားနေ
ပြန်ပြီကိုးကွ ... တကယ်ပဲ မှိုင်းကတော့ ရောက်လေရာ
အရပ်မှာ မိန်းမချောမိန်းမလှလေးတွေနဲ့ တွေ့ပါရစေ တွဲရပါ
စေဆိုတဲ့ ဆုတွေ ဘယ်ဘဝက တောင်းခံလာသလဲမသိဘူး။
တွေ့လိုက်တိုင်း အချောအလှလေးတွေနဲ့ချည်းပဲ ... ဟား
ဟား"

ဤပြောသံမျိုးနှင့် ဤလေသံမျိုးကို ဝင်းပပသည်
ကြားဖူးပါသည်ဟုထင်ပြီး မော့ကြည့်လိုက်ပေသည်။

ဦးအောင်ကြီးဆိုသည့် ပုဂ္ဂိုလ်ကြီးဖြစ်နေပါ၏။

မန္တလေးချမ်းမြသာစည်လေဆိပ်တွင် မှိုင်းနှင့်ဝင်းပပ
စားသောက်ခဲ့စဉ်က ဤဦးအောင်ကြီးပင်ရောက်ရှိလာပြီး ထိုစဉ်က
ပြောသည့်လေသံအတိုင်း ဟေးဟေးဟားဟားနှင့်ပြောလိုက်ခြင်း
ဖြစ်နေပေသည်။

"ဩ ... ဦးအောင်ကြီးပါလား ... ဒီတစ်ခါတော့ ဇနီးချော
ဒေါ်မိမိလည်းပါလာပေသကိုး ... ခါတိုင်း ဘယ်သွားသွား
ဦးအောင်ကြီးက ဇနီးချောဒေါ်မိမိကို ခေါ်လာလေ့မရှိပါဘူး။
ဒီတစ်ခါအဆန်းပါလားဗျ ... အဲ ... ဒေါ်မိမိကြီးကိုကျွန်တော်
ကြုံတုန်းမှာထားမယ်နော် ... ဦးအောင်ကြီးကို သိပ်လွှတ်
ပေးမထားနဲ့ ... မန္တလေးမှာလည်း သူက ဘီးမှည့်ကဝင်းဝင်း
ပုံစံနဲ့ တကယ့်နေရာကောင်းတွေမှာ ခြေရာထပ်လျှောက်
သွားနေတာ ... ဦးအောင်ကြီးက အသက်လေးရလာပေမဲ့
သားသားနားနားနဲ့ သန်တုန်းမြန်တုန်းမဟုတ်လား ဒေါ်မိမိ



သူ့ကို ဦးလေးကြီး ဦးလေးကြီးနဲ့ ကောင်မလေးတွေ ဝိုင်း
ဝိုင်းလည်နေတာဗျ ... "

"အဲဒါအစစ်ပဲမှိုင်းရေ ... သူကတော့ မပြောနဲ့တော့ ... ပုံစံ
ကိုက ဝက်မြီးကျနေတာပဲ ... လှုပ်လိုက်ယမ်းလိုက်နဲ့ အငြိမ်
မနေချင်ဘူး ... ဒါကြောင့် အခုဆို သူ့နောက်က ဒေါ်ဒေါ်မိ
အမြဲလိုက်နေတာ ... "

"လုပ်ချလိုက်ပြန်ပြီ မှိုင်းကတော့ ... "

ဟု ဦးအောင်ကြီးက ရယ်ရယ်မောမော မှိုင်းကို
ပြန်ပြောပေသည်။

ဒေါ်မိမိသည် သူတို့လင်မယား မှိုင်းနှင့် ဟေးလား
ဝါးလား နောက်ပြောင်ပြောရင်းကပင် ဝင်းပပကို အကဲခတ်ကြည့်
ပေသည်။ ဝင်းပပ၏အချောအလှမှာ သာမန်ထက် ပိုမိုချောလှသည်
ဟု ဒေါ်မိမိရင်ထဲက မှတ်ချက်ချလိုက်ပါ၏။

ဝင်းပပကလည်း ဒေါ်မိမိကို ပြန်အကဲခတ်ကြည့်မိ
သည်။

တစ်ချိန်တုန်းကတော့ ဒေါ်မိမိသည် ချောမောလှပ
သော အမျိုးသမီးတစ်ဦးဖြစ်ခဲ့ကြောင်း ပုံရိပ်တွေရှိနေသေးသည်။
သို့သော် ယခုအသားဖြူခြင်းမျိုးမှာ ဝင်းပပဖြူခြင်းမျိုးမဟုတ်တော့
ပြီ။ မွဲခြောက်ဖြူခြင်းမျိုးသာဖြစ်ပြီး ကိုယ်ထည်ကလည်း ပိတ်လှပ်
သောကြောင့် အရပ်ရှည်လမျောပုံစံရှိနေသည်။

ခင်ပွန်းဖြစ်သူ ဦးအောင်ကြီးက ကျန်းမာရေး
ကောင်းသလောက် ဒေါ်မိမိမှာ ကျန်းမာရေးချို့ယွင်းပုံရပေသည်။

www.burmeseclassic.com

"ဩော် ... မိမိရေ မှိုင်းက သဝန်တိုပြီး မိတ်ဆက်မပေးပေမဲ့ ကျုပ်ကပဲ မိမိကို မိတ်ဆက်ပေးမယ် ..."

ဦးအောင်ကြီးက ဇနီးကိုပြောရင်း ဝင်းပပကို လက်ညှိုးထိုးပြသည်။

"အဲဒီအမျိုးသမီးအချောအလှလေးက နာမည်နဲ့လိုက်တယ်ကွ ... ဝင်းပပတဲ့ ... မန္တလေးသူလေ ... မှိုင်းရဲ့သည်းပွတ်နှလုံးလေးဆိုပါတော့ ... ဟဲ ... ဟဲ ... ဟဲ ... ဝင်းပပရေ ဟောဒီ ဦးလေးရဲ့ မဟာသည်းပွတ်နှလုံးကြီးက နာမည်မှန် ဒေါ်မိမိတဲ့ ... နောက်တိုးနာမည်ကတော့ ဒေါ်လူမမာတဲ့လေ ..."

ဦးအောင်ကြီး၏အရွှန်းဖောက် ဟာသမိတ်ဆက်ပေးမှုကြောင့် အားလုံးရယ်မောကြရပါ၏။

ဒေါ်မိမိမှာ ချော်လဲရောထိုင် လိုက်လံရယ်မောသော်လည်း မျက်နှာမကောင်းလှဘဲ ညှိုးနွမ်းနေရှာပါ၏။

"ဒေါ်ဒေါ်မိနဲ့သိကျွမ်းရတာ ဝမ်းသာပါတယ်ဒေါ်ဒေါ်မိ ... ဦးလေးဦးအောင်ကြီးနဲ့ကတော့ မန္တလေးမှာ ဝင်းပပနဲ့ နှစ်ခါတောင် ဆုံခဲ့ဖူးလို့ သိကျွမ်းပြီးသားပါရှင် ..."

မိတ်ဆက်စကားတွေပြောကြပြီးနောက် ဦးအောင်ကြီးနှင့်ဒေါ်မိမိသည် သူတို့ယူထားသော စားပွဲဆီသို့ ထွက်သွားကြပေတော့သည်။

"ဦးအောင်ကြီးနဲ့ အခုထပ်ပြီး ဒီမှာလာတွေ့မိကြမှပဲ ... မန္တလေးက အဝင်းပြောဖူးတဲ့ အဝင်းရဲ့သူငယ်ချင်း သီရိရဲ့



အဆက် ကိုဘသော်ဆိုတဲ့လူအကြောင်း အဝင်းကိုပြန်ပြောဖို့ ကိုမှိုင်းသတိရလာတယ် ... ကိုဘသော်က အဝင်းကို ကုန်တိုက်မှာ အလုပ်ရဖို့ သွင်းပေးတဲ့လူမဟုတ်လား ..."

"ဟုတ်ပါတယ် ... ကိုဘသော်ကို ကိုမှိုင်းတွေ့လို့လား"

"တွေ့တော့မတွေ့ဘူး ... ဒါပေမဲ့ ... ဦးအောင်ကြီးနဲ့ကတော့ ကိုယ်ခဏခဏတွေ့တတ်တာမို့ အဲဒီသီရိရဲ့အဆက် ကိုဘသော်ကို ဦးအောင်ကြီးက သူ့ဆီမှာ အလုပ်ခန့်ထားလိုက်တယ်လို့ပြောတယ် ..."

"ဟုတ်လား ... ကိုဘသော်မှာ မန္တလေးမှာလည်း အလုပ်ရှိသားနဲ့ ... ရန်ကုန်က ဦးအောင်ကြီးဆီမှာ ဘာဖြစ်လို့ အလုပ်ဝင်လုပ်ရတာတဲ့လဲ ကိုမှိုင်း ..."

"ဦးအောင်ကြီးဆီမှာ လခပိုပြီးကောင်းကောင်းရလို့ ဝင်လုပ်တာဖြစ်မှာပေါ့အဝင်း၊ ဦးအောင်ကြီးက ငွေပင်ငွေရင်းနဲ့ လုပ်ငန်းကြီးကြီးမားမားတွေလုပ်နေတဲ့လူပဲလေ ... တော်တော်လည်း ချမ်းသာပုံရတယ် ... ရန်ကုန်မှာ ကုန်သည်ကြီး ထိပ်ပိုင်းကပါတဲ့လူပဲ ..."

"တကယ်တော့ ဦးအောင်ကြီးလိုလူက တကယ့်စီးပွားရေးသမားကြီး ... ကိုမှိုင်းက ဥပဒေဝန်ထမ်း ... လုပ်ငန်းခြင်း တခြားစီပဲ ... ဒါပေမဲ့ ကိုမှိုင်းနဲ့ဦးအောင်ကြီးဟာ တော်တော်ရင်းနှီးခင်မင်ကြပုံပဲ ..."

"ဒါက ဒီလိုလေ ... ဦးအောင်ကြီးတို့လို သိပ်ချမ်းသာပြီး လုပ်ငန်း သိပ်ကြီးကြီးမားမားလုပ်တဲ့လူတွေဟာ သက်ဆိုင်

www.burmeseclassic.com

ရာဇ္ဇာနအကြီးအကဲတွေကို အောက်ကျခံပြီး ခင်မင်အောင် ပေါင်းသင်းလေ့ရှိကြတယ် ...”

“သူတို့လုပ်ငန်းအကျိုးအတွက်လား ...”

“ဒါတော့ ကိုယ်မပြောတတ်ဘူး ... ကိုယ်တို့အနေနဲ့ကတော့ ဥပဒေနဲ့ ငြိစွန်းလာရင် ဘယ်သူရယ်လို့ မျက်နှာစိမ်း မျက်နှာကျက် မရွေးဘူး ... ဥပဒေလမ်းကြောင်းအတိုင်းလုပ်တာပဲ၊ အဲ ... ဦးအောင်ကြီးကတော့ ခုချိန်ထိ ဥပဒေနဲ့ငြိတာမျိုး မတွေ့သေးဘူး ... သူ့အကျိုးအတွက်နဲ့ပတ်သက်ပြီး ကိုယ်တို့ကို တစ်ခါမှလည်း အကူအညီမတောင်းဖူးဘူး ... တခြားဌာနတွေနဲ့ သူ ဘယ်လိုဆက်ဆံသလဲတော့ ကိုယ်လည်း မသိဘူးပေါ့လေ ... နောက်ပြီး ဦးအောင်ကြီးလို လူကြီးအတွက် ကိုယ့်လိုရဲအုပ်ရာထူးရှိတဲ့လူလောက်ဟာ စာမဖွဲ့လောက်ဘူးဆိုပါတော့ ... သူက တကယ်ရာထူးကြီးရှင် အကြီးအကဲတွေနဲ့သာပေါင်းချင်တာ ...”

“ဦးအောင်ကြီးကိုကြည့်ရတာကတော့ တကယ့်လူရှင် လူပျော်တစ်ယောက်ပဲနော် ... ဘယ်တော့မဆို သူတို့တွေ့ရင် ဟေးလားဝါးလားနဲ့ မာန်မာနမရှိသလိုပဲ ...”

“တစ်ခါတလေကျတော့လည်း ဦးအောင်ကြီးဆီက ဒုစရိုက်သတင်းလေးဘာလေးရတတ်တယ် ... ကုန်သည်တိုင်းဟာ ရိုးရိုးသားသားမှမဟုတ်ကြတာ ... တချို့ကုန်သည်ကြီးတွေဟာ သူတို့ ရိုးရိုးသားသားနဲ့ ခွင့်ပြုကုန်တွေကူးသန်း သယ်ယူပို့ဆောင်ရင်း ဥပဒေနဲ့မလွတ်ကင်းတဲ့ပစ္စည်းမျိုးလေးတွေ



ထည့်ပြီး မှောင်ခိုလုပ်ကြတယ် ... ဒါမျိုးကျတော့ သူတို့ အချင်းချင်းသာ မြွေမြွေခြင်း ခြေမြင်သိကြတယ်၊ ဦးအောင်ကြီးက အဲဒီလိုညှပ်လုပ်တဲ့ ကုန်သည်တချို့ရဲ့သတင်းမျိုး ကိုယ်တို့ကိုပေးတတ်တယ် ... သူပေးတဲ့သတင်းတွေက မှန်တာတွေလည်းများတယ် ... ဒီလိုနဲ့ ဌာနအကြီးအကဲကြီးတွေနဲ့ ဦးအောင်ကြီးအပေါင်းအသင်းဖြစ်သလား မသိပါဘူး အဝင်းရယ် ... ကဲပါ ဆက်စားကြပါစို့ ... ဦးအောင်ကြီး လင်မယားဝင်လာလို့ ကိုယ်တို့စားနေတာတောင် အရှိန်ပျက်သွားတယ် ... ပြန်ဆက်စားကြစို့ ... စားလေအဝင်း အင်းလျားလိတ်ဆိုတာမျိုးကို ကိုယ်တို့အနေနဲ့ ဆယ်ခါတစ်ခါသာ လာစားနိုင်တာ ... အားရပါးရစားစမ်းပါအဝင်း”

နှစ်ဦးသား စားစရာများ ဆက်ပြီးစားသောက်ကြတော့သည်။

စားသောက်ကြပြီးအပြန်တွင် သမ္မတရုံတွင် ပြနေသော ရုပ်ရှင်ဝင်ကြည့်ကြသေးသည်။

ရုပ်ရှင်ပြီးမှ အိမ်ပြန်ခဲ့ကြရာ အတန်ငယ်မိုးချုပ်သွားသည်။

ဝင်းပပ အိပ်ရာအဝင်တွင် စဉ်းစားစရာတွေ ပလုံစီပြီး ညဥ့်နက်မှ အိပ်ပျော်သွားသည်။

✤

www.burmeseclassic.com

## (၁၄)

ဝင်းပပ အိပ်ရာထနောက်ကျသည်။ နံနက်(၇)နာရီထိုးမှ နိုးသည်နှင့် ကိုယ်လက်သန့်စင် မျက်နှာသစ်ပြီး ကော်ဖီဝိုင်းသို့လာခဲ့သည်။

ကိုမှိုင်းမရှိပါလေတော့။ အလုပ်သွားပေပြီ။ ဒေါ်ဒေါ်မွန်တစ်ယောက်တည်း ဈေးဝယ်ခြင်းအလွတ်ကို စားပွဲပေါ်တင်ကာ တစ်ယောက်တည်းထိုင်နေသည်။ ဝင်းပပကို စောင့်နေခြင်းဖြစ်ပါ၏။

"ဝင်းပပ အိပ်ရာထနောက်ကျသွားတယ် ဒေါ်ဒေါ်မွန် ... ဒေါ်ဒေါ်မွန် ဝင်းပပကိုစောင့်နေတာလား ... "

"အင်း ... ဝင်းပပကိုစောင့်နေတယ်လို့ပဲ ပြောရမလိုဖြစ်နေပြီ ... စောစောက ကိုဘသော်ဆိုတဲ့လူဆီက တယ်လီဖုန်းလာတယ်လေ ... ဝင်းပပနဲ့စကားပြောချင်လို့တဲ့ ... ဒေါ်ဒေါ်မွန်က ဝင်းပပ ညကညဉ့်နက်မှအိပ်လို့ အိပ်ရာကမနိုးသေးဘူးဆိုတော့ ဝင်းပပနိုးရင် သူ့ဆီကို ဖုန်းပြန်ဆက်ပါဆိုပြီး သူ့ဖုန်းနံပါတ်ပေးတာကို ဒေါ်ဒေါ်မွန် ရေးမှတ်ထားလိုက်တယ် ... အဲဒါ ဝင်းပပ သူ့ဆီဆက်ဆက် ဖုန်းပြန်ဆက်ပါတဲ့၊ သူ ဖုန်းနားကမခွာဘဲ စောင့်နေမှာပါတဲ့ ... ဒါကြောင့် ဒေါ်ဒေါ်မွန် ဈေးမသွားသေးဘဲ စောင့်နေတာ ... ရော့ ... သူပေးတဲ့ ဖုန်းနံပါတ် ... ကဲ ... ဒေါ်ဒေါ်မွန် ဈေးသွားတော့မယ် ... "



ကိုဘသော်သည် မန္တလေးက သူငယ်ချင်းဉမ္မာမှတစ်ဆင့် သိကျွမ်းရသော သီရိ၏ချစ်သူဖြစ်သည်။ ယခု သီရိနှင့် ဘာဖြစ်သလဲတော့မသိ ကိုဘသော်ရန်ကုန်ရောက်နေပြီး ဦးအောင်ကြီးထံတွင် လခစားဝင်လုပ်နေသူဖြစ်သည်။

တကယ်တော့ ကိုဘသော်နှင့်ဝင်းပပ ဖုန်းပြောစရာအကြောင်း ဘာမျှမရှိ၊ အဲ ကိုဘသော်က သူ့ချစ်သူ သီရိအကြောင်းပြောချင်၍လားတော့မသိ၊ မန္တလေးကုမ္ပဏီတွင် ဝင်းပပအား ကိုဘသော်က အလုပ်သွင်းသော ကျေးဇူးတော့ရှိခဲ့သည်။

သို့သော် ကိုဘသော်ဆီသို့ ဖုန်းပြန်မဆက်မီ ကိုဘသော်က မိမိထံဖုန်းဆက်ကြောင်း မှိုင်းကိုဖုန်းဖြင့်လှမ်းပြောသင့်သည်ဟု ဝင်းပပက မှိုင်းဆီဖုန်းဆက်ပြီး ကိုဘသော်က ဖုန်းဆက်ကြောင်းပြောပြသည်။

မှိုင်းက ကိုဘသော်ကို သီရိ၏ချစ်သူမှန်းလည်း သိထားသည်။ ယခု ရန်ကုန်တွင် ဦးအောင်ကြီးထံတွင် လခစားဝင်

www.burmeseclassic.com

လုပ်နေမှန်းကိုလည်း သိထားသည်။

"အဲဒီကိုဘသော်ကို ဦးအောင်ကြီးဆီမှာ လခစားဝင်လုပ်နေမှန်း ကိုယ်သိတယ်အဝင်း ... နောက်ပြီး ... အဲဒီကိုဘသော်နောက်ကို ကိုယ်တို့ စိမ်းဝါနီအဖွဲ့ကလူတွေ ရှုဒိုးလိုက်နေတယ် ... အဲဒီအကြောင်း စကားမစပ်မိလို့ အဝင်းကို ပြောမထားမိတာ ... "

"ဒါဆို ... အဝင်းက ကိုဘသော်ဆီကို ဖုန်းပြန်ဆက်ရမလား ကိုမှိုင်း ... "

"ဆက်ပါအဝင်း ... ဒီလူ ဘာပြောမလဲဆိုတာ ကိုယ်လည်း သိချင်နေတယ် ... သူ့ဆီ အဝင်းဖုန်းဆက်ပြီးရင် သူ ဘာပြောတယ်ဆိုတာ ကိုမှိုင်းဆီကို အဝင်းပြန်ဆက်ရမလား"

"ကိုယ့်ဆီပြန်မဆက်နဲ့တော့အဝင်း ... ကိုယ် အခုပဲအပြင်သွားဖို့ကိစ္စရှိနေတယ် ... ညနေစောစောအိမ်ပြန်ခဲ့မယ် ... အိမ်ရောက်မှ ကိုဘသော် ဘာတွေဆက်ပြီး အဝင်းကိုပြောတယ်ဆိုတာ ပြန်ပြောပြ ... ဟုတ်လား ... ကိုဘသော်နဲ့ အဝင်း ဖုန်းဆက်တာကို တာဝန်ထမ်းဆောင်တယ်လို့ပဲ အဝင်းစိတ်ထဲမှာမှတ်ယူပြီး ပြန်ဆက်ပါ ... "

ကိုမှိုင်း၏ခွင့်ပြုချက်အရ ဝင်းပပ ကိုဘသော်ဆီ ဖုန်းဆက်လိုက်သည်။ ကိုဘသော်ထံမှ ချက်ချင်းပြန်ပြောသံထွက်လာသည်။

"ကိုဘသော် ... ဝင်းပပဆီဖုန်းဆက်တယ်ဆို ... အဲဒါ ဘာကိစ္စဆိုတာ ဝင်းပပပြန်ဆက်မေးတာပါ ... ဘာလဲ



မန္တလေးကသီရိအကြောင်း ပြောချင်လို့လားကိုဘသော်"

"အင်း ... သီရိအကြောင်းလည်းပါတာပေါ့လေ ... ဒီပြင်ကိစ္စတစ်ခုလည်းပြောစရာရှိလာလို့ပါ ... "

"တခြားကိစ္စဆိုတာ ဘာလဲ ... ပြောလေ ... "

"အဲဒီ တခြားကိစ္စကို ဖုန်းနဲ့ပြောရင် မကောင်းဘူးထင်တယ် မဝင်းပပ ... အခု ဝင်းပပတို့နေတဲ့လမ်းထဲမှာပဲ ရွှေဟင်္သာစားတော်ဆက်ဆိုတာရှိပါတယ်၊ အဲဒီမှာ မနက်စာစားကြရင်း မဝင်းပပနဲ့ ကျွန်တော်စကားပြောကြစို့လား၊ အဲဒီ ရွှေဟင်္သာစားတော်ဆက်ကို မဝင်းပပ ကျေးဇူးပြုပြီးလာခဲ့ပါလားဗျာ ... "

"ကောင်းပြီလေ ... လာခဲ့မယ် ... ဘယ်အချိန်လာခဲ့ရမလဲ"

"ဆယ်နာရီခွဲလောက်ပေါ့ မနက်စာစားကြမှာပဲဟာ"

ဝင်းပပ ဖုန်းပြန်ချထားလိုက်သည်။

ကိုဘသော်ကို မသင်္ကာဘွယ်တော့ ကောင်းနေသည်။

ကိုကျော်မောင်လည်း ရန်ကုန်ရောက်နေသည်။ သူတို့နှစ်ယောက်စလုံး ဝင်းပပအဖို့ မသင်္ကာလူတွေစာရင်းဝင်ဖြစ်လာသည်။ ယခု ကိုမှိုင်းကလည်းပြောသည်။ ကိုဘသော်အား ကိုမှိုင်းတို့အဖွဲ့က ရှုဒိုးလိုက်ထားသူဟုလည်း ဆိုထားသည်။

ဘာပဲဖြစ်ဖြစ် ကိုမှိုင်းအတွက် တာဝန်တစ်ခုထမ်းဆောင်ပေးသည့်အနေနှင့် ကိုဘသော်ချိန်းဆိုသော ရွှေဟင်္သာစားတော်ဆက်သို့ နံနက်ဆယ်နာရီခွဲတွင် ဝင်းပပအရောက်သွားတော့

www.burmeseclassic.com

သည်။ ရွှေဟသာစားတော်ဆက်တွင် နံနက်စာအချိန်စောသေးသောကြောင့် လူရှင်းနေပါ၏။

ဝင်လိုက်သည်နှင့် ကိုဘသော် စားပွဲတစ်လုံးတွင် ထိုင်နေသည်ကို ဝင်းပပတွေ့မြင်ရသည်။ မိမိကို မန္တလေးကုမ္ပဏီတွင် အလုပ်သွင်းပေးထားသူမို့ ဝင်းပပက မှတ်မိနေသည်။ ကိုဘသော်ရှိရာသို့ ဝင်းပပလျှောက်သွားသည်။

ဝင်းပပအနီးရောက်လာသည်ကို ကိုဘသော်က ဘီယာသောက်ရင်း မော့ကြည့်သော်လည်း ဝင်းပပကို ကိုဘသော်မမှတ်မိပေ။ မိမိကို ကိုဘသော် မန္တလေးတွင် တွေ့မြင်ပြီး ကုမ္ပဏီတွင် အလုပ်သွင်းပေးစဉ်က ဝင်းပပသည် ပလတ်စတစ်ဘီးကြီးနောက်ပတ်ပြီး နေကာမျက်မှန်မည်းကြီးတပ်ဆင်ထားသော အမယ်ကြီးအိုပေါက်စပုံစံကိုသာ ကိုဘသော် မြင်ဖူးထားခြင်းဖြစ်သောကြောင့်ပါတည်း။

"ဘယ်လိုလဲကိုဘသော် … ဝင်းပပကို လာခဲ့ပါလို့ ဒီကိုချိန်းထားပြီး အခုတော့ မသိဟန်ကြီးနဲ့ပါလား ကိုဘသော်"

"ဟာ … ဟာ … ဒါမဝင်းပပလား … အဟုတ်တကယ်ဘုရားစူး မမှတ်မိလို့ပါဗျာ … မန္တလေးမှာတွေ့ကြတုန်းကနဲ့ အခုမဝင်းပပက အများကြီးပြောင်းလဲကွာခြားသွားတာကိုးဗျ …"

"ပုတ်သင်ညိုလိုပေါ့ရှင် … ရာသီဥတုအရ အရောင်ပြောင်းရတာမျိုးရှိတာပေါ့ … ကဲ … ဝင်းပပရောက်လာပြီလေ … ဘာပြောမလဲ … ပြော …"



ဝင်းပပက စကားပြောရင်း စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ကိုဘသော်က ဝင်းပပကို ကြည့်မြဲဆက်ကြည့်ပြီး ချီးမွမ်းစကားဆိုပေတော့သည်။

"တကယ်ဗျာ … မဝင်းပပ အရမ်းချောအရမ်းလှသွားတယ်၊ အခု သေချာကြည့်မှ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတွေနဲ့ မဝင်းပပရဲ့အသံကို ပြန်မှတ်မိရတယ် … အခု မဝင်းပပကိုမြင်ရတာ ကျောက်စိမ်းရိုင်းကြီးကို ကွမ်းလိုက်လို့သိပ်အသွေးကောင်းတဲ့ ကျောက်စိမ်းတစ်ခုပါလားလို့ ဥပမာပေးရမလိုဖြစ်နေပြီ …"

"လာပြန်ပြီ ကျောက်စိမ်း …"

ဟု ဝင်းပပရင်ထဲက ရေရွတ်လိုက်မိသည်။

ကိုဘသော်က ကျောက်စိမ်းဖြင့် … ဥပမာစကားအမွှန်းတင်ပြောလိုက်ခြင်းပင်လျှင် ကိုဘသော်သည် ကျောက်စိမ်းလော့ကတ်ဆွဲကြိုးနှင့်ပတ်သက်နေသလားဟု ဝင်းပပတွေးထင်စရာဖြစ်သွားသည်။

"ကဲ … မဝင်းပပ ဘာဟင်းတွေသုံးဆောင်မလဲ၊ ကျွန်တော်ကတော့ မနက်စာဒီမှာပဲစားမှာမို့ မဝင်းပပကြိုက်ရာဟင်းမှာလေ …"

"ကျွန်မ နံနက်စာ ထမင်းမစားတော့ပါဘူး … ဒီနေ့မနက်ကိုမှိုင်းရဲ့အဒေါ် ဒေါ်ဒေါ်မွန်က ကျွန်မကြိုက်တဲ့ ပုန်းရည်ကြီးနဲ့ဝက်သားချက်ကျွေးမယ်ဆိုလို့ အိမ်ကျမှပဲ ထမင်းစားတော့မယ် … ဒီမှာတော့ ဂျူ(စ်)လေးသောက်ပြီး စကား

www.burmeseclassic.com

ပြောကြတာပေါ့ ကိုဘသော် ... "

ကိုဘသော်က သူစားချင်သည့်ဟင်းလျာကိုမှာပြီး ထမင်းစားသည်။ ဝင်းပပက လိမ္မော်ဂျူ(စ်)ကိုပဲ မှာသောက်သည်။

"ဒေါ်ဒေါ်မွန်ဆိုတာက ဘယ်သူလဲ မဝင်းပပ ... သီရိပြောတာကတော့ ရန်ကုန်မှာ မဝင်းပပမှာ ဆွေမျိုးရင်းချာမရှိဘူးလို့ ပြောဖူးတယ် ... "

"ဒေါ်ဒေါ်မွန်ဆိုတာ ကိုမှိုင်းရဲ့အဒေါ်အရင်း ဒေါ်ရည်မွန်လေ ... "

"သြော် ... ဟုတ်ပြီ ... ဟုတ်ပြီ ... ကိုမှိုင်းဆိုတဲ့လူက မဝင်းပပနဲ့လက်ထပ်မဲ့ ရဲအုပ်လို့ ... ကျွန်တော့်အလုပ်ရှင် ဦးအောင်ကြီးကပြောဖူးထားတယ် ... "

"ဟုတ်ပါတယ် ... ကိုမှိုင်းဟာ ရဲအဖွဲ့မှာ ရဲအုပ်ရာထူးရထားသူပါ ... "

"ဦးအောင်ကြီးပြောတာကတော့ ကိုမှိုင်းဟာ ရဲအုပ်ဆိုပေမဲ့ အထူးစုံထောက်တစ်ယောက်ဆိုလားပဲ ... "

"ဒါတော့ ကျွန်မ မသိဘူး ... ကိုမှိုင်းကို ရဲအုပ်တစ်ယောက်ဆိုတာပဲ ကျွန်မသိတယ် ... သူ ဘယ်လိုတာဝန်တွေ ထမ်းဆောင်ရတယ်ဆိုတာ ကျွန်မကလည်း မမေးဘူး ... ကိုမှိုင်းကလည်း မပြောဘူး ... ကိုမှိုင်းဟာ ကျွန်မလက်ထပ်သင့်တဲ့ လူတော်လူကောင်းတစ်ယောက်ဆိုတာလောက်ပဲ ကျွန်မသိတယ် ... "

"မဝင်းပပနဲ့ ကိုမှိုင်း ဘယ်လိုတွေ့ဆုံသွားတာလဲဗျာ ... သီရိ



ပြောသလောက် ကျွန်တော်သိထားတာက ကိုကျော်မောင်နဲ့မဝင်းပပ မေတ္တာရှိနေကြတယ်ဆိုတာသာပါ ... ကိုကျော်မောင်က သစ္စာမရှိတဲ့လူမို့ မဝင်းပပက သိပ်စိတ်နာနေတယ်ဆိုလားပဲ ... ဟုတ်လည်းဟုတ်တယ်မဝင်းပပ ... ကျော်မောင်က အလကားလူ ... စိတ်နေသဘောထားရော ကိုယ်ကျင့်သိက္ခာရော ကိုမှိုင်းနဲ့တခြားစီပဲ ... "

"ကိုမှိုင်းအကြောင်း ကိုဘသော်က တော်တော်သိထားလို့လား ... "

"ဦးအောင်ကြီးပြောပြသလောက် သိတာပါ ... ဦးအောင်ကြီးက ဘာမဆိုသိတဲ့လူတစ်ယောက်ပဲ ... ဦးအောင်ကြီးကို ကျွန်တော်က မဝင်းပပနဲ့သိတဲ့အကြောင်း စပ်မိစပ်ရာပြောရင်း ကိုမှိုင်းအကြောင်းကို ဦးအောင်ကြီးကပြောပြတာပါ၊ ကျော်မောင်နဲ့လွဲသွားတာကပဲ မဝင်းပပကံကောင်းတယ်မှတ် ... "

"ကျေးဇူးတင်ပါတယ် ကိုဘသော် ... "

"အဲ ... နေဦးမဝင်းပပ ... ကျွန်တော်ပြောချင်တာကလည်း မဝင်းပပနဲ့ ရင်းနှီးနေတဲ့ ကိုမှိုင်းအကြောင်းကိုပါပဲ၊ ဒါကြောင့် မဝင်းပပနဲ့တွေ့ချင်တာပါ ... "

"ကိုမှိုင်းအကြောင်း ဘာများပါလိမ့် ... "

"ကျွန်တော့်နောက်ကို ရဲစုံထောက်အဖွဲ့က လိုက်နေတယ်လို့ ဦးအောင်ကြီးကပြောတယ် ... အဲဒါ ဘာလို့လိုက်တာလဲတဲ့ ... ကျွန်တော် ရှုပ်ရှုပ်ပွေပွေလည်း ဘာမှမလုပ်မိပါ

www.burmeseclassic.com

ဘူးဗျာ … ဦးအောင်ကြီးက ကျွန်တော့်အလုပ်ရှင်ဖြစ်နေတော့ … ကျွန်တော်တို့ရဲ့စုံထောက်က ရှုဒိုးအလိုက်ခံရတယ်ဆိုရင် ဦးအောင်ကြီး ကျွန်တော့်အပေါ် တစ်မျိုးမြင်သွားရင် ကျွန်တော့်ထမင်းအိုး ထိခိုက်လာမှာစိုးလို့ပါ … ဦးအောင်ကြီးပြောမှ ကျွန်တော်လည်း သတိထားမိတယ် … ဟုတ်တယ် … အခုပဲ မဝင်းပပ ဟိုအပြင်ဘက်က ကုက္ကိုပင်အောက်ကိုလှမ်းကြည့် လူနှစ်ယောက်ရှိနေတယ် … ”

ဝင်းပပလှမ်းကြည့်သည်။

ဟုတ်ပေသည်။ လူနှစ်ယောက် ကုက္ကိုပင်အောက်တွင် ရှိနေသည်ကို တွေ့ရသည်။

သို့သော် ထိုလူနှစ်ယောက်သည် ရှုဒိုးနှစ်ယောက်ဖြစ်စေဦးတော့ ဝင်းပပအတွက် ချပေးထားသော ရှုဒိုးလား ကိုဘသော်နောက်လိုက်နေသော ရှုဒိုးပေလား ဝင်းပပမဝေခွဲနိုင်။

“ကိုဘသော်နောက်ကို ရှုဒိုးလိုက်တယ်ပဲထားပါဦး … ကျွန်မနဲ့ ဘာပတ်သက်လို့ ကိုဘသော်က ကျွန်မကို ခေါ်တွေ့တာလဲ … ”

“မဝင်းပပအနေနဲ့ ရဲစုံထောက် ကိုမှိုင်းကို ကျွန်တော့်အကြောင်းများပြောဖူးမိသလားလို့ … သိချင်တာပါ … နို့မို့ရင် ကျွန်တော့်နောက်ကို ရဲစုံထောက်ရှုဒိုးလိုက်စရာမှမရှိတာ … ”

“ဟုတ်ပ … ကိုဘသော်ရဲ့အကြောင်း ကိုမှိုင်းကို ကျွန်မပြောဖူးပါတယ် … ဒါပေမဲ့ ကျွန်မ ကိုမှိုင်းကိုပြောဖူးတာက



မန္တလေးကုမ္ပဏီမှာ ကျွန်မကို ကိုဘသော်က အလုပ်သွင်းပေးတာရယ် ကိုဘသော်နဲ့သီရိချစ်သူဖြစ်နေလို့ ကျွန်မကို သူငယ်ချင်းသီရိနဲ့ပတ်သက်လို့ ကိုဘသော်က အလုပ်သွင်းပေးတယ်ဆိုတာလောက်သာ ပြောဖူးတာပါ … ”

“ဒီလောက်ပြောရုံနဲ့တော့ ရဲစုံထောက်က ကျွန်တော့်ကို ရှုဒိုးလိုက်စရာမှမဟုတ်တာ … ”

“ဒါဆို … ဒီပြင်အကြောင်းတစ်ခုခုကြောင့် လိုက်တာဖြစ်မှာပေါ့ကိုဘသော် … ”

“အဲဒီ ဒီပြင်အကြောင်းတစ်ခုခုဆိုတာ ဘာလဲဆိုတာကိုပဲ ကျွန်တော် သိချင်နေတာပဲ မဝင်းပပ … ကိုမှိုင်းလိုလူဟာ လုပ်ငန်းတာဝန်နဲ့ပတ်သက်လာရင် သူ့လည်ပင်း ဓားတင်ပြီးမေးတောင် အသေခံမှာ … ပြောမဲ့လူမျိုးမဟုတ်ဘူး … ဒါပေမဲ့ ယောကျ်ားဆိုတဲ့ ၊ ကိုယ့်ချစ်သူကျတော့ နားဝင်တတ်တယ်မဟုတ်လား … ဒါကြောင့် သူ့ဆီကအဖြေမှန် ကျွန်တော်သိချင်လို့ မဝင်းပပက ကူညီပေးပါလို့ … ”

“ကျွန်မ ကြိုးစားမေးကြည့်ပေးမယ်လို့ပဲ ပြောပါရစေ … ဒါထက် ဒီအကြောင်းတွေ ထားလိုက်ပါတော့ … ကိုဘသော်နဲ့ ကျွန်မသူငယ်ချင်းသီရိကရော ဘာလို့လမ်းခွဲလိုက်ကြတာလဲ … ”

“သီရိအမြင်မှာပေါ့လေ … ကျွန်တော်ဟာ ပေါ့ပေါ့နေပေါ့ပေါ့စားလူစား အသုံးအဖြုန်းလည်းကြီးတယ် … ငွေရှာတာအရချောင်တဲ့နည်းနဲ့ရှာချင်တယ်ဆိုပြီး သီရိက ခွာထွက်သွား

www.burmeseclassic.com

တာပါ ... "

"သီရိက ဦးနှောက်ကောင်းလှတဲ့အမျိုးသမီးပါ ... ကိုဘသော်မှာ သူမနှစ်သက်တဲ့အချက်တွေ တွေ့ရှိလို့ဖြစ်မှာပေါ့"

ကိုဘသော်က ခေါင်းညိတ်ပြပါ၏။

"ကျွန်တော်က လူပျိုလူလွတ်ပဲ မဝင်းပပ ... ရသမျှ သုံးဖြုန်းပစ်တယ်ဆိုတာ ကျွန်တော် မငြင်းပါဘူး ... "

"ငွေရှာတာ အရချောင်တဲ့နည်းနဲ့ရှာတယ်ဆိုတာကရောရှင်"

"ကျွန်တော်က မန္တလေးသားပဲ အဖော်ကောင်းရင် လားရှိုးတို့ တာချီလိတ်တို့ရော တစ်ခါတလေ ဟိုဘက်နိုင်ငံအထိရော ရောက်သွားတတ်တယ် ... ပြန်လာတဲ့အခါ အမြတ်ရနိုင်မဲ့ကုန်တွေပြန်ချလာတယ် ... မှောင်ခိုပစ္စည်းတွေ ချလာတယ်ဆိုပါတော့လေ ... ရိုးရိုးပစ္စည်းမျိုးတွေပါ၊ ဒါကို သီရိက မကြိုက်ဘူး ... ဒုစရိုက်အလုပ် ဥပဒေမကောင်းတဲ့အလုပ်ကိုမှ လုပ်တတ်တယ်လို့ စွပ်စွဲတယ် ... ကောင်းရောင်းကောင်းဝယ်အလုပ်မျိုးလုပ်ပါလားလို့ပြောတယ် ... ကျွန်တော်က သူငယ်ချင်းတွေနဲ့ အပျော်သဘောလုပ်တာပါလို့ ထုချေပေမဲ့ သီရိက လက်မခံဘူး ... လက်ထပ်ပြီးရင် ဒီအလုပ်မျိုးမလုပ်ပါဘူးလို့ ကတိပေးတာတောင် မရဘဲ ကျွန်တော့်ကို အဆက်အသွယ် တစ်ချီတည်းဖြတ်လိုက်တယ်လေ ... အခုထိတော့ ကြည်စေအေးစေ မရသေးဘူးဆိုပါတော့ မဝင်းပပရေ ... "

ကိုဘသော်ကိုနှုတ်ဆက်ပြီး ဝင်းပပ အိမ်သို့ပြန်လာခဲ့သည်။



ကိုဘသော်ကို ဝင်းပပ အကဲခတ်မိသလောက်ကတော့ ပျော်ပျော်ပါးပါးနှင့် လွတ်လွတ်လပ်လပ်နေတတ်ပြီး ဒုစရိုက်လုပ်ငန်းကြီးမျိုးကို လုပ်မည့်သူမဟုတ်နိုင်ဟု ထင်မိသည်။

သို့တစေ ... ပြော၍တော့မဖြစ်၊ သူသူငါငါလုပ်နေကြသည့် မှောင်ခိုအသေးစားလုပ်ငန်းလေးတွေထဲမှာပင် ကိုမှိုင်းတို့က ရှုပ်ဒိုးချပြီး လိုက်ချင်စရာကောင်းလောက်သောလုပ်ငန်းမျိုးတွေပါဝင်ကောင်းပါဝင်နိုင်သည်။

မှောင်ခိုလုပ်ငန်းဆိုသည်က အခက်သား။

တကယ့် မော်တော်ကား အံ့နာ၊ ကုန်ပစ္စည်းများ အံ့နာတွေက ရိုးရိုးသားသား ဥပဒေခွင့်ပြုသောပစ္စည်းတွေ တင်ဆောင်ရောင်းဝယ်သည့်ကြားကပင် မူးယစ်ဆေးဝါးထုပ်များ၊ ရွှေချောင်းများညှပ်ပြီး ရိုးရိုးကုန်ပစ္စည်းတွေနှင့် ရောချသည်များလည်း ရှိနေတတ်ပေသည်ကိုး။

အိမ်တွင် ဒေါ်ဒေါ်မွန်က ပုန်းရည်ကြီးနှင့်ဝက်သား ချက်ပြီးသားဟင်းဖြင့် ဝင်းပပကိုစောင့်နေသည်။

ဝက်သားပုန်းရည်ကြီးဟင်း၊ ငရုတ်သီးကြော်၊ ငံပြာရည်အတို့စုံဖြင့် ဝင်းပပ ထမင်းမြိန်လှပေသည်။

www.burmeseclassic.com

## (၁၅)

ယနေ့ညနေ မှိုင်းစောစောပြန်လာသည်။ မှိုင်းက ထမင်းစားပြီးဆိုသည်နှင့် ထမင်းဝိုင်းဖွဲ့စားကြသည်။ စားသောက်ရင်း စကားပြောကြသည်။

ဝင်းပပက မနက်ပိုင်းက ကိုဘသော်နှင့်သွားရောက်တွေ့ဆုံပြီး အပြန်အလှန်ပြောခဲ့ကြသောစကားတွေ ပြန်ပြောပြသည်။

"အဝင်း ကိုဘသော်နဲ့တွေ့ပြီး အပြန်မှာ ... အချိန်စောသေးတာမို့ သာကေတက လွဲလွဲညိုဆီသွားသေးတယ်မဟုတ်လား ..."

"ဩ ... ကိုမှိုင်းက အားလုံးသိနေတာပဲ ..."

"အဝင်းအတွက် အစောင့်ချထားတယ်လေ ... အဲဒီလုံခြုံရေးအစောင့်က ကိုယ့်ကို အားလုံးပြန်ပြောပြတာပဲ ..."



"ဟုတ်တယ် ... လွဲလွဲညိုဆီကိုသွားတယ် ... ဒါပေမဲ့ လွဲလွဲညိုက ဘယ်လိုပြောပြော နားမဝင်ဘူး ... သူ့ဟာသူ အပြင်မှာပျော်သလိုနေမယ်လို့ပဲ ဇွတ်ပြောလို့ လက်လျှော့ပြန်ခဲ့ရတယ် ..."

လွဲလွဲညို၏ခေါင်းမာမှုကို ဒေါ်ဒေါ်မွှန်ကရော မှိုင်းကရော ဘာမှ ဆက်မပြောတော့ပေ။

"မနက်က မှိုင်းရော ဝင်းပပရောမရှိတဲ့အချိန်မှာ ... သဇင်ဖြူ ဒီအိမ်ကိုရောက်လာသေးတယ် ..."

ဒေါ်ဒေါ်မွှန်အား သဇင်ဖြူသည် မော်မော်ခိုင်ဆိုသည့် အမျိုးသမီးဖြစ်နေပြီး သဇင်ဖြူအစစ်မဟုတ်၊ သဇင်ဖြူအတုဖြစ်ကြောင်း ဒေါ်ဒေါ်မွှန်ကို မှိုင်းကရော ဝင်းပပကရော ပြောထားပေ၊ ပြောလိုက်၍ သဇင်ဖြူအစစ်မဟုတ်မှန်း မော်မော်ခိုင်သိသွားပြီး ခြေရာဖျောက်သွားပါက ဆန့်ကျင်ဘက်ဂိုဏ်းကို ခြေရာကောက်ခက်သွားမည်စိုးသောကြောင့် တာဝန်အရပြောမထားခြင်းဖြစ်သည်။

"သဇင်ဖြူက ဒေါ်ဒေါ်မွှန့်ကို ဘာတွေပြောသွားသေးလဲ ဒေါ်ဒေါ်မွှန် ..."

"ဝင်းပပ မကောင်းကြောင်းတွေပြောတာလောက်ပါပဲကွယ် ... ဝင်းပပဟာ မှိုင်းလို ရဲအုပ်တစ်ယောက် ... လူတော်လူကောင်းတစ်ယောက်ကို အပိုင်ချိုင်ဖို့ ဒီအိမ်ရောက်လာတာမျိုးတွေ ပြောတာပေါ့ ... သူပြောတာတွေကို ဒေါ်ဒေါ်မွှန်က လက်မခံမှန်းသိသွားတော့ သူ့ဟာသူပဲ ပြန်

www.burmeseclassic.com

သွားတာလောက်ပါပဲမှိုင်း ... အံ့သြဖို့ကောင်းတာက ခြံဝ မှာ ကိုသြဘာ ခြံစောင့်ရှိနေသားနဲ့ သဇင်ဖြူ အိမ်ပေါ်အထိ ရောက်လာတာကိုပဲ အံ့သြမိတာ ... "

"မအံ့သြနဲ့ဒေါ်ဒေါ်မွန် ... သဇင်ဖြူက လဲ့လဲ့ညိုကို စည်းရုံး ထားတယ် ... ဒီအိမ်ကအကြောင်းတွေအားလုံး လဲ့လဲ့ညိုဆီ က သဇင်ဖြူက သိထားရုံမကဘူး လဲ့လဲ့ညိုကိုပေးထားတဲ့ ဒီအိမ်ကသော့တွဲကိုပါ သဇင်ဖြူက ယူထားတာမို့ ဒီအိမ်ကို တစ္ဆေတစ်ကောင်လို ဝင်လာချင်ဝင်လာလိုက် လုပ်နိုင်နေ တာ ... အဝင်းအခန်းကို ဝင်မွေသွားတာလည်း သဇင်ဖြူပဲ ဒေါ်ဒေါ်မွန် ... "

"အေး ... ဒေါ်ဒေါ်မွန့်စိတ်ထဲမှာ မှိုင်းနဲ့ဝင်းပပဟာ ချစ်သူ တွေလည်းဖြစ်နေကြပြီ ... လက်ထပ်ကြဖို့လည်း ဆုံးဖြတ် ကြပြီးပြီဆိုတော့ ... မြန်မြန်လက်ထပ်စေချင်တာပဲ ... မင်း တို့နှစ်ယောက် လက်ထပ်လိုက်ရင် သဇင်ဖြူလည်းနောက် ထပ် ဒီကိုလာမှာမဟုတ်တော့ဘူး ... ဘာလို့ အချိန်ဆွဲနေ ကြလဲ ... မြန်မြန်လက်ထပ်ကြတော့ကွယ် ... "

မှိုင်းနှင့်ဝင်းပပ တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ကိုယ် ပါသောအကြည့်ဖြင့် ကြည့်မိကြသည်။

"ကျွန်တော် အခုရက်အတွင်း အလုပ်တွေတန်းလန်းနဲ့ သိပ် အလုပ်များနေလို့ပါ ဒေါ်ဒေါ်မွန် ... နောက်သိပ်မကြာခင် အဝင်းကို ကျွန်တော် တရားဝင်လက်ထပ်မှာပါ ... "

ထိုမျှနှင့်ပင် စားသောက်ပြီးသော ထမင်းဝိုင်းကို



လက်စသတ်ကြသည်။

ယင်းအခိုက်မှာပင် ဧည့်ခန်းဆီမှ တယ်လီဖုန်းမြည် သံ ထွက်လာသဖြင့် မှိုင်းသွားရောက်နားထောင်သည်။

ဝင်းပပနှင့် ဒေါ်ဒေါ်မွန် ထမင်းဝိုင်းသိမ်းနေကြဆဲမှာ ပင် မှိုင်းပြန်ရောက်လာသည်။

"အခုဖုန်းဆက်တာ ဦးအောင်ကြီးနဲ့ဒေါ်မိမိဆီကပဲ ... အဝင်း နက်ဖြန် ညဦးပိုင်းမှာ ဦးအောင်ကြီးက သူ့အိမ်မှာ ဒင်နာ ပါတီပွဲလုပ်မလို့တဲ့ ... ကိုယ်နဲ့အဝင်း ဆက်ဆက်လာခဲ့ပါ လို့ ဖုန်းနဲ့ဖိတ်တာပဲအဝင်း ... "

မှိုင်းက ပြောရင်း ဝင်းပပကို သေချာကြည့်ပြီး ...

"ဟင် ... အဝင်း ကျောက်စိမ်းလော့ကတ်ဆွဲကြိုး ဆွဲမထား ပါလား ... ဘာလို့ ချွတ်ထားတာလဲ ... "

"မနက်က ကိုဘသော်နဲ့ ချိန်းထားတဲ့ဆီကိုလည်းသွားတယ်၊ လဲ့လဲ့ညိုရှိတဲ့ သာကေတကိုလည်းသွားတာနဲ့ ဆွဲကြိုးချွတ် ထားခဲ့တာပဲကိုမှိုင်း ... ဆွဲကြိုးက အန္တရာယ်ရှိတယ်မဟုတ် လား ... ကိုမှိုင်းနဲ့အတူတူရှိနေချိန်ကျမှ ဆွဲကြိုးပြန်ဆွဲမလို့"

"ကဲ ... ဒါဆိုလာ ... ကိုကိုမှိုင်းကိုယ်တိုင် ဆွဲကြိုးပြန်ဆွဲပေး မယ် ... ဆွဲကြိုးကို ကိုကိုမှိုင်းရှိတဲ့အချိန်ဆွဲထားပါ ... ဒီဆွဲ ကြိုးက ရန်သူကို မျှားခေါ်တဲ့ပစ္စည်းပဲဟာ ... ဒါပေမဲ့ ... ကိုမှိုင်းနဲ့အတူမရှိတဲ့အချိန် ဆွဲကြိုး ဆွဲမသွားတာလည်း အဝင်းမှန်ကန်ပါတယ် ... "

နှစ်ယောက်သား အပြင်ခန်းပြန်ထွက်လာကြသည်။

www.burmeseclassic.com

မှိုင်းက ဝင်းပပကို ကိုယ်တိုင်ဆွဲကြိုးပြန်ဆွဲပေးသည်။

ဆွဲကြိုးက ချိတ်အတပ်ရခက်သောဆွဲကြိုးမို့ လူချင်းပူးကပ်ပြီး ဆွဲပေးရပြန်သည်။ ဆွဲကြိုးဆွဲပေးရာတွင် လူချင်းပူးကပ်နေသည်မို့ မှိုင်းသည် သူ၏ချစ်စိတ်ကို မထိန်းနိုင်တော့ဘဲ ဝင်းပပအား တအားပွေ့ပိုက်ထားလိုက်ပြန်သည်။ ပွေ့ပိုက်ရာမှတစ်ဆင့် ဖက်ပြီး ဝင်းပပ၏ပါးပြင်လေးကို မွှေးမွှေးပေးတော့သည်။

ဝင်းပပက ရုန်းဖယ်ထွက်လိုက်သည်။

"ဒီလိုမကဲနဲ့ ကိုမှိုင်း ... အဝင်းမကြိုက်ဘူး ... လက်မထပ်သေးခင် အနေအထိုင်လွန်ကဲတာဟာ မကောင်းဘူး ... မသင့်တော်ဘူး မဟုတ်လား ... ဒီလောက်အနေရင်းနှီးတာပဲ လွန်လှပြီ ... "

"အင်းပါဗျာ ... အင်းပါ ... ကိုယ်အရှိန်လွန်သွားမိတာပါ ... ချစ်ကြပြီဆိုတော့လည်း တစ်ခါတလေ အရှိန်လွန်ချင်သွားမိတာပါ ... ဆောရီးပါ အဝင်း ... ကိုယ် နောက်ဆို အမြဲဆင်ခြင်ပါ့မယ် ... "

"ဒါဆိုပြီးရော ... "

ဟုဆိုကာ ဝင်းပပသည် သူမအိပ်ခန်းသို့ ပြေးဝင်သွားကာ တံခါးကိုပိတ်ထားလိုက်တော့သည်။



## (၁၆)

ကိုဘသော် အပြင်သွားရန်အဝတ်လဲအပြီးမှာပင် အိမ်ရှေ့သို့ ရဲကားအပြာတစ်စီးရပ်လာသည်ကို တွေ့ရသည်။

ရဲကားပေါ်မှ လူရွယ်နှစ်ဦး တိုက်ပုံအင်္ကျီ ချည်ချောပုဆိုးဝတ်ဆင်ထားသည်။

"ကိုဘသော်ကို ရဲစခန်းလိုက်ခဲ့ဖို့လာခေါ်တာပါ ... "

ခေါ်သူက ဒုရဲအုပ်ယူနီဖောင်းဝတ်ဆင်ထားသော ရာထူးအိုင်ဒင်တီဘီကတ်ပြားထုတ်ပြသည်။

"ကျွန်တော့်ကို ရဲအဖွဲ့ကဖမ်းတာလားဗျာ ... "

"ကိုဘသော်မှာ ရဲအဖွဲ့ကဖမ်းဆီးလောက်အောင် အလုပ်တစ်ခုခုများလုပ်ခဲ့သလားဗျာ .... "

"ကျွန်တော် ရဲကဖမ်းဆီးလောက်တဲ့အလုပ် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး ... ဒါကြောင့်အခုဖမ်းတာလားလို့ သဲကွဲအောင်

www.burmeseclassic.com

မေးရတာပါ ... ”

“လူတွေက ရဲကခေါ်တယ်ဆိုရင် ဖမ်းတယ်လို့ထင်ကြတယ်၊ အမှန်တော့ ကျွန်တော်တို့ရဲအဖွဲ့ဟာ ဘယ်သူ့ကိုမဆို ဖမ်းချင်တိုင်းဖမ်းလို့မရပါဘူး ကိုဘသော်၊ သက်သေအထောက်အထားခိုင်လုံမှ ဖမ်းခွင့်ရှိတာပါ ... အခု ကိုဘသော်ကို မေးချင်တာလေးတွေရှိလို့ ရဲစခန်းကိုခေါ်မေးတဲ့သဘောပါ ... ကဲ ... သွားစို့ ... ”

ကိုဘသော် လိုက်ပါသွားရသည်။ ကားပေါ်တက်ပြီး ပုလိပ်နှစ်ဦးခေါ်ဆောင်ရာသို့ လိုက်ပါသွားရသည်။ လမ်းတွင် နှစ်ဦးစလုံးက စကားတစ်ခွန်းမျှမပြော၊ စစ်ဆေးမေးမြန်းခြင်းလုံးဝမရှိ။

ကိုဘသော် ရင်ခုန်လာတော့သည်။

သူ့ကို ရဲစခန်းသို့ ဘာလို့ခေါ်ပါလိမ့်ဟု ပြန်စဉ်းစားကြည့်တော့သည်။

ကိုဘသော် မန္တလေးမှာနေစဉ်ကတော့ လားရှိုးဘက် တာချီလိတ်ဘက်သို့ ခဏခဏသွားပြီး မှောင်ခိုကုန်အသေးစားလေးများ ဝယ်ယူကာ မန္တလေးတွင် ပြန်ရောင်းသူသည် ဒီဘက်မှလည်း ကွမ်းသီး၊ ကွမ်းရွက်၊ ပုစွန်ခြောက် စသည့်ပစ္စည်းမျိုးလေးတွင် ရှားပါးကုန်ပစ္စည်းအဖြစ် ရောင်းခဲ့ဖူးသည်။ ၎င်းအသွားအပြန်ရောင်းဝယ်သောပစ္စည်းတွေမှာ လူတိုင်းလိုလို သွားရင်းဟန်လွှဲသယ်ယူရောင်းချသော ပစ္စည်းမျိုးတွေသာဖြစ်သည်။ ဒီပစ္စည်းတွေလောက်နဲ့တော့ ရဲအဖွဲ့က မှောင်ခိုပစ္စည်းလို သတ်မှတ်ခြင်းလည်းမရှိဘူးခဲ့။ ပြီး ယခု မိမိ ရန်ကုန်ရောက်နေတာ ဒီလောက်ကြာပြီးမှ



ထိုစဉ်ကပစ္စည်းလေးတွေ အရောင်းအဝယ်အတွက်တော့ အရေးယူစရာမဟုတ်ဟုလည်း စဉ်းစားကြည့်နေမိသည်။

တန်တော့ ဟိုတစ်နေ့က ရွှေဟသာစားတော်ဆက်တွင် ဝင်းပပနှင့် မိမိ တွေ့ဆုံစကားပြောခဲ့သည်။ ဝင်းပပသည် ရဲစုံထောက်ရဲအုပ်မှိုင်း၏ချစ်သူဖြစ်သည်။ ဝင်းပပက ရဲစုံထောက်ကိုမှိုင်းကို မိမိအကြောင်း ဘာတွေပြောပေးသနည်း။ ဝင်းပပပြောစကားများအရ ယခုရဲစုံထောက်အဖွဲ့က မိမိကိုခေါ်ယူစစ်ဆေးလိုခြင်းဖြစ်ရမည်။

ကိုဘသော် ဝင်းပပကို စိတ်ဆိုးမိသည်။ တကယ်ဆိုမန္တလေးတွင် ချစ်သူသီရိ၏သူငယ်ချင်းပါဆိုသောကြောင့် ဝင်းပပကို မိမိက ကုမ္ပဏီတွင်အလုပ်သွင်းပေးခဲ့သည့် ကျေးဇူးကိုပင် ဝင်းပပမထောက်ထားဟု ဒေါပွမိခြင်းဖြစ်သည်။

ဒီလိုနှင့်ပင် ရဲစခန်းသို့ရောက်လာသည်။ သီးသန့်ခန်းတစ်ခုသို့ ကိုဘသော်ကို ခေါ်သွားပြီး ကုလားထိုင်တွင် ထိုင်စေသည်။

“ခင်ဗျား စိတ်လွတ်လွတ်လပ်လပ်နဲ့ပဲ ထိုင်ပါ ကိုဘသော်၊ ရဲစုံထောက်က ငါ့ကိုစစ်ဆေးပြီဆိုတဲ့ကြောက်စိတ်မထားနဲ့၊ ကိုယ့်နဂိုစိတ်နဲ့ပဲနေ ... မိတ်ဆွေချင်းစကားဝိုင်းဖွဲ့ပြောတယ်လို့ပဲ စိတ်မှာမှတ်ယူ ... ”

“ဟုတ်ကဲ့ပါ ... မေးစရာရှိမေးပါ ... ”

မတ်တတ်ရပ်နေသော ရဲစုံထောက်က စ,ပြီးပြောသည်။

www.burmeseclassic.com

"ကျွန်တော်က ကိုဘသော်ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်းကို ဖတ်ပြမယ် ... "

"ကိုဘသော် မန္တလေးမှာနေခဲ့တယ် ... ကုန်တိုက်တစ်ခုမှာ လုပ်တယ် ... ရရှိတဲ့လခကနည်းတယ် ... ဒါကြောင့် အလုပ်ကထွက်ပြီး လားရှိုးဘက်၊ တာချီလိတ်ဘက်နဲ့ ဟိုဘက်နယ်ခြားအထိ ကူးလူးပြီး ဒီဘက်ကပစ္စည်း ဟိုဘက်မှာရောင်း၊ ဟိုဘက်ကပစ္စည်း ဒီဘက်ကိုပြန်သယ်ယူလာ ... မန္တလေးမှာ ပြန်ရောင်းလုပ်ခဲ့တယ် ... အဲဒီအလုပ်ဟာ ကုမ္ပဏီမှာ လခစားလုပ်တာထက်တော့ ဝင်ငွေပိုရခဲ့တယ် ... ဒါပေမဲ့ ကိုဘသော်က တစ်ကိုယ်တည်းသမားဆိုတော့ ရတဲ့ပိုက်ဆံ သုံးဖြုန်းပစ်လိုက်တာပဲ ... အဲဒီအချိန်ထိ သီရိဆိုတဲ့အမျိုးသမီးနဲ့ ကိုဘသော် ချစ်ကြိုက်ခဲ့ကြတယ် ... သီရိက ကိုဘသော် ဒီအလုပ်လုပ်နေတာကို သဘောမကျဘူး၊ ဒါကြောင့် ကိုဘသော်ကို သီရိက ခွာထုတ်လမ်းခွဲတယ် ... ဒီတော့ ကိုဘသော်က ဒီအလုပ်မျိုးမလုပ်တော့ဘူး ... ရန်ကုန်ဆင်းပြီး တည်တည်တံ့တံ့အလုပ်လုပ်ပါ့မယ်ဆိုပြီး ရန်ကုန်ကိုဆင်းလာတယ် ... ဌာနတစ်ခုခုမှာ အလုပ်ရဖို့ ကိုဘသော်မှာ မလွယ်ဘူး ... အဲဒီအချိန်မှာ ယိုတစ်ချိန်တုန်းက အသိအကျွမ်းဖြစ်ခဲ့ဘူးတဲ့ ကုန်သည်ဦးအောင်ကြီးနဲ့ ပြန်တွေ့တယ် ... အဲဒီဦးအောင်ကြီးကပဲ ကိုဘသော်ကို မျှော်လင့်ထားတဲ့ လခထက် အများကြီးပိုပေးပြီး သူ့လုပ်ငန်းမှာ အလုပ်ခန့်လိုက်တယ် ... အခု ကိုဘသော် ဦးအောင်ကြီးဆီ



မှာပဲ အလုပ်လုပ်နေတယ် ... အဲဒါတွေဟာ ကျုပ်တို့စုံစမ်းရရှိထားသလောက် ကိုဘသော်ရဲ့ ကိုယ်ရေးရာဇဝင်ပဲ ... အခု ကျုပ်ပြောတာတွေ ဟုတ်ရဲ့လား ကိုဘသော် ... "

"ဟုတ်ပါတယ် ... အားလုံးမှန်ပါတယ် ... အဲဒီ ကျွန်တော့် ကိုယ်ရေးသတင်းတွေကို ဝင်းပပဆီကရတာ မဟုတ်လား"

"ကျုပ်တို့ ဘယ်ကသတင်းရတယ်ဆိုတာ ပြောပိုင်ခွင့်မရှိဘူး၊ ရဲစုံထောက်ဆိုတာ နေရာအနှံ့အပြားက သတင်းစုဆောင်းတယ်၊ ရတဲ့သတင်းတွေအားလုံး ညှိနှိုင်းကိုက်ညီမှ အတည်ပြုတယ်လို့ ကိုဘသော်နားလည်ထားပါ ... "

"ဒါဆို ကျွန်တော့်ကို ဒီကိုခေါ်လာတဲ့ တခြားအကြောင်းကောရှိသေးလားဗျာ ... "

"ရှိတယ်၊ ကိုဘသော်ဟာ လစဉ်ရရှိတဲ့လခငွေထက် အများကြီးပိုပြီး သုံးဖြုန်းနိုင်တာကို ကျွန်တော်တို့ ခြေရာခံမိတယ်၊ ဒီတော့ လစဉ်ရရှိတဲ့လခအပြင် ကိုဘသော်မှာ တခြားဘာဝင်ငွေတွေရှိသလဲ ... ဟိုအရင်က လားရှိုး၊ တာချီလိတ်ဂ/ ကူးလူးပြီး အပိုဝင်ငွေတွေရပါတယ်လို့တော့ မဖြေနဲ့ ... ' ကို ကျုပ်တို့ လက်မခံနိုင်တဲ့သဘောရှိနေတယ် ... ဒီ.ဂ ကွမ်းသီး၊ ကွမ်းရွက်ယူသွား ... ဟိုဘက်က နာရီတို့ ကက် ဆက်တို့လောက် ပြန်ချလာပြီး ဝင်ငွေတွေရပါတယ်ဆိုတာကို ကျုပ်တို့လက်မခံဘူး ... ကဲ ... ရှင်းရှင်းပဲမေးမယ် ... ခင်ဗျား ရွှေချောင်းချတဲ့အလုပ်လုပ်သလား ... "

"ဟာ ... ဝေးလိုက်တာ ... ရွှေချောင်းချနိုင်တဲ့အရင်းအနှီး

www.burmeseclassic.com

ငွေကြေးမျိုး ကျွန်တော့်မှာ ဘယ်ရှိနိုင်ပါ့မလဲ ... ”

“ဒါဖြင့် ဘိန်းဖြူကော ... ”

“လုံးဝမလုပ်ဘူး ... လုပ်လည်းမလုပ်တတ်ဘူး ... ဆန်မှုန့် အဖြူထုပ်နဲ့ ဘိန်းဖြူထုပ်ယှဉ်ချပြရင်တောင် ဘယ်ဟာဆန်မှုန့်၊ ဘယ်ဟာဘိန်းဖြူဆိုတာ ကျွန်တော်မသိတဲ့လူစားဘဲ၊ နောက်ပြီး ဘိန်းဖြူတို့ ရွှေချောင်းတို့ဆိုတာက ငွေသိန်းပေါင်းထောင်သောင်းရှိတဲ့ လူတွေသာလုပ်နိုင်တဲ့ အလုပ်မျိုးပဲဟာ ... ကျုပ်လိုကောင် ဘာလုပ်နိုင်မှာလဲ ... ”

ယခုရဲစုံထောက်စစ်ဆေးမေးမြန်းခြင်းမှာ သွယ်ဝိုက်ခြင်းမရှိ။ ဒဲ့ဒိုးမေးခြင်းမျိုးသာဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုမူ ဘသော်လိုလူစားနှင့်တန်သောမေးခွန်းမျိုးသာ တိုက်ရိုက်မေးခြင်းဖြစ်ပေမည်။ မေးခွန်းမေးတိုင်းလည်း ကိုဘသော်၏ မျက်နှာကို သေချာအကဲခတ်ကြည့်လေသည်။

“ခင်ဗျား ... မော်မော်ခိုင်ဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ဆက်သွယ်မှုရှိတယ် မဟုတ်လား ... ”

“ဗျာ ... မော်မော်ခိုင်ဆိုတာ အဆိုကျော်လား ... အငြိမ့်မင်းသမီးလား ... ကျွန်တော့်မိတ်ဆွေအမျိုးသမီးထဲမှာ မော်မော်ခိုင်ဆိုတာ တစ်ယောက်မှမရှိဘူး ... ”

“ဒါဆို သဇင်ဖြူကိုတော့ ခင်ဗျားသိတယ် မဟုတ်လား”

“သဇင်ဖြူဆိုတာကိုလည်း မသိဘူး ... မော်မော်ခိုင်ဆိုတာလည်း မသိဘူး ... လားရှိုးမှာလည်းမသိခဲ့ဘူး ... ”

မတ်တတ်ရပ်နေပြီး ဘာမျှမမေးသော ရဲစုံထောက်



ာ စက္ကူအိတ်ညိုကြီးထဲမှ ပစ္စည်းကိုထုတ်ယူပြီး ကိုဘသော်ကို ပြသလိုက်သည်။ ထိုထုတ်ပြသောပစ္စည်းမှာ အဖိုးတန်ယုန်မွေးအင်္ကျီ ဖြစ်နေပါ၏။

သဇင်ဖြူ ဒေါ်ဒေါ်မွန်အိမ်သို့ ဝတ်လာသော ယုန်မွေးရှည်အင်္ကျီဖြစ်သည်။

“ဒီယုန်မွေးရှည်မိန်းမဝတ်အင်္ကျီထည်မျိုးကို ကိုဘသော် မြင်ဖူးသလား ... ”

“မြင်ဖူးပါတယ် ... တာချီလိတ်တို့၊ လားရှိုးတို့ဘက်မှာ ဒီလို ယုန်မွေးရှည်မိန်းမဝတ်အင်္ကျီတွေ ရောင်းနေတာပဲ”

“ဒီလိုအင်္ကျီမျိုး ကိုဘသော်က မော်မော်ခိုင်ဆိုတဲ့အမျိုးသမီးကို ဝယ်ပေးဖူးတယ် မဟုတ်လား ... ”

“ဝေးပါသေးရဲ့ဗျာ ... ဒီယုန်မွေးရှည်အင်္ကျီတစ်ထည်ရဲ့တန်ဖိုးက သောင်းဂဏန်းအများကြီးပေးဝယ်မှရတဲ့ အင်္ကျီအဖိုးတန်ပဲ ... ကျွန်တော် အသုံးအဖြုန်းကြီးပေမဲ့ မိန်းမတစ်ယောက်ကို ဒီလောက်အဖိုးတန်သောင်းဂဏန်းအများကြီးကျော်တဲ့တန်ဖိုးအင်္ကျီမျိုး ဘယ်လိုလက်ဆောင်ပေးနိုင်မှာတဲ့လဲဗျာ ... ဒီအင်္ကျီမျိုးက တန်ဖိုးကြီးမာ ;းလို့ မောင်နှံကုန်အဖြစ်နဲ့တောင် အရောင်းအဝယ် ကျွန်တော်မလုပ်နိုင်ဘူး ... တကယ်လို့ ကျွန်တော့်မှာ ဒီအင်္ကျီမျိုးဝယ်ပေးနိုင်တောင်မှ ... ကျွန်တော့်ချစ်သူသီရိကိုသာပေးမှာပေါ့ ... ကျွန်တော်မသိတဲ့ မော်မော်ခိုင်ကို ဘာလို့ပေးရမှာလဲ”

“ဦးအောင်ကြီးက ကိုဘသော်ရဲ့အလုပ်ရှင်ပဲ ... ကိုဘသော်

www.burmeseclassic.com

လိုချင်သမျှ ငွေထုတ်ပေးနိုင်တာပဲ မဟုတ်လား ... "

"ဦးအောင်ကြီးက ကျွန်တော့်ကို သူ့လုပ်ငန်းတွေ လုပ်ပေးလို့ လခကောင်းကောင်းပေးပေမဲ့ ... အဲဒီလောက်အများကြီး ငွေမျိုးတော့ မပေးပါဘူး ... သူအလွန်ဆုံးပေးတာက လခအပြင် သူခိုင်းတာကိုလုပ်ပေးလို့ သင့်တော့်တဲ့ဘောက်ဆူးမျိုးသာပေးတာပါ ... ဦးအောင်ကြီးရဲ့ လက်ဖက်စို လက်ဖက်ခြောက်လုပ်ငန်းနဲ့ သနပ်ဖက်လုပ်ငန်းတွေက ရှမ်းပြည်နယ်မှာ အများကြီးရှိတယ်၊ အဲဒီလုပ်ငန်းတွေမှာ ကျွန်တော်က ကျွမ်းကျင်လို့ စေလွှတ်လုပ်ခိုင်းတယ် ... အဲဒီအတွက် လခအပြင် အပိုဘောက်ဆူးတွေပေးတာမို့ ကျွန်တော် သုံးဖြုန်းနိုင်တာပဲရှိတယ် ... "

"ရှမ်းပြည်ဘက်က ကိုဘသော် တစ်ခေါက်ပြန်လာတိုင်း ဦးအောင်ကြီးက ဘောက်ဆူးဘယ်လောက်ထိပေးသလဲ"

"အမှန်တော့မရှိဘူး ... လုပ်ငန်းပေါ်မှာမူတည်ပြီး ထောင်ဂဏန်းပေးတယ် ... အများကြီးပေးရင် သောင်းဂဏန်းပဲ"

ရဲစုံထောက်နှစ်ဦး အပြန်အလှန်ကြည့်ပြီးနောက် ...

"ကဲ ... ခင်ဗျားသွားနိုင်ပြီ ... "

ဟုဆိုကာ ကိုဘသော်ကို ပြန်လွှတ်ပေးလိုက်သည်။



(၁၇)

ဦးအောင်ကြီးနှင့် ဒေါ်မိမိတို့၏အိမ်တွင်ကျင်းပသောပါတီပွဲသို့ မှိုင်းနှင့် အဝင်းတို့ တက်ရောက်ကြလေသည်။

ဝင်းပပအား ကျောက်စိမ်းလောကတ်မဆွဲပါနှင့်ဟု မှိုင်းကပြောသဖြင့် ဝင်းပပ ကျောက်စိမ်းလော့ကတ်ဆွဲကြိုးမဆွဲပေ၊

ဦးအောင်ကြီး ဒေါ်မိမိတို့အိမ်မှာ ဘောက်ထော်ပြည်သာယာလမ်းတွင် ခြံကျယ်ကြီးနှင့် နှစ်ထပ်တိုက်အိမ်ကြီးဖြစ်လေသည်။

ခြံကြီးနှင့် နှစ်ထပ်တိုက်အိမ်ကြီးကို မြင်လိုက်သည်နှင့် ဦးအောင်ကြီး မည်မျှကြွယ်ဝချမ်းသာသနည်းကို ခန့်မှန်းနိုင်သည်။

"ဟော ... ဟော ... ကြည့်လိုက်ကြစမ်းပါ ... ရွှေပွဲလာပရိသတ်ကြီးအားလုံးခင်ဗျား ... ရွှေကုန်သားနဲ့ မန္တလေးသူ

www.burmeseclassic.com

စုံတွဲကြွရောက်လာကြပါပြီ ခင်ဗျား ... ကျုပ်နဲ့ မိမိရဲ့ အောင်မြိမ်ရိပ်မြုံကြီးမှာ နေတွေ လတွေထွက်လာသလားအောက်မေ့ရတယ် ... တကယ်ပါပဲ ... နေနဲ့လ ... ရွှေနဲ့မြလိုစာဖွဲ့ခဲ့တာ ဒီစုံတွဲမျိုးကိုဖွဲ့ခဲ့တာဗျ ... ဟား ... ဟား ... ဟား။ တကယ်ပါပဲ ... ဝင်းပပကတော့ ဘယ်အခါမှာကြည့်ကြည့် လှမှလှ ... ချောမှချောမဟုတ်လားဗျာ ..."

ဦးအောင်ကြီးနှင့် ဒေါ်မိမိစုံတွဲက မိုးနှင့် ဝင်းပပတို့နှစ်ယောက်ကို ဆီးကြိုနှုတ်ဆက်ပြီး ဝင်းပပ၏ အချောအလှကိုပရိသတ်အများသို့ ထုတ်ဖော်ချီးကျူးစကား ဟောင်ဘွာကျယ်လောင်စွာဖြင့် ပြောပြရင်း အားရပါးရရယ်မောသည်။

ပြီး ဦးအောင်ကြီး၏ မျက်လုံးစုံအကြည့်မှာလည်း ဝင်းပပ၏မျက်နှာနှင့် ရင်တင်ခါး မိန်းမသားအလှတွေဆီသို့ စူးစိုက်ကြည့်နေလေသည်။

ဒေါ်မိမိကလည်း ဝင်းပပ၏အချောအလှမျက်နှာနှင့် ကိုယ်လုံးကိုယ်ထည် အကျော့အရှင်းအတင်းအမို့ အစို့အပို့တို့ကို ထင်ဆင့်ချီးကျူးပြန်သည်။ ချီးကျူးလျက်ပင် ဒေါ်မိမိ၏မျက်လုံးအစုံသည် သူ၏လင်တော်မောင် ဦးအောင်ကြီးကိုစိုက်ကြည့်ကာ ဒေါ်မိမိမသိမသာ သက်ပြင်းချသည်ကို ဝင်းပပတွေ့ရသည်။

အကြောင်းမှု ဦးအောင်ကြီး၏မျက်လုံးအကြည့်သည် ဝင်းပပတစ်ကိုယ်လုံးကိုသာ စူးစိုက်ကြည့်နေသောကြောင့်ဖြစ်ပါ၏။

ဦးအောင်ကြီးနှင့် ဒေါ်မိမိလိုစုံတွဲမျိုးတွေ ရှိတတ်ပေသည်။ ဒေါ်မိမိသည် အသက်အရွယ်အရရော ရောဂါဝေဒနာကြောင့်ရော ကျနေသည့်အခြေအနေရောက်နေသည်။ ဒေါ်မိမိပုံစံမှာ အမယ်ကြီးအိုခါးကိုင်းကိုင်းပုံစံရှိနေသည်။ ဒေါ်မိမိတွင် ... အမျိုးသားယောကျ်ားတစ်ဦး၏က်မောစရာ ဘာမျှမရှိပါလေတော့။

ဒေါ်မိမိဝတ်ဆင်ထားသော စိန်ထည် ပဏ္ဏုမြားထည်တွေသည် သိန်းတန်ချီပြီးတန်ဖိုးရှိပါ၏။ ထဘီနှင့်အင်္ကျီမှာလည်း သောင်းဂဏန်းကျော်ပေးဝယ်မှရသော အဝတ်အထည်များဖြစ်သည်။ သို့သော် ဒေါ်မိမိခမျာ ဝတ်စားထားသည်ကတခြား။ ရုပ်ရည်ကတခြားဖြစ်နေရှာသည်။

ဦးအောင်ကြီးကတော့ အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိသည့်တိုင်အောင် ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်း အရပ်မောင်းကောင်းကောင်းနှင့် ခန္ဓာကိုယ်ကျန်းမာရေးအလွန်ကောင်းနေသည်။ ဦးအောင်ကြီးကဲ့သို့ ခန္ဓာကိုယ်သန်စွမ်းမှုရော၊ ငွေကြေးအဆမတန်ကြွယ်ဝမှုကြောင့်ရော ဆယ်ကျော်သက်အမျိုးသမီးလေးများကပင် အစ်ကိုကြီးဟုလည်းကောင်း ... ဦးလေးကြီးဟုလည်းကောင်း ခေါ်ဝေါ်ချည်းကပ်ခြင်းခံရသူဖြစ်ပေသည်။

ဦးအောင်ကြီးကိုယ်တိုင်ကလည်း ဂျုံမှာဘက်ဟွင်လိုက်စားပြီး ဝါသနာထက်သန်ပုံရပေသည်။

ပြီး ဦးအောင်ကြီး၏ အမူအကျင့်ကိုကပင် ဟေးလားဝါးလား ဘွာလောင်ဘွာလောင်နှင့် ဟားဟား ဟားဟားဟား ရယ်မောကာ လူခင်မင်အောင် ပေါင်းသင်းတတ်သောအကျင့်ရှိနေသည်။

ဒီအတွက် ဒေါ်မိမိခမျာ လင်တော်မောင်အတွက် အမြဲစိတ်သောကဖြစ်နေသည်လား မပြောတတ်ပေ။



www.burmeseclassic.com

"ကဲ … ကိုအောင်ကြီး … တံခါးဝသွားပြီး ရှင့်အပေါင်းအသင်းတွေကို ကြိုဆိုဦး … ကျွန်မက ရှင့်အပေါင်းအသင်းအားလုံးကို သိတာမှမဟုတ်တာ … ကဲ … လာသွားစို့ … မှိုင်းနဲ့ ပပဝင်း … အန်တီ မှိုင်းတို့စုံတွဲကို နေရာချပေးမယ်"

ဒေါ်မိမိခေါ်ရာလိုက်သွားပြီး နေရာချပေးသော စားပွဲတွင် မှိုင်းနှင့် ဝင်းပပ ဝင်ထိုင်လိုက်ကြသည်။

ဒေါ်မိမိက အခြားဧည့်သည်များ ဧည့်ဝတ်ပြုရန်ပြန်ထွက်သွားသည်။

ပါတီပွဲကျင်းပသည်မှာ … ခြံထဲတွင်လည်းမဟုတ်။ တိုက်အိမ်ကြီး၏အောက်ထပ်တွင်လည်း မဟုတ်ဘဲ နှစ်ထပ်တိုက်အိမ်ကြီး၏ အိမ်ပေါ်ထပ်တွင် ကျင်းပခြင်းဖြစ်သည်။

အပြင်ဘက်ခြံထဲတွင် အခါမဟုတ် ရွာသွန်းမည်းမည်းမိုးရိပ်များရှိနေ၍လည်းကောင်း၊ အိမ်အောက်ထပ်တွင် လက်ဖက်ခြောက်အိတ်များ၊ သနပ်ဖက်ပိုများ၊ လက်ဖက်စိုချင်းများ အပြည့်ထားရှိသောကြောင့်လည်းကောင်း အိမ်ပေထပ်အကျယ်ကြီးတွင် ပါတီပွဲကျင်းပခြင်းဖြစ်ပေသည်။

တစ်နည်းဆိုပါမူ အိမ်ကြီး၏အပေါ်ထပ်ခမ်းနားမှုကို ဦးအောင်ကြီးက ကြွားဝါချင်သောကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။

အိမ်ကြီးအပေါ်ထပ်မှာ တကယ်လည်းကျယ်ဝန်းခမ်းနားလှသည်။ နေရာတိုင်းတွင် လေအေးစက်တပ်ဆင်ထားသည်။ ယနေ့ပါတီပွဲပေးသောညတွင် လေအေးစက်တွေအားလုံး



ပိတ်ထားပြီး အိမ်အပေါ်ထပ်တံခါးတွေဖွင့်ထားပေးသည်။ လေအေးစက်က အအေးဓာတ်ထက် အပေါ်ထပ်တံခါးပေါက် ပြတင်းပေါက်များမှ သဘာဝလေပြည်လေညင်းဝင်ရောက်ခြင်းကို ဧည့်သည်များခံစားစေလိုသောကြောင့်ဟု ဆိုပေသည်။

အပေါ်ထပ်အိမ်ကြီး၏တံခါးပေါက်တိုင်းမှာလည်း ပတ်လည်ဝရန်တာထုတ်ထားသည်။ အိမ်အပေါ်ထပ်ကြီးထဲတွင် ငြီးငွေ့ပါက ပတ်လည်ရှိဝရန်တာသို့ထွက်ပြီး လေညင်းခံနေပေသည်။

ဧည့်ခံစားပွဲတိုင်းတွင် နိုင်ငံခြားဖြစ်အရက်ကောင်းမျိုးစုံ ပုလင်းတွေဖန်ခွက်တွေ စီချထားသည်။ စားသောက်ဖွယ်ရာအမျိုးမျိုးတွေလည်း အသင့်ချထားသည်။

ကြိုက်ရာကို ကြိုက်သလို အကန့်အသတ်မရှိ သောက်စားနိုင်ဖို့ စီစဉ်ထားပါ၏။

ဖိတ်ကြားထားသောဧည့်သည်များ တော်တော်စုံစုံလင်လင်ရောက်ရှိလာကြပေပြီ။

ဝင်းပပသည် ခမ်းနားလှသော တိုက်အိမ်ကြီးအပေါ်ထပ်ကို လိုက်လံဝေ့ဝိုက်ကြည့်ပေသည်။ ဧည့်သည်တွေမှာ အမျိုးသားတွေရော အမျိုးသမီးတွေရော များပြားလှသည်။

"ဟော … ကိုမှိုင်း …"

"ပြော … အဝင်းဘာတွေ့လို့လဲ …"

"ဟိုမှာလေ … အဝင်းတို့နဲ့ နှစ်ခုံကြားမှာ ကိုဘသော်ထိုင်နေတယ် …"

"ဒါဆန်းသလား အဝင်း … ကိုဘသော်က ဦးအောင်ကြီးရဲ့

www.burmeseclassic.com

လခစားပဲ ... ဒီပါတီပွဲ သူလာရမှာပေါ့ ... ”

“အဲဒါကတော့ ဟုတ်ပါတယ် ... အဝင်းဆိုလိုတာက ကိုဘသော်နဲ့ အဝင်း မနေ့ကပဲ ရွှေဟင်္သာစားတော်ဆက်မှာ အတူတွေ့ခဲ့သေးတယ် ... အခု သူက ခပ်တည်တည်ကြီး လုပ်နေတာကိုပြောတာ ... အဝင်းနဲ့ ကိုမှိုင်းကိုတောင် သူ မမြင်ဟန်ဆောင်နေတာကိုပြောတာ ... သူ့ကို ရဲစုံထောက် နှစ်ယောက်ခေါ်စစ်ဆေးတာ အဝင်းပယောဂကြောင့်လို့ ထင်ပြီး ဒေါကန်နေတယ် ထင်ပါရဲ့ ... ”

“နေပလေ့စေ့ပေါ့ အဝင်း ... ကိုဘသော်ဟာ ကိုယ်ပိုက်အုပ်ကြီးဖမ်းတဲ့အထဲမှာ တစ်ယောက်အဖြစ်ပါဝင်နေတာပဲ ... ဒါကြောင့် ရဲစုံထောက်က သူ့ကိုခေါ်စစ်ဆေးတာ ... သူ မပါဝင်လို့လွတ်သွားရင်လည်း ... ကိုယ်တို့က သူ့ကို ပြန်တောင်းပန်ရုံပေါ့ ... အခုတော့ သူဟာသူနေပလေ့စေ အဝင်း ... ဂရုစိုက်မနေနဲ့ ... ”

ဦးအောင်ကြီး ပြန်ရောက်လာပြီး အော်ကြီးဟစ်ကျယ်ဘွာလောင်သံကြီးနှင့် ပြောလိုက်သည်။

“ဟဲ ... ဟဲ ... ခုချိန်ကစပြီး ပါတီပွဲကြီး ကျင်းပပါပြီ ... နှစ်သက်သလို ညှော်ပရိသတ်ကြီး စားကြသောက်ကြပါ ... အကန့်အသတ်မရှိပါဘူး ... ယဉ်ကျေးမှုတွေ အက်တီကက်တွေ ဘာမှမထားပါနဲ့ ... သဘောရှိသုံးဆောင်ကြပါ ခင်ဗျာ”

အမျိုးသားတွေထံမှ အရက်ပုလင်းဖောက်သံတွေ ထွက်ပေါ်လာသည်။



“ကိုမှိုင်း ဟိုမှာထပ်ကြည့်ပါဦး ... စားပွဲတွေမှာ ကြက်သားလုံးကြော်ပန်းကန်တွေလိုက်ချပေးနေတဲ့ အမျိုးသမီးကြီးလေ ... ”

“တွေ့တယ် အဝင်း ... အဲဒါဘာဖြစ်လို့လဲ ... ”

“ဟိုနေ့က ကိုမှိုင်းနဲ့ အဝင်း အင်းယားလိတ်ဟိုတယ်မှာ သွားစားကြတုန်းကလေ ... အဝင်း ရေအိမ်ထဲဝင်အသွားမှာ အဲဒီအမျိုးသမီးကြီးပေါ့ ... အဝင်းနောက်ကနေပြီး အဝင်းကို တအားစိုက်ကြည့်နေတာ ... ”

“အင်းလေ ... အခု ဒီအမျိုးသမီးကြီးက ပါတီပွဲစားပွဲတွေမှာ ဟင်းလျာတွေ ကြက်သားလုံးကြော်တွေ လိုက်ချပေးနေတာ ကိုယ်မြင်သားပဲ ... ဦးအောင်ကြီးအိမ်က အိမ်ဖော်ဖြစ်မှာပေါ့ ... ဒါမှမဟုတ် ဒေါ်မိမိကို ပြုစုပေးနေတဲ့ သူနာပြုဆရာမတစ်ယောက် အမြဲထားရှိမှန်း ကိုယ်သိနေတာပဲ၊ ဒီအမျိုးသမီးကြီးရုပ်ရည်က အိမ်ဖော်တော့ မဟုတ်တန်ဘူး။ ဒေါ်မိမိရဲ့သူနာပြုဆရာမပဲဖြစ်နေမလားဘဲ ... ”

“အင်းလေ ... အဝင်းကတော့ အဝင်းစိတ်ထဲမှာ မသင်္ကာဘူးဆိုရင် ကိုမှိုင်းကို ပြောပြရမဲ့တာဝန်ရှိလို့ ပြောပြတာပါ”

ထိုစဉ်မှာပင် ဦးအောင်ကြီးသည် အရက်ခွက်ကိုင်ရင်း မတ်တတ်ရပ်ပြောကြားလိုက်သည်။

“ကျုပ် နည်းနည်းသောက်ညှော်သည်တွေကို အကြံပြုချင်လို့ပါ ... အခု ကျုပ်ပါတီပွဲမှာ ညှော်သည်တွေ စားပွဲထိုင်မျက်နှာချင်းဆိုင် သောက်စားနေပုံဟာ ဟိုတယ်တစ်ခုမှာ ထိုင်စား

www.burmeseclassic.com

သောက်တဲ့ပုံစံမျိုးကြီး ဖြစ်နေသလားလို့ ... ပါတီပွဲနဲ့မတူ သလိုကြီးဘဲ ... ကျုပ်သဘောက ပါတီပွဲလာမိတ်ဆွေတွေ အားလုံး လွတ်လွတ်လပ်လပ်နဲ့ အပြင်ဘက်ဝရန်တာထွက် အရက်ကိုဇိမ်ခံသောက် ... စားချင်တာဝင်စားဆိုတဲ့ လွတ်လပ်မှုမျိုးဖြစ်စေချင်တယ် ... ကျုပ်အိမ်ကြီးက အကျယ်ကြီးပါ ... ဒါကြောင့် ပါတီပွဲပီပီ လွတ်လွတ်လပ်လပ်စိတ်ကြိုက်နေကြဖို့ အကြံပေးချင်တာပါ ... ”

“ဟုတ်တယ် ... ဟုတ်တယ် ... ဦးအောင်ကြီးအကြံပေးတာ ကျုပ်တို့အားလုံးအတွက် သိပ်ကောင်းတယ် ... ”

ဟုလည်း ဝိုင်းထောက်ခံကြပြီး ဧည့်ပရိသတ်သည် ကိုယ့်အရက်ခွက်ကိုကိုင်ကာ အပြင်ဘက်ဝရန်တာဆီသို့ သွားသူတွေထွက်သွားကြသည်။

ကိုဘသော်လည်း ကြက်သားလုံးကြော်ကို လက်တစ်ဆုပ်စာယူပြီး အရက်ခွက်ကိုင်ကာ အပြင်သို့ထွက်သွားတော့သည်။

“အဝင်းလည်း အပြင်ထွက်ချင်တယ် ကိုမှိုင်း ... အထဲမှာနေရတာ မွန်းကျပ်သလိုပဲ ... ”

“သွားလေ အဝင်း ... ကိုယ်ပါလိုက်ခဲ့မယ် ... ”

“ဟင့်အင်း ... ကိုမှိုင်း ပြီးမှလိုက်လာခဲ့ ... အဝင်း ကိုဘသော်နဲ့ စကားပြောချင်လို့ ... ဘာပဲဖြစ်ဖြစ် ကိုဘသော်ဟာ အဝင်းကို မန္တလေးမှာ အလုပ်သွင်းပေးတဲ့ ကျေးဇူးရှင်လည်းဖြစ်နေတယ် ... အဝင်းရဲ့သူငယ်ချင်းသီရိရဲ့ချစ်သူလည်းဖြစ်နေတယ် ... ကိုဘသော်နဲ့ သီရိကြားမှာ အဖုအထစ်ဖြစ်နေတာကို ပြေလည်သွားအောင် အဝင်းပြောပြချင်လို့ ... ”



မှိုင်းက အဝင်းပြောသည်ကို လက်ခံပြီးနေခဲ့သည်။ အဝင်း အပြင်သို့ထွက်လာခဲ့ပါ၏။ ဝရန်တာတွင်ရပ်ကာ ပြင်ပရှုခင်းကို ဝင်းပပ ငေးကြည့်နေသည်။

“ဟင် ... ကိုပိန်ရှည်ပါလား ... ”

အောက်ထပ်ခြံကြီးထဲတွင် ဧည့်သည်မော်တော်ကားများရပ်ထားသည့်ကြား၌ ကိုပိန်ရှည်ကို ခြံထဲမီးရောင်များဖြင့် ဝင်းပပ လှမ်းမြင်လိုက်ရသည်။ သို့သော် လှစ်ခနဲတွေ့ပြီး လှစ်ခနဲ ကိုပိန်ရှည်ပျောက်သွားသည်။

ဝင်းပပ အပြင်ထွက်လာသည်ကလည်း ကိုပိန်ရှည်နှင့် တွေ့ချင်စရာမရှိ။ ကိုဘသော်ကိုရှာပြီး အကျိုးအကြောင်းရှင်းပြဖို့သာဖြစ်သည်မို့ ဝရန်တာတစ်လျှောက်တွင် ကိုဘသော်ကို ဝင်းပပ ရှာဖွေမိသည်။

ထိုသို့ရှာဖွေကြည့်နေစဉ်မှာပင် အိမ်ကြီးတစ်အိမ်လုံး ခြံထဲအပါအဝင် ရုတ်တရက် မီးပိတ်သွားသည်။

“ဟဲ့ ... ဟဲ့ ... မီးပျက်သွားပါလား ... ”

အော်ဟစ်သောအသံတွေ ထွက်ပေါ်လာသည်။

ဝင်းပပသည် ဤအိမ်ကြီးပေါ်သို့ ဒီတစ်ခေါက်သာရောက်ဖူးသဖြင့် ... မီးပျက်ပြီးမှောင်ကျသွားသည်နှင့် ရှေ့မတိုးရဲ နောက်မဆုတ်ရဲဘဲ ဘယ်သွားရမှန်းမသိဖြစ်နေတော့သည်။ ဘယ်ကို

www.burmeseclassic.com

ဆက်သွားရမှန်းမသိသောကြောင့် အမှိုက်ရှိသောဝရန်တာတွင် ဝင်းပပ ကျောကပ်ထားလိုက်သည်။ ဝင်းပပ သတိထားနေလျက်ကပင် ... အန္တရာယ်ဆိုက်ရောက်လာသည်။ မှောင်ထဲမှာပင် လူတစ်ယောက်သည် ဝင်းပပနောက်ကျောမှနေပြီး ဝင်းပပကို သူ့လက်ဖျံဖြင့် လည်ပင်းညှစ်တော့သည်။ ဝင်းပပကို အသေလည်ပင်းညှစ်သတ်သည်မျိုး ဖြစ်သည်။ ဝင်းပပပါးစပ်ကိုလည်း မအော်နိုင်ရန် လက်ဝါးဖြင့်ပိတ်ထားသေးသည်။

သေဘေးကြုံရပြီမို့ရော၊ နဂိုကသန်စွမ်းသော မိန်းကလေးဖြစ်သောကြောင့်ရော ... ခြေကန်လက်ဆန့်ဖြင့် ဝင်းပပ အတင်းရုန်းကန်မှုကို နောက်မှလူသည် မနိုင်မနင်းဖြစ်ကာ နောက်ဆုံး ဝင်းပပကို အတင်းမွေ့ချီပြီး ဂရန်တာပေါ်မှ အောက်ထပ်သို့ ပစ်ချသတ်ရန် ကြိုးစားတော့သည်။

သို့သော် မလွတ်ပေ။ ဝင်းပပ၏ရုန်းကန်မှုကို ထိုနောက်ကလူ မနိုင်မနင်းဖြင့် ဝရန်တာမှ ပစ်ချရန် အခက်အခဲတွေ့နေရသည်။ ဝင်းပပ၏ခြေနှစ်ဖက်သည် နောက်မှလူ၏ပေါင်ကြားခြေထောက်ပေါင်လယ်စသည်တို့ကို အားရှိသမျှ နောက်ပြန်ကန်တော့သည်။ ထိုနောက်မှလူ ဝင်းပပကို မွေ့ချီရန်မလွယ်ပေ။ ဝင်းပပ၏ပါးစပ်ကိုလည်း ထိုသူ့လက်တစ်ဖက်က ပိတ်ထားသေးသည်။

"ကိုအောင်ကြီးရေ ... ကိုအောင်ကြီး ... ရှင် ဘယ်မှာလဲ ဟင် ... ကျွန်မ ရှင့်ကိုလိုက်ရှာနေတာ ... "

ဒေါ်မိမိသည် စမ်းတဝါးဝါးဖြင့် ... သူ့ယောကျ်ား ဦးအောင်ကြီးကို အော်ခေါ်သောအသံထွက်လာသည်နှင့် ဝင်းပပ



နောက်မှလူသည် ဝင်းပပကို ပစ်ချကာ မှောင်ထဲမှာပင် ပုန်းလျှိုးပျောက်ကွယ်သွားတော့သည်။

ဘုရား ... ဘုရား ... ကံကောင်းလို့ လက်မတင်လေးလွတ်သွားရပါလားဟု ဝင်းပပ ဘုရားဘ,မိတော့သည်။

"ဒေါ်မိမိ ... လာ ... လာ ... ဝင်းပပ ဒီမှာ မှောင်ကြီးထဲ ရောက်နေလို့ ... ဒေါ်မိမိရောက်လာတာ ဝင်းပပအဖို့ ဘုရားမ,တာပဲ ... လက်မတင်လေးလိုတော့တယ် ... "

မှောင်ထဲမှပင် ဝင်းပပလက်ကို ဒေါ်မိမိကတွဲပြီး အိမ်ထဲသို့ မှန်းဆတွဲခေါ်လာခဲ့သည်။

"ဟင်း ... ကိုအောင်ကြီးတစ်ယောက် ဝင်းပပနဲ့အတူရှိနေတာမဟုတ်လား ... အခု သူ ဘယ်ရောက်သွားသလဲ ... ဒီလူကြီးအခုတလော ဖွေဖောက်ချင်နေတယ် ... လစ်တာနဲ့ ပျောက်သွားရော ... "

တန်တော့။

ကြေနွံ ဒေါ်မိမိသည် သူ့ယောကျ်ား ဦးအောင်ကြီး မဟုတ်မဟက်ဖွေဖောက်ပြီး ဝင်းပပကို လာချိန်းတွေ့ခြင်းဖြစ်သည်ဟု ယူဆထားပုံရသည်။ ဦးအောင်ကြီးက ဝင်းပပအားမရိုးသားသောအကြည့်တွေဖြင့်ကြည့်သည်ကိုလည်း ဒေါ်မိမိက တွေ့မြင်ထားသည်မို့ ယခု သူမ၏ယောကျ်ား ဦးအောင်ကြီးနှင့် ဝင်းပပ ချိန်းတွေ့သည်ဟု ယူဆထားပုံရသည်။

ဤမျှ လင်စိတ်တက်နေသော ဒေါ်မိမိအား ဝင်းပပက မိမိအန္တရာယ်ကိစ္စကို ဒေါ်မိမိအား ရှင်းမပြလိုတော့ပြီ။ ယခု

www.burmeseclassic.com

ပင်းပပကို လက်တွဲခေါ်လာနိုင်ခဲ့သည်ကိုပင် ဒေါ်မိမိကျေနပ်သွားပုံရနေသည်။

အိမ်ကြီးထဲသို့ ဝင်ရောက်သည်နှင့် အိမ်မီးတွေရော ခြံမီးတွေပါ နဂိုအတိုင်း ပြန်လင်းလာပေသည်။

"ဟဲ ... ဟဲ ... ဟဲ ... "

ဟု ဦးအောင်ကြီး၏ရယ်သံ ထွက်ပေါ်လာသည်။

ဦးအောင်ကြီးသည် မီတာဘုတ်နားတွင်ရပ်နေသည်ကို ဝင်းပပတွေ့မြင်ရသည်။

"အင်းလေ ... ပါတီပွဲအတွက် ခြံထဲမှာရော အိမ်အောက်ထပ်မှာရော အိမ်အပေါ်ထပ်မှာရော ရှိသမျှမီးတွေအားလုံးဖွင့်ထားတော့ မီးဘုတ်က ဖြူး(စ်)သေးသေးလေး မီးအားများပြီးပြတ်သွားတာလေ ... တစ်အိမ်လုံးမှောင်ကျသွားတာပေါ့ ... အခုတော့ ဂျူပ်ဖြူး(စ်)အသစ်လဲထည့်လိုက်လို့ ပြန်လင်းလာပါပြီ ... ဟဲ ... ဟဲ ... ဒီလောက်ကလေးက အသေးအဖွဲပါ ... ကိုယ်ပြင်လိုက်တာကောင်းသွားတာပေါ့"

မှိုင်းသည် သူ့နေရာမှာပင် သူထိုင်လျက်သားရှိနေပါ၏။

ဝင်းပပသည် မှိုင်းရှိရာသို့ အပြေးကလေး သွားရောက်တော့သည်။

"ပြန်ကြပါစို့တော့ ကိုကိုမှိုင်း ... အဝင်းအိမ်ပြန်ချင်ပြီ ... "

ဝင်းပပ၏မျက်နှာရိပ်မျက်နှာကဲကိုမြင်သည်နှင့် မှိုင်းချက်ချင်းအကဲခတ်မိသည်။



"အင်းလေ ... ပြန်ကြတာပေါ့အဝင်း ... "

ဦးအောင်ကြီးနှင့် ဒေါ်မိမိကိုနှုတ်ဆက်ပြီး မှိုင်းနှင့်ဝင်းပပပြန်ထွက်လာသည်။

"ဟ ... မှိုင်းတို့စုံတွဲရ ... ပြန်တော့မလို့လား ... ပါတီပွဲက အခုမှ အရှိန်ကောင်းတုန်းရှိသေးတာ ... အေးလေ ... အေးပေါ့ ... မှိုင်းနဲ့ဝင်းပပအတွက် အချိန်ဟာ စက္ကန့်တိုင်း မိနစ်တိုင်း တန်ဖိုးရှိနေကြတာပဲကိုး ... ပြန်ကြပေတော့... ပြန်ပေတော့ ... အိမ်ရောက်တာနဲ့ အိပ်ရာဝင်ကြပေတော့ ဟား ဟား ဟား ... "

www.burmeseclassic.com

## (၁၈)

ကားပေါ်ရောက်သည်နှင့် ဝင်းပပက ပါတီပွဲတွင် မိမိဖြစ်ပျက်တွေ့ကြုံသမျှကို ပြောပြသည်။ မှိုင်းက ပြောသမျှနား ထောင်ပြီး နှုတ်မှထုတ်ဖော်မပြောဘဲ သူ ရင်ထဲတွင် ထားရှိသည်။ ဆုံးဖြတ်ချက်အတိုင်း အရေးထားသည်။

နောက်နေ့ စိမ်းဝါနီအဖွဲ့တွင် မနေ့ညက ဝင်းပပ ဖြစ်ပျက်ခဲ့သမျှကို တင်ပြဆွေးနွေးတော့သည်။

ဦးဖြူ ဥက္ကဋ္ဌက ၎င်းသတင်းများအားလုံး ရရှိပြီးဖြစ် ကြောင်း ညကပါတီပွဲတွင် ကြက်သားလုံးကြော်လိုက်ချပေးသူမှာ ဒေါ်နှင်းဆီအမည်ခံဖြစ်ပြီး အဖွဲ့မှတာဝန်ပေးထားသူဖြစ်ကြောင်း များကို အဖွဲ့ဝင်အားလုံးသိရသည်။

ထို့ပြင် ကျော်မောင်၊ လှဲ့လှဲ့ညိုနှင့် မော်မော်ခိုင်တို့ အဆက်အသွယ်ရှိကြောင်းတွေကို စုံစမ်းသိရှိထားသည်။ ပြီး ဦးပိန်



ရှည်နှင့် ဒေါ်ပုတိုကိုလည်း ဤကိစ္စတွင် ပါဝင်လှုပ်ရှားနေသည်များ ကို ဆွေးနွေးကြသည်။

ဇယားချကြည့်သော် ...

၁။ သဇင်ဖြူအတု မော်မော်ခိုင်
၂။ ဦးပိန်ရှည်နှင့် ဒေါ်ပုတို
၃။ ကျော်မောင်
၄။ လှဲ့လှဲ့ညို။

"အဲ ... လှဲ့လှဲ့ညိုကျတော့ ခပ်ပေါ့ပေါ့ စိတ်မာတ်အရလည်း မဟုတ်ဘူး ... ယုံကြည်ချက်အရလည်း မဟုတ် ဘူး ... အပျော်တန်းဝင်လုပ်နေတာလို့ ကျွန်တော်ထင်တယ် ..."

"ဖြစ်နိုင်လောက်တယ် ... ဒါဆို နံပါတ်ခြောက်နဲ့ ပတ်သက် လို့ရော မှိုင်း ဘယ်လိုယူဆချင်သလဲ ..."

"ဦးအောင်ကြီးလို့ပဲ ထင်ပါတယ် ... ဦးအောင်ကြီးဟာ ... ကျော်မောင်လိုလူ၊ မော်မော်ခိုင်လိုမိန်းမ၊ ပိန်ရှည်လိုလူတွေ နဲ့တော့ ထင်းထင်းကြီး မလုပ်ဘူး ... နောက်ပြီး ဦးအောင် ကြီးဟာ စိမ်းဝါနီအဖွဲ့ကိုချဉ်းကပ်ပြီး ... သူ့အပေါင်းအသင်း ဒုစရိုက်လုပ်ငန်းတွေကို ကျွန်တော်တို့ကိုအယုံသွင်းတဲ့အနေ နဲ့ သူ့လူတွေ သူပြန်ဖော်ပြီး ဖမ်းခိုင်းတာဟာလည်း မရိုး သားတဲ့သဘော သက်ဝင်နေပါတယ် ..."

"နောက်တစ်ချက်က ဦးအောင်ကြီးဟာ ရှမ်းပြည်နယ်ဘက် ကို မကြာခဏသွားလေ့ရှိတယ် ... သူလှုပ်ရှားသမျှဟာ ဒုစရိုက်လုပ်ငန်းတွေသာ လှုပ်ရှားတာဖြစ်ဖို့များတယ် ...

www.burmeseclassic.com

သူက ရှမ်းပြည်နယ်နေရာအနှံ့သွားနေလို့ သူ့ကို ခြေရာကောက်ရတာ မလွယ်ဘူးဖြစ်နေပါတယ် ... ”

“နောက်တစ်ချက်ရှိပါသေးတယ် ... ဝင်းပပဆီက ကျောက်စိမ်းလောကတ်ဆွဲကြိုးလုယူဖို့ ကြိုးစားတာလည်း ဦးအောင်ကြီးပဲဖြစ်ရမယ် ... သူ့ဗုလကြီးကြီးက နည်းတာမှမဟုတ်တာ ... ဝင်းပပက မိန်းမသားသဘာဝ ဖွတ်ရန်းကန်လို့သာ မလွဲသာ မရှောင်သာ လွှတ်ပေးလိုက်ရတာဖြစ်ရမယ်လို့ ကျွန်တော် ယူဆပါတယ် ... ဝင်းပပနဲ့ ဥမ္မာဟာ ရတနာ ဗိမာန်ဆိုင်ရှေ့မှာ ဝင်းပပက စိမ်းဆိုမှစိမ်းဆိုတဲ့စကားဟာ ဦးအောင်ကြီးရဲ့ သင်္ကေတစကားဖြစ်သွားတယ်လို့ ယူဆရ တယ် ... ထပ်မံပြီးဦးအောင်ကြီးအိမ်မှာ ပါတီပွဲပေးတော့ လည်း ဝင်းပပကို သတ်ဖို့ကြိုးစားသူဟာ ဦးအောင်ကြီးပဲ ဖြစ်မှာ သေချာတယ် ... ”

မှိုင်း၏တစ်ချက်ချင်းတင်ပြချက်ကို အဖွဲ့မှလက်ခံ ပေးသည်။



(၁၉)

ယနေ့ ဒေါ်ဒေါ်မွန် မျက်နှာမကောင်းပေ။ ဒေါ်ဒေါ် နံ့တွင် စိတ်မကောင်းစရာတစ်ခုခုတော့ ရှိနေပေမည်။

“ဒေါ်ဒေါ်မွန် ... နေမကောင်းလို့လားဟင် ... ”

“ကောင်းပါတယ် ဝင်းပပရယ် ... ”

ထိုစဉ်မှာပင် ... မှိုင်းလည်း ဝင်ရောက်လာသည်။ ဝနေ့ မှိုင်း စောစောပြန်လာသည်။

“ဒေါ်ဒေါ်မွန် နေကောင်းတယ်ဆိုရင် စိတ်မကောင်းတာ တစ်ခုခုတော့ရှိနေလို့ ဖြစ်ရမယ် ... ကျွန်တော် အိမ်ပြန် ရောက်ကတည်းက ဒေါ်ဒေါ်မွန်ကို အကဲခတ်နေတာ ... ဒေါ်ဒေါ်မွန် မျက်နှာမကောင်းတော့ အပင်းခများ အနေခက် မှာပေါ့ဗျာ ... ”

“အဝင်း အနေမခက်ပါဘူး ကိုမှိုင်း ... အဲ ... ဒေါ်ဒေါ်မွန့်

www.burmeseclassic.com

အနေနဲ့ အဝင်းကို မကျေနပ်တာများရှိမလားလို့သာ စိုးရိမ်မိတာပါ ... "

"မဟုတ်လိုက်တာ မိန်းကလေးရယ် ... လောကကြီးမှာ ဒေါ်ဒေါ်မွန် အကျေနပ်ဆုံးမိန်းကလေးဟာ ဝင်းပပပါ"

"ဒါဖြင့် ဒေါ်ဒေါ်မွန် ဘာလို့မျက်နှာမကောင်းတာလဲ ... "

"အင်း ... မပြောဘူးလို့နေနေတာပဲ ... ဒါပေမဲ့ ပြောပြပါတော့မယ်လေ ... နေ့ခင်းက မိုးလည်းမရှိ ... ဝင်းပပလည်းမရှိတုန်း ဒီအိမ်ကို သဇင်ဖြူရောက်လာပြန်တယ် ... ထုံးစံအတိုင်း ဝင်းပပမကောင်းတဲ့အကြောင်းတွေ ပြောတာပေါ့ကွယ် ... သူ့ဟာသူ ဝင်းပပအကြောင်း ဘယ်လောက်မကောင်းပြောပြော ... ဒေါ်ဒေါ်မွန် နားမဝင်တော့ သူ့စကားကို သူ့ဟာသူရပ်လိုက်ပါတယ် ... ဒါပေမဲ့ ဒီနေ့တော့ သူပြောတဲ့စကားနဲ့ ပတ်သက်ပြီး ဒေါ်ဒေါ်မွန့်ရင်ထဲမှာ မရှင်းမလင်းဖြစ်လာတာရှိတယ် ... သူပြောရင်းနဲ့ ကျောက်စိမ်းလောကတ်ဆွဲကြိုးအကြောင်းပါလာတယ် ... အဲဒီကျောက်စိမ်းဆွဲကြိုးမှာ တကယ်ပိုင်ရှင်အစစ်ရှိတယ်တဲ့ ... ဒီကျောက်စိမ်းဆွဲကြိုးကို ဝင်းပပက အဲဒီပိုင်ရှင်ဆီက မသမာတဲ့နည်းနဲ့ အရယူထားတာတဲ့ ... ဒေါ်ဒေါ်မွန်က ဝင်းပပဟာ ဒီလိုမိန်းကလေးမဟုတ်ဘူး ... ဘယ်တော့မှမသမာတဲ့အလုပ်မျိုး မလုပ်ဘူးလို့ ... ဒေါ်ဒေါ်မွန်က ပြန်ချေပတယ် ... အဲဒီတော့ အဲဒီကျောက်စိမ်းလောကတ်ဆွဲကြိုးကို သဇင်ဖြူက သူကိုယ်တိုင် ကိုင်တွယ်ကြည့်ရရင် အဲဒီဆွဲကြိုးပိုင်ရှင်အစစ်ရဲ့



ဆွဲကြိုးဟုတ်မဟုတ် သူကြည့်တတ်တယ်တဲ့ ... ဒေါ်ဒေါ်မွန်က ငါယူပြမယ်ဆိုပြီး ဝင်းပပသိမ်းထားတဲ့နေရာမှာ သွားကြည့်တော့ ကျောက်စိမ်းလောကတ်ဆွဲကြိုးက မရှိတော့ဘူးကွဲ့ ... ဒေါ်ဒေါ်မွန့်စိတ်ထဲမှာ ဝင်းပပလည်း ဆွဲမထားဘဲနဲ့ ဒီဆွဲကြိုး ဘယ်ရောက်သွားသလဲလို့ စိတ်မကောင်းဖြစ်နေတာ ... "

"ဒေါ်ဒေါ်မွန် ဘာမှစိတ်မကောင်းမဖြစ်နဲ့ ... အဲဒီကျောက်စိမ်းလောကတ်ဆွဲကြိုးကို ကျွန်တော်ကိုယ်တိုင်ယူပြီး သိမ်းထားလိုက်တာမို့ ဒေါ်ဒေါ်မွန် မတွေ့တာ ... ဆွဲကြိုးပျောက်သွားပြီဆိုတော့ သဇင်ဖြူ ဘယ်လိုဖြစ်သွားလဲ ဒေါ်ဒေါ်မွန်"

"အေး ... ဒါလည်း အဆန်းပဲ ... ဆွဲကြိုးရှာမတွေ့တော့ဘူးလို့ ပြောလိုက်တာနဲ့ သဇင်ဖြူ ... သိသိသာသာကြီးမျက်နှာပျက်သွားတယ် ... နောက်ထပ်ငါးမိနစ်လောက်တောင် မနေတော့ဘူး ... ချက်ချင်းပြန်သွားတယ် မိုး ... "

"ကဲ ... ကဲ ... ဒေါ်ဒေါ်မွန် ... ဘာမှစိတ်မကောင်းမဖြစ်နဲ့တော့ ... ဟိုတုန်းကတော့ ဒီဆွဲကြိုးအရှုပ်ကိစ္စကို ဒေါ်ဒေါ်မွန်ကို ပြောမဖြစ်သေးလို့ မပြောတာ ... အခုတော့ ပြောလို့ရပါပြီ ... အခု ဒေါ်ဒေါ်မွန်ဆီလာလာနေတဲ့ သဇင်ဖြူဆိုတာ ... ဒေါ်ဒေါ်မွန်ရဲ့ ခဲအို ဦးထွန်းအောင်ရဲ့သမီးအစစ်မဟုတ်ဘူး ... သူ့နာမည်အမှန်က မော်မော်ခိုင်တဲ့ ... အဲဒီမော်မော်ခိုင်က သူ့ကိုယ်သူ ဦးထွန်းအောင်ရဲ့သမီး သဇင်ဖြူပါဆိုပြီး ဒေါ်ဒေါ်မွန်ဆီ လာကပ်နေတာသိလား"

www.burmeseclassic.com

"ဟုတ်ပါ့မလား မှိုင်းရယ် ... ဒီလာနေတာ ဦးထွန်းအောင်ရဲ့သမီး သခင်ဖြူပါ ... သူက ဒေါ်ဒေါ်မွန်ရဲ့ ဆွေစဉ်မျိုးဆက်အတွင်းရေးကိစ္စတွေရော၊ ဒေါ်ဒေါ်မွန်ရဲ့ခင်ပွန်း သေဆုံးသွားတဲ့ ဦးလွန်းမောင်ရဲ့အကြောင်းတွေကို အားလုံးပြောပြတာ အမှန်တွေချည်းပဲ ... "

"အဲဒါတွေအားလုံး မော်မော်ခိုင်က လွဲလွဲညိုနဲ့ အဖွဲ့ကျအောင်ပေါင်းသင်းပြီး လွဲလွဲညိုဆီက အကုန်လုံးစုံစမ်းမေးမြန်းပြီး စုံစမ်းသိထားတာ မော်မော်ခိုင်နဲ့ လွဲလွဲညိုက စရိုက်ချင်းတူ၊ အကျင့်ချင်းတူဆိုတော့ ပေါင်းသင်းလို့လွယ်သွားတယ်လေ' ... လွဲလွဲညိုက မော်မော်ခိုင်ကို ကျွန်တော်တို့ ဒေါ်ဒေါ်မွန်တို့ အဝင်းတို့ အကြောင်းတွေအားလုံး ပြောပြထားလို့ မော်မော်ခိုင်က သူ့ကိုယ်သူ သခင်ဖြူပါဆိုပြီး ဒေါ်ဒေါ်မွန်ကို လာပူးကပ်တာပဲ ဒေါ်ဒေါ်မွန်ရေ ... တကယ့်သခင်ဖြူအစစ်က ဦးထွန်းမောင်ရဲ့ သမီးအဖြစ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ အိမ်ထောင်ကျနေလို့ ကလေးတော်ရနေပြီ ... သခင်ဖြူအစစ်နဲ့ မော်မော်ခိုင် ရှမ်းပြည်နယ်ဘက်မှာ တွေ့ဆုံခင်မင်ပြီး မော်မော်ခိုင်က သူ့ကိုယ်သူ သခင်ဖြူပါ ဆိုပြီး ဒေါ်ဒေါ်မွန်ဆီလိမ်လည်ရောက်လာတာ ... အဲဒါတွေ ကျွန်တော်တို့အဖွဲ့ကြီးက အားလုံးခြေရာခံလိုက်ထားပြီးပြီ ... မကြာခင် အမှန်တွေပေါ်လာတော့မှာ စိတ်ချ... နောက်တစ်ချက်ရှိသေးတာက လွဲလွဲညိုဟာ ကျော်မောင်ဆိုတဲ့ကောင်နဲ့ အရောတဝင် တော်တော်ရှိနေတယ် ...



ကျော်မောင် မိန်းမကျမ်းသိပ်ကျေတဲ့အကောင် ... လွဲလွဲညိုဟာ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ အလေးအနက်မထားခဲ့ပေမဲ့ ... ကျော်မောင်နဲ့ တွေ့ပြီးတဲ့နောက် ကျော်မောင်အပေါ် အစွဲကြီးစွဲပြီး ကျော်မောင်ခိုင်းသမျှလိုက်လုပ်ပေးနေတယ် ... ကျော်မောင်က လွဲလွဲညိုကို လက်ထပ်မယ်ဆိုတဲ့ ကတိတွေပေးထားတာကို လွဲလွဲညိုက သိပ်ယုံကြည်နေတယ် ... အဲဒါတွေအားလုံးကို ကျွန်တော် ခြေရာကောက်မိထားပြီး သိပ်မကြာခင်ရက်အတွင်းမှာ ဂိုဏ်းကြီးတစ်ခုလုံးကို ဖမ်းမိတော့မှာ ဒေါ်ဒေါ်မွန် ... "

❦

www.burmeseclassic.com

## (၂၀)

"ဟဲ့ ... လဲ့လဲ့ညိုပါလား ... ပြန်လာပြီကိုး ... "

ဦးသြဘာက အပြေးအလွှား ခြံတံခါးလာဖွင့်သည်။

"ဖွင့်မှာဖွင့်စမ်းပါ ... ကိုယ့်အိမ်ပဲဟာ ... ကိုယ်ပြန်ချင်တဲ့ အချိန် ပြန်လာမှာပေါ့ ... "

"ဟုတ်ပါ့ဗျာ ... ကျုပ်ပြောတာက လဲ့လဲ့ညို ပြန်လာတာကို နင့်အမေ ဘယ်လောက်ဝမ်းသာမလဲလို့ ... ပြောချင်တာပါ ... ကဲ ... ဝင် ... ဝင် ... "

လဲ့လဲ့ညိုက တံခါးဖွင့်ပြီးသည်နှင့် ဦးသြဘာအား စကားတခွန်းဆက်မပြောတော့ဘဲ အိမ်ကြီးဆီသို့ လျှောက်လာခဲ့သည်။

သားအမိနှစ်ယောက် ပြေးဖက်ကြသည်။

"မာမီ ... "



"သမီးလေးလဲ့ညို ... "

"သမီး ပြန်လာပြီ ... မာမီ လက်ခံပါတယ်နော် ... "

"အို ... သမီးကလည်း ... လောကကြီးမှာ မာမီအလိုချင်ဆုံးဟာ သမီးလဲ့ညိုပဲဟာ ... "

လူချင်းခွာပြီးနောက် ... လဲ့လဲ့ညိုက တစ်အိမ်လုံး မျက်စိဝေ့ဝိုက်ကြည့်သည်။

"ဘာမှမပြောင်းလဲဘူးနော် ... မာမီ ... ဟိုတုန်းကအတိုင်းပဲ ... ဦးသြဘာကြီးလည်း ခြံထဲမှာတွေ့ခဲ့သားပဲ ... စကားကြောရှည်လို့ ... ဟောက်ပစ်ခဲ့သေးတယ် ... "

"ဟောက်ပစ်တယ် ... ဟုတ်လား သမီး ... ဦးသြဘာက သမီးအဖေအရွယ်ကြီးပါကွယ် ... "

သို့သော် ဒေါ်ရည်မွန်သည် စကားကို ချက်ချင်းရပ်လိုက်သည်။ ထိုသို့ ဆုံးမခြင်းကြောင့် လဲ့လဲ့ညို ထပ်မံစိတ်ကောက်သွားမည် စိုးရိမ်သောကြောင့် ဖြစ်ပါ၏။

ထို့အပြင် တစ်ချိန်လုံး မိခင်ကို ကန့်လန့်တိုက်နေခဲ့သော သမီးလဲ့လဲ့ညို ယခု ကောက်ခါငင်ကာ အိမ်လာသည်ကို ဒေါ်ရည်မွန် ရင်ထဲတွင် အံ့သြလိုတော့ ခံစားရသည်။

လဲ့လဲ့ညိုနှင့် ပတ်သက်ပြီး မှိုင်းထံမှာ ဒေါ်ရည်မွန် ကြားသင့်သလောက်လည်း ကြားပြီးသားဖြစ်သည်။ လဲ့လဲ့ညိုသည် အကြံအစည်တစ်ခုခုကြောင့်များ အိမ်ကိုပြန်လာခြင်းပေလား။

"ဘာငိုင်နေတာလဲ မာမီ ... လဲ့ညို ရေချိုးချင်တယ် ... အဝတ်အစားအသစ်လဲချင်တယ် ... အခု လဲ့ညိုအခန်းမှာ

www.burmeseclassic.com

ဘယ်သူနေသလဲ ... ”

“ဝင်းပပ နေ့နေတယ် သမီး ... ဝင်းပပကို သမီးသိသား ပဲဟာ ... ”

“သိပ်သိတာပေါ့ ... သမီးဆီ နှစ်ခါတောင် လာသွားသေးတယ် ... အလကားမိန်းမပါ ... ရုပ်ချောကိုယ်လုံးလှတာကို ဘမ်းပြပြီး အစ်ကိုမှိုင်းကို အပိုင်ထုနေတဲ့မိန်းမ ... အခု လဲ့ညို ဒီအိမ်ပြန်လာတာ သူလာပြီးတရားပြလို့ လာတာလို့တော့ မထင်လိုက်နဲ့ ... ကိုယ့်ဟာကိုယ် ပြန်ချင်လို့ပြန်လာတာ ... ”

“ဟဲ့သမီး ... ဖြုန်းခနဲ ဘာဖြစ်ရပြန်တာလဲ ... ”

“ကဲပါ မာမီရယ် ... သမီးအခန်းမှာ သမီး ပြန်နေမယ် ... ဒီကောင်မကို မောင်းထုတ်ပစ်လိုက်ပေါ့ ... ”

“ဟဲ့ ... ဟဲ့ ... သမီး ... ဘယ်လိုပြောလိုက်တာလဲ ... ဝင်းပပ အခန်းထဲမှာ ရှိနေတယ် ... ကြားသွားပါ့မယ် သမီးရယ် ... ”

“ကြား ... ကြား ... ကြားစေချင်လို့ တမင်အော်ပြောတာပဲဟာ ... ဒီအိမ်မှာ အိပ်ခန်းသုံးခန်းပဲရှိတာ ... မာမီတစ်ခန်း အစ်ကိုမှိုင်းတစ်ခန်း ... အခု လဲ့ညိုပြန်လာတော့ လဲ့ညို အခန်း လဲ့ညိုပြန်နေမှာပေါ့ ... ဒီကောင်မ အိမ်ပေါ်က ဆင်းပေါ့ မာမီ ... ”

ဝင်းပပ ထွက်လာပေသည်။

“အဆင်သင့်ပါပဲ လဲ့လဲ့ညို ... တို့က ကျေကျေနပ်နပ် ဆင်း



ပေးမှာပါ ... လှဲ့လဲ့ညိုနဲ့ ဒေါ်ဒေါ်မွန် သားအမိအဆင်ပြေသွားတာပဲ ဝမ်းသာလှပါပြီ ... ”

ဝင်းပပ လက်ထဲတွင် အဝတ်အစားထည့်သည့် ခွဲအိတ်ဆွဲထားပေသည်။ မန္တလေးမှလာစဉ်က ပါရှိလာသော အဝတ်အစားဆွဲအိတ်ပင်ဖြစ်ပါ၏။

“ဟဲ့ ... ဟဲ့ ... မဟုတ်သေးပါဘူး ... ဝင်းပပ ဒီလိုဆင်းသွားလို့ ဘယ်ဖြစ်မလဲ ... ဆင်းလည်း မဆင်းရပါဘူး ... မှိုင်းပြန်လာလို့ ဝင်းပပ ဆင်းသွားတယ်ဆိုရင် မိုးမီးလောင်သွားမယ် ... ဝင်းပပ ဘယ်ကိုမှ မသွားရဘူး ... ”

“ခက်လိုက်တာ ... မာမီကို အဲဒါတွေ စိတ်ကုန်တာပဲ ... နေရာတကာမှာ ဆရာလုပ်ချင်တယ် ... သူ့ဟာသူသွားချင်ရာ သွားပလေ့စေပေါ့ ... အစ်ကိုမှိုင်း ပြန်လာရင် လဲ့ညို အိမ်ကို ပြန်လာပြီး အခန်းကို ပြန်ယူလိုက်လို့ ဝင်းပပ ဒီအိမ်မှာနေလို့မရတော့ဘူးဆိုပြီး သူ့ဟာသူ ဆင်းသွားတာလို့ ရှင်းပြလိုက်ရင် ပြီးရောပေါ့ မာမီ ... အစ်ကိုမှိုင်းက ဘာပြောနိုင်ဦးမှာလဲ ... ကဲ ... ”

“ငါ ... ပြောနိုင်တာတွေ အများကြီးရှိတယ် လဲ့ညို ... ”

အားလုံးသည် ကိုယ့်အာရုံနှင့်ကိုယ်မို့ တံခါးဝတွင် ရောက်လာနေသော မှိုင်းကို မမြင်ကြပေ။ မှိုင်းက ဝင်ရောက်ပြောလိုက်မှ အားလုံး ဝိုင်းကြည့်ကြသည်။

“နင် ဒီအိမ်ပြန်လာပြီဆိုတာ ငါ့လူတွေက ငါ့ဆီကို ဖုန်းဆက်သတင်းပို့ပေးလို့ ငါချက်ချင်းသိပြီး ချက်ချင်း အိမ်ပြန်လာ

www.burmeseclassic.com

တာ ... တံခါးကွယ်ကနေပြီး နင်ပြောသမျှ ငါ အားလုံး နားထောင်နေလို့ ကြားပြီးပြီ ... နင် ဘာအပေါက်တွေချိုး နေတာလဲ လှဲ့လှဲ့ညို ... "

"အိုး ... ဘာအပေါက်ချိုးရမှာလဲ ... ကိုယ့်အမေကို လွမ်းလို့ ကိုယ့်အိမ်ကို လှဲ့ညို ပြန်လာတာပေါ့ ... အပြင်မှာ အစားဆင်းရဲ ... အနေဆင်းရဲဒဏ် မခံနိုင်တော့လို့ပေါ့ ... "

"တော်စမ်းပါ ... ကျော်မောင်က နင့်ကို ဒီအိမ်ပြန်သွားဆိုတဲ့ စေခိုင်းချက်ကြောင့် နင် ဒီအိမ်ပြန်လာတာ မဟုတ်လား ... "

"မဟုတ်ဘူး ... ဟုတ်ကို မဟုတ်ဘူး ... "

လှဲ့လှဲ့ညိုက မဟုတ်ကြောင်း ကုန်းအော်ဟစ်အော်ပြောသည်။

"ငါ့ကို မလိမ်နဲ့ လှဲ့လှဲ့ညို ... ငါဟာ ရဲစုံထောက်တစ်ယောက်မှန်း နင်ကောင်းကောင်းသိတယ် ... ငါ အားလုံး စုံစမ်းထားပြီးသား ... နင်ဟာ ကျော်မောင်ရဲ့အလွှမ်းမိုးခံနေရတယ် ... ကျော်မောင်လိုကောင်က နင့်ကို တကယ်မေတ္တာရှိတယ်လို့ နင်ထင်နေသလား ... နင်နဲ့ တွဲနေတဲ့ အချိန်မှာပဲ ကျော်မောင်က မော်မော်ခိုင်နဲ့လည်း တွဲနေတာပဲ ... ဘယ်မိန်းမနဲ့တွဲတွဲ ကျော်မောင်လိုကောင်မှာ မေတ္တာစိတ်ဆိုတာ လုံးဝမရှိဘူး ... နင့်ကိုရော မော်မော်ခိုင်ကိုရော ဒီကိစ္စမှာ နင်နဲ့ မော်မော်ခိုင်ကို ကျော်မောင်က အသုံးချလိုက်တာ ... "



"ဒါကတော့ အစ်ကိုမှိုင်း မတရားပြောတာ ... ဟောဒီ ဝင်းပပက အစ်ကိုမှိုင်းကို ကျော်မောင်အပေါ် စိတ်နာပြီး မဟုတ်ကဟုတ်က စကားတွေ လိမ့်ကွန်းထားတာကို ... အစ်ကိုမှိုင်း ဒီကောင်မစကား နားဝင်ပြီး အခုလိုပြောနေတာ ... "

"တော်စမ်း လှဲ့ညို ... နင် ဘာမသိညာမသိနဲ့ ... "

"မတော်နိုင်ဘူး အစ်ကိုမှိုင်း ... ဘာမသိညာမသိက လှဲ့ညိုမဟုတ်ဘူး ... အစ်ကိုမှိုင်း သိလား ... တစ်ခါတုန်းက ကိုကျော်မောင်ဟာ ဟောဒီ ဝင်းပပနဲ့ ချစ်ခဲ့ကြဖူးတယ် ... ဒါပေမဲ့ ကိုကျော်မောင်က ဝင်းပပကို လက်မထပ်ချင်လို့ ကန်ထုတ်ပစ်လိုက်တယ် ... ဒါကို ဝင်းပပက ကိုကျော်မောင်ကို နာကြည်းတယ် ... အခု အစ်ကိုမှိုင်းနဲ့ ကံအားလျော်စွာ ဝင်းပပ ဆက်မိတဲ့အခါ ... ကိုကျော်မောင်ငို နာကြည်းစိတ်နဲ့ အစ်ကိုမှိုင်းကို တွန်းပို့နေတာ ... လောကကြီးမှာ ယောကျ်ားတစ်ယောက်က မိန်းမတွေအများကြီးနဲ့ တွဲတာ ဆန်းသလား ... ဒါဟာ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းပဲဟာ ... အသီးတစ်ရာ အညှာတစ်ခုပါ အစ်ကိုမှိုင်း ... ယောကျ်ားကောင်း မောင်းမတစ်ထောင် ရှိမှာပဲပေါ့ ... အရေးကြီးတာက ကိုယ့်အပေါ် တကယ်ချစ်ပြီး... လက်ထပ်ယူဖို့ပဲ မဟုတ်လား ... ကိုကျော်မောင် ဘယ်မိန်းမတွေနဲ့တွဲတွဲ သူ တကယ်မေတ္တာရှိတာက လှဲ့ညိုတစ်ယောက်တည်းကိုပါ ... "

www.burmeseclassic.com

မှိုင်း သက်ပြင်းချရတော့သည်။

သူ့ညီမလေး လှဲ့ညိုသည် ကျော်မောင်အပေါ် အစွဲအလမ်းကြီးမားလှကြောင်း ထင်ရှားသည်။

ကျော်မောင်သည် မိန်းမကျမ်း ကျေလွန်းစွပါ တကား။

"ကဲ ... ဒါတွေထားလိုက်ပါဦး ... မော်မော်ခိုင်ဟာ သခင်ဖြူဟန်ဆောင်ပြီး ဒီအိမ်ကိုဝင်ထွက်နေတာကော နင်သိရဲ့လား လှဲ့လှဲ့ညို ..."

"ဟင့်အင်း ... အဲဒါ လှဲ့ညို မသိဘူး ..."

"ဘာလို့ လိမ်ညာချင်သလဲ လှဲ့လှဲ့ညို ... ငါက အားလုံးစုံစမ်းထားပြီးသား ... နင် လိမ်ရင် လိမ်မှန်း ငါသိတယ် ... မော်မော်ခိုင်ဟာ သူ့ကိုယ်သူ သခင်ဖြူအမည်ခံပြီး ဒီအိမ်ကို ဝင်ထွက်နိုင်ဖို့ ... နင်ပဲ မော်မော်ခိုင်ကို ငါတို့အားလုံးရဲ့ ဆွေစဉ်မျိုးဆက်တွေ ... တို့ရဲ့အတွင်းရေးတွေ ပြောပြပြီး ဒီအိမ်က သော့တူတွေကို နင်ကိုယ်တိုင်ပဲ ... မော်မော်ခိုင်ကို ပေးခဲ့တာပဲ ..."

လှဲ့လှဲ့ညိုက တဟင်းဟင်းအသံထွက်အောင် တမင်လုပ်ပြီး ရယ်ပြလိုက်တော့သည်။

"အစ်ကိုမှိုင်းက သိပြီးနေမှတော့ လှဲ့ညို ပြောပြမယ် ... တကယ်တော့ မော်မော်ခိုင်ဟာ သခင်ဖြူယောင်ဆောင်ပြီး ဒီအိမ်ကို ဝင်ထွက်နိုင်အောင် လှဲ့ညိုလုပ်ပေးခဲ့တာ ... အကြောင်းနှစ်ချက်ရှိတယ် ..."



လှဲ့လှဲ့ညို၏ အကြောင်းနှစ်ချက်ကို မှိုင်းအပါအဝင် အားလုံး စိတ်ဝင်စားစွာ နားစွင့်နေကြပါ၏။

"ပထမအချက်က ကိုကျော်မောင်နဲ့ မော်မော်ခိုင် တွဲနေတာကို လှဲ့ညို မလိုလားဘူး ... ဒါကြောင့် မော်မော်ခိုင်က သခင်ဖြူဟန်ဆောင်ပြီး ... ဒီအိမ်ကို ဝင်ထွက်စေချင်တယ် ... အဲဒီလိုဝင်ထွက်ပါများရင် အစ်ကိုမှိုင်းက သူ့ လက်ထပ်လာအောင် ကြိုးစားမယ်လို့ မျှော်တာပဲ ... လှဲ့ညိုစိတ်ထဲမှာ မော်မော်ခိုင်သာ အစ်ကိုမှိုင်းနဲ့ ငြိသွားရင် ကိုကျော်မောင်က လှဲ့ညိုတစ်ယောက်တည်းကိုပဲ လုံးလုံးလျားလျား လက်ထပ်လာမှာဆိုတဲ့ တွက်ကိန်းနဲ့ ... မော်မော်ခိုင်ကို လှဲ့ညိုတို့ရဲ့ ဆွေစဉ်မျိုးဆက် အကြောင်းတွေ အသေးစိတ် ပြောပြတဲ့အပြင် ဒီအိမ်က သော့တူတွေကိုပါ မော်မော်ခိုင်ကို ပေးလိုက်တာ ...

"ဒုတိယအချက်က ကိုကျော်မောင်က လှဲ့ညိုကို ပြောတယ်၊ မော်မော်ခိုင်သာ မာမီတို့အိမ် ဝင်ထွက်နိုင်အောင် သခင်ဖြူဖြစ်သွားပါစေ ... ဒါမှ လှဲ့ညို ဒီအိမ်မှာ မနေနိုင်အောင် ချုပ်ချယ်စည်းကမ်းကြီးလွန်းတဲ့ မာမီဟာ သခင်ဖြူအတုကို သခင်ဖြူအစစ်ထင်ပြီး ဆက်ဆံနေပုံကို လှဲ့ညိုဘေးကထိုင်ကြည့်ပြီး ဟားကိုက်ရယ်စေတော့ပေါ့လို့ ကိုကျော်မောင်ပြောတဲ့အတိုင်း လှဲ့ညို လုပ်လိုက်တာပဲ ..."

"သမီးရယ် ... လှဲ့ညိုရယ် ... သမီး အတွေးအခေါ်နဲ့လုပ်ရပ်တွေဟာ အောက်တန်းကျလွန်းပြီး ကလေးဆန်လွန်း



www.burmeseclassic.com

မနေဘူးလား … သမီးလေးရယ် … ”

ဒေါ်ရည်မွန် စိတ်ပျက်စွာ ညည်းညူရှာပေတော့သည်။

မှိုင်းသည် နောက်ဆုံး လှဲ့ညိုပြောသော စကားကို ယုံကြည်ပေသည်။ မော်မော်ခိုင်နှင့်ကျော်မင်းမောင်သည် ဆန့်ကျင်ဘက်ဂိုဏ်းမှ အဖွဲ့သားတွေဖြစ်ရမည်။ ထိုကြောင့် မော်မော်ခိုင်ကို သဇင်ဟန်ဆောင် ဝင်စေထွက်စေပြီး မှိုင်းထံမှ စိမ်းဝါနီအဖွဲ့ကြီး၏ လျှို့ဝှက်မှုတွေ ခိုးယူစေမည်။

အကယ်၍ မှိုင်းက သဇင်ဖြူအတု မော်မော်ခိုင်ကို သဘောကျ လက်ထပ်လိုက်ပါက ဆန့်ကျင်ဘက်အဖွဲ့တွင် ပို၍ပင် အကျိုးရှိသွားချေဦးမည်။

“ဒီမှာ လှဲ့ညို … အစ်ကိုမှိုင်းကို မှန်မှန်ပြောစမ်း … အခု လှဲ့ညို ဒီအိမ်ကို ပြန်လာတာ ကျော်မောင် လွှတ်လိုက်တာ အမိကမဟုတ်လား … ဝင်းပပဆီက ကျောက်စိမ်းလော်ကတ် … ဆွဲကြိုးရယူဖို့ လှဲ့ညိုပြန်လာတာ မဟုတ်လား”

“လှဲ့ညိုကို ကိုကျော်မောင်က အိမ်ပြန်နေဖို့ ပြောတာတော့ အမှန်ပဲ … ဒါပေမဲ့ … ကျောက်စိမ်းလော်ကတ်ဆွဲကြိုးယူပေးရမယ်လို့တော့ တစ်ခွန်းမှ မပြောလိုက်ဘူး … အဲဒါလည်း လှဲ့ညို အမှန်အတိုင်းပြောတာ … လှဲ့ညိုက အခု အပြင်ဘက်မှာ နေရတာ စုတ်တီးစုတ်ပြတ်နေနေရတော့ … ဒီမိန်းကလေးမျိုးကို ကိုကျော်မောင်က ဘယ်လက်ထပ်ချင်မှာလဲ … မာမီ့အိမ်မှာ အစ်ကိုမှိုင်းရဲ့ညီမ … မာမီရဲ့သမီး



အနေနဲ့မှ ကိုကျော်မောင်က လှဲ့ညိုကို လက်ထပ်မယ်ဆိုလို့ မာမီ့အိမ်ကို ပြန်လာတာပဲ … ကဲ … ရှင်းပြီလား … ”

လှဲ့ညို ပြောပြသည်ကို မှိုင်း ယုံကြည်မိသည်။ လှဲ့ညိုကဲ့သို့ ပေါ့ပျက်ပျက်မိန်းမငယ်လေးအား ကျော်မောင်လိုလူက ကျောက်စိမ်းလော်ကတ်အကြောင်း ပြောပြမည် မဟုတ်ပေ။ ပထမ လှဲ့ညိုကို အိမ်ပြန်သွား၊ အိမ်ပြန်ရောက်ပြီးမှ ကျောက်စိမ်းလော်ကတ်ကိစ္စကို ကျော်မောင်က မီးစင်ကြည့်ကပြီး လှဲ့ညိုကိုခိုင်းသင့်သည်ကို ခိုင်းမည်ဟု စိတ်ကူးမျိုးရှိကောင်းရှိပေမည်။ လှဲ့ညိုလိုမိန်းမပေါ့လေးအား ကျော်မောင်က သူတို့၏ဆန့်ကျင်ဘက် အဖွဲ့ကြီးအကြောင်း ချက်ချင်းပြောပြမည်လည်း မဟုတ်ပေ။

“ဒီမှာ လှဲ့ညို … ကျော်မောင်က နင့်ကို ကျောက်စိမ်းလော်ကတ်အကြောင်း ဘာမှ မပြောဘူးပဲထားဦး … ဒါပေမဲ့ … နင့်ကို ငါ အကဲခတ်မိတာကတော့ ကျောက်စိမ်းလော်ကတ်ဆွဲကြိုးအကြောင်း နင် သိသလိုပါပဲလား … ”

“ကိုကျော်မောင်နဲ့ မော်မော်ခိုင်က လှဲ့ညိုရှေ့မှာမှာပဲ … ကျောက်စိမ်းလော်ကတ်အကြောင်း ခဏခဏပြောတတ်ကြတယ် … သူတို့ပြောတာ လှဲ့ညိုကြားလို့ … သိထားတာပေါ့ … ကဲပါ … အစ်ကိုမှိုင်းရာ လှဲ့ညို … ကိုယ့်မာမီအိမ်ပြန်ရောက်နေပြီ … ကိုယ့်အိမ်မှာ ကိုယ်အနားယူချင်တယ်၊ လှဲ့ညိုရဲ့အခန်းကို ပြန်လိုချင်တယ် … ကောင်းကောင်းစား၊ ကောင်းကောင်းပြန်ဝတ်ပြီး … ကိုကျော်မောင်နဲ့လှဲ့ညို လက်ထပ်မယ် … ဒါပဲ … ”

"နင် ကိုကျော်မောင်က မှာလိုက်သေးတယ် မဟုတ်လား၊ ဒီအိမ်ရောက်တာနဲ့ ဝင်းပပကို အိမ်ပေါ်က မောင်းချလိုက်လို့ ... "

"ဒါကတော့ ရှင်းနေတာပဲလေ ... အခုပိုင်ရှင်ဖြစ်တဲ့ လဲ့ညို ပြန်လာပြီပဲဟာ ... ဝင်းပပတခြားချောင်းတော့ပေါ့ ... ဒီအိမ်မှာ နေစရာမှ မလိုတော့တာ ... "

"အေး ... နင့်အခန်း နင်ပြန်ယူတာ ငါ့ဘာမှ ကန့်ကွက်စရာ မရှိဘူး ... ဒါပေမဲ့ အဝင်းလည်း ဘယ်ကိုမှ သွားစရာမလိုဘူး ... ဒီမှာပဲ ... ငါတို့နဲ့အတူ အဝင်းနေရမှာပဲ ... "

လဲ့ညိုက ဒေါ်ရည်မွန်ကို ပက်ချွဲနှပ်ချွဲသံလေးဖြင့် ပြောလိုက်သည်။

"မာမီ ... သမီးကို ... ကိုကျော်မောင်က သေချာမှာလိုက်တယ် ... သမီးနဲ့ကိုကျော်မောင် လက်ထပ်ပြီးရင် မာမီအိမ်မှာပဲ အတူနေမှာတဲ့ ... ဒါကြောင့် ဝင်းပပကို ဒီအိမ်မှာမနေစေနဲ့တော့တဲ့ ... တခြားမိန်းမတစ်ယောက် အိမ်မှာရှိနေရင် ကိုကျော်မောင်က အတူတူ မနေချင်ဘူးတဲ့ မာမီ ... "

"တော်စမ်း လဲ့ညို ... နင့်စိတ်ထဲမှာ ကျော်မောင်နဲ့နင် လက်ထပ်ဖြစ်မယ် ထင်နေလို့လား ... ကျော်မောင်ကို နင်ဘယ်တော့မှ လက်မထပ်ဖြစ်စေရဘူး သိလား ... "

"ဘာလို့ လက်မထပ်ရမှာလဲ ... လဲ့ညိုချစ်တဲ့လူကို၊ လက်ထပ်မယ် ... ဒီမှာပဲနေမယ် ... မနေနိုင်တဲ့လူတွေ ဆင်းသွားကြ ... ဒါပဲ ... "



"အေး ... နင်က သမီးအရင်းမို့ ဒီအိမ်မှာ နင်နေချင်သလို နေခွင့်ရှိတယ် လဲ့ညို ... ဒါပေမဲ့ နင် ကျော်မောင်ကိုလက်ထပ်ချင်တယ်ဆိုရင်တော့ ... နှစ်ရှည်လများ ကျော်မောင် ထောင်ကျပြီး လွတ်လာမှ နင်လက်ထပ်လို့ရမယ့်ကာလမှာ ... အခု မကြာခင်မှာပဲ ကျော်မောင်ကို ရဲက ဖမ်းပရမ်းကုတ်ထားပြီ ... နင့်ကောင် ... အခုလောက်ဆို ထောင်ထဲ အချုပ်ထဲ ရောက်နေလောက်ပြီ လဲ့ညို ... "

"ဘာ ... ဘာ ... ကိုကျော်မောင်ကို ရဲအဖွဲ့က ဖမ်းတော့မယ် ... ဟုတ်လား ... "

"အေး ... အခုလောက်ဆို ဖမ်းတောင်ပြီးလောက်ပြီ ... "

လဲ့ညိုသည် ပထမဦးစွာ တယ်လီဖုန်းရှိရာကို လှမ်းကြည့်လိုက်သည်။ သို့သော် မှိုင်းရှိနေသောကြောင့် တယ်လီဖုန်းဆီသို့ မသွားရဲတော့ဘဲ အိမ်ရှေ့ပေါက်သို့ စွတ်ပြေးတော့သည်။

ကျော်မောင်အား သွားရောက်ပြီး ရဲဖမ်းတော့မည့် အကြောင်း ပြေးပြောရန် ဖြစ်ပါ၏။

သို့သော် ... မရတော့ပေ။

မှိုင်းက လဲ့လဲ့ညို၏လက်ကို မိမိရရဖမ်းဆွဲထားလိုက်သည်။ ပြီး ... လဲ့ညိုကို သူမ၏အိပ်ခန်းထဲသို့ တွန်းပို့လိုက်သည်။

"နင် ခုရက်အတွင်း ဒီအိပ်ခန်းထဲမှာပဲနေရမယ် လဲ့ညို ... ဘယ်ကိုမှ မသွားရဘူး ... တယ်လီဖုန်းလည်း လုံးဝမပြောရဘူး ... အခုအတောအတွင်း ဖုန်းလိုင်း ငါ ခဏဖြုတ်ထားမယ် ... နင် ကျော်မောင်ကို တစ်နည်းနည်းနဲ့ ဆက်သွယ်

www.burmeseclassic.com

တာနဲ့ … နင့်ကိုပါ ရဲအဖွဲ့က ဖမ်းဖို့ ငါ ပြောလိုက်မယ် … နင် ဘာနားမလည် ညာနားမလည်နဲ့ … ထောင်ကျသွားမယ် သိလား … ”

ပြောပြီးသည်နှင့် မှိုင်းသည် အခန်းတံခါးကို ပိတ်ပြီး သော့ခတ်ထားလိုက်ပေတော့သည်။

“ကိုကိုမှိုင်း … အဲဒီလောက် လဲ့ညိုကို မလုပ်သင့်ဘူး … ဒေါ်ဒေါ်မွန် အရမ်းစိတ်ဆင်းရဲသွားလိမ့်မယ် ကိုကိုမှိုင်း”

“ဒီလိုလုပ်လိုက်တာ လောလောဆယ်မှာ အကောင်းဆုံးပဲ အဝင်း … ဒီကောင်မလေးကို လွှတ်ပေးလိုက်ရင် ကျော်မောင်တို့ကို ဖမ်းရင်းနဲ့ လဲ့ညိုကိုပါ ရဲအဖွဲ့ကဖမ်းပြီး ထောင်ချပစ်မှာ သေချာတယ် … ဥပဒေဆိုတာက ငြိသွားရင် ပြန်နှုတ်လို့ ရတာမဟုတ်ဘူး … ဒီကောင်မလေး အန္တရာယ်မရအောင် ကိုကိုမှိုင်း အထက်ကို တော်တော်တင်ပြရဦးမှာ”

ဒေါ်ရည်မွန်မှာ သမီးအဖြစ်ကို ကြည့်ပြီး မျက်ရည်များ ကျလာပေတော့သည်။

“ကျွန်တော် စိတ်မကောင်းပါဘူး ဒေါ်ဒေါ်မွန် … ညီမလေး လဲ့ညိုကို ကျွန်တော် ချစ်တာပေါ့ … ဒါပေမဲ့ … လောလောဆယ်မှာတော့ လဲ့ညိုအတွက် ဒီနည်းဟာ အကောင်းဆုံးပဲ ဖြစ်နေတယ် … ဒေါ်ဒေါ်မွန် … ကျွန်တော်တို့အဖွဲ့ကြီးက ပိုက်စိတ်တိုက်ဖမ်းတော့မှာ … မဖမ်းခင် လွှတ်သွားရင် … လဲ့ညိုကို ဘယ်နည်းနဲ့မဆို ဖမ်းရတော့မှာ … တကယ်တော့ လဲ့ညိုဟာ ကျော်မောင်သိမ်းသွင်းတာကိုခံရပြီး … ဘာမှ



နားလည်တာ မဟုတ်ဘူး … အဖွဲ့ကိုလည်း လဲ့ညိုနဲ့ပတ်သက်ပြီး ကျွန်တော် အားလုံးတင်ပြထားတယ် … လဲ့ညိုကို ထမင်းမှန်မှန်ကျွေး … ကော်ဖီ မုန့် မှန်မှန်ကျွေးပါ … အားလုံးစာရင်းအရ ရဲအဖွဲ့က ဒီကောင်တွေကို ဖမ်းပြီးတာနဲ့ လဲ့ညိုကို ကျွန်တော် အခန်းပြန်ဖွင့်ပေးမှာပါ … အခုအတောအတွင်းလဲ့ညိုဘာပြောပြောဒေါ်ဒေါ်မွန်နားမယောင်နဲ့နော် … လဲ့ညို ထောင်ကျသွားမယ် … ”

“အေးပါကွယ် … ဒေါ်ဒေါ်မွန် သဘောပေါက်ပါတယ်”

“အဝင်းလည်း ဘယ်မှအပြင်ကို လုံးဝမထွက်နဲ့နော် … အဝင်းမှာ အသက်အန္တရာယ်ရှိနေပြီ … ဒီကိစ္စမြန်မြန်ပြီးမှ ဖြစ်မယ် … ကိုကိုမှိုင်း အမြန်ဆုံးပြီးသွားအောင် လုပ်တော့မယ် … ”

“စိတ်ချ … အဝင်းအတွက် ဘာမှမပူနဲ့ ကိုကိုမှိုင်းလုပ်စရာရှိတာသာ ဆက်လုပ်ပေတော့ … ကိစ္စမြန်မြန်ပြီးလေ … စိတ်အေးရလေပဲ … ”

“ဒါဆို … ကိုကိုမှိုင်း သွားလိုက်ဦးမယ် … ”

www.burmeseclassic.com

## (၂၁)

"မာမီညှို့လို့ အစ်ကိုမှိုင်း လှဲ့ညိုကို ဒီလိုလုပ်ရဲတာ ... အခု သမီးအရင်းကို အခန်းလှောင် ထောင်ချထားတာနဲ့ ဘာထူးသေးသလဲ ... "

"သမီး ကောင်းစားရေးအတွက် မှိုင်းက ဒီလိုလုပ်တာပါ သမီး ... "

"ဘာကောင်းစားရေးလဲ ... အခု မာမီ့ကို သမီးဆောင့်တွန်းထားခဲ့ပြီး ထွက်ပြေးရင်ရတယ် သိလား ... "

"ဘယ်လွယ်မလဲ သမီး ... အပြင်ဧည့်ခန်းမှာ ဝင်းပပရှိနေတာပဲ ... ဝင်းပပက သိပ်သန်မာတဲ့မိန်းကလေးပဲ ... ခြံထဲမှာလည်း ကိုဩဘာရှိနေတယ် ... သမီး အပြင်ထွက်ပြေးလို့ ဘယ်ရမလဲ ... "

"တစ်ယောက်မှ မမှုဘူး ... "



"သမီးလမ်းပေါ်ရောက်သွားတာနဲ့ ... မှိုင်းရဲ့လူတွေက လမ်းပေါ်မှာ အသင့်အစောင့်ချထားတာ ... သမီးပြေးမလွတ်ပါဘူး သမီး ... ထွက်ပြေးဖို့ မကြိုးစားနဲ့ ... "

"အစ်ကိုမှိုင်းမှာရော မာမီ့မှာရော လှဲ့ညိုကို ဒီလိုလုပ်ပိုင်ခွင့်မရှိဘူး ... "

ဒေါ်ရည်မွန် ဆက်မပြောတော့ဘဲ အပြင်မှတံခါးသော့ခတ်ပြန်ထွက်လာသည်။

ဝင်းပပက ဒေါ်ဒေါ်မွန်ထွက်လာသည်ကို ငေးကြည့်နေသည်။

"ကိုယ့်လူနာရောဂါ သက်သာဖို့ကတော့ ဆေးခါး တိုက်သင့်တိုက်ရမှာပဲ ဒေါ်ဒေါ်မွန် ... "

"အဲဒီလိုပဲ သဘောထားလိုက်ပါတယ် ဝင်းပပ ... ဒါပေမဲ့ လှဲ့ညိုကတော့ ဒေါ်ဒေါ်မွန့်ကို ရာသက်ပန် စိတ်နာသွားမှာပေါ့လေ ... "

ထိုစဉ်မှာပင် တယ်လီဖုန်းမြည်သံ ထွက်လာသည်မို့ ဒေါ်ဒေါ်မွန်ပင် သွားရောက်ကောက်ကိုင် နားထောင်လိုက်သည်။

"ပြောပါ ... ဒေါ်ရည်မွန် ပြောနေပါတယ် ... "

"ဩော် ... အန်တီမွန်လား ... အခု သဇင်ဖြူပြောနေတာပါ ... "

အန်တီမွန်သည် ဖုန်းပြောခွက်ကို လက်ဝါးနှင့်ပိတ်ထားပြီး ဝင်းပပအား သဇင်ဖြူခေါ်မော်မော်ခိုင် ဖုန်းဆက်ကြောင်းပြောပြလိုက်သည်။

www.burmeseclassic.com

"ဩော် ... သဇင်ဖြူလား ... အန်တီမွန်တို့အိမ်ကိုကော မလာတာကြာသွားပြီနော် ... "

"ဟုတ်ကဲ့ ... သဇင်ဖြူ အလုပ်များနေလို့ မလာဖြစ်တာပါ၊ ဒါထက် ... လွဲလွဲညို အိမ်ပြန်ရောက်နေပြီ မဟုတ်လား အန်တီမွန် ... "

"အေး ... သမီးပြန်ရောက်နေပြီ ... အပြင်မှာနေခဲ့ရတာ ပင်ပန်းလွန်းလို့ ထင်ပါရဲ့ကွယ် ... အိမ်ပြန်ရောက်ကတည်းက စားလိုက်အိပ်လိုက်နဲ့ အနားယူနေတယ်လေ ... "

ဒေါ်ရည်မွန်သည် မခေပေ။ လိုက်လျောညီထွေစွာ ပြန်ပြောဖော်ရပေသည်။

"နားပါစေ ... အိပ်ပါစေ ... အန်တီမွန် ... လွဲညိုခမျာ အပြင်မှာနေတုန်းက သိပ်ပင်ပန်းရှာတာ ... ဩော် ... သဇင်ဖြူ တစ်ခုသိချင်လို့ပါ ... ဝင်းပပရဲ့အခုနေတဲ့ နေရပ်လိပ်စာကို သိချင်လို့ပါ ... ဝင်းပပနဲ့ သဇင်ဖြူတွေ့ချင်စရာ ကိစ္စတစ်ခု ရှိနေလို့ပါ အန်တီမွန် ... "

မော်မော်ခိုင်ခေါ် သဇင်ဖြူအတု၏ ပြောပြချက်ကို ထောက်၍ မှိုင်းပြောသောစကားတွေ မှန်ကန်မှန်း သေချာသွားတော့သည်။

မော်မော်ခိုင်ခေါ် သဇင်ဖြူအတုနှင့် ကျော်မောင်သည် လွဲလွဲညိုအား အိမ်ပေါ်ပြန်တက်စေပြီး ဝင်းပပအား အိမ်ပေါ်မှ မောင်းထုတ်ရန် တာဝန်ပေးလိုက်ကြောင်း သိသာနေပေတော့သည်။ သူတို့စိတ်ထဲတွင် လွဲလွဲညို အိမ်ပေါ်ပြန်ရောက်လာပြီး၊



ဝင်းပပကို မောင်းထုတ်လိုက်ပြီဟု ယူဆပြီး ဝင်းပပ၏နေရပ်လိပ်စာကို မေးမြန်းခြင်းဖြစ်ပေမည်။

"ဟဲ့ ... သဇင်ဖြူ ... ဘာတွေပြောနေတာလဲ ... ဝင်းပပက ဘယ်ပြောင်းသွားလို့လဲ ... အခုထိ အန်တီမွန်တို့အိမ်မှာပဲ ရှိနေသားပဲဟာ ... မှိုင်းက ဝင်းပပကို မျက်စိအောက်က အပျောက်ခံတာမှ မဟုတ်တာ ... တခြားဘယ်ကိုမှ သွားခွင့်မပေးဘူး ... "

"ဩော် ... ဟုတ်လား ... သဇင်ဖြူက ဝင်းပပ အဲဒီအိမ်က ထွက်သွားပြီလားလို့ ထင်နေတာ ... ဒါဆို ဝင်းပပနဲ့သဇင်ဖြူ စကားပြောချင်စရာရှိလို့ ရမလား အန်တီမွန် ... "

"ခဏကိုင်ထား ... ဝင်းပပကို ခေါ်ပေးမယ် ... "

ဒေါ်ရည်မွန်က ဝင်းပပကို ခေါင်းညိတ်ခေါ်ပြီး တယ်လီဖုန်း ပေးအပ်လိုက်သည်။

"သဇင်ဖြူလား ... အခု ဝင်းပပပြောနေတယ်လေ ... ဘာကိစ္စရှိလို့လဲ ... ဆိုပါဦး ... "

"တို့က ဝင်းပပကို မကောင်းသတင်းတွေ ပြောထားမိတယ်လေ ... အဲဒါကို တောင်းပန်ချင်လို့ပါ ... "

"ဒါဆို ... ဒီအိမ်ကိုလာခဲ့ပါလား သဇင်ဖြူ ... "

"ဟာ ... မလာရဲဘူး ... ကိုမှိုင်းက အချိန်မရွေးအိမ်ပြန်လာရင် တို့မျက်နှာပူတယ် ... တို့က နဂိုက မူမမှန်သူမဟုတ်လား ... ကိုမှိုင်းကို မျက်နှာချင်းမဆိုင်ရဲဘူး ... ဒီတော့ ဝင်းပပ တို့ဆီလာခဲ့ပါလား ... ဝင်းပပကို ကိုယ်ပြန်တောင်း

www.burmeseclassic.com

ပန်ရင်း တစ်ခုခု ကျွေးပါရစေလား ဝင်းပပ ... ”

ဝင်းပပ ချက်ချင်းပင် သွားသင့်မသွားသင့် စဉ်းစားရတော့သည်။ ချက်ချင်းလည်း မော်မော်ခိုင်ကို သွားတွေ့ရန်ဆုံးဖြတ်လိုက်သည်။ တကယ်အစစ်အမှန်ကို ဖော်ထုတ်သင့်ပြီဟုလည်း ယူဆလိုက်သည်။

“ကဲ ... ပြော ... ဘယ်ကိုလာခဲ့ရမလဲ ... ”

“ပန်းဆိုးတန်း အလယ်လမ်းက ကိန္နရီစားတော်ဆက်ကို လာခဲ့လေ ... အဲဒီမှာ စားကြမယ် ... အခုပဲ လာခဲ့ပါလား”

“ကောင်းပြီ ... အခုပဲ လာခဲ့မယ် ... ”

ဝင်းပပကဒေါ်ဒေါ်မွန်ကို မော်မော်ခိုင်ခေါ်သဖြင့်ဖြူက ပန်းဆိုးတန်းကိန္နရီဟိုတယ်တွင် တွေ့ဆုံစားသောက်ဖို့ ဖိတ်ခေါ်ကြောင်း ပြောပြလိုက်သည်။

“လုံးဝမသွားသင့်ဘူး ဝင်းပပ ... ဒါဟာ ထောင်ချောက်ပဲဖြစ်မှာပဲ ... သူတို့ဆက်ပြီး ဝင်းပပကို အန္တရာယ်ပေးလိမ့်မယ် ထင်တာပဲ ... ”

“ဟုတ်ပါတယ် ဒေါ်ဒေါ်မွန် ... ဝင်းပပအနေနဲ့ကလည်း တမင်တကာ သူတို့ထောင်ချောက်ကို ဝင်တိုးကြည့်မလို့ပဲ၊ ဒါမှလည်း သူတို့ကိုခြေရာပြန်ကောက်နိုင်မှာ ... ကိုကိုမှိုင်းရဲ့ လူကြီးအဖွဲ့ထဲက ပုဂ္ဂိုလ်တွေက ဝင်းပပကို တည်ကြည်သဘောမျိုး ဆောင်ရွက်စေချင်တာ ... ”

“အိုကွယ် ... ဒေါ်ဒေါ်မွန်ကတော့ ဝင်းပပ အဲဒီလောက်အတင့်မရဲစေချင်ဘူး ... စိုးရိမ်တယ် ... အကောင်းဆုံး



ကတော့ အခုပဲ ဝင်းပပ မှိုင်းဆီကိုဖုန်းဆက်ပါ ... မော်မော်ခိုင်က ချိန်းလို့ သွားမယ်ဆိုတဲ့အကြောင်းပြော ... မှိုင်းတို့မှာ သူတို့ဂိုဏ်းကို ဖမ်းဖို့ အသင့်စီစဉ်ပြီးသား ... ရွှေကိန္နရီကို မော်မော်ခိုင်လာရင် ဖမ်းလိုက်ရုံပေါ့ ... ဝင်းပပက ထောင်ချောက်ထဲဝင်တိုးဖို့ မလိုပါဘူး ... နည်းတဲ့ အန္တရာယ်မှ မဟုတ်တာ ... ”

“ဝင်းပပ ရှင်းပြမယ် ဒေါ်ဒေါ်မွန် ... မော်မော်ခိုင်တို့ ... ကျော်မောင်တို့ ... ဦးပိန်ရှည်တို့လူတွေဟာ သူတို့အဖွဲ့ဂိုဏ်းမှာ အကိုင်းအခက်လောက်သာ အဆင့်ရှိတဲ့လူတွေလောက်ပဲရှိတာ ... သူတို့ကို ဖမ်းချင်ရင် ကိုကိုမှိုင်းအစောကြီးကတည်းက ဖမ်းလို့ရတယ် ... ဒါပေမဲ့ ကိုကိုမှိုင်း တကယ်လိုင်ချင်တာက ပင်စည်ဖြစ်တဲ့ ခေါင်းဆောင်ကိုလိုချင်တာ၊ အခု သူတို့ကစပြီး လှုပ်ရှားလာတာ ... ထောင်ချောက်ဆင်တာ ... အဲဒီထဲကို ဝင်းပပ တကယ့်ခေါင်းဆောင်ကြီးအထိရောက်သွားမှာ ... အခု ဝင်းပပ တကယ်လုပ်သင့်တာက ကိုကိုမှိုင်းဆီကို ဒီလိုကဒီလို ဝင်းပပ သွားတွေ့မယ် ... ကျန်တဲ့အပိုင်း ကိုကိုမှိုင်း ဆက်စီစဉ်ပါလို့ ဖုန်းနဲ့ပြောသွားမှာပါ”

“ဒေါ်ဒေါ်မွန်တော့ ဝင်းပပကို စိုးရိမ်တယ်ကွယ် ... မသွားစေချင်ဘူး ... သိပ်စွန့်စားလွန်းရာ ရောက်သွားမယ်”

ဝင်းပပက ဒေါ်ရည်မွန်၏လက်တစ်ဖက်ကိုဆွဲကာ အိမ်ရှေ့ဘက်ကိုမြင်ရသော ပြတင်းပေါက်ဆီသို့ ခေါ်သွားသည်။

ပြီး ... ခြံပြင်သို့ ဝင်းပပက လက်ညှိုးထိုးပြသည်။

www.burmeseclassic.com

ကမ္ဘာအေးလမ်းမကြီးပေါ်တွင် ဝင်းပပတို့ခြံနှင့် မနီးမဝေးတွင် ဆိုက်ကားသမားလေးငါးဦး ဝိုင်းဖွဲ့ကျားထိုးနေသည်ကို လှမ်းမြင်ရသည်။

"အဲဒီမှာ လှမ်းကြည့် ဒေါ်ဒေါ်မွန် ဆိုက်ကားသမားတွေရော ... ကားပြင်နေတဲ့လူတွေရော ... တွေ့တယ်မဟုတ်လား ... အဲဒီလူတွေထဲမှာ ဝင်းပပအတွက် ကိုကိုမှိုင်းတို့အဖွဲ့က လုံခြုံရေးချပေးထားတဲ့လူတွေပါတယ် ... ဝင်းပပထွက်သွားတာနဲ့ သူတို့က ဝင်းပပနောက်က လုံခြုံရေးအစောင့်အရှောက်အတွက် လိုက်လာကြမှာ ... ဝင်းပပ အိမ်ကထွက်သွားတာနဲ့ ... ဒေါ်ဒေါ်မွန်က ကိုကိုမှိုင်းဆီဖုန်းဆက်ပေးပေတော့ ... အခု ... ဝင်းပပပြောပြသမျှတွေကိုကိုမှိုင်းကို ဒေါ်ဒေါ်မွန်ဖုန်းနဲ့ ပြောပြလိုက်ပေတော့ ... ဝင်းပပကိုယ်တိုင်ပြောဖို့ အချိန်မရတော့ဘူး ... အပြန်ကျရင် အငှားကားငှားပြီး ပြန်လာခဲ့မယ် ... "

မတတ်နိုင်တော့ပြီ၊ ဒေါ်ဒေါ်မွန် ဝင်းပပစကားကို ခေါင်းညိတ်လိုက်ရပေတော့သည်။



(၂၂)

ကမ္ဘာအေးလမ်းမပေါ်ရောက်သည်နှင့် အဆင်သင့်ပင်။ နံပါတ်နီအငှားကားတစ်စီးရှေ့တွင် ထိုးဆိုက်သဖြင့် ဝင်းပပရှေ့ခန်းမှာပင် ဒရိုင်ဘာဘေးကူရှင်တွင် တက်ရောက်ထိုင်လိုက်သည်။

ကားမောင်းသူသည် နေကာမျက်မှန်တပ်ထားပြီး နှုတ်ခမ်းမွေးသဲ့သဲ့ရှိနေသည်။

ကုက္ကိုင်းလမ်းမကြီးအတိုင်း မြို့ထဲဘက်သို့ ဦးတည်မောင်းလာပေသည်။

ဝင်းပပသည် ကားနောက်မှန်မှ နောက်သို့လှမ်းကြည့်မိသည်။ စိတ်ထဲတွင် မသင်္ကာသလိုလည်း ခံစားရသောကြောင့်ပင်ဖြစ်ပါ၏။

စောစောက မိမိအိမ်ရှေ့တွင် ကားပျက်နေသော

www.burmeseclassic.com

မော်တော်ကားသည် ယခု မိမိ အငှားကားနောက်မှ လိုက်ပါလာသည်ကို တွေ့မြင်ရသောကြောင့် ကိုကိုမှိုင်း လွှတ်ထားသော လုံခြုံရေးအဖွဲ့လိုက် ပါလာသည်ဟု ယူဆကာ စိတ်အားတက်ကြွမိသွားသည်။

သို့သော် … နောက်မှလိုက်လာသော မော်တော်ဆိုင်ကယ်တစ်စီးက နောက်မှကားကို ကျော်တက်ဖို့ ကြိုးစားနေသည်ကို တွေ့ရပြန်သည်။ နောက်မှလိုက်လာသော ကားနှင့်မော်တော်ဆိုင်ကယ်ကို စိတ်ထဲတွင် မသင်္ကာဖြစ်လာသောကြောင့် …

"ဒီမယ် … ကားဆရာ ခဏရပ်ပေးပါ …"

"မရပ်တော့ဘူး ဝင်းပပ … ဒီမှာ ကိုကိုမောင့်ကို သေချာကြည့်ပါ ပပ … ကိုယ် … ကျော်မောင်လေ …"

ကျော်မောင်သည် ကားမောင်းလျက်ကပင် နှုတ်ခမ်းမွေးအတုနှင့် နေကာမျက်မှန်ကို ချွတ်ပြလိုက်သည်။

"ရှင် … ရှင် …"

"ဟုတ်တယ်လေ … ကိုယ်ဟာ ဝင်းပပရဲ့ကိုကိုမောင်ပဲပေါ့… ပပကို ဒီနည်းနဲ့အပိုင်မစီးလို့ မဖြစ်တော့ဘူးလေ"

"အို … မရဘူး … ကျွန်မ ဆင်းမယ်… ကားရပ်ပေး"

"ဆောရီးပဲ ပပ …"

ဟု ပြောရုံမက ကျော်မောင်က ကားကို အရှိန် ပိုမြှင့်၍ပင် မောင်းပြန်သည်။

ဤကားအရှိန်ဖြင့် ဝင်းပပ ခုန်ဆင်းပါက အသက်ရှင်နိုင်ဖွယ် မရှိပေ။



ထိုစဉ်မှာပင် ဆရာစံလမ်း မီးပွိုင့်သို့ရောက်လာပြီး မီးနီပြသော်လည်း ကျော်မောင်သည် ရပ်မည်ကဲ့သို့ အရှိန်လျှော့သော်လည်း မရပ်ဘဲ မီးနီကို အတင်းဖြတ်ကျော်မောင်းတော့သည်။

နောက်မှလိုက်လာသော မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်မှာ မီးနီနှင့်တိုးနေသဖြင့် မီးပွိုင့်မှာပင် ရပ်ကျန်ခဲ့တော့သည်။

သွားပြီ။

ကျော်မောင်၏ကားကို နောက်မှလိုက်မမီနိုင်တော့ပြီ။

ကျော်မောင်ကား အရှိန်မလျှော့ဘဲ ရန်ကင်းကို ကျော်ဖြတ်မောင်းတော့သည်။

တာမွေသုသာန်ကိုဖြတ်ပြီး တာမွေလေးဘက်ကို ကျော်မောင် ဆက်မောင်းလာခဲ့သည်။

လူရှင်းသော ခြံကျယ်ကြီးတစ်ခုအတွင်းသို့ ကွေ့ချိုးမောင်းဝင်လိုက်ပြီး တစ်ထပ်တိုက်ရှေ့တွင် ကားကိုရပ်လိုက်သည်။

"ကဲ … ဆင်းတော့ ပပ …"

ကျော်မောင်က သူ့ခါးကြားထဲမှ ဓားမြှောင်ကိုထုတ်ယူပြီး မောင်းပြန်ခလုတ်ကို နှိပ်လိုက်ရာ ဓားသွားထွက်လာသည်။

"ဓားဆိုတာ သေနတ်လို အသံမမြည်ဘူး … နင့်ကို ဓားနဲ့ထိုးသတ်ပြီး … ဒီခြံကြီးထဲမှာပင် မြှုပ်ထားလို့ရတယ် … သိပ်ကြီးကျယ်မနေနဲ့ ဝင်းပပ … ငါ့ဘဝမှာ နင်လို မိန်းမလှတွေကို ရေလဲသုံးခဲ့တာ ရေတွက်လို့တောင် မဆုံးနိုင်ဘူး…

www.burmeseclassic.com

ငါ နင့်ကို ဘာမှမမက်ဘူး ... လောကကြီးမှာ ငါ အမက်ဆုံးဟာ ငွေများများရဖို့ပဲ ... အေး ... နင့်ဆီက ငါငွေမယူပါဘူး ... ကျောက်စိမ်းလော်ကတ်ကိုပဲ ငါ့ကိုပေးတော့ ... နောက်တစ်ချက်က နင့်ကောင် မှိုင်းဟာ ငါ့အကြောင်းတွေ ဘယ်လောက်ထိ သိထားသလဲဆိုတာ ငါသိချင်တယ် ... အဲဒါ အမှန်အတိုင်း နင် ငါ့ကိုပြောပြ ... ကဲ ... ဆင်းတော့၊ အိမ်ထဲမှာ စကားပြောမယ် ... ငါ့စကား နင် မလိုက်နာရင် နင့်ကို ဓားနဲ့အသေထိုးသတ်ပြီး နင့်ဆီက ကျောက်စိမ်းလော်ကတ် ငါယူမယ် ... "

ဝင်းပပ ကားပေါ်မှ ဆင်းရန် ဆုံးဖြတ်ရတော့သည်။ ကျော်မောင်အား ပရိယာယ်ဖြင့် အချိန်ဆွဲထားမှ ဖြစ်တော့မည်။ အချိန်ဆွဲရင်း မိမိကို ကယ်တင်နိုင်မည့်သူကို မျှော်ရတော့မည်။

ကားပေါ်မှ ဝင်းပပ ဆင်းလိုက်သည်။



## (၂၃)

ဝင်းပပ ထွက်သွားသည်နှင့် ဒေါ်ရည်မွန်က မှိုင်းထံသို့ အကျိုးအကြောင်းအားလုံး တယ်လီဖုန်းဆက်ပြောတော့သည်။

မှိုင်း စိတ်လည်း အရမ်းပူ၊ ဒေါသလည်း အရမ်းထွက်မိသည်။

အဝင်းသည် ထောင်ချောက်မှန်း သိလျက်နှင့် မှိုင်းအတွက် တမင် စွန့်စားကြောင်းသိရလေ စိတ်ပူစိုးရိမ်လေဖြစ်ရတော့သည်။

ချက်ချင်းပင် မှိုင်းသည် အဖွဲ့လူကြီးတွေအား အကျိုးအကြောင်း ပြောပြပေတော့သည်။

ပြောပြီးသည်နှင့် ပန်းဆိုးတန်းရွှေကိန္နရီစားတော်ဆက်တွင် ခေါက်တုံ့ခေါက်ပြန် ဝင်းပပကို ရှာတော့သည်။

www.burmeseclassic.com

လုံးဝရှာမတွေ့ပါလေ၊ ထောင်ချောက်မိသွားမှန်း၊ သေချာပေပြီ။

မှိုင်း ဦးနှောက်ထဲတွင် ဖျတ်ခနဲ လဲ့လဲ့ညိုကို သတိရလိုက်သည်။ လဲ့လဲ့ညိုသည် မော်မော်ခိုင်နှင့်ရော ကျော်မောင်နှင့်ရော ရင်းနှီးသူဖြစ်သည်။ ၎င်းတို့နှစ်ယောက် ရှိနေသော နေရာကို လဲ့လဲ့ညို သိရမည်အမှန်။

မှိုင်း ချက်ချင်း အိမ်ပြန်လာသည်။

လဲ့လဲ့ညို၏အိပ်ခန်းတံခါးဖွင့်ပြီး လဲ့လဲ့ညိုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"လဲ့ညို ... အစ်ကိုမှိုင်းကို ကျော်မောင် ဘယ်မှာနေတယ်ဆိုတာ ပြောပြပါလား ..."

"မသိဘူး ..."

"အစ်ကိုမှိုင်း သေချာပြောပြမယ် ... ငါ့ညီမ သေချာနားထောင် ... အခုလက်ရှိ အခြေအနေမှာ ကျော်မောင်ဟာ ဝင်းပပကို ခေါ်သွားတယ် ... မော်မော်ခိုင်က တစ်ဆင့် ပရိယာယ်သုံးပြီး ဝင်းပပကို ကျော်မောင် ခေါ်ထုတ်သွားတာ ... လဲ့ညို သိထားပါတယ်နော် ... ဟိုအချိန်တုန်းက ကျော်မောင်နဲ့ ဝင်းပပဟာ ချစ်သူတွေဖြစ်ခဲ့ကြတယ် ... အဲ ... ကျော်မောင် စေခိုင်းတဲ့အတိုင်း ငါ့ညီမလဲ့က ဒီအိမ်ကို ပြန်လာတယ် ... ကျော်မောင်ရဲ့ အကြံအစည်က လဲ့ညို ဒီအိမ်ပြန်လာတာနဲ့ ဝင်းပပဟာ လဲ့ညိုက လက်မခံတော့ဘဲ ... မောင်းချမှာမို့ ဝင်းပပ ဒီအိမ်က အပြင်ကိုထွက်ရမယ် ... ဝင်းပပ အပြင်ထွက်မှ ကျော်မောင်က ကြံစည်လို့လွယ်မှာကိုး ... အခု ဝင်းပပကို အပြင်ထွက်အောင် မော်မော်ခိုင်ကတစ်ဆင့် ခေါ်ထုတ်ခဲ့တယ် ... ဝင်းပပ ကျော်မောင်နောက်ပါသွားပြီ ... ဒီမယ် ... လဲ့ညို ကျော်မောင်က ငါ့ညီမလဲ့ညိုကို တကယ်ချစ်တာမှ မဟုတ်တာ ... လဲ့ညိုက အစ်ကိုမှိုင်းရဲ့ညီမမို့ သူ့ခါးပိုက်ထဲ လဲ့ညိုကို ချစ်ဟန်ဆောင်သိမ်းသွင်းထားတဲ့သဘောပဲရှိတာ ... ကျော်မောင် တကယ်လက်ထပ်ချင်တာက ဝင်းပပကိုသာ လက်ထပ်ချင်တာ ... ကျော်မောင်နဲ့ဝင်းပပဟာတက္ကသိုလ်ကျောင်းသားကျောင်းသူဘဝကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတာ ... ဝင်းပပကို ကျော်မောင်က စွဲလမ်းချစ်ခင်နေတုန်းပဲ ... အဲ ... ဝင်းပပက ဆင်းရဲလို့ ငွေမက်တဲ့ကျော်မောင်က ခဏလမ်းခွဲနေလိုက်တာ ... သူ့ရင်ထဲမှာ တကယ်ချစ်နေတာက ဝင်းပပကိုပဲ ... အခု ဒီကောင်ကျော်မောင်က သူ့ဝင်ငွေ သူလုံလောက်အောင် ရှာဖွေနိုင်ပြီဆိုတော့ ... ဝင်းပပကိုပဲ ပြန်လက်ထပ်ဖို့ ကြိုးစားတော့တာပဲ ... ဒါကို ဝင်းပပက ကျော်မောင်ကို စိတ်နာကြည်းပြီး အကပ်မခံလို့ မော်မော်ခိုင်ကို တစ်ဆင့်အသုံးချ ပရိယာယ်သုံးပြီး ဝင်းပပကို အပိုင်ခေါ်သွားတာ... ဝင်းပပကို ကျော်မောင် ဖွတ်လက်ထပ်မှာသေချာတယ် လဲ့ညို ... ကျော်မောင်က ဝင်းပပကို လက်ထပ်ပြီးတာနဲ့ နိုင်ငံခြားကို ခေါ်ပြေးတော့မှာ ... ကျော်မောင်မှာ နိုင်ငံခြားအဆက်အသွယ်တွေလည်း ကောင်းကောင်းရနေပြီ ...



www.burmeseclassic.com

ဒီတော့ ... အခု ကျော်မောင် ဘယ်နေရာမှာ နေတယ်ဆို တာသာ လှဲ့ညိုက အစ်ကိုမှိုင်းကိုပြောပြ ... ဒီကောင် နိုင်ငံ ခြားကို ဝင်းပပ ခေါ်မသွားနိုင်ခင် အစ်ကိုမှိုင်း ကျော်မောင် ကိုအမိအုပ်မယ် ... ဒါဆို ဒီကောင် ဝင်းပပကို လက်ထပ်ခွင့် မရတော့ဘူး ... ဝင်းပပနဲ့ လက်မထပ်ဖြစ်ရင် လှဲ့ညိုနဲ့ ကျော်မောင်လက်ထပ်ဖို့ မျှော်လင့်ချက် ရှိသေးတာပေါ့ ... ဒါပေမဲ့ ... ကျော်မောင်ကတော့ ထောင်ကျမှာပဲ ... အလွန် ဆုံး ... နှစ်နှစ်သုံးနှစ်ပေါ့ ... ထောင်ကလွတ်လာတာနဲ့ ဒီကောင် ကျော်မောင် နောင်တရသွားပြီ ... လှဲ့ညိုကို လက်ထပ်မှာပါ ... အေး ... လှဲ့ညိုကတော့ ... သူ ထောင် က လွတ်တဲ့အထိ သည်းခံပြီး စောင့်ပေါ့ ... ညီမရာ ... လှဲ့ညိုက ကျော်မောင်ကို တကယ်ချစ်နေရင် စောင့်ဖို့ ပြော တာပါ ... "

မှိုင်း၏ရှည်လျားသော အကြောင်းအချက်ကို လှဲ့ညို နားဝင်သွားပုံရသည်။ ကျော်မောင်သည် မိန်းမမူပွေမှန်းလည်း လှဲ့ညို နဂိုကတည်းက သိထားပြီးသားလည်း ဖြစ်နေသည်။ ထို့အပြင် ထောင်ကျပြီးမှ ထောင်ကထွက်လာသည့် ကျော်မောင်လိုလူကို လှဲ့ညို ဘာမက်မောစရာ ရှိသေးလေတော့သနည်း။

လှဲ့ညိုအမြင်မှန်တွေ့သွားပြီ။ သဘောပေါက်သွားပြီ။

"သူ ... လျှောက်ပြီး ပုန်းအောင်းနေတဲ့နေရာဟွေကတော့ အများကြီးပဲ အစ်ကိုမှိုင်း ... ဒါပေမဲ့ အခု နောက်ဆုံး သူ စတည်းချတဲ့နေရာကတော့ သဃ်န်းကျွန်းသွားတဲ့ တာမွေ



လေးခြံထဲက တစ်ထပ်တိုက်မှာနေတယ် ... ခြံနံပါတ် (xxx) ပဲ ... ဒါလည်း သူ ခဏနေတာ ... တော်ကြာ တခြားလစ်ပြေးမှာ ... "

မှိုင်း ချက်ချင်းကားမောင်း ပြန်ထွက်လာပေတော့ သည်။

(၂၄)

"ကဲ ... ထုတ်ပေးတော့ ဝင်းပပ ... "

"ဘာပေးရမှာလဲ ... "

တစ်ထပ်တိုက်လေးအတွင်းသို့ ရောက်သည်နှင့် ကျော်မောင်က ဝင်းပပထံမှ လက်ဝါးဖြန့်တောင်းပေတော့သည်။

"ကျောက်စိမ်းလော်ကတ်လေ ... "

"မရှိတော့ဘူး ... ကျွန်မဆီမှာ ဘာကျောက်စိမ်းလော်ကတ်ဆွဲကြိုးမှ မရှိတော့ဘူး ... "

"မင်းဆီမှာ ရှိကိုရှိရမယ် ... ငါက မင်းကို ပြန်ချော့ပြန်ကပ်တာဟာ မင်းကို စုံမက်လို့ မထင်လိုက်နဲ့ ... အဲဒီကျောက်စိမ်းလော်ကတ်ဆွဲကြိုး ပြန်လိုချင်လို့ ... သိလား ... "

"ရှိမှမရှိတာ ဘယ်လိုပေးရမလဲ ... "

"ငါ ... မင်းနေတဲ့ မင်းအိမ်က အိပ်ခန်းထဲမှာ သခင်ဖြူကို



ရှာခိုင်းတာ တစ်လက်မမကျန် နေရာအနှံ့ရှာပြီးပြီ ... "

"သခင်ဖြူ မဟုတ်ပါဘူး ... မော်မော်နိုင်ပါ ... "

"ဩ ... ဩ ... မော်မော်နိုင်မှန်းတောင် မင်းက သိနေပြီကိုး ... ဟိုကောင် မှိုင်းဆီက တစ်ဆင့် မင်းသိတာမဟုတ်လား ... နောက်ထပ် ငါတို့အကြောင်းတွေ မင်းတို့ ဘယ်လောက်ထိ သိနေသေးလဲ ဝင်းပပ ... မှိုင်းဆိုတဲ့ကောင်တရော ငါတို့အကြောင်း ဘယ်လောက်ထိ သိထားပြီလဲ ဝင်းပပ ... ကဲ ... ပြော ... မင်းလည်ပင်းဓားထောက်ပြီး ငါ မေးတော့မယ် ... "

ဓားမြှောင်ကိုင်ပြီး ကျော်မောင် ဝင်းပပအနီးသို့ တိုးကပ်လာတော့သည်။ ကျော်မောင်မျက်နှာတွင် တကယ်ပင် ဓားမြှောင်နှင့်ထိုးသတ်မည့် သဏ္ဍာန်ပေါ်နေပါ၏။

"ယုံချင်ယုံ ... မယုံလည်း ဓားနဲ့ထိုးသတ်လိုက် ... အဲဒီကျောက်စိမ်းလော်ကတ်ဆွဲကြိုးဟာ ကျွန်မဆီမှာ မရှိတော့ဘူး ... ကိုကိုမှိုင်း ယူသိမ်းထားလိုက်ပြီ ... တကယ်လို့ ကျွန်မလက်ထဲမှာ ဒီကျောက်စိမ်းလော်ကတ် ရှိနေလည်း ကိုကျော်မောင်အတွက်အပိုပဲ၊ ဘာလို့လဲဆိုတော့ ကျောက်စိမ်းလော်ကတ်ထဲက ဖလင်ပြားလေးကို ရဲစုံထောက်အဖွဲ့ကြီးက အကြီးအကဲ လူကြီးတွေအားလုံး လက်ကိုအပ်လိုက်လို့ ဖလင်ပြားကို ပိတ်ကားမှာတောင် စက်ထောင်ပြီး ကြည့်ရှုလို့ ... ဝှက်ချက်တွေအားလုံး လူကြီးတွေ သိသွားပြီ ... "

"ဘာ ... ဘာ ... "

www.burmeseclassic.com

ကျော်မောင် တွန့်လိမ်သွားပါ၏။ တစ်ကိုယ်လုံးလည်း တုန်သွားသည်။ လှမ်းနေသော ခြေလှမ်းလည်း တုံ့ခနဲရပ်သွားပေတော့သည်။

တကယ်တော့ ... ကျော်မောင်လောက်အဆင့်ရှိသောကောင်သည် ဤဖလင်ပြားပါ လျှို့ဝှက်ချက်ကို လုံးဝသိနိုင်မြင်နိုင်ခွင့် မရှိပေ။

သူတို့၏ဆင့်ကဲဆင့်ကဲ အဖွဲ့သား ဆက်သား များ ယွင်းပြီး စကားဝှက်ကို တိုက်တိုက်ဆိုင်ဆိုင် ဝင်းပပ ရတနာဗိမာန်ဆိုင်ရှေ့တွင် ပြောလိုက်သောစကားကြောင့် ဂိုဏ်းချုပ်ထံသို့ ဖလင်ပြား ရောက်မသွားဘဲ ဝင်းပပလက်သို့ ရောက်သွားခြင်းသာဖြစ်ပါ၏။ ဝင်းပပထံသို့ လက်လွှန်စွာ ထည့်ပေးပြီးမှ ကျောက်စိမ်းလော်ကတ်နှင့်ဖလင်ပြားကိုပြန်ရရန် နည်းအမျိုးမျိုးကြံစည်ခြင်းသာဖြစ်ပေသည်။

ယခု လျှို့ဝှက်ချက် ဖလင်ပြားမှာ စိမ်းဝါနီအဖွဲ့လူကြီးတွေလက်ထဲ ရောက်သွားပြီဆိုလေမှာတော့ ကျော်မောင် မောကြောဆိုက်သွားပေပြီ။

ကျော်မောင်တွေတွေကြီး ရပ်တန့်ပြီး ငေးကြောင်နေစဉ်မှာပင် လမ်းဘက်ဆီမှ မော်တော်ဆိုင်ကယ်စက်သံကို ဝင်းပပကြားလိုက်ရပေသည်။

သို့သော် ဝင်းပပအတွက် ဘာထူးတော့မည်နည်း။ ဦးပိန်ရှည်သည် ကျော်မောင်လို လူစားထဲက ဆန့်ကျင်ဘက်ဂိုဏ်းအဖွဲ့ဝင်တစ်ဦး ဖြစ်ကောင်းဖြစ်ပေမည်။



"ကိုကျော်မောင်ကို ကျွန်မ သိပ်အံ့သြသွားပြီ သိလား"

"ဘာကွ ..."

"ကိုကျော်မောင်ဟာ တက္ကသိုလ်ဘွဲ့ရပြီးသား ပညာတတ်တစ်ယောက်ပါ ... ကုမ္ပဏီကြီးတစ်ခုမှာလည်း ဘာဝန်ကြီးတစ်ခု ထမ်းဆောင်နေသူပါ ..."

ဦးပိန်ရှည် လာနိုင်သလို ကိုကိုမှိုင်းတို့အဖွဲ့မှ ပုလိပ်ရဲသားတွေလည်း ရောက်လာနိုင်သည်မို့ ဝင်းပပ မရှိန်မှုရင်းတမင်စကားတွေ ပြောနေခြင်းဖြစ်ပါ၏။

"ဒီကိစ္စတွေမှာ မင်းနားမလည်ပါဘူး ဝင်းပပ ... လောကကြီးမှာ အလိုအပ်ဆုံးဟာ ငွေပဲကွ ... ငွေများများရဖို့ကာ အဓိကပဲ ... ငါ အခုလုပ်နေတာ ... ငွေများများ မရဘူးကိုချောင်တယ် သိလား ... ငါက နှစ်ဆယ့်ငါးကြိမ် ... ကျက်မဲ့ဘူးလေး တစ်ဘူး သူတို့ပို့ခိုင်းတဲ့နေရာနဲ့ ပုဂ္ဂိုလ်ဆီရောက်အောင်ပို့ပေးလိုက်တာနဲ့ ဆရာကြီးက ငါ့ကို ငွေသုံးသိန်း ပက်စနဲ့ပေးတယ် ... ဘယ်လောက်သက်သာပြီး ငွေရချောင်သလဲ ... လားရှိုးကိုဖြတ်ပြီး ဟိုပန်က သူကို့ယူပြီး ပို့ပေးရုံလေးနဲ့ ... ရလိုက်တဲ့ ငွေသုံးသိန်းလေ ... မရီးစရိတ်တွေစားသောက်စရိတ်ကွေကော ... အပိုပေးလိုက်သေးတယ်"

"ကိုကျော်မောင်က လွယ်လွယ်နဲ့ သက်သက်သာသာနဲ့ငွေအများကြီးရတာကိုသာ မြင်တာကိုး ... သက်ဆိုင်ရာကဖမ်းမိသွားရင် ကိုကျော်မောင် သေဒဏ် ... ကျွန်းဒဏ် ... နှစ်ရှည်ထောင်ဒဏ် အပြစ်ပေးခံရမှာကိုလည်း ထည့်တွက်

www.burmeseclassic.com

ပေါ့ … လူ့အသက်ထက်တော့ ငွေတွေက ဘာမှပိုပြီး အဖိုး မတန်ပါဘူး … အခုလောက်ဆို သက်ဆိုင်ရာရဲ့စုံထောက် တွေက ကိုကျော်မောင်နဲ့ မော်မော်ခိုင်ရဲ့ လှုပ်ရှားမှုနောက် ကို ခြေရာခံမိရုံမကဘူး … ကိုကျော်မောင်တို့ရဲ့ ဆရာကြီး ဂိုဏ်းခေါင်းကြီးကိုတောင် ဖမ်းမိလောက်နေပြီ … ”

“ဘာ … ဘာကွ … ငါတို့ခေါင်းဆောင်ကြီးကိုတောင် မင်း က သိနေပြီလား … ကဲ … ပြောစမ်းပါဦး … ငါတို့ ဂိုဏ်း ခေါင်းဆောင်ချုပ်ကြီးက ဘယ်သူဆိုတာ … ”

ကျော်မောင်မှာ သူတို့ဂိုဏ်းခေါင်းဆောင်ကြီးကို ဝင်းပပက သက်ဆိုင်ရာမှ ဖမ်းထားလောက်ပြီဟု ပြောသံကြား သည်နှင့် ငုတ်တုတ်ကြီး မေ့သွားသလို နံရံကို ပခုံးမှီထားရလောက် အောင် အခြေအနေပျက်သွားသည်ကို တွေ့ရပေသည်။

ကျော်မောင် မလှုပ်မယှက်ကြီး ဖြစ်သွားပါလေ၏။

ဝင်းပပကို အလွန်နာကြည်းသော မျက်လုံးအကြည့် ဖြင့်လည်း စိုက်ကြည့်နေတော့သည်။

“ဒီမှာ ဝင်းပပ … ငါ့အဖို့လည်း အနေးနဲ့အမြန် သေမင်းကို ရင်ဆိုင်နေရပြီ သိလား … ငါကတစ်ဆင့် ကျောက်စိမ်း လော်ကတ်ကို ဆရာကြီးဆီရောက်အောင်ပေးတဲ့ နေရာမှာ ဒေါ်ငွမ်းပုံကို ငါကတစ်ဆင့် ပေးခဲ့ရတယ် … ဒေါ်ငွမ်းပုံက မန္တလေးဈေးချိုထဲက ရတနာဗိမာန်စိန်ရွှေရတနာဆိုင်ရှေ့ မှာ အမှားအယွင်းဖြစ်သွားတယ် … အဲဒီနေ့က မင်းရယ် မင်းသူငယ်ချင်း ဥမ္မာရယ် … ရတနာဗိမာန်ဆိုင် မှန်ဗီရိုထဲက



မင်း ဘာတွေလိုချင်လဲလို့ အပြန်အလှန်မေးတုန်း တို့က တော့ **“စိမ်းဆိုမှစိမ်း”** တွေကိုပဲ လိုချင်တယ် … ကျောက် စိမ်းတွေပဲ လိုချင်တယ်လို့ မင်းပြောလိုက်တဲ့စကားဟာ … ဒေါ်ငွမ်းပုံအတွက် လျှို့ဝှက်သင်္ကေတစကားဖြစ်သွားတယ်၊ ဒေါ်ငွမ်းပုံ နားလည်ပုံ မှားသွားတာက ကျောက်စိမ်းလော် ကတ်ဆွဲကြိုးကို ဝင်းပပကတစ်ဆင့် ဂိုဏ်းခေါင်းဆောင်ကြီး ဆီကို ထပ်ဆင့်ပေးရမယ်လို့ သဘောပေါက်ပြီး မင်းဆီကို ဖလင်ပြားပါတဲ့ ကျောက်စိမ်းလော်ကတ် အဝတ်သစ်ထည့် တဲ့ ကတ်ဘူးထဲမှာ ထည့်ပေးလိုက်လို့ မင်းဆီ ကျောက်စိမ်း လော်ကတ်ဆွဲကြိုး ရောက်သွားတာ … အဲဒီလို မှားပြီး ပေးပို့တဲ့အပြစ်ဒဏ်ကြောင့် ဒေါ်ငွမ်းပုံကို ဆရာကြီးက ချက် ချင်း သတ်ပစ်လိုက်တယ် … သေဒဏ်ပေးလိုက်တယ်”

“ဟင်း … ဒါဆို ဒေါ်ငွမ်းပုံဆိုတဲ့ ဒေါ်ပုကိုး … မိန်းမကြီး သေသွားရှာပြီပေါ့ … ဟုတ်လား … ”

“အေး … သေဒဏ်ပေးလိုက်တယ် … အဲဒီနောက် ဆရာကြီး ကိုယ်တိုင်ရော ငါရော မင်းဆီကို နှစ်ကြိမ်ဟိတ် လည်ပင်း ညှစ် အိမ်ပေါ်ထပ်ကပစ်ချပြီး သတ်ပစ်ပြီး ကျောက်စိမ်း လော်ကတ်ပြန်ရဖို့ ကြိုးစားပေမယ့် … မအောင်မြင်ခဲ့ဘူး၊ အဲဒီနောက် ဆရာကြီးက မင်းနဲ့ငါ ချစ်သူတွေဖြစ်ခဲ့တာကို သိသွားပြီး မင်းဆီက ကျောက်စိမ်းလော်ကတ် ပြန်ရယူရေး ငါ့ကို တာဝန်ပေးခဲ့တာပဲ … ဒါကြောင့် မင်းကို ငါ ပြန်ချဉ်း ကပ်တာ … ဒါပေမဲ့ … မင်းက ဟိုကောင် မှိုင်းနဲ့မေတ္တာ

www.burmeseclassic.com

ရှိနေပြီမို့ ... ငါ့ကိုအကပ်မခံဘူးလေ ..."

"ဒါဖြင့် မော်မော်ခိုင်ဆိုတဲ့ သဇင်ဖြူအတုဟာ ... ဘာလို့ ဒေါ်ဒေါ်မွန်တို့အိမ်ကို ရောက်နေတာလဲ"

"ဟ ... မော်မော်ခိုင်ကလည်း ဆရာကြီးလက်အောက်မှာပဲ ... ငါ့လောက် အဆင့်ရှိတဲ့မိန်းမပဲ ... ဆရာကြီးရဲ့တပည့်မပဲ ... ကျောက်စိမ်းလော်ကတ်ဖလင်ပြား ပြန်လိုချင်လို့ သူ့ကိုယ်သူ သဇင်ဖြူအတုအနေနဲ့ ဒေါ်ရည်မွန်ရဲ့အိမ်ကို ဝင်ကပ်တာပေါ့... တကယ်လို့... မှိုင်းက သဇင်ဖြူကို သဘောကျပြီး လက်ထပ်လိုက်ရင်လည်း မှိုင်းလို စုံထောက်ရဲအုပ်ရာထူးရှိတဲ့လူကို ဆရာကြီးက သူ့တပည့်အဖြစ်မွေးပြီး ... မော်မော်ခိုင် သဇင်ဖြူအတုနဲ့ ပေးစားဖို့ စိတ်ကူးရှိတယ်လေ ... ဒါကြောင့် ... မော်မော်ခိုင်ဟာ သဇင်ဖြူ အယောင်ဆောင်ပြီး မှိုင်းတို့အိမ်ကို အတင်းဝင်ကပ်တာ ... ဒါပေမဲ့ မှိုင်းက ဝင်းပပဆိုတဲ့ မင်းကိုသာ တန်းတန်းစွဲဖြစ်သွားတော့ သဇင်ဖြူအတု မော်မော်ခိုင် ခွာပြေးခဲ့ရတာပေါ့ ... အခုဆို ဆရာကြီးက ကျောက်စိမ်းလော်ကတ် ပြန်ရအောင် ငါယူမပေးနိုင်လို့ ငါ့ကိုအပြစ်တင်လှပြီ ... ဒီထက်စိတ်မရှည်ရင် ဆရာကြီးက ငါ့ကို ဒေါ်ငွမ်းပုံလိုပဲ သေဒဏ်ပေးတော့မှာ... ဒီတော့ ငါတော့ သေဒဏ်အပေးမခံနိုင်ဘူး ... မင်းကို ငါက ဟောဒီဓားနဲ့ထိုးပြီး အသေသတ်ပြီး ကျွန်တော် ဝင်းပပကို သတ်ပြီးတောင်ကျောက်စိမ်းလော်ကတ်ရဖို့ကြိုးစားပါတယ်လို့... မင်းအလောင်းပြပြီး ငါ့အပေါ် ခွင့်လွှတ်အောင် လုပ်ရ



တော့မှာပဲ ဝင်းပပ ..."

"ကျွန်မကို သတ်ပစ်လို့ရော လော်ကတ်ပြားထဲက ဖလင်ပြားက ပြန်ရတော့မှာမှ မဟုတ်တာဘဲ ကိုကျော်မောင်... ဘာထူးတော့မှာလဲ ..."

"ငါ့အတွက်တော့ ထူးရမယ်လေ ... မင်းကို အသေသတ်ပြီးတောင် ကျောက်စိမ်းလော်ကတ် ပြန်ရဖို့ကြိုးစားကြောင်း မင်းအလောင်းကို ငါက သက်သေပြပြီပဲဟာ ... ဆရာကြီးက ငါ့ကို ခွင့်လွှတ်သင့်သလောက်တော့ လွှတ်နိုင်စရာရှိတာပေါ့ ... နင့်ကို သတ်မပြရင် ဆရာကြီးက ငါ့ကို ဒေါ်ငွမ်းပုံလိုပဲ သေဒဏ်ပေးမှာ ... ကဲ ... မင်း ဘုရား တရား သံဃာ သာ စိတ်ထဲက မှတ်ယူပေတော့ ဝင်းပပ ..."

ကျော်မောင်သည် ဓားကို ကိုင်မြှောက်ရင်း ဝင်းပပကို ထိုးစိုက်ရန် အနီးသို့ တရွေ့ရွေ့ကပ်လာပေတော့သည်။

ဝင်းပပ ခမျာ နောက်သို့တစ်လှမ်းချင်းဆုတ်ရတော့သည်။

"ကျွန်မကိုသတ်ရင် ရှင့်အဖို့ လူသတ်မှုပဲ ... ကိုကျော်မောင်ကို ဖမ်းမိတာနဲ့ ကြိုးဒဏ်ကျမှာပဲ ... အခု ကျွန်မကိုမသတ်ရင် ... ရှင် ကြိုးဒဏ်ကလွတ်ပြီး ထောင်ဒဏ်လောက်သာ ကျမှာ ..."

"ငါက မင်းကိုသတ်ပြီး အလောင်းကို ဆရာကြီးဆီ ပို့ပေးခဲ့မယ် ... နောက်ပြီး ငါ လွတ်ရာကိုထွက်ပြေးတော့မှာပေါ့။ ရဲကဖမ်းမိရင် အမှုစစ်မှာနဲ့ ဘာ[illegible] ငါ ချက်ချင်းမသေဘူး...

www.burmeseclassic.com

မင်းအလောင်းကို ဆရာကြီးဆီ မပို့နိုင်ရင် ဆရာကြီးက ငါ့ကို ချက်ချင်းသတ်မှာ ...”

“ရှင်တို့ဆရာကြီးက မျက်မြင်မှာတော့ ဟေးလားဝါးလားနဲ့ လူပျော်လူရွှတ်ကြီးကို မြင်ရပေမဲ့ တကယ်ရက်စက်တဲ့ လူကြီးပဲနော် ...”

“နေပါဦး ... မင်းက ငါ့ဆရာကြီး ဘယ်သူဆိုတာကိုတောင် သိနေသလား ဝင်းပပ ...”

“သိပ်သိတာပေါ့ ... ဒေါ်မိမိရဲ့ယောကျ်ား “ဦးအောင်ကြီး” ဟာ ရှင်တို့ ဆရာကြီးပေါ့ ... ကျွန်မကို နောက်ကနေ လည်ပင်းညှစ်ပြီး နှစ်ကြိမ်တောင်သတ်ဖို့ ကြိုးစားခဲ့တဲ့ ဦးအောင်ကြီးလေ ...”

“သြ ... သြ ... မင်းက ဆရာကြီး ဦးအောင်ကြီးဟာ ဂိုဏ်းချုပ်မှန်း သိနေပေသကိုး ...”

“ကျွန်မတင် ဘယ်ကမလဲ ... ကိုကိုမှိုင်းတို့အဖွဲ့ကလည်း သိနေတာပဲဟာ၊ ဒါကြောင့် ဦးအောင်ကြီးအိမ်မှာဒေါ်နှင်းဆီဆိုတဲ့ ရဲအမျိုးသမီးကြီးကို ဒေါ်မိမိကို ပြုစုတဲ့ သူနာပြုဆရာမအနေနဲ့ တမင်သွင်းထားပြီး ... ရှင်တို့ဆရာကြီးဦးအောင်ကြီးအကြောင်းကို အသေးစိတ် စုံစမ်းထားတာပေါ့ ...”

“အင်း ... မင်းသေတွင်း ပိုနက်သွားပြီပေါ့ ... ဝင်းပပ ... ဆရာကြီးဟာ ဘယ်သူဘယ်ဝါလို့ သိတဲ့လူဟာ သေရစမြဲပဲ ... ငါ့အတွက်တော့ ပိုကောင်းသွားတာပေါ့ ... ဆရာကြီးကို ဒီကောင်မက ဦးအောင်ကြီးမှန်းသိလို့ ကျွန်တော်က



အသေသတ်ပစ်တာပါလို့ ပြောရင် ... ဆရာကြီးက ငါ့ကို နိုင်ငံခြားထိ လွတ်ရာလွတ်ကြောင်းတောင် ပို့ပေးမှာ ... ကဲ ... ဘုရားအာရုံပြုပေတော့ ဝင်းပပ ...”

ဝင်းပပနောက်သို့ ထပ်မဆုတ်သာတော့ပြီ ... အုတ်နံရံနှင့် ကျောနှင့်ထိကပ်နေပေပြီ။

မထူးတော့ပြီမို့ မျက်လုံးစုံမှိတ်ထားလိုက်တော့သည်။ ကျော်မောင်သည် ဓားမြှောင်ကိုမြှောက်ကာ ဝင်းပပ လည်ပင်း သို့မဟုတ် ရင်အုံသို့စိုက်အချမှာပင်။

“ဒိုင်း ...”

ဟူသော သေနတ်သံတစ်ချက် ပေါ်ထွက်လာပြီး ကျော်မောင် ဓားကိုင်လက်ကြီးတွဲလောင်းကြီးကျသွားရုံမက ဓား လပတ်လည်သွားလေတော့သည်။

တကယ့်ကို အချိန်မီရုံလေး မှိုင်းရောက်လာပြီး ကျော်မောင်၏ ဓားကိုင်လက်ကို သေနတ်နှင့် ပစ်ချလိုက်ခြင်းဖြစ်တော့သည်။ လက်မောင်းလက်ဖျံကို ကျည်ဆန်ထိသွားသဖြင့် လက်ကြီးတွဲလောင်ကျသွားခြင်း ဖြစ်ပေတော့သည်။

“အဝင်း ... အဝင်း ... ဘာမှမဖြစ်ဘူးနော် ...”

ဝင်းပပ မျက်လုံးဖွင့်ကြည့်လိုက်သည်။

“ဟင် ... ကိုကိုမှိုင်း ... ကိုကိုမှိုင်း ...”

ဝင်းပပကလည်း ပြေးသွား မှိုင်းကလည်း ပြေးလာပြီး နှစ်ဦးသား ကျစ်ကျစ်ပါ ဖက်ထားကြတော့သည်။

မှိုင်းနောက်မှ လိုက်ဝင်လာသော ရဲစုံထောက်အဖွဲ့

www.burmeseclassic.com

နှင့်ရဲအဖွဲ့သည် ကျော်မောင်ကို လက်ထိတ်ခတ်လိုက်ကြတော့သည်။ ဒီကောင် ကျော်မောင်ကို ရဲစခန်းအချုပ်ထဲသာ ထည့်ထားလိုက်ပေတော့ ကျန်တဲ့ကောင်တွေ ဆက်ဖမ်းရဦးမည်။

"ဆရာမှိုင်း ပြောတာ နောက်ကျသွားပြီ ... ကျွန်တော်တို့အားလုံးကိုဖမ်းပြီး အချုပ်ထဲ ထည့်ထားပြီးပြီ ... ခေါင်းဆောင် ဦးအောင်ကြီးနဲ့ သူ့တပည့်နှစ်ယောက်ကိုပါ အချုပ်ထဲပို့ထားပြီးပြီ ... ဆရာမှိုင်း အေးအေးဆေးဆေးသာ စစ်ဆေးပေတော့ ... အခုတောင် ဦးအောင်ကြီးရဲ့တပည့် နှစ်ယောက်က သူတို့ဆရာကြီးဦးအောင်ကြီး အကြောင်းရော သူ့ဂိုဏ်းကြီး နယ်စပ်အဆက်အသွယ် နိုင်ငံခြားအဆက်အသွယ်တွေတောင် ဖော်ပြောနေကြပြီ ... ကဲ ... ကျွန်တော်တို့ ကျော်မောင့်ကိုခေါ်သွားပြီ ... ဆရာမှိုင်း စစ်ဆေးချင်တဲ့အချိန် အေးအေးဆေးဆေး လာစစ်ဆေးပေတော့"

ရဲအဖွဲ့ဝင်တွေ ကျော်မောင်ကို ဖမ်းဆီးခေါ်ဆောင်သွားပြီမို့ ... ။

အိမ်ထဲတွင် မှိုင်းနှင့် ဝင်းပပ နှစ်ဦးသာ ပွေ့ပိုက်လျက်သား ကျန်ခဲ့ပေတော့သတည်း။

နားကြပါဦးစို့...

**တက္ကသိုလ်တင်မြင့်**

www.burmeseclassic.com




www.burmeseclassic.com